www.burmeseclassic.com

သတိထားသင့်သော ပြစ်ရာဇ်မှုန်

# မှုခင်းဖြစ်စဉ်များ (၂)

မောင်မောင်စိန်လင်း (နတ်မောက်)

စုစည်းတင်ပြသည်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၄၀၀ ကျပ်
အဖုံးနှင့်အတွင်းဒီဇိုင်း - သန့်ဇော်သစ်
အတွင်းဖလင် - A-7Group ၅၅၊ ၃၈လမ်း(အောက်)
စာအုပ်ချုပ် - ပန်းဝေဝေ
ထုတ်ဝေသူ - ဦးခင်မောင်ဦး(မြဲ-၀၄၀၇၃
မြတ်ပန်းရဂုံစာပေ၊
၄၇၃(က)၊နီလာ(၆)လမ်း၊(၇)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးအောင်မြင့်သိန်း(မြဲ-၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ်-၁၄၇၊ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

၀၀၈.၈၄
မောင်မောင်စိန်လင်း(နတ်မောက်)
လူကြီး၊ လူလတ်၊ လူငယ်များ သိထားသင့်သော ဖြစ်ရပ်မှန် မှုခင်း
ဖြစ်စဉ်များ(၂) / မောင်မောင်စိန်လင်း(နတ်မောက်)။ ရန်ကုန်၊
မြတ်ပန်းရဂုံစာပေ၊ ၂၀၁၃။
၂၂၄-စာ၊၁၀.၅ × ၁၆.၅စင်တီ။
(၁)လူကြီး၊ လူလတ်၊ လူငယ်များ သိထားသင့်သော ဖြစ်ရပ်မှန် မှုခင်း
ဖြစ်စဉ်များ(၂)

www.burmeseclassic.com

www.burmeseclassic.com

လူကြီး၊ လူလတ်၊ လူငယ်များ သတိထားသင့်သော

# ဖြစ်ရပ်မှန် မှုခင်းဖြစ်စဉ်များ (၂)

## မောင်မောင်စိန်လင်း (နတ်မောက်)

(စုစည်းတင်ပြသည်)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နှစ်သစ်ကူးရဲ့ ရှုံးသွပ်မှုဝေဒနာ | ၁ |
| ၂။ | မင်းမင်းဖြူ မှန်မှန်ပြော | ၁၃ |
| ၃။ | ဂုဏ်ယူပါတယ် မမြဝင်း | ၂၂ |
| ၄။ | မာယာရှင်နှင့် ဂိုဏ်းစတား | ၃၄ |
| ၅။ | မာယာကျော့ကွင်း | ၄၅ |
| ၆။ | အလိုရှမ္ဘက်ကြောင့် အနေပျက်ရတဲ့ သက်ကြွားအို | ၅၉ |
| ၇။ | မဟုတ်သော်ရှိ ဟုတ်သော်ရှိ | ၇၄ |
| ၈။ | အန်တီမှာလည်း အသည်းနှင့်ပါ | ၈၈ |
| ၉။ | ဆိတ်ကွ ်ရာ မရှိပါ | ၉၉ |
| ၁၀။ | ဆယ်သ း ၅ တစ်သိန်းဖြင့် ဝယ်သူ | ၁၁၄ |
| ၁၁။ | မေသူ ချစ်' ့ မိုက်ခဲ့တာ | ၁၂၄ |
| ၁၂။ | ဒါအပြစ်လား မောင်ရယ် | ၁၃၉ |
| ၁၃။ | ဟုတ်ကဲ့ မမ | ၁၅၉ |
| ၁၄။ | မင်းကိုအချစ်ဆုံး အမုန်းဆုံး | ၁၇၇ |
| ၁၅။ | ငိုခဲ့ရ ကျွန်မဘဝပါရှင် | ၁၉၁ |
| ၁၆။ | ခရီးသွားဟန်လွဲ | ၂၀၆ |


www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ အမှာစာ

ကျွန်တော်များ၊ စိန်ဘရားသားဥပဒေအကျိုးဆောင်အဖွဲ့ထံသို့ ရောက်ရှိလာသောမှုခင်းများမှာ အမှန်တကယ်ဖြစ်ပွားသော၊ တကယ့်ဖြစ်ရပ်၊ မှုခင်းပြဿနာ၊ အမှုဖြစ်ပွားကြသောမှုခင်းဖြစ်ရပ်များ ဖြစ်ပါသည်။

မှုခင်းဖြစ်ပွားသည့်နေရာဒေသ၊ အမှုအခင်းဖြစ်ပွားကြသော လူသား၊ ဇာတ်ကောင်များ၏ အမည်နာမများကို ပြောင်းလဲပြီး၊ ဝတ္ထုပုံသဏ္ဍာန်ဖြင့် သုတ၊ ရသမြောက်အောင် ရေးသားဖန်တီးထားပါသည်။

စာဖတ်သူပြည်သူများ တကယ့်ဖြစ်ရပ်ပြဿနာများကို လေ့လာဖတ်ရှုရခြင်းဖြင့် အမှုအခင်း ပြဿနာများနှင့် စပ်လျဉ်းပြီး ဆောင်ရန်၊ ရှောင်ရန်တို့ကိုလည်း ဗဟုသုတရရှိကြစေရန် ရည်ရွယ်ပါသည်။ တကယ့်အဖြစ်အပျက်များသည် စိတ်ကူးယဉ်ထက် လေးနက်ဆန်းကြယ်လှပါသည်။

အဆိုပါ ဝတ္ထုများကို ဖတ်ရှုပြီးသည့်နောက် ဖတ်ရှုသူတို့အနေဖြင့် သင်ခန်းစာ၊ ဗဟုသုတများ ရရှိကြမည်ဆိုပါက စာရေးသူအနေဖြင့် ပြုစုရေးသား ရကျိုးနပ်ပြီဟု ဆိုချင်ပါသည်။

မောင်မောင်စိန်လင်း(နေဘီမောက်)

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်လွှာ

စာရေးသူအား စာပေလောကနယ်ပယ်ထဲသို့ ဆွဲသွင်းပေးခဲ့သူမှာ စာရေးဆရာချစ်ကိုကိုယု (အကယ်ဒမီငါးဆုရရှိခဲ့သော နှလုံးလှလူမိုက်ရုပ်ရှင်ဇာတ်ကားကြီး၏ ဝတ္ထုဖန်တီးရှင်)ဖြစ်ပါသည်။ (ဦးတင်ယု–ဆကာကြီး)အဖြစ်နှင့် ရှေ့နေတစ်ဦးလည်း ဖြစ်ပါသည်။

စာရေးသူအား ချီးမြှောက်ပေးခဲ့သူတို့မှာ–(ဆရာနန္ဒာမိုးကြယ်)၊ တာဝန်ခံအယ်ဒီတာ လာဘ်မိုးစွေစာပေတိုက် ဖြစ်ပါသည်။ သူကိုင်တွယ်သော ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းတို့တွင် စာရေးသူ၏ ဝတ္ထု၊ ဆောင်ပါးများကို ပင်တိုင်ထည့်သွင်းဖော်ညွှန်းပေးခဲ့ပါသည်။ သူနှင့် ဆက်နွယ်သော အခြားမဂ္ဂဇင်း၊ စာစောင်များတွင်လည်း စာရေးသူအား ကလောင်နယ်ချဲ့ပေးခဲ့ပါသည်။

အမျိုးသားစာပေဆုရ ဆရာမောင်ငြိမ်းသူ (ကြို့ပင်ကောက်) တာဝန်ခံအယ်ဒီတာ၊ မှုခင်းရှုထောင့်မဂ္ဂဇင်း၊ ဂျာနယ်ကလည်း စာရေးသူအား သူ၏မဂ္ဂဇင်းကြီးတွင် လစဉ်မပြတ် ပုံမှန်ကလောင်နေရာပေးလာသူဖြစ်ပါသည်။

ထို့ပြင် ထပ်ဆင့်အမျိုးသားစာပေဆုရ စာရေးဆရာ၊ တရားလွှတ်တော် ရှေ့နေ မင်းရွှေမင်း(အင်းစိန်)၊ အယ်ဒီတာချုပ် တော်ဝင်ပန်းဂျာနယ်ကလည်း စာရေးသူအား တော်ဝင်ပန်းဂျာနယ်၌ အပတ်စဉ် အခန်းဆက် ပင်တိုင်ဆောင်းပါးရှင်အဖြစ် ချီးမြှောက်နေသူဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမျိုးညွန့် (A-7 Group)၊ စိတ်ကြိုက်စာပေတိုက်ပိုင်ရှင်မှာလည်း စာရေးသူ၏ပထမဆုံးထုတ်ဝေခဲ့သော (ဓာတ်ပုံကပြောသောသမိုင်းမှတ်တိုင်များ)စာအုပ်ကို ထုတ်ပေးခဲ့သော ကျေးဇူးရှင်တစ်ဦးဖြစ်ပါသည်။

(သခင်ကြီး) ဦးအောင်ကျော်ထူး စာရေးဆရာအောင်ပန်းချောင်းသား(ရေစကြို) မြတ်ပန်းရဂုံစာပေတိုက်ပိုင်ရှင်သည် စာရေးသူ၏ ယခုထုတ်ဝေသော (တကယ့်ဖြစ်ရပ်မှန်ခင်းဝတ္ထုများ) စာအုပ်တို့ကို ထုတ်ဝေချီးမြှောက်ပေးသော ကျေးဇူးရှင်တစ်ဦးဖြစ်ပါသည်။

သူသည် စာရေးဆရာများ၊ စာပေလောကသားများ ဘဝမြင့်မားရေး(ဉာတကာနုဋ္ဌသင်္ဂဟော)မင်္ဂလာမှုတို့ကို ပြုလေ့ရှိသူဖြစ်သည်။ လူချစ်များလူခင်ပေါ်များသော ထုတ်ဝေသူတစ်ဦးဖြစ်သည်။ ထို့ကြောင့် သူ့ကို "သခင်ကြီး" ဟု စာရေးသူက တရင်းတနှီးပြောဆိုဆက်ဆံလာခဲ့ပါသည်။

(မမ အာစရိယာ ပုဂ္ဂလာ၊ အဝေရာဟောန္တု။)

မမ- ငါ၏၊ အာစရိယာ- သင်ဆဲရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်ကြကုန်သော၊ ပုဂ္ဂလာ- များစွာထောင်သောင်း ဆရာအပေါင်းဟူသမျှတို့သည်၊ အဝေရာ- ရန်မရှိကြကုန်သည်၊ ဟောန္တု- ဖြစ်ကြပါစေကုန်သတည်း။

မောင်မောင်စိန်လင်း(နတ်မောက်)

❑

www.burmeseclassic.com

www.burmeseclassic.com



# နှစ်သစ်ကူးရဲ့
# ရူးသွပ်မှုဝေဒနာ

www.burmeseclassic.com

www.burmeseclassic.com

# နှစ်သစ်ကူးရဲ့ရှုံးသွပ်မှုဝေဒနာ

(၁)

နေ့ရက် ၁–၁–၂၀၁၀ နှစ်သစ်ကူးနေ့။

အချိန် နံနက် ၂ နာရီခန့်။

နေရာက ကျောက်တံတားမြို့နယ်အတွင်းရှိ စည်ကားသည့် နေရာတစ်နေရာ။

လူငယ်များ၊ လူလတ်ပိုင်းများ အုံးအုံးကျွက်ကျွက် အော်ကြဟစ်ကြ၊ ပျော်မြူးသောက်စား အပျော်တွေ ကျူးနေကြချိန်မှာတော့ ကျောက်တံတားရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဆောင်း၏ အအေးဒဏ်ကို ကြံ့ကြံ့ခံပြီး လုံခြုံရေး တာဝန်ယူနေကြရသည်။ နှစ်သစ်ကူးနေ့မှာ အပျော်ကျူးမှု၊ အပျော်လွန်မှုကြောင့် ဖြစ်ပွားတတ်သော လူမှုဒုက္ခတွေအတွက် (စတင်းဘိုင်) အသင့်ပြင် တာဝန်ထမ်းဆောင်ကြရသော အရာရှိများကလည်း အသင့်။

ရဲစခန်းရှေ့သို့ တက္ကစီတစ်စီး ဆိုက်ရောက်လာသည်။ ရှေ့ညီပါရစေ ဆိုင်းဘုတ်အောက်မှ စခန်းအတွင်းသို့ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ကားဆရာက တွဲခေါ်လာပြီး တာဝန်မှူးထံသို့ လိုက်ပို့သည်။

"ကားဆရာ ကျေးဇူးတင်ပါတယ်ရှင်။ ကားခ ဘယ်လောက် ပေးရမလဲ"

"မလိုပါဘူး ကလေးမရယ်၊ အန်ကယ်က ကူညီတာပါ၊ သွားလိုက်ပါဦးမယ်"

"ဟုတ်ကဲ့ရှင့်...ကျေးဇူးတင်ပါတယ်"

ကားဆရာသည် ပြောပြောဆိုဆိုဖြင့် စခန်းအတွင်းမှ ထွက်သွားသည်။ တာဝန်မှူးက -

"ကားဆရာ ခဏနေဦးလေ၊ ခင်ဗျားကို မေးရမြန်းရဦးမယ်"

"ရပါတယ်ဆရာ၊ သူက ကျွန်မအဖြစ်အပျက်တွေကို ဘာမှမသိပါဘူး၊ ကျွန်မ ရှင်းပြပါ့မယ်၊ တာဝန်မှူးကြီးက ဥပဒေအရပဲ အရေးယူပေးဖို့ ကျွန်မ အမှုဖွင့်တိုင်ကြားပါ့မယ်"

မိမိ၏ နာကြည်းမှု၊ စော်ကားခံရမှုကို အမှုဖွင့်တိုင်ကြားရန် စခန်းသို့ ရောက်ရှိလာသော မေသရဖူသည် တာဝန်မှူးကြီးအား အမှုအဖြစ်အပျက်ကို တိုင်ကြားလေသည်။

"ဆရာ...သမီးနာမည်က မေသရဖူပါ။ သမီးရဲ့ ချစ်သူက ကိုဇော်ဟိန်းပါ။ နှစ်သစ်ကူးပွဲပျော်ကြမယ်ဆိုလို့ ကျွန်မ ကိုဇော်ဟိန်းနဲ့အတူ ဟိုတယ်စားသောက်ဆိုင်မှာ သီချင်းဆိုကြတယ်။ ကကြ၊ ခုန်ကြပါတယ်ဆရာ။ ကိုဇော်ရဲ့ သူငယ်ချင်း အောင်မြင့်၊ ဝင်းနိုင်၊ မောင်ကြီးနဲ့ ကတုံးဆိုတဲ့သူတွေလည်း ပါကြပါတယ်။ သမီးကတော့ အချိုရည်ပဲ သောက်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဟက်ပီးနယူးရီးယားလို့ အော်ကြတဲ့အချိန်မှာတော့ တော်တော်မူးနေကြပါပြီ။ သမီးအပေါ်သွားတုန်း သမီးရဲ့အချိုရည်ထဲကို မူးယစ်စေတဲ့ဟာတွေ ထည့်သလားမသိဘူး၊ သမီးလည်း မူးခဲ့ပါတယ်"

"သမီး တိုရှင်းလိုရင်းကို ပြောပါ"

"ဟုတ်ကဲ့ဆရာ၊ တိုတိုပဲ ပြောပါ့မယ်"

"ကိုဇော်က ငွေမလောက်လို့ အိမ်ပြန်ပြီး ငွေသွားယူမယ်ဆိုပြီး ကတုံးနဲ့ ထွက်သွားကြပါတယ်။ ပြန်မလာကြတော့ဘူး။ ဒီအချိန်မှာ မောင်ကြီးနဲ့ ဝင်းနိုင်က ကျွန်မကို ဟိုတယ်ကြီးတစ်ခုကို ခေါ်တယ်။ ကိုဇော် လိုက်လာလိမ့်မယ်ဆိုလို့ သမီးလိုက်လာတာပါ။ ဒါပေမဲ့ သမီးကို သူတို့ အဓမ္မကျင့်တယ်ဆရာ။ တစ်ယောက်ပြီးတစ်ယောက် ကျင့်ကြတယ်ဆရာ။ သမီးက တောင်းပန်တာလည်း မရဘူး။ ရုန်းကန်တော့လည်း မနိုင်ဘူး။ သမီးချစ်သူ ကိုဇော်လည်း ခုချိန်အထိ မရောက်လာဘူး။ သူတို့အခု မူးပြီး အိပ်နေတုန်း သမီးထွက်လာတာပါ။ ကားဆရာကို အကူအညီတောင်းပြီး အခု ဆရာတို့ရဲ့ရဲစခန်းကို လာပြီး တိုင်တာပါဆရာ"

"သရုပ်ဖူနဲ့ ဇော်ဟိန်းတို့ ဘယ်လိုတွေ့ကြုံပြီး သမီးရည်းစားဖြစ်ခဲ့ကြတာလဲ"

"ဟုတ်ကဲ့ဆရာ၊ သရုပ်ဖူဟာ (ပြုံးပန်းတစ်ရာ စင်္ကာပင်တေးဂီတ၊ KTV ၊ စားသောက်ဆိုင်ကြီး)မှာ သီချင်းဆိုပါတယ်။ မော်ဒယ်လ်ပွဲတွေမှာလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဗီဒီယိုဇာတ်ပို့ဇာတ်ရုံအခန်းတွေလည်း ရိုက်ခဲ့ဖူးပါတယ်။ ကိုဇော်တို့

www.burmeseclassic.com

www.burmeseclassic.com


က ထုတ်လုပ်သူပါ။ ဒါကြောင့် ကိုဇော်နဲ့ စတွေ့ပါတယ်။ ကိုဇော်က တစ်ဦးတည်းသောသား၊ သူ့မိဘတွေကလည်း အတော် ချမ်းသာပါတယ်။ ဒါကြောင့် သရဖူဟာ ကိုဇော့်ကလွဲပြီး ဘယ်သူ့မှ မချစ်ပါဘူး။ သူ့မိဘတွေ သဘောတူလက်ခံနိုင်အောင် နေထိုင်လာခဲ့သူပါ။ ကျွန်မ ချစ်တာ ကျွန်မချစ်သူ ကိုဇော် တစ်ယောက်တည်းပါ ဆရာ"

တာဝန်မှူး ဒုရဲအုပ် ကျော်စိန်လင်းသည် စခန်းမှူးထံသို့ တင်ပြသည်။ လမ်းညွှန်မှု ခံယူသည်။

(၂)

စခန်းမှူးက အမှုစစ်အဖြစ် ဒုရဲအုပ်သောင်းမြင့်ကို တာဝန် ပေးသည်။ ဒုရဲအုပ်သောင်းမြင့်သည် မုဒိမ်းမှု လုပ်ရိုးလုပ်စဉ် အတိုင်း ဆေးရုံသို့ မေသရဖူအား ခေါ်သွားပြီး အဓမ္မကျင့်ခံရမှု ရှိ မရှိ စစ်ဆေးသည်။ အဓမ္မကျင့်ခံရသည့် လက္ခဏာများကို တွေ့ရှိရသည်။

ထို့ကြောင့် တိုင်ချက်ရေးဖွင့်ပြီး တရားခံများကို ဖော် ထုတ်ဖမ်းဆီးရန် ဆောင်ရွက်သည်။

ဟိုတယ်သို့ ဒုရဲအုပ်သောင်းမြင့်နှင့်အဖွဲ့ ရောက်ရှိလာ သည်နှင့် မန်နေဂျာက -

"ဆရာ ဘာကူညီရမလဲ ဆရာ"

"မန်နေဂျာ ကျွန်တော်တို့ အခန်းနံပါတ် ၁၁၇ ကို စစ် ဆေးစရာရှိလို့ စီစဉ်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာသည် အခန်းနံပါတ် (၀၀၇) သို့ ဒုရဲအုပ်သောင်းမြင့်နှင့်အဖွဲ့အား ခေါ်ဆောင်သွားသည်။ တံခါးခေါက်သည်။ တံခါးလာမဖွင့်။ မန်နေဂျာ၏ သော့ဖြင့် ဖွင့်ပေးသည်။ မောင်ကြီး၊ ဝင်းနိုင်တို့ မှူးပြီး အိပ်ပျော်နေကြသည်မှာ ကြက်သေ၊ ဝက်သေ မလှုပ်မယှက်။

ရဲတပ်ဖွဲ့ဝင်တို့က လက်ထိတ်ခတ်ပြီး နှိုးလိုက်သည်။ ကမူးရှူးထိုး နိုးထလာကြသည်။

"ကျွန်တော်တို့မှာ ဘာအပြစ်ရှိလို့လဲ ဆရာ"

"မင်းတို့လုပ်တဲ့အပြစ် မင်းတို့မေ့နေပြီလား၊ ပြန်စဉ်းစားကြဦး"

ဒုရဲအုပ်သောင်းမြင့်နှင့် အဖွဲ့သည် တရားခံများ၏ သက်သေခံပစ္စည်းများ၊ အိပ်ရာခင်းတို့ကို သိမ်းဆည်းသည်။ အခင်းဖြစ်နေရာကို ဓာတ်ပုံများ ရိုက်သည်။ မြေပုံကြမ်း ရေးဆွဲသည်။ တရားခံနှစ်ဦးကို ရဲစခန်းသို့ ခေါ်ဆောင်လာသည်။ ချက်ချင်းဆေးရုံပို့ပြီး ရာဇဝတ်ဆရာဝန်ထံမှ ဆေးစစ်ချက်ယူသည်။

ဆေးစာ၊ ဆေးမှတ်ချက်အရ တရားခံနှစ်ဦးသည် အမျိုးသမီးနှင့် ဆက်ဆံထားကြောင်း ပေါ်လွင်နေသည်။ မန်နေဂျာ၏ အစစ်ဆေးခံတင်ပြချက်အရ အခန်းနံပါတ် ၀၀၇ နှင့် ၀၀၈ နှစ်ခန်းယူထားကြောင်း မေသရဖူကို အခန်း ၀၀၇ မှာထားကြောင်း စစ်ဆေးပေါ်ပေါက်သည်။

မေသရဖူသည် စစ်ဆေးရာတွင် ထွားကျိုင်းသော မိန်းကလေးဖြစ်သော်လည်း အသက် (၁၆) နှစ်နှင့် (၉) လသာ

www.burmeseclassic.com

www.burmeseclassic.com


ရှိသေးကြောင်း စစ်ဆေးတွေ့ရှိရသည်။ ဖော်ဟိန်းကို စစ်ဆေးရာတွင် မေသရဖူနှင့် သမီးရည်းစားဖြစ်ကြောင်း၊ ဝင်းနိုင်၊ မောင်ကြီးတို့မှာ သူငယ်ချင်းများဖြစ်ကြောင်း၊ မေသရဖူမှာ အခင်းဖြစ်နေ့က အခကြေးငွေဖြင့် ခေါ်လာသူမဟုတ်ကြောင်း၊ နှစ်သစ်ကူး ပျော်မြူးလို၍ မိမိတို့နှင့်အတူ စားသုံးသူဖြစ်ကြောင်း၊ မိမိရည်းစားဖြစ်ကြောင်း အစစ်ခံသည်။

(၃)

တရားခံမောင်ကြီး၏ဖခင် ဦးအောင်မြိုင်၊ တရားခံဝင်းနိုင်၏မိခင် ဒေါ်ဝင်းမင်းထွန်းတို့က အမှုကို ကျေအေးရုပ်သိမ်းပေးပါရန် မေသရဖူ၏ နစ်နာမှုအတွက်လည်း လူမှုရေးအရ ထိုက်ထိုက်တန်တန် ကူညီပါမည်ဖြစ်ကြောင်း မေသရဖူ၏ ဖခင် မစ္စတာအော်ဒီယိုနှင့် မိခင် ဒေါ်လုံးကျင်တို့ထံသို့ တောင်းပန်ကြသည်။

"ကျွန်တော်တို့ လူကြီးမိဘတွေအနေနဲ့ ဘုရားသခင်ရဲ့ အလိုဆန္ဒတော်အတိုင်း နှစ်ဟောင်းမှသည် နှစ်သစ်ဆီသို့ ကူးပြောင်းတော့မည့် အချိန်အခါသမယမှာ လူသားတွေ ဝေနေယျသတ္တဝါတွေအတွက် ဆုတောင်းမေတ္တာပွားနေကြပါတယ်။ သူတို့တွေ ဘာဖြစ်ကြတယ် ပျက်ကြတယ်ဆိုတာ မသိပါဘူး။ ကလေးတွေ ကျေနပ်အောင်သာ ဆောင်ရွက်ကြပါ။ ကျွန်တော်တို့အနေနဲ့တော့ ဘာမှ မပြောလိုပါဘူးခင်ဗျာ"

မေသရဖူ၏ဖခင်ကြီး မစ္စတာအော်ဒီယိုမှာ ဘုရားသခင်၏ အဆုံးအမများဖြင့်သာ နေထိုင်သူဖြစ်သောကြောင့် မိဘများ

www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် ဘာမျှမပြောလိုကြောင်း မေသရဖူ၏ဆန္ဒဖြစ်၍ သူနှင့်သာ ဆွေးနွေးရန် ပြောလိုက်သည်မှာ လူကြီးဆန်လှပါသည်။

မေသရဖူ၏ရည်းစား ဇော်ဟိန်းနှင့် တွေ့ဆုံပြီး သူငယ်ချင်း အချင်းချင်းဖြစ်၍ အမှုကို မေသရဖူက ကျေအေးရုပ်သိမ်းပေးဖို့ တိုးလျှိုးတောင်းပန်ကြလေသည်။

"ကျွန်တော် စိတ်မကောင်းဖြစ်ရတာကတော့ အမှန်ပဲ။ ဒါပေမဲ့ ကျွန်တော့်ဆန္ဒမပါဘူး။ သရဖူက ဒီအမှုကို သူ့ဘာသာသူ ဖွင့်တာပါ၊ သူနဲ့သာ ဆွေးနွေးကြပါဗျာ"

ဇော်ဟိန်းက ရင်နင့်အောင် ခံစားရသော်လည်း သူ့အနေဖြင့် ဘာမျှမတတ်နိုင်ကြောင်း၊ ကာယကံရှင်ဖြစ်တဲ့ မေသရဖူနှင့်သာ ဆွေးနွေးရန် ပြောလိုက်သည်မှာ အတော်ပြည့်ဝပြီး လူကြီးဆန်သော လူငယ်တစ်ယောက် ဖြစ်သည်။

ဝင့်နိုင်၊ မောင်ကြီးတို့အတွက် ရတက်မအေး ဖြစ်နေကြရသော ဦးအောင်မြိုင်၊ ဒေါ်ဝင်းမင်းထွန်းတို့သည် မေသရဖူနှင့် တွေ့ဆုံပြီး အမှု ကျေအေးရုပ်သိမ်းပေးဖို့ တောင်းပန်ရန် အခက်ကြုံနေကြရသည်။ မေသရဖူအပေါ် ဩဇာကြီးသူ၊ တွေ့ဆုံပေးနိုင်သူကို ရှာဖွေကြရသည်။

တစ်နေ့တွင် ဖြစ်သည်။ မေသရဖူ၏အလုပ်ရှင် ဦးအောင်ဝင်း ပြုံးပန်းတစ်ရာ စင်တင်တေးဂီတ၊ KTV နှင့် စားသောက်ဆိုင်ပိုင်ရှင်ကြီး၏ စီစဉ်ကူညီပေးချက်အရ မေသရဖူနှင့် တွေ့ဆုံခွင့် ရရှိကြလေသည်။

"သမီးရယ် ပြီးတာတွေလည်း ပြီးပါစေတော့၊ သမီးတို့ လူငယ်တွေဟာ နှစ်သစ်ကူးဆိုပြီး စားသောက်ဆိုင်မှာ စားကြ

www.burmeseclassic.com

www.burmeseclassic.com



သောက်ကြ၊ ပျော်ကြပါးကြ၊ အပျော်လွန်ပြီးဖြစ်ရတဲ့ အမှား ဖြစ်တာကြောင့် ကျေနပ်ပေးဖို့ အန်ကယ်တို့၊ အန်တီတို့က ဟိုင်မိုက်သားနှစ်ယောက်အတွက် တောင်းပန်ပါတယ် သမီးလေး ရယ်"

"သမီးဘက်ကိုလည်း ပြန်ပြီး ခံစားကြည့်ကြပါဦး။ ကို ဇော်ကလည်း သမီးကို မသတီနိုင်တော့ဘူး။ ကိုဇော့်ရဲ့ မိဘတွေ သိသွားလို့ပဲ သမီးကို ချွေးမ မတော်နိုင်တော့ဘူး။ တကယ်လို့ သာ ဦးတို့၊ ဒေါ်ဒေါ်တို့ရဲ့ သမီးလေးသာ ဒီလိုဖြစ်ရင် ဘယ်လို ခံစားရမလဲ။ သမီးရဲ့ ဘဝတစ်ခုလုံးဟာ ဘာမှ အသုံးမကျတော့ ဘူး။ မိန်းကလေးတစ်ယောက်ရဲ့ တန်ဖိုး မရှိတော့ဘူး။ သမီး အရမ်း ခံစားနေရပါတယ်။ သမီးအကြောင်းတွေ၊ ဒီအဖြစ်တွေကို တွေးမိတိုင်း ကိုယ့်ကိုယ်ကို သတ်ပြီးတော့ သေပစ်ချင်တယ်"

မေသရဖူသည် ပြောရင်းပြောရင်း မျက်ရည်များ မထိန်း နိုင် မသိမ်းနိုင် ကျလာပြီး အားရပါးရ ငိုချလိုက်လေသည်။

"တောင်းပန်ပါတယ် သမီးရယ်၊ အန်တီတို့ တောင်းပန် ပါတယ်။ သမီး အနားယူလိုက်ပါဦး၊ အန်ကယ်တို့ ပြန်လိုက်ပါ ဦးမယ်နော်"

(၄)

ဦးအောင်မြိုင်၊ ဒေါ်ဝင်းမင်းထွန်းတို့သည် မအောင်မြင် သော တောင်းပန်ပွဲမှ ပြန်လည်ဆုတ်ခွာခဲ့ကြရလေသည်။

"ဘယ်သူမပြု မိမိမှုတဲ့ ဒေါ်ဝင်းမင်းထွန်းရေ၊ ခင်ဗျား တို့၊ ကျုပ်တို့ ကိုယ့်သားတွေအတွက် အတန်တန်ကြိုးစားပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် မအောင်မြင်သေးဘူး”

“သတ္တဝါတစ်ခု ကံတစ်ခုပေါ့ ဦးအောင်မြိုင်ရယ်”

“တကယ်ဆိုတော့ အင်္ဂလိပ်နှစ်သစ်ကူးနဲ့ ကျွန်တော်တို့ ဗုဒ္ဓဘာသာတွေနဲ့ ဘာမှမဆိုင်ဘူးဗျာ။ လူငယ်တွေ ရောယောင်ပြီး ယောင်ခြောက်ဆယ်လုပ်နေကြတော့ ရဲစခန်းတွေ အလုပ်ရှုပ်၊ ဆေးရုံတွေလည်း အလုပ်ရှုပ်၊ လူကြီးမိဘတွေလည်း အလုပ်ရှုပ် အတော် ဒုက္ခရောက်ကြရတယ်ဗျာ”

ဦးအောင်မြိုင်နှင့် ဒေါ်ဝင်းမင်းထွန်းတို့သည် တဏှာဘီလူးစီးမှုကြောင့် အချုပ်ခန်းစံနေရသော သားနှစ်ယောက် အတွက် စိတ်မအေးရသေးသဖြင့် သတိသံဝေဂတွေ ဖြစ်နေကြရလေတော့သည်။

ဤနေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။ မြို့နယ်မှူးနှင့် စခန်းမှူးထံသို့ ဦးအောင်မြိုင်၊ ဒေါ်ဝင်းမင်းထွန်းတို့ ငြိမ်းချမ်းရေး အကျိုးဆောင်အဖြစ် ကူညီဆောင်ရွက်ပေးရန် ရောက်ရှိလာကြသည်။ သူတို့ကတော့ တနင်္ဂနွေဖြစ်လို့ နားရက်၊ အားရက်ဆိုပြီး စောစောရောက်ခဲ့ခြင်း ဖြစ်သည်။ သို့သော် မြို့နယ်မှူး၊ စခန်းမှူးတို့မှာ စီမံလုံခြုံရေး၊ စီမံချက်ရှိခဲ့သောကြောင့် နံနက် (၅) နာရီမှ အိပ်ရာဝင်ခဲ့ရ၍ အိပ်စက်နေကြလေသည်။ ဇနီးဖြစ်သူတို့က အားနာလှသောကြောင့် နံနက် (၉) နာရီတွင် နှိုးပေးလိုက်လေသည်။

“အားနာလိုက်တာ ဗိုလ်ကြီးရယ်၊ မိဘတွေအနေနဲ့ကတော့ တောင်းစုတ်ပလုံးစုတ်ကိုသာ ပစ်ရိုးပိုးစံရှိတယ်။ သား

www.burmeseclassic.com



ဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမရှိ ဆိုတဲ့အတိုင်း ဗိုလ်ကြီးတို့ထံမှာ အကူအညီ အကြံဉာဏ် လာပြီးတောင်းတာပါ ဗိုလ်ကြီး"

"ကျွန်တော်တို့ရဲတပ်ဖွဲ့၊ ရဲစခန်းတွေအနေနဲ့ကတော့ တရားလိုဘက်၊ တရားခံဘက်တွေမှာ မပါလိုကြပါဘူး။ မပါဘဲ နဲ့တောင်မှ ဟိုဘက်ပါတယ်၊ ဒီဘက်ပါတယ်လို့ မကြာမကြာ စွပ်စွဲပုတ်ခတ်ခံရတာတွေ ရှိခဲ့ပါတယ်၊ အဓိက ကတော့ ကာယ ကံရှင်တွေပဲ ပြေလည်အောင် လုပ်ကြပါ။ ကျွန်တော်တို့အနေနဲ့ ကတော့ တရားရုံးကို တင်ပေးရမယ့် တာဝန်ပဲရှိပါတယ်။ ရုံး ရောက်တဲ့အခါကျမှပဲ ပြေလည်အောင် ညှိနှိုင်းကြပါဗျာ"

"ကျေးဇူးတင်ပါတယ် ဗိုလ်ကြီး"

ဦးအောင်မြိုင်၊ ဒေါ်ဝင်းမင်းထွန်းတို့သည် တဏှာဝါသော ဗဟုကိစ္စာကြောင့် အချုပ်ခန်းထဲရောက်နေသော သားနှစ်ဦး အတွက် ယူကျုံးမရ ဖြစ်နေကြရလေသည်။

အမှုစစ် ရဲအရာရှိသည် သက်သေခံအထောက်အထားများ၊ သက်သေထွက်ဆိုချက်များ ပြီးပြည့်စုံပြီဖြစ်သောကြောင့် ဥပဒေ အကြံပြုချက် တောင်းခံသည်။

ဥပဒေအကြံပြုချက်ကလည်း ရရှိပြီးဖြစ်လေရာ အမှုစစ်ရဲ အရာရှိ၏ ရဲလုပ်ငန်း ပြီးပြည့်စုံပြီဖြစ်လေသောကြောင့် တရား ရုံးတော်သို့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ အရ တရားစွဲဆို တင်ပို့ပေးရလေသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ ၏ ပြဋ္ဌာန်းချက်မှာ ...

"မုဒိမ်းကျင့်မှု ကျူးလွန်သူကို တစ်သက်တစ်ကျွန်းဒဏ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်”

မေသရဖူအား သူ့ချစ်သူက ခွဲခွာသွားလေပြီ။

ထို့ကြောင့် မေသရဖူက မောင်ကြီးနှင့် ဝင်းနိုင်ကို နာကြည်းရှုံ့မုန်း အော့နှလုံးနာကာ အမှုကို ကျေအေးခွင့်မပြုခဲ့ တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းသည်။

အမှုက သက်သေခိုင်လုံနေသဖြင့် မောင်ကြီးနှင့် ဝင်းနိုင်တို့နှစ်ယောက် ပြစ်မှုကြွေးကို ချွေးဖြင့် ဆပ်နေကြရလေပြီ။

“ဩော်...နှစ်သစ်ကူးရဲ့ ရှုံးသွပ်မှုဝေဒနာကြောင့် ကြေကွဲစရာတွေ ဖြစ်နေရတာပါလား” လို့ပဲ သုံးသပ်လိုက်ချင်ပါတော့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com

# မင်းမင်းဖြူမှန်မှန်ပြော



www.burmeseclassic.com

www.burmeseclassic.com

# မင်းမင်းဖြူ မှန်မှန်ပြော

## (၁)

နေရာကား ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၃၀၀၀) ခန့် မြင့်မားသော တောင်တန်း တောင်သွယ်များ တည်ရှိသည့် ရန်လုံကျိုင်းဒေသ၊ လောက်ကိုင်မြို့နယ်တွင် ဖြစ်သည်။ ရန်လုံကျိုင်းဒေသမှာ တရုတ်မြန်မာနယ်စပ်ဂိတ် တည်ရှိသောကြောင့် လူသိများသော ဒေသတစ်ခုဖြစ်သည်။ တောင်ကုန်းတောင်တန်းများ၊ တောင်သွယ်များတွင် သောင်းကျန်းသူတို့ ခိုအောင်းရာ တပ်စခန်းတစ်ခု ရှိသည်။

သောင်းကျန်းသူများသည် ဘိန်းဖြူချက်လုပ်ခြင်း၊ မူးယစ်ဆေးပြား (W Y) များ ထုတ်လုပ်ပြီး ရွှေတြိဂံဒေသဟု လူသိများသော ထိုင်း၊ လာ၊ မြန်မာဒေသသို့ ရောင်းချခြင်းဖြင့် စီးပွားရေးအတွက် လုပ်စားနေသူများ ဖြစ်ကြသည်။ ငွေအင်အား ကောင်းလာသည်နှင့်အမျှ ဗီယက်နမ်စစ်ပြီးခေတ် လက်နက်

www.burmeseclassic.com


ဟောင်းများ ဝယ်ယူပြီး အင်အားတိုးချဲ့၍ သောင်းကျန်းသူတို့၏ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို လုပ်ဆောင်လာခဲ့ကြသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကိုးကန့်ဒေသ၏ ဖော်ပြပါ မူးယစ်ဆေးဝါး ထုတ်လုပ်မှုလုပ်ငန်း တိုးချဲ့လာခြင်းကို လားရှိုး မူးယစ်ပူးပေါင်းအဖွဲ့နှင့် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့များက အမြဲစောင့်ကြည့်နေရလေသည်။ နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့တို့က သတင်းရရှိသွားသည်ဟူသော အချက်နှင့် ပတ်သက်ပြီး သောင်းကျန်းသူ တပ်ဖွဲ့ဝင်များအကြား သဘောထား ကွဲလွဲကြသည်။ သူ့ကိုမယုံ၊ ကိုယ့်သူမယုံ ဖြစ်နေကြသည်။ ဘယ်သူ ဖောက်ပြန်ရေးသမားလဲဆိုပြီး တစ်ဦးကိုတစ်ဦး မျက်စိ ဒေါက်ထောက် ကြည့်နေကြသည်။ သူတို့ကား (လောဟုန်) အုပ်စုနှင့် (လောဖုန်) အုပ်စု ဖြစ်သည်။

မိုးကုန်ပြီး၍ ဆောင်းဦးအချိန်ကာလ အဝင်တွင် ဖြစ်သည်။ မိုး၏ရနံ့လေးများ မကင်းစင်သေးချိန်မှာပင် ဆောင်းနှင်းမြူလေးများကလည်း တသင်းသင်း ရှိနေသည်။ အချိန်ကား သက်ကြီးခေါင်းချ ကြက်တွန်သံများ ပျောက်ကွယ်ပြီးနောက် တိတ်ဆိတ်နေသောအကာလ ညအခါတွင် ဖြစ်သည်။

လောဟုန်၏ ဇနီးဖြစ်သူ မမင်းမင်းဖြူသည် M-16 သေနတ်ကို ညာဘက်ဘေးတွင် ထားရှိပြီး အိပ်စက်အနားယူနေသည်။ လောဖုန်အုပ်စုမှ တပ်ဖွဲ့ဝင်များက မင်းမင်းဖြူကို ဖမ်းဆီးလိုက်ကြသည်။ လက်နောက်ပြန် လက်ထိတ်ခတ်ကြသည်။ လောဖုန်ထံသို့ ဖမ်းဆီးသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

"ကဲ...မင်းတို့က ဂိုဏ်းခွဲမှာလား၊ လမ်းခွဲမှာလား"

လောဖုန်သည် မင်းမင်းဖြူအား မသက်သာသောမျက်လုံး၊ ဒေါသမာန်ဖီနေသောအသံဖြင့် မေးလိုက်သည်။ လက်ရုံးတပည့် လီဖုန်လည်း ရှိနေသည်။

"ဆရာကြီး၊ မင်းမင်းတော့ နားမလည်နိုင်အောင် ဖြစ်နေရပါတယ်။ မင်းမင်းတို့အပေါ် သံသယဖြစ်နေရင် ပွင့်ပွင့်လင်းလင်းပြောပြီး အဖြေရှာပါ ဆရာကြီး။ သံသယ ဆိုတာတွေက ဘယ်နေရာမှ မကောင်းပါဘူး ဆရာကြီး။ မင်းမင်းတို့က သတ်ရင်လည်း သေရမှာပါ။ ထားရင်လည်း နေရမှာပါ။ ဆရာကြီး သဘောပါ။ ဆရာကြီးကြိုက်သလို အပြစ်ပေးပါ"

မင်းမင်းဖြူသည် ကျားရှေ့၊ ခြင်္သေ့ရှေ့တွင် ရောက်နေသော ချေသူငယ်လေးအလား ငိုမဲ့မဲ့မျက်လုံးဖြင့် ဆရာကြီးဆိုသူ လောဖုန်ထံတွင် အသနားခံ တင်ပြနေသည်။

"ဒီမှာ မင်းမင်း၊ မင်းကို ဘယ်မှာမွေးသလဲ"

"ဘယ်မှာမွေးသလဲတော့ မသိပါဘူး ဆရာကြီး၊ မင်းမင်း ဟာ စင်ကျိုင်းရွာမှာ ကြီးပြင်းလာခဲ့ပါတယ်။ အသက် (၉) နှစ်၊ (၁၀) နှစ်အရွယ်မှာ ဖခင် လီလောက်ဖိန်းက လောက်ကိုင်ကို ခေါ်လာပြီး သူ့ညီမ၊ မင်းမင်းရဲ့ အဒေါ်ဖြစ်တယ်ဆိုသူ ဒေါ်လော်ဖီအိမ်မှာ လူလားမြောက်ခဲ့ပါတယ်"

"မင်း...တို့တပ်ဖွဲ့ကို ဘယ်လိုရောက်လာသလဲ"

"ဟုတ်ကဲ့ ဆရာကြီး၊ မင်းမင်းထက် ဆရာကြီးလောဖုန်

www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီး သိနိုင်ပါတယ်။ မင်းမင်းကိုယ်တွေ့နဲ့ သိတာကို ပြောရမယ် ဆိုရင်တော့ ...

"ဖခင်ကြီး လီလောက်ဖိန်းဟာ အဖြူမှုန့်တွေကို ပြည်တွင်း ပြည်ပ ဈေးကွက်တွေမှာ ဖြန့်ချိပါတယ်။ ဆရာကြီးလောဖုန် တို့ တာဝန်ပေးချက်အရ အကျိုးတူ လုပ်ပေးလာခဲ့ပါတယ်။ ဒီအချိန်မှာ တပ်ဖွဲ့က လောဟုန်၊ စပ်ဖုန်လည်း မကြာမကြာ ပါလာပါတယ်။ မင်းမင်းနဲ့ စပြီး ခင်မင်ခဲ့ကြပါတယ်။ အဖြူ မှုန့်ကို မန္တလေးဈေးကွက် ဖြန့်ဖို့သွားချိန်မှာ လားရှိုး သီပေါ လမ်းကြားမှာ ပါးပါး လီလောက်ဖိန်းနဲ့ စပ်ဖုန်တို့ ဖမ်းဆီးခံ ကြရပါတယ်။ မူးယစ်ဗဟိုနဲ့ နယ်မြေခံပူးပေါင်းအဖွဲ့က တရား စွဲခဲ့ရာမှာ ထောင်ဒဏ် (၂၀) နှစ်စီ ကျခဲ့ကြပါတယ်"

"မင်းမင်းနဲ့ လောဟုန်တို့ ဘယ်လိုတွေ့ပြီး ညားခဲ့ကြ တာလဲ"

"ဟုတ်ကဲ့ ဆရာကြီး၊ ဒါလည်း ဆရာကြီးလောဖုန် သိ ပြီး ဖြစ်ပါတယ်။ မင်းမင်းဘဝ ရပ်တည်ဖို့ရယ်၊ အတွင်းရေး အပြင်မရောက်ရေးအတွက်ရယ် မင်းမင်းကို လောဟုန် ယူခဲ့ခြင်း ဖြစ်ပါတယ်"

"မင်း ဘယ်ကျောင်းနေခဲ့သလဲ၊ ဘယ်နှတန်းအောင်ခဲ့ သလဲ"

"မှန်ပါတယ် ဆရာကြီး၊ မင်းမင်း ကျောင်းလည်း မနေခဲ့ ရပါဘူး။ ဘယ်နှတန်းမှလည်း မအောင်မြင်ခဲ့ပါဘူး။ အဒေါ်ရဲ့ သားသမီးတွေက သင်ပေးလို့ စာရေးတတ်၊ ဖတ်တတ် ရှိလာ ခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး လောဖုန်နှင့် လီဖုန်တို့နှစ်ယောက် မင်းမင်းဖြူကို စစ်ကြောရေးလုပ်လာခဲ့သည်မှာ ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်သံကြားရသည့် အချိန်သို့ပင် ရောက်ရှိခဲ့လေပြီ။

နံနက် အရုဏ်တက်ပြီဖြစ်သော်လည်း ဆောင်းနှင်းဖြူတို့က လွှမ်းခြုံထားသောကြောင့် တောင်ကုန်းတောင်သွယ်တို့မှာ ဝိုးတဝါးဖြစ်လေသည်။ မြင်ကွင်းများ မသဲကွဲသေးပေ။ သို့တစေ တောင်တန်းအထပ်ထပ်တို့တွင် ညအိပ်ညနေ မှီခိုကြသော တောငှက်သာရကာနှင့် ခြေလေးချောင်းရှိသော သတ္တဝါတို့၏ လှုပ်ရှားသံတို့မှာ တပ်ဖွဲ့လုံခြုံရေး တာဝန်ယူနေကြရသော လောဟုန်တို့အား စိတ်အနှောင့်အယှက် ဖြစ်စေသည်။ သံသယ ဖြစ်စေရလေသည်။

မြင်ကွင်းကို မလင်းတစ်ချက် လင်းတစ်ချက် တွေ့မြင်နိုင်သည့်အချိန်တွင်မူကား ဒုန်းဒုန်းဒုန်း၊ ဒက်ဒက်၊ အုံး၊ ဒိုင်း၊ ဗွမ်းဟူသော လက်နက်ကြီး၊ လက်နက်ငယ်တို့ အသံနှင့်အတူ သေနတ်ကျည်ဆန်များ မိုးသီးမိုးပေါက်ပမာ တပ်စခန်းတစ်ခုလုံး လွှမ်းမိုးသွားသည်။ ယား...ယား...တယားယား တဝါးဝါးဖြင့် ပစ်ခတ်တိုက်ခိုက်ကြသော လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝိုင်းရံစီးနင်းထားသည်။ မီးကျည်များ၏ ထိမှန်မှုကြောင့် သောင်းကျန်းသူတို့၏ တပ်ဖွဲ့အဆောက်အအုံများ မီးဟုန်းဟုန်း တောက်လောင်နေလေပြီ။

မီးကျည်ထိမှန်သော မင်းမင်းဖြူအား စစ်ကြောရေးလုပ်သည့် အဆောက်အအုံကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စီးနင်းရှာဖွေနေကြသည်။ လက်ထိတ်ခတ်ထားသော မင်းမင်းဖြူအား ထိန်း

www.burmeseclassic.com

www.burmeseclassic.com



သိမ်းကြသည်။ လက်နက်၊ ခဲယမ်းမီးကျောက်များ စာရွက်စာတမ်းများ ထိန်းသိမ်းကြသည်။

ဆောင်းနှင်းငွေ့များနှင့်အတူ ယမ်းငွေ့များလည်း တဖြည်းဖြည်း ပျောက်ကွယ်ကြလေပြီ၊ သောင်းကျန်းသူများလည်း တစ်ဖက်သို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြလေသည်။

(၃)

မင်းမင်းဖြူအား လက်ရဖမ်းဆီးရမိသောကြောင့် လုံခြုံရေးတပ်ဖွဲ့တို့၏ လုပ်ထုံးလုပ်နည်းအရ စစ်ကြောရေးလုပ်သည်။ မင်းမင်းက သူမ၏ စွန့်လွှတ်စွန့်စားမှုများ၊ ခံယူချက်၊ ယုံကြည်ချက်တို့ကို စစ်ကြောရေးအဖွဲ့သို့ အစစ်ဆေးခံတင်ပြသည်။

"မင်းမင်းဟာ ရဲအရာရှိတစ်ဦးရဲ့ သမီးဖြစ်ကြောင်း၊ ဖခင်ဖြစ်သူမှာ သောင်းကျန်းသူ အဖျက်သမားများ၏ လုပ်ကြံမှုဖြင့် သေဆုံးခဲ့ရကြောင်း၊ တာဝန်ရှိသူတွေက မိသားစုသုံးယောက် မိခင်နှင့် သမီးနှစ်ယောက်တို့အား စားဝတ်နေရေးအတွက် လုံလောက်တန်းစေ့ နေနိုင်အောင် ထောက်ပံ့ချီးမြှောက်ခဲ့ပါကြောင်း၊ မိမိတို့မှာ ဖခင်ရဲ့ အမွေကို ရယူလိုသောကြောင့် ရဲတပ်ဖွဲ့သို့ ဝင်ခဲ့ကြောင်း၊ လက်စားချေလိုသော ရည်ရွယ်ချက်ဖြင့် ဤဒေသမှာ သန္ဓေယူလာခဲ့ကြောင်း၊ စစ်ဆင်ရေးမှူးတို့နှင့် အခါခါ အဆက်ပြုခဲ့ကြောင်း၊ ယခုလို သောင်းကျန်းသူများကို ချေမှုန်းနိုင်လိုက်ခြင်းမှာ သူမ၏ ဆက်သွယ်သတင်းပေးမှုကြောင့် ဖြစ်ကြောင်း၊ ဘဝနှင့်အသက်ကို စတေးပြီး အသွင်သဏ္ဍာန်ကိုကာ လှုပ်ရှားခဲ့ခြင်း ဖြစ်ကြောင်း" အသေးစိတ်ရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းမင်းဖြူသည် စစ်ကြောရေးလူကြီးများထံသို့ အစစ်ဆေးခံ တင်ပြခဲ့ရာ လုံခြုံရေးတပ်ဖွဲ့မှ အကြီးအကဲများ မယုံကြည်နိုင်လောက်အောင် ဖြစ်နေကြသည်။

မှူးယစ်ဗဟိုအဖွဲ့ချုပ်နှင့် တာဝန်ရှိသူထံသို့ သတင်းပို့အစီရင်ခံကြသည်။ တာဝန်ရှိသူများက မင်းမင်းဖြူသည် လောက်ကိုင်ဒေသတွင် သန္ဓေယူပြီး မြုပ်နှံနေသည့် တပ်ဖွဲ့ဝင်ဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်အဖြစ်မှ ဒုရဲအုပ်အဆင့်သို့ ရာထူးများ တိုးမြှင့်ခံရသူဖြစ်ကြောင်း ပြန်ကြားသည်။ မင်းမင်းအား ၎င်းတို့ထံသို့ ပို့ပေးရန် ညွှန်ကြားခဲ့လေသည်။

ဤနေ့သည် အောက်တိုဘာလ (၁) ရက် ရဲတပ်ဖွဲ့၏ နှစ်ပတ်လည်နေ့ ဖြစ်သည်။ နိုင်ငံတော်မှ ချီးမြှင့်ခြင်းခံရသော ရဲတပ်ဖွဲ့ဝင် အရာထမ်း၊ အမှုထမ်းများ၊ ရဲချုပ်မှ ချီးမြှင့်ခြင်းခံရသော အရာထမ်း၊ အမှုထမ်းတပ်ဖွဲ့ဝင်များ၊ စွန့်လွှတ်စွန့်စားသော တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်သည့်အပြင် ရဲတပ်ဖွဲ့ဝင် မိသားစုများမှ ပညာရည်ထူးချွန်ကြသော တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ပညာရည်ထူးချွန်ဆုများ ချီးမြှင့်သည့်နေ့ ဖြစ်သည်။

သက်ဆိုင်ရာ အကြီးအကဲ၏ကိုယ်စား တာဝန်ရှိသူက အခမ်းအနားသို့ ရောက်ရှိလာသည်နှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ အလေးပြုကြသည်။ နေရာယူပြီးသည်နှင့် အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားသည်။ အခမ်းအနား အစီအစဉ်အရ တာဝန်ရှိသူက အမှာစကား၊ ဩဝါဒစကား ပြောကြားရန် ဖိတ်ကြားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရဲဘော်တို့ ...

လက်နက်ကိုင် တပ်ဖွဲ့ဝင်တွေအနေနဲ့ တိုင်းပြည်နဲ့ လူမျိုးအတွက် စွန့်လွှတ်၊ စွန့်စားကြရတာဟာ ကမ္ဘာ့နိယာမတရားလို ဖြစ်နေပါတယ်။ နိုင်ငံတိုင်းရှိ လက်နက်ကိုင်တပ်ဖွဲ့ဝင်တွေဟာ စွန့်လွှတ်စွန့်စားကြပါတယ်။ တို့နိုင်ငံမှာလည်း တိုင်းပြည်လွှတ်လပ်ရေးတိုက်ပွဲ၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲတွေမှာ စွန့်လွှတ် စွန့်စားစွာ အသက်ပေးတိုက်ပွဲဝင်ခဲ့ကြတာတွေဟာ ရဲဘော်တို့အသိ ဖြစ်တယ်။ တို့ရဲတပ်ဖွဲ့ဝင်တွေထဲမှာလည်း ဘဝကိုစွန့်စားပြီး တာဝန်ထမ်းဆောင်ကြတဲ့ တပ်ဖွဲ့ဝင်များစွာ ရှိတယ်။ ဒါ့ကြောင့် တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်၊ ဘဝကို ပေးပြီး ဆောင်ရွက်ကြဖို့ တိုက်တွန်းရင်း နိဂုံးချုပ်လိုက်တယ်"

အခမ်းအနားအစီအစဉ်အလိုက် ဆုတံဆိပ်များ၊ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်သည်။ ဒုရဲအုပ် မင်းမင်းဖြူသည် ရဲအုပ်ရာထူး တိုးမြှင့်ပေးခြင်း ခံရသည့်အပြင် စွန့်လွှတ်စွန့်စားမှုဆိုင်ရာ အဆောင်အယောင်ပစ္စည်းများ ချီးမြှင့်ခံရလေသည်။ ဝမ်းသာလုံးဆို့ပြီး စီးကျလာသည့် မျက်ရည်အပြုံးနှလုံးဆန္ဒဖြင့် ဝမ်းသာပီတိ ဂွမ်းဆီထိ ဖြစ်ရလေသည်။

**"ရဲဘော်မသေ သေသော် ငရဲမလား"**

❒

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်ယူပါတယ် မမြဝင်း

(၁)

အချိန်သည်ကား ၁၉၅၉/၆၀ ခန့်က ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် (သန့်ရှင်း)၊ (တည်မြဲ)၊ (ပမညတ)၊ (တစ်သီးပုဂ္ဂလ) နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေကြသည့် အချိန်ကာလလည်း ဖြစ်ပေသည်။ ဤအချိန်တွင် သခွပ်ပင်က မီးတကျီ ဆိုသကဲ့သို့ ပြည်တွင်းသောင်းကျန်းသူအဖွဲ့တစ်ဖွဲ့က တစ်ဖက်နိုင်ငံတွင် ခြေကုပ်ယူထားသည်။ ခြေကုပ်ယူထားသော အဖွဲ့က ထိုစဉ်က မြန်မာနိုင်ငံ၏ တစ်ရာကျပ်တန် ငွေစက္ကူများ (ပုံတူပြုလုပ်ပြီး) တစ်ဖက်နိုင်ငံတွင် ထုတ်လုပ်၍ မြဝတီ၊ တာချီလိတ် နယ်စပ်တွင် အသုံးပြုနေကြောင်း သတင်းရရှိခဲ့သည်။

ဤသတင်းကို ဖော်ထုတ်ချေမှုန်းရန်အတွက် တာဝန်ရှိသူသည် စစ်ဆင်ရေးဇာတ်ဂျူပုဟာတစ်ခု ပြုလုပ်သည်။ မမြဝင်းသည် ရဲမေတစ်ဦး ဖြစ်သည်။ အသက် (၂၅) နှစ်ရှိပြီး ရဲဝန်ထမ်းလုပ်သက် (၆) နှစ် ရှိပြီဖြစ်သော ဒုတပ်ကြပ် တစ်ယောက် ဖြစ်သည်။ မမြဝင်းသည် ဖခင် အင်္ဂလိုဘားမား မိခင် ကရင်လူမျိုးတို့က မွေးဖွားသော လုံးကြီးပေါက်လှ မိန်းမချောလေး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သူ့အလှနှင့် သူ့ဘဝကား တခြားစီဖြစ်သည်။ သူမ၏ အချောအလှကြောင့် ဝန်ထမ်းအချင်းချင်း မကြာခဏ ပဋိပက္ခ ဖြစ်ကြရသည်။ ရုပ်ပါရုံတစ်ခုတည်းသာ သူများထက်သာသည် မဟုတ်ဘဲ ဘာသာစကားအားဖြင့် အင်္ဂလိပ်လို ကျွမ်းသည်။ ကရင်စကား၊ ရှမ်းစကားတတ်သော အတတ်ပညာပိုင်းကလည်း ဘဝတူဝန်ထမ်းများထက် သာသည်။ ထို့ကြောင့်လည်း မနာလို ဝန်တိုသူများ၊ မရှုဆိတ်သူများခြင်းခံရသူလေး ဖြစ်သည်။ တာဝန် ရှိသူသည် စစ်ဆင်ရေးဗျူဟာတွင် မမြဝင်းအား ဓာတ်ကောင် တစ်ဦးအဖြစ် ရွေးချယ်သည်။ ဘာမဆို လုပ်ရဲကိုင်ရဲတတ်သော မမြဝင်းသည် ပေးအပ်သည့်တာဝန်ကို အသက်၊ သွေး စတေး ခံပြီး တာဝန်ထမ်းဆောင်ရန် တာဝန်ရှိသူထံ သစ္စာဓိဋ္ဌာန်ဆိုပြီး တာဝန်ကို လက်ခံသည်။ အဓိကသော့ချက်များကို လေ့လာစေ သည်။

"ကဲ. . .ရဲဘော် မမြဝင်း၊ အဓိကသော့ချက်တွေ ကြေ ညက်ပြီလား"

"ကြေညက်ပါပြီ မင်းကြီး"

"မင်း စတင်ရမယ့် လုပ်ငန်းက တစ်ဖက်နိုင်ငံမှာရှိတဲ့ ဟိုတယ်ကြီးမှာ အလုပ်လျှောက်၊ မင်းရဲ့ အရည်အချင်းတွေအရ မင်းကို အလုပ်ခန့်လိမ့်မယ်။ အဲဒီဟိုတယ်ပိုင်ရှင်ထဲမှာ တို့နိုင်ငံ ရဲ့ သောင်းကျန်းသူအဖွဲ့တစ်ဖွဲ့က ပုဂ္ဂိုလ်တွေ အစုရှယ်ယာ ပါကြတယ်။ မင်းကို အလုပ်ခန့်ဖို့ရွေးရင် သူတို့က ရွေးမယ်။ အဲဒါ မီးစင်ကြည့်ကပြီး လုပ်ရှား။ သတင်းရရင် ပိုခြိုသတိနဲ့ ဆက်ကြောင်းတွေထံ သတင်းပို့. . .

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်တယ်မဟုတ်လား၊ ဆက်လုပ်"

(၂)

မမြဝင်းသည် မြန်မာဆန်သော ဝတ်စုံလေးဖြင့် တစ်ဖက်နိုင်ငံရှိ ဆက်ကြောင်း တက္ကစီကားမောင်းနေသူ ဝင်းနိုင်၊ ဆက်ကြောင်း ဆိုက္ကားနင်းနေသူ မောင်ကြီးတို့ဖြင့် ဆက်ကြောင်းယူလိုက်သည်။ ထိုသူတို့၏ အကူအညီဖြင့် ကြယ်သုံးဆင့် အဆင့်ရှိ ဟိုတယ်ကြီးတွင် အလုပ်လျှောက်သည်။

ဟိုတယ်ပိုင်ရှင်ဆိုသူက ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဘာသာစကားနှင့် အတတ်ပညာရေးပိုင်းဆိုင်ရာများကို အင်တာဗျူးကြသည်။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ လှမျိုးစုံသော မမြဝင်းအား ဟိုတယ်မယ်အဖြစ် ရွေးချယ်လိုက်သည်။ မမြဝင်းအား ကျန်းမာရေး ဆေးစစ်သည်။ ရုပ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ သင်းသတ်မှုများ ပြုလုပ်ကြသည်။

ရွှေအိုရောင်စကတ်၊ လည်ဟိုက် လက်တိုအင်္ကျီ၊ နီထွေးသော နှုတ်ခမ်းနီ၊ သွဲ့ပျောင်းသော ကိုယ်ခန္ဓာလေးဖြင့် မမြဝင်းတစ်ယောက် လှချင်တိုင်း လှနေပေသည်။ မယ်ရွေးပွဲ ဝင်ရောက်ယှဉ်ပြိုင်ရမှာလား ထင်ရမလောက်။

၁၂ ထပ်မြင့်သော ဟိုတယ်ကြီး၏ အပေါ်ဆုံးထပ် ဟိုတယ်ပိုင်ရှင်ကြီးထံ ပို့ပေးရသည်။

"မင်္ဂလာပါ မမြဝင်း"

www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပါ သူဌေး"

"အလုပ်ရှင်နဲ့ အလုပ်သမားရယ်လို့ သဘောမထားပါနဲ့၊ ရဲရဲတင်းတင်းနေပါ၊ ရင်းရင်းနှီးနှီးနေပါ၊ လွတ်လွတ်လပ်လပ်နေပါ၊ ကျွန်တော်လည်း မြန်မာနိုင်ငံကပါ"

"ဟုတ်ကဲ့ရှင့် သူဌေး"

"သူဌေးလို့ မခေါ်ပါနဲ့ဗျာ၊ ကျွန်တော်က တော်လှန်ရေးသမားပါ။ ဒီမှာ စီးပွားရေးလုပ်၊ တစ်ဖက်မှာ နိုင်ငံရေး၊ စစ်ရေးပါ လုပ်နေတဲ့ နိုင်ငံရေးသမားပါ။ ဒါပေမဲ့ တို့က ဗိုလ်အောင်ဒင်တော့ မဟုတ်ဘူးနော် မမြဝင်း"

"သမီးကတော့ နိုင်ငံရေးတွေ၊ ဘာတွေ နားမလည်ပါဘူး သူဌေး"

"လာပြန်ပြီ သူဌေး"

"သူဌေးလို့မခေါ်ရင် ဘယ်လိုခေါ်ရမလဲမသိ"

"ကဲ. . . ကဲ. . . ဟောဒီ အချိုရည်လေး သောက်လိုက်၊ ဟောဒီ အသားကင်၊ ငါးကင်လေးတွေ စားလိုက်၊ တို့ကို ဘယ်လိုခေါ်ရမယ်ဆိုတာ စဉ်းစားလိုက်ဦးမယ်"

သူဌေးဆိုသူ၊ နိုင်ငံရေးသမားဆိုသူ၊ တော်လှန်ရေးသမားဆိုသူသည် ဘလက်လေဘယ်နှစ်ခွက်၊ သုံးခွက်လောက်သောက်ပြီး စဉ်းစားခန်း ထုတ်နေလေသည်။

မမြဝင်းသောက်သော အချိုရည်မှာ အယ်လ်ကိုဟောပါလေသလားမသိ။ ဖြူဖွေးဝင်းပသော မမြဝင်း၏မျက်နှာမှာ ပါးအို့နီလေး ဆိုးလိုက်သလား ထင်ရလောက်အောင် ပြောင်းလဲလာပနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စားပါသောက်ပါ မမြဝင်း၊ ကြောက်စရာလန့်စရာလည်း မလိုပါဘူး။ အဲ. . .ရောမရောက်ရင် ရောမ လိုနေ၊ ခေါမကို ရောက်ရင် ခေါမ လိုနေ ကျင့်သုံးတဲ့၊ ပျော်ပျော်ပါးပါးကြီး စားပါသောက်ပါ ဝင်းဝင်းလေးရယ်"

လက်ရဲဇက်ရဲ ဖြစ်လာသူ သူဌေး၏အပြုအမူများသည် မမြဝင်း၏ တဏှာဝါသော ဗဟုကိစ္စများကို နှိုးဆွပေးနေသလို ဖြစ်နေလေပြီ။ နေမထိထိုင်မသာ ဖြစ်နေရလေသည်။

"ကဲ. . .ဆရာကြီး၊ မမြဝင်းက နာမည် ဘယ်လိုခေါ်ရမှာလဲလို့"

မမြဝင်း၏ အပြုအမူများမှာ အာလေးလျှာလေးဖြင့် ကန့်ကလျ ဖြစ်လာသည်။ ကြိုက်မရှက် မူးမရှက် ဖြစ်လာနေလေသည်။

"ဪ. . .ဟုတ်သားပဲ၊ မမြဝင်းရဲ့ နာမည်ကလည်း ရှည်တယ်၊ အဲဒီတော့ အဖျားတစ်လုံးကိုပဲ ခေါ်မယ်၊ 'ဝင်း' လို့ ခေါ်မယ်"

"တို့နာမည်က ဂျိန်းစ်ဘွန်း၊ ရှည်တယ်၊ အဖျားဆွတ်ခေါ် 'ဘွန်း'၊ မစ္စတာဘွန်းလို့ ခေါ်စေဗျား"

ဂျိန်းစ်ဘွန်း မင်းသားနှင့် ဂျိန်းစ်ဘွန်း မင်းသမီးလေး မမြဝင်းတို့သည် ဂျိန်းစ်ဘွန်းဇာတ်ကားထဲမှ ဇာတ်ဝင်ခန်းတစ်ခန်း ရိုက်ကူးနေသည့်အလား စေတနာပြိုင်ပွဲ၊ အချစ်ပြိုင်ပွဲ ကျင်းပနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



(၃)

နီးစပ်မှုသည် ချစ်ခြင်းမေတ္တာတရားကို ပေါက်ပွားစေသည်ဟု အချစ်နီတိသဘောတရား ဆရာများက ဖွင့်ဆိုကြသည်။ သဒ္ဒါလွန်တော့ တဏှာကျွံကြသော မမြဝင်းတို့မှာလည်း တစ်ဦးကိုတစ်ဦး အကြင်နာတရားထားပြီး ပေါင်းသင်းဆက်ဆံခဲ့ကြသည်မှာ တစ်လကျော် ကြာခဲ့လေပြီ။

တဏှာ၊ အဝိဇ္ဇာ ဖုံးလွှမ်းနေကြပြီဖြစ်သော မမြဝင်းနှင့် ထင်လင်းတို့သည် တစ်ဦးနှင့်တစ်ဦး တဏှာပစ္စည်းများ ရယူလိုမှုများသည် ပိုင်ဆိုင်မှုအထိ အသည်းနှလုံးတွင် ငြိတွယ်နေပြီဖြစ်သည်။

"ဝင်းဝင်း. . .တို့နဲ့ အခုလိုချစ်နေတာ ကျေနပ်ရဲ့လား။ ဝင်းဝင်းရဲ့ မိသားစုတွေအတွက် အစ်ကို ဘာအကူအညီပေးရမလဲ၊ ကိုယ့်မှာ တာဝန်ရှိပါတယ်။ လိုအပ်တာပြောပါ အချစ်လေးရယ်"

"အစ်ကို ဝင်းက တစ်ကောင်ကြွက်ပါ။ အဖေကလည်း အင်္ဂလန်ပြန်သွားတယ်ဆိုလား၊ သေပြီဆိုလား မသိဘူး။ အမေက ဆုံးပြီ။ အစ်ကိုတစ်ယောက် ရှိတယ်။ သူကလည်း ပြည်ပနိုင်ငံကြီး တစ်နိုင်ငံမှာ ရောက်နေတယ်လို့ သိရတယ်။ ဘယ်နိုင်ငံရောက်နေလည်း ဝင်း မသိဘူး။ ဝင်းရဲ့ကမ္ဘာမှာ အစ်ကိုတစ်ယောက်ပဲ ရှိပါတယ်။ ဝင်း သက်ဆုံးတိုင် အစ်ကို့ကိုပဲ မှီခိုအားထားရမှာပါ အစ်ကို"

ထင်လင်းနှင့် မမြဝင်း တို့သည် ရင်တွင်းဖြစ် ခံစားရမှုများ၊ စွဲလမ်းမှု၊ တဏှာ အဝိဇ္ဇာများကို ရင်ဖွင့်တိုင်ပင် ...နှောနေကြ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ တစ်ဦးနှင့်တစ်ဦး ယုံမှတ်ပြီး ပုံအပ်နေကြပေပြီ။ တကယ်ဆိုတော့ တဏှာနွံအတွင်း နစ်မွန်းနေကြသူများ ဖြစ်ကြလေသည်။

"ဝင်း...မနက်ဖြန် ငါတို့ မြဝတီနယ်စပ်၊ တာချီလိတ်နယ်စပ်ကို သွားမယ်။ ဟိုမှာရှိတဲ့ စောင့်မျှော်နေတဲ့ ပုဂ္ဂိုလ်တွေဆီကို ပစ္စည်းသွားပို့မယ်၊ နယ်စပ်အထိ အစ်ကိုလိုက်ပို့မယ်။ တစ်ဖက်မှာရှိတဲ့ မြို့ကိုတော့ ဝင်း သွားပို့ရမယ်။ အစောင့်လည်း ထည့်ပေးလိုက်မယ်။ ဝင်း စိတ်ပါရဲ့လား"

"အစ်ကိုကလည်း အစ်ကိုနဲ့ဆိုရင် အစ်ကိုခိုင်းတဲ့အလုပ်ဆိုရင် နတ်ပြည်သွားမလား၊ ငရဲပြည်သွားရမလား၊ ဝင်း အကုန်လုပ်မယ်"

"အဲဒါကြောင့်မို့..."

မမြဝင်းသည် ထင်လင်း၏ရင်ခွင်တွင်းမှာ ကြည်နူးစွာ ရင်ငွေ့ခိုလှုံလျက်။

မမြဝင်း၏ စွန့်လွှတ်စွန့်စားသော ပြုလုပ်မှုများကို ထင်လင်းသည် အလွန်ကျေနပ်သွားသည်။ မမြဝင်းမှာလည်း ထင်လင်း ပေးသော အကယ်ဒမီဆု၊ အထိမ်းအမှတ်ဆုများကို တစ်ပွေ့တစ်ပိုက်ကြီး ရရှိခဲ့လေသည်။

ထင်လင်းနှင့် မမြဝင်းတို့ အခြေချနေထိုင်သော ကြယ်သုံးပွင့် အဆင့်ရှိ ဟိုတယ်ကြီးတွင် မမြဝင်းအား ဂုဏ်ပြုပွဲ အခမ်းအနား၊ စုပုံချစ်၊ မထသာချစ်၊ အောရောင်းချစ်ချစ်ရလေသည်မှာ မိုးမဆုံးလေမဆုံး ဖြစ်လေသည်။ ငြိမ်းချမ်းစွာ အနားယူခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၄)

"ဝင်း တို့ရှေ့အပတ် ဒုတိယအခေါက်အနေနဲ့ ပစ္စည်းသွားပို့မယ်။ နယ်စပ်က ရဲဘော်တွေအတွက် လက်နက်လည်း ပို့ပေးဖို့ စီစဉ်ထားတယ်။ ဝင်းလည်း လိုက်ခဲ့ပေါ့"

"မလိုက်နဲ့ဆိုရင်လည်း မခွဲနိုင်လို့ ဝင်းက အတင်းလိုက်မှာ"

မူယာမာယာများလှသော မမြဝင်း၏ ဟန်မူရာပို အညှုအခရာလေးများ၊ အနွဲ့အနှောင်းတို့ကြောင့် ထင်လင်းက နှာခေါင်းဖြင့် ဂုဏ်ပြုထောမနာပြုလိုက်လေသည်။

"မာယာတစ်သိန်း၊ အပလိမ်း အနန္တ" မိန်းမမာယာသဲကိုးဖျာကို ကျင့်သုံးနေသော မမြဝင်း၏ မြွေဟောက်လို လျှာနှစ်ခွဖြင့် လှုပ်ရှားနေမှုများကို ထင်လင်း မရိပ်မိ၊ အမောင်ယောကျ်ားမှ မောင်တို့ယောကျ်ားတွေများကျတော့ သဲကိုးဖျာတောင် မလောက်ပါဘူး။ မန်ကျည်းကိုးပင်ကို နှောက်ပါလို့ရယ်၊ လိမ်လည်လှည့်ဖြား၊ ဉာဏ်များသော တန်ပြန်ထိုးနှက်၊ တိုက်ခိုက်ရန် မေ့လျော့နေပေပြီ။ အဝိဇ္ဇာ၊ တဏှာတွေ လွှမ်းမိုးထားနေပြီဖြစ်သည်။

မမြဝင်းသည် ပစ္စည်းပို့မည့် အစီအစဉ်များ၊ လက်နက်ပို့မည့် အစီအစဉ်များ၊ လမ်းကြောင်းများကို ဆက်ကြောင်းတက္ကစီကားဆရာ၊ ဆိုက်ကားဆရာများမှတစ်ဆင့် တိကျခိုင်မာသော သတင်းအချက်အလက်များကို ပို့ပေးလေသည်။

အချိန်ကား နံနက် (၄) နာရီခန့်၊ နေရာကား မြဝတီမြို့နယ်၊ (၁၀) မိုင်ကွာဝေးသော နယ်စပ်တစ်နေရာတွင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်း၊ ငွေစက္ကူတစ်ရာတန်များ ရယူမည့်သူများက ညအိပ်စောင့်နေဟန် တူသည်။ သောင်းကျန်းသူများစခန်းမှာ ခနိမိုး၊ ယရံကာ၊ ပျဉ်ခင်းဖြစ်သော်လည်း မီးစက်များ အသုံးပြုကြသည်။ ကတုတ်ကျင်းများရှိသည်။ ကားဝင်/ကားထွက် မြေနီကားလမ်းရှိသည်။ စခန်းနှင့် တစ်မိုင်ခန့်တွင် တောတောင်ထူထပ်သော တောင်ကုန်းတစ်ကုန်း ရှိသည်။

မိုးအကုန် ဆောင်းအကူး၊ မြူနှင်းတွေက ဖုံးအုပ်ထားသည်။ သင်းပျံ့မွှေးကြိုင်သော ရာသီပန်းအနံ့တို့က မွှေးကြိုင်နေသည်။ အလွမ်းဓာတ်၊ အဆွေးဓာတ်ရှိသူများ၊ အသည်းကွဲဝေဒနာရှိသူများဆိုလျှင် လွမ်းဖွယ်အတိ။

မကြာမီသော ကာလတွင် တိတ်ဆိတ်မှုတွေ၊ သာယာကြည်နူးမှုတွေ၊ ပန်းရနံ့မွှေးကြိုင်မှုတွေ ပြောင်းလဲသွားနိုင်ပါတကား ဟူ၍ကား မည်သည့်နာနာဘာဝ၊ ဝိနာဘာဝတို့မှ သိမည်မထင်။

ထွက်လာပေသော တက်လာပေသော စကြာမင်းကြီးသည် ဝင်ခြင်းလျှင် အဆုံးရှိသော သူ၏အလုပ်တာဝန်အရ ထွက်ရှိလာတော့မည်ဖြစ်သောကြောင့် အလင်းအရောင်များ လာပြီဖြစ်သည်။

အလင်းအရောင်တက်လာသည်နှင့် ထင်လင်းတို့၏ အခြေစခန်းကို တောင်ကုန်းပေါ်မှ ပစ်မှတ် ယူလို့ရသည်အထိ မြင်ရလေပြီ။ နှင်းမှုန်ကြားတွင် အရောင်တက်အလင်းရောင်ကို ဝိုးတဝါး တိုးလျှိုးနေရာယူနေကြသော လုံခြုံရေးတပ်ဖွဲ့တို့နှင့် ကျေး

www.burmeseclassic.com

www.burmeseclassic.com



ငှက် သာရကာတို့၏ ထိတ်လန့်သံကလေးများသည် အထိတ်တလန့်။

နံနက် (၅) နာရီခန့်တွင်မူကား အမြင်အာရုံတို့တွင် ဘယ်သူ ဘယ်ဝါ သဲကွဲစပြုချေပြီ။ တောင်ကုန်းပေါ်မှ လက်နက်ကြီးတို့၏ ပစ်ခတ်သံများမှာ ထင်လင်းတို့၏ တပ်စခန်းသို့ မီးဟုန်းဟုန်း တောက်လောင်သွားစေသည်။ ပေါက်ကွဲသံများမှာလည်း ပွဲတင်ထပ်မျှ။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အနီးကပ် ပစ်ခတ်ဝင်ရောက်စီးနင်းခြင်း၊ တယားယားဖြင့် ယားယားဆိုပြီး ပစ်ခတ်ချေမှုန်းကြသည်မှာလည်း သေနတ်ကျည်များ မိုးသီးမိုးပေါက်အလားတိတ်ဆိတ်နေသော တောတောင်စွယ်တို့မှာ ယမ်းငွေ့များကဖုံးလွှမ်းသွားသည်။

မိုးစင်စင်လင်းသည့်အချိန်ကား ထင်လင်းတို့၏ တပ်စခန်းမှာ မီးလောင်မြေအတိ ဖြစ်နေသည်။ တစ်ဖက်နိုင်ငံသို့ ပြေးသွားကြသည်မှာ ကြက်ပျောက်ငှက်ပျောက်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ငွေတစ်ရာတန် စက္ကူအတုများ၊ လက်နက်ခဲယမ်း မီးကျောက်များ သိမ်းယူရမိလိုက်လေသည်။

(၆)

မမြဝင်းသည် သေသလား၊ ရှင်သလား မသိရသောထင်လင်းကို စွန့်ပြီး လုံခြုံရေးတပ်ဖွဲ့ထံ ပူးပေါင်းလိုက်သည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များမှတစ်ဆင့် တာဝန်ရှိသူထံသို့ ပို့ပေး

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ရောက်ရှိခဲ့လေသည်။ တာဝန်ရှိသူက မိန့်ကြားသည်မှာ. . .

"ရဲဘော် မမြဝင်း၊ မင်းကို တပ်ဖွဲ့အာဏာပိုင်တွေက ဒုရဲအုပ်ရာထူးနဲ့ စွန့်လွှတ်၊ စွန့်စားရဲတဲ့ သူရဘွဲ့ ချီးမြှင့်တယ်။ မင်းရဲ့ဆန္ဒကိုလည်း ဖြည့်ဆည်းပေးဖို့ မှာကြားထားတယ်"

"လေးစားပါတယ် မင်းကြီး"

"ဂုဏ်ယူပါတယ် မမြဝင်း"

**"ရဲဘော်မသေ သေသော် ငရဲမလား"**

❐

www.burmeseclassic.com

www.burmeseclassic.com

# မာယာရှင်နှင့်ဂိုဏ်းစတား



www.burmeseclassic.com

www.burmeseclassic.com

# မာယာရှင်နှင့် ဂိုဏ်းစတား

## (၁)

"တစ်၊ နှစ်၊ သုံး အတန်းလိုက် လှုပ်ရှားမယ်"

"လေး၊ ငါး၊ ခြောက် အတန်းလိုက် လှုပ်ရှားမယ်"

"ယား. . . ရှူး. . . ဒုံး၊ အုံး၊ ဝှမ်း"

ရဲတပ်ဖွဲ့၊ ဂျူဒိုလေ့ကျင့်ရေးခန်းမတွင် ဒုရဲအုပ် အမျိုးသမီးငယ်များ၊ ဂျူဒို၊ ကရာတေး လေ့ကျင့်ခန်း ပြုလုပ်နေကြသည်။ လေ့ကျင့်ရေးဝတ်စုံဖြင့် အမျိုးသမီး ဒုရဲအုပ်များ လေ့ကျင့်နေကြသည်မှာ ရုရှားဘဲလေးအဖွဲ့၊ တရုတ်ဘဲလေးအဖွဲ့များ ကပြနေသလား ထင်ရမလောက်။

ဆရာမြဝင်းသည် လေ့ကျင့်ရေးတပ်ဖွဲ့မှူး၊ ရဲမှူး ဒေါ်ထားထားထံ သတင်းပို့ရန် စောင့်နေသည်။ လှည့်အကြည့်တွင် ရဲမှူး ဒေါ်ထားထားကို ဆရာမြဝင်း တွေ့လိုက်ရသည်။

"ဘာကိစ္စရှိလို့လဲ ဆရာမြဝင်း"

"မင်းကြီးက ဂျူဒို၊ ကရာတေး လေ့ကျင့်နေတာတွေကို လာပြီး လေ့လာမယ်၊ ပုံမှန်အတိုင်း ဆက်လှုပ်ရှားနေပါလို့ ကြိုတင်သတင်းပို့တာပါ ဆရာမကြီး"

"အေး. . . ကောင်းပြီ. . . အသင့်"

www.burmeseclassic.com



မင်းကြီးသည် ဆရာမြဝင်းနှင့်အတူ ဂျူဒို၊ ကရာတေး လေ့ကျင့်နေသော အမျိုးသမီးဒုရဲအုပ်များ၏ ချွေးတဒီးဒီးဖြင့် လေ့ကျင့်နေမှုများ၊ တယားယား၊ တဂူးဂူးဖြင့် လေ့ကျင့်လှုပ်ရှား နေမှုများကို လေ့လာနေသည်။

လေ့ကျင့်ခန်းများ ပြီးဆုံးသောကြောင့် တန်းဖြုတ်ချိန်တွင် ရဲမှူး ဒေါ်ထားထားနှင့် ဒုရဲအုပ် ရဲမေများ အလေးပြုလိုက်ကြသည်။

"အေး . . . အားလုံးကို လေးစားပါတယ်။ ချွေးထွက်များမှ သွေးထွက်နည်းမယ်ဆိုတဲ့ ဆောင်ပုဒ်၊ တို့တပ်ဖွဲ့တွေမှာ ရှိတယ်။ ဆက်လုပ်ကြပါ။ ကြိုးစားကြပါ"

မင်းကြီးသည် ဂျူဒို၊ ကရာတေး၊ လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်ခန်းများကို လေ့လာသည်မှာ အကြောင်းရှိသည်ဟု လေ့ကျင့်ရေးတပ်ဖွဲ့မှူး ရဲမှူး ဒေါ်ထားထား စဉ်းစားနေလေသည်။

နောက်နေ့တွင် ဖြစ်သည်။ ----- ဝန်ထမ်းရေးရာ ဌာန ရဲမှူးထံသို့ ဒုရဲအုပ် ဖြူဖြူသန်းနှင့် ဒုရဲအုပ် ဝါဝါသန်းတို့၏ ကိုယ်ရေးဖိုင်များ လာပို့ရန် ဆရာမြဝင်းအား သတင်းပို့ခိုင်းသည်။

ကိုယ်ရေးဖိုင်များ ရောက်ရှိလာသည်နှင့် မင်းကြီးသည် ဒုရဲအုပ် ဖြူဖြူသန်းနှင့် ဒုရဲအုပ် ဝါဝါသန်းတို့၏ ကိုယ်ရေးရာဇဝင်များကို လေ့လာသည်။ ရဲမှူး ဒေါ်ထားထားထံသို့ ဖြူဖြူသန်းနှင့် ဝါဝါသန်းတို့ကို မင်းကြီးထံ ပို့ရန် သတင်းပို့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကြီး. . .ဖြူဖြူသန်း၊ ဝါဝါသန်းတို့ ရောက်ရှိကြောင်း သတင်းပို့"

"အေး. . .လွှတ်လိုက်ပါကွာ"

ဒုရဲအုပ် ဖြူဖြူသန်းနှင့် ဝါဝါသန်းတို့သည် မင်းကြီးအား အလေးပြုလိုက်ကြသည်။

"လေးစားပါတယ်၊ ထိုင်ကြကွာ. . ."

"ရဲဘော်တို့ကို ခေါ်ရတဲ့ ကိစ္စက ရဲဘော်တို့ကို အထူး တာဝန်တစ်ရပ် ပေးဖို့ရှိလို့ ဖြစ်တယ်။ ဆောင်ရွက်ရမယ့် တာဝန် ကတော့ တို့နိုင်ငံမှာ ဘိန်းဖြူ၊ ဘိန်းမည်း၊ မူးယစ်ဆေးဝါးတွေ ကိုတော့ နိုင်ငံတော် အကြီးအကဲတွေက စီမံကိန်း၊ စီမံချက်တွေ ချပြီး တိုက်ခိုက်၊ ဖျက်ဆီးဖြိုခွင်းခဲ့လို့ အတော် ပါး၊ လျော့နည်း သွားပါပြီ။ ဦးကျိုးသွားပြီပေါ့ကွာ. . ."

"ဒါပေမဲ့ အခု ဓာတုဗေဒနည်းနဲ့ ပြုလုပ်ထားတဲ့ မူးယစ် ဆေးဝါးတွေ၊ စိတ်ကို ရူးသွပ်ပြောင်းလဲစေတဲ့ ဆေးပြားတွေကို နယ်စပ်ဒေသ တစ်ဖက်နိုင်ငံတွေက ဂိုဏ်း၊ အုပ်စုဖွဲ့ပြီး မြန်မာ နိုင်ငံနဲ့ တရုတ်ပြည်ဘက်အထိ ဖြန့်ဖြူးနေတဲ့ ဂိုဏ်းစတားတွေ ရှိနေတယ်။ ရဲဘော်တို့က အဲဒီဂိုဏ်းစတားတွေထဲကို စီးဝင် လှုပ်ရှားဖို့ ဖြစ်တယ်. . .ရဲဘော်တို့အနေနဲ့ တာဝန်ယူဖို့ စိတ်အား ထက်သန်ကြရဲ့လား"

"စိတ်အားထက်သန်ပါတယ် မင်းကြီး။ ရှပ်ရှပ်ချွံချွံ တာဝန် ထမ်းဆောင်ကြပါမယ် မင်းကြီး"

"အေး. . .ဝမ်းသာတယ်ကွာ။ ပေးဒီမှာ အချက်အလက်

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ပစ်မှတ်တွေ၊ ဆက်ကြောင်းတွေ၊ အင်အားယူဖို့ သော့ချက်တွေ. . . သဘောပေါက်ရဲ့လား"

"သဘောပေါက်ပါတယ် မင်းကြီး"

"ဆက်လုပ်"

ဒုရဲအုပ် ဖြူဖြူသန်းနှင့် ဒုရဲအုပ် ဝါဝါသန်းတို့သည် ကိုယ်တာဝန်ယူ စီးဝင်လှုပ်ရှားရမည့် ဇုန်ဟာသို့ စတင်လှုပ်ရှားကြလေပြီ။

(၂)

ဒုရဲအုပ် ဝါဝါသန်းနှင့် ဒုရဲအုပ် ဖြူဖြူသန်းတို့မှာ ဟော့ရှော့ဒီဇိုင်း ဆံပင်ပုံစံ သွင်းလိုက်ကြသည်။ အသားက ဖြူဖြူ၊ ဆံပင်က ရွှေရောင်၊ ကိုယ်လုံးကိုယ်ပေါက်က ခပ်တောင့်တောင့်၊ မြင်သူတကာ ငေးလောက်တဲ့ ရုပ်ရှင်မလေးများ ဖြစ်နေကြသည်။ စကပ်တိုတို၊ အောင်းဘီတိုတိုလေးများဖြင့် ကြည့်မဝ၊ ရှုမဝ။

မန္တလေးမြို့ရှိ နာမည်ကြီး ဟိုတယ်ကြီးများတွင် တစ်လတစ်ကြိမ် ပြောင်းပြီး တည်းခိုကြသည်။ ဟိုတယ်ကြီးများတွင်ရှိတတ်သော နိုက်ကလပ်များသို့သွားပြီး ဒန့်စ်အကများ ကကြသည်။ ရင်းနှီးမှု၊ ခင်မင်မှု၊ ပေါင်းစပ်မှုရှိသူများကို (ဖိမ်ခံပစ္စည်း) အဖြစ် စိတ်ကြွရူးသွပ်ဆေးပြားများကို လက်ဆောင်ပေးသည်။ ငါးစာချလေသလား ပိုးတဝါး။ ဈေးကွက်ရှာကြတာလား ဝိုးတဝါး။

ပန်းသတင်း လေးညင်းဆောင်၊ လူသတင်း လူချင်းဆောင် ဆိုသည့်အတိုင်းပင်။ ဖြူဖြူသန်း၊ ဝါဝါသန်းတို့မှာ ဖိမ်ခံမှုးယစ်

www.burmeseclassic.com

www.burmeseclassic.com



ဆေး ရနိုင်ကြောင်း၊ သုံးစွဲသူများ၊ ဖိမ်ခံသူများ၊ အပျော်ကျူး သူများကို သိရှိနေကြပြီ ဖြစ်သည်။ ခွင်တည့်နေကြသည်။

စနေနေ့ ညချမ်း (၁၂) နာရီခန့်တွင် ဖြစ်သည်။ ရွှေ မန္တလေးမြို့ကြီးမှ မြို့မျက်နှာဖုံး ပျော်တတ်သူများ အတော် စုံသည့် အထူးပွဲကြီး ဖြစ်သည်။ ဖြူဖြူသန်းနှင့် ဝါဝါသန်းတို့ သည် ရွှေအိုရောင်ဖက်ရှင် စကပ်တိုလေးများ ဝတ်ဆင်လျက် ဒန့်စ်ကနေကြသည်။ မြင်ရသူတိုင်း ရူမငြီးဖြစ်ကြသည်။ ဂျိမ်းစ် ဘွန်းဇာတ်ကားမှ မင်းသမီးလေးများ ထင်ရသည်။ သူဌေးကြီး၊ လူကုံထံကြီး ထင်ရသူ နှစ်ဦးက ဖြူဖြူသန်းနှင့် ဝါဝါသန်းတို့ ကို လက်ဦးမှုရအောင် မိတ်ဆက်ပြီး အတူကကြသည်။ ခင်မင် မှု အရယူလိုက်ကြသည်။

လူကြီးလူကောင်းများက သူတို့တည်းခိုသည့် ဟိုတယ် ကြီးသို့ လိုက်ပါတည်းခိုရန် ဖိတ်ခေါ်သည်။ ခင်မင်ရင်းနှီးမှုများ တိုးပွားလိုကြောင်း၊ စီးပွားရေးလုပ်ငန်းများ၊ ရောင်းရေးဝယ်ရေး လုပ်ငန်းများ အကျိုးတူလုပ်လိုကြောင်း၊ စားပွဲဖြင့်လည်း ဧည့်ခံ ကျွေးမွေးလိုကြောင်း ဖိတ်ခေါ်ကြသည်။

"အန်ကယ်တို့လို လူကြီးလူကောင်းတွေနဲ့ မိတ်ဆွေဖြစ် ရတာ ဝါဝါတို့၊ ဖြူဖြူတို့အတွက် ဂုဏ်ယူပါတယ် အန်ကယ်"

"ဖြူဖြူတို့၊ ဝါဝါတို့က အခု အရောင်းအဝယ် ဘာလုပ် ကြသလဲ"

"အန်ကယ်ရယ် လိုရင်းတိုရှင်း ပြောရမယ်ဆိုရင်တော့ နယ်စပ် တစ်ဖက်နိုင်ငံတွေက ဝင်လာတဲ့ စိတ်ကြွရူးသွပ်ဆေး

www.burmeseclassic.com

www.burmeseclassic.com



ပြားတွေကို တစ်ဖက်နိုင်ငံရဲ့ ရောင်းလက်တွေဆီက တစ်ပိုင် တစ်နိုင် ဝယ်တယ်။ ရန်ကုန်မှာ ဖြန့်တယ်။ ဒါပေမဲ့ စိတ်ကြွ ရူးသွပ်ဆေးပြားဟာ မူးယစ်ဆေးတစ်မျိုးဖြစ်တော့ ထိသွားရင် တော့ မလွယ်ဘူး။ ဘဝပျက်ရမှာ အန်ကယ်"

"အဲဒါ ဖြူဖြူတို့၊ ဝါဝါတို့ လုပ်ပုံလုပ်နည်း မှားနေတယ်။ ဒီလိုဥပဒေနဲ့ မကင်းတဲ့ ပစ္စည်းရောင်းဝယ်ရေးလုပ်တယ်ဆိုရင် တစ်ကြိမ်၊ နှစ်ကြိမ်လုပ်ပြီး တစ်သက်လုံးစားလို့ရအောင် လုပ် ရတာကွ"

ဖြူဖြူသန်း၊ ဝါဝါသန်းနှင့် ရွှေမန္တလေးသားကြီး နှစ်ဦး တို့သည် ခင်မင်မှု၊ ယုံကြည်မှု အပြည့်အဝရှိနေကြသော ငယ် မွေးခြံပေါက်များအလား ဖြစ်နေကြလေပြီ။

"သမီးတို့မှာ ငွေအရင်းအနှီး များများမရှိပါဘူး အန်ကယ်၊ (၁၀) သိန်း၊ (၁၅) သိန်းလောက်နဲ့ လုပ်နေရသူတွေပါ"

"ဒါဆိုရင် ဒီလိုလုပ်၊ ငါတို့က ငွေအရင်းအနှီး သိန်း (၁၀၀၀) လောက် ထည့်ပေးလိုက်မယ်။ တို့ ဒဗလယ်ကတ်ကား တစ်စီးနဲ့ တို့လူနှစ်ယောက် ထည့်ပေးလိုက်မယ်။ တို့ရဲ့တစ်ဖက် နိုင်ငံက ရောင်းလက်နဲ့လည်း မိတ်ဆက်ပေးလိုက်မယ်။ ပစ္စည်း သယ်တဲ့အပိုင်းမှာ ဖြူဖြူတို့၊ ဝါဝါတို့က ဦးဆောင်။ ပစ္စည်း သယ်လာတဲ့အချိန်မှာ တို့လူတစ်ယောက်ကို သူ့အစီအစဉ်နဲ့ပြန် ခိုင်း၊ ကျန်တစ်ဦးကတော့ မင်းတို့နဲ့ မန္တလေးကို ပစ္စည်းရောက် တာနဲ့ မင်းတို့အတွက် သိန်း (၁၀၀) လောက်ပေးမယ်။ သဘော ကျကြလား"

www.burmeseclassic.com

www.burmeseclassic.com



"သဘောကျကြပါတယ် အန်ကယ်"

"မင်းတို့ ကားမောင်းတတ်လား"

"မောင်းတတ်ကြပါတယ် အန်ကယ်"

ဖြူဖြူသန်း၊ ဝါဝါသန်းနှင့် သူဌေးကြီး၏ ဝပြည့်နှစ်ဖြစ်သော ဝင်းနိုင်၊ လှမောင်တို့သည် ဒဗလယ်တတ်ကားဖြင့် မန္တလေးမှ ဘားအံ၊ မြဝတီလမ်းကြောင်းအတိုင်း ထွက်လာခဲ့ကြလေသည်။

မြဝတီမြို့ရှိ လူကုံထံများ တည်းခိုလေ့ရှိသော အကမ္ဘာဟိုတယ်ကြီးတွင် တည်းခိုကြသည်။ တစ်ဖက်နိုင်ငံ ဝင်းနိုင်၊ ဖြူဖြူသန်း၊ ဝါဝါသန်းတို့ သွားရောက်ပြီး ပစ္စည်းဈေးစကား ပြောကြသည်။ ဈေးတည့်သောကြောင့် (၅) မိုနယ်စပ်သို့ သွားကြသည်။ ပစ္စည်းယူ၊ ငွေချေပြုလုပ်ကြသည်

ဝင်းနိုင်သည် မန္တလေးသို့ သူ၏ အစီအစဉ်ဖြင့် ပြန်လေသည်။ လှမောင်၊ ဖြူဖြူသန်း၊ ဝါဝါသန်းတို့က ဒဗလယ်ကားကြီးဖြင့် ရွှေမန္တလေးသို့ ချောမောစွာ ရောက်ရှိခဲ့ကြလေသည်။

နန်းရှေ့ မလှမ်းမကမ်း လမ်းမကြီးပေါ်တွင် တည်ရှိသောခြံဝင်းကြီးတစ်ခုတွင် ဖြစ်သည်။

"ထိုင်ကြဟော့၊ ထိုင်ကြ၊ လူမှာကတိ မင်းမှာသစ္စာ" တဲ့။ နောက်ပြီး ကတိသစ္စာ တည်သောခါဝယ် ညီရာလေးနက်၊ ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဘက်ဝင်၏တဲ့...။

ဟောသည်မှာ သိန်း (၃၀၀)၊ မင်းတို့နှစ်ဦးအတွက်"

"ကျေးဇူးတင်ပါတယ် အန်ကယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့တစ်ရက်နားပြီး မနက်ဖြန် နောက်တစ်ခေါက် ခရီးဆက်ကြပေါ့"

"ဟုတ်ကဲ့ပါ အန်ကယ်"

"ဒီတစ်ခေါက်ပြီးရင် နားကြတာပေါ့"

"ဟုတ်ကဲ့ပါ အန်ကယ်"

လူ့ဘွေးကြီး နှစ်ဦးနှင့် ဖြူဖြူသန်း၊ ဝါဝါသန်းတို့သည် တစ်ဦးကိုတစ်ဦး အယုံကြီးယုံနေကြသော စီးပွားဖက်များ ဖြစ်နေလေပြီ။ (ယုန်ကောင်ငုံ၍ ယုန်ရုပ်ရေးပြသော်လည်း ယုံရခက်ခဲ၊ ခက်လှစွာပေါ့ နှောင်များတစ်ခါ)

(၃)

ဖြူဖြူသန်း၊ ဝါဝါသန်းတို့ ပထမတစ်ခေါက် ခရီးစဉ်ပြီးဆုံးသည့်နေ့မှစ၍ ခြံကြီး၊ ဝင်းကြီးအတွင်းသို့ အဝင်/အထွက်များ စောင့်ကြည့်နေသူများရှိခြင်းကို လူလည်းမသိ၊ နတ်လည်းမသိ၊ နာနာဘာဝ၊ ဝိနာဘာဝများလည်း သိဟန်မတူ။

ဒုတိယတစ်ခေါက် ဖြူဖြူသန်း၊ ဝါဝါသန်းတို့ ခရီးထွက်သွားသည့် ည၏ နောက်နေ့နံနက် (၈) နာရီခန့်တွင် မူဆယ်နမ့်ခမ်းဘက်သို့သွားသော ဟိုင်းလပ်အငှားယာဉ်တစ်စီး ခြံကြီးအတွင်းသို့ ဝင်လာသည်။

ဟိုင်းလပ်ကားဖြင့် လာရောက်သူများသည် ထိုခြံကြီးအတွင်းရှိ ခန့်ညားထည်ဝါလှသော အိမ်ကြီးပေါ်မှ မြမ်းဘက်အိတ်ကြီးများဖြင့် ဆင်းလာကြသည်။ ဟိုင်းလပ်ကားပြန်ထွက်ရန် ထွက်လာချိန်တွင် Police ရဲတပ်ဖွဲ့ အမှတ်တံဆိပ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဒဗလယ်ကတ်ကားကြီး အင်အားဖြင့် ရုတ်တရက် ဝင်လာသည်။ ဟိုင်းလပ်ကားပေါ်မှ လူနှစ်ဦး၏ အိတ်နှစ်အိတ်ကို ဦးစွာ ဖမ်းဆီးလိုက်သည်။ စိတ်ကို ရူးသွပ်ပြောင်းလဲစေသော ဆေးဝါးများကို အခြားသော ဆေးဘူးများဖြင့် ထည့်သွင်းထားကြောင်း ဖမ်းဆီးရမိသည်။ အိုက်မောင်း ဆိုသူနှင့် အိုက်ပန် ဆိုသူတို့အား လက်ထိတ်ခတ် ဖမ်းဆီးသည်။

မူးယစ်ဗဟိုနှင့် ပူးပေါင်းတပ်ဖွဲ့ဝင်များက စစ်ဆေးလိုက်သောအခါ ခြံပိုင်ရှင်ကြီး ယမ်ကြားပန်ထံမှ ဝယ်ယူကြောင်း အိုက်မောင်းနှင့် အိုက်ပန်တို့၏ ဖြောင့်ချက်အရ ဖမ်းဆီးလိုက်ကြသည်။ ရဲတပ်ဖွဲ့ဝင်တို့အား လက်နက်ငယ်ဖြင့် ပစ်ခတ်ခုခံသော ဝင်းနိုင်ကို တန်ပြန်တိုက်ခိုက် ဖမ်းဆီးရသောကြောင့် ဒဏ်ရာဖြင့် ဖမ်းဆီးရမိသည်။ သက်သေခံ မူးယစ်ဆေးဝါးများကို ရှာဖွေပုံစံဖြင့် (ရယက) လူကြီးများရှေ့တွင် သိမ်းဆည်းသည်။ (အသံကြောင့် ဖားသေ) ဆိုသော စကားအတိုင်း သူဌေးကြီး ဂိုဏ်းစတား ဦးယမ်ကြားပန်၏ စီးပွားဖက် ဂိုဏ်းစတား ဦးအိုက်လင်းသည် တိမ်းရှောင်သွားသည်။

တစ်ဖက်နိုင်ငံနှင့် မြဝတီနယ်စပ် (၅) မိုင်တွင် ဒုတိယအခေါက် ခရီးစဉ်ဖြစ်ကြသော ဖြူဖြူသန်း၊ ဝါဝါသန်း၊ လှမောင်တို့သည် မူးယစ်ဆေးဝါး လက်ခံရယူခြင်း၊ ငွေများပေးချေခြင်း ပြုလုပ်ကြသည်။ နယ်စပ်လုံခြုံရေးတပ်ဖွဲ့နှင့် မူးယစ်ဗဟိုပူးပေါင်းဝင်များက တိုက်ခိုက်ကြသည်။ ခုခံတိုက်ခိုက်သောကြောင့် မိနစ် (၁၀) ခန့် အပြန်အလှန် ပစ်ခတ်ကြသည်။ ရန်သူများ တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံသို့ ပြေးသွားကြလေသည်။ လှမောင်မှာ ရန်သူ၏လက်ချက်ဖြင့် ဒဏ်ရာရရှိသေဆုံးခဲ့သည်။

ဝါဝါသန်းနှင့် ဖြူဖြူသန်းတို့သည် မူးယစ်ဆေးပြားများနှင့် ရင်းတို့ စီးလာသော ဒဗလယ်ကတ်ကားကြီးကို တပ်ဖွဲ့သို့ သတင်းပို့ စွန့်ပစ်ထားခဲ့ပြီး ရန်ကုန်သို့ ချမ်းမြေ့ကြွယ်လေအိတ်ကားကြီးဖြင့် ပြန်လာခဲ့ကြလေသည်။ မင်းကြီးထံ သတင်းပို့သည်။ မင်းကြီးက တစ်လ အနားယူရန် ခွင့်ပေးလိုက်သည်။

စိတ်ကို ရူးသွပ်ပြောင်းလဲစေသော မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ၊ ဖြန့်ဖြူးရောင်းချသူ အိုက်ပန်၊ အိုက်မောင်း၊ ဦးယမ်ကြားပန်၊ ဝင်းနိုင်တို့အား ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေနိုင်သော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉ (က) ၂၁ တို့အရ သက်ဆိုင်ရာရဲတပ်ဖွဲ့မှ မန္တလေးခရိုင် တရားရုံးတော်သို့ တရားစွဲဆိုတင်ပို့ပေးခဲ့ရလေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မာယာကျော့ကွင်း

(၁)

သောကြာ အစည်းအဝေးနေ့တွင် ဖြစ်သည်။ ခရိုင်တပ်ဖွဲ့မှူးများ၊ မြို့နယ်မှူးများ၊ ဒုန၊ စစရ၊ မူးယစ်၊ နယ်မြေ ရဲတပ်ဖွဲ့ဝင်များ စုံညီနေကြပြီ ဖြစ်သည်။

"အားလုံး...သတိ"

မင်းကြီး အစည်းအဝေးခန်းမသို့ ဝင်ရောက်လာပြီဖြစ်၍ လုံခြုံရေးတပ်ဖွဲ့က သတိပေးလိုက်သည်။ တပ်ဖွဲ့ဝင်များ မတ်တတ်ရပ်ပြီး အလေးပြုကြသည်။

"လေးစားပါတယ် ထိုင်ကြပါ"

အခမ်းအနားမှူးက အစည်းအဝေးအစီအစဉ်များကို ဖတ်ကြားသည်။ မင်းကြီးအား သြဝါဒပေးပါရန် ပန်ကြားလိုက်သည်။

"ရဲဘော်တို့ ဒီနေ့ အစည်းအဝေးမှာ သာမန်မဟုတ်တဲ့ အထူးလုပ်ဆောင်ရမယ့် ကိစ္စတစ်ခုကို အဓိကပြောချင်တယ်။ ဒါက ဘာလဲဆိုတော့ တရားခံပြေး၊ ဝရမ်းပြေးတွေဟာ ရန်ကုန်၊ မန္တလေးနဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးတွေအတွင်းရှိ မြို့ကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com



မှာ အဝင်/အထွက်ရှိနေတဲ့ ဆက်စပ်သတင်းတွေ ရှိနေတယ်။ အထူးသဖြင့် သူတို့တွေဟာ မျက်နှာကြီး ငွေရှင်ကြေးရှင်တွေ ဖြစ်ကြတယ်။ သူတို့ဟာ မူးယစ်ဆေးဝါးပြစ်မှုကနေ ထွက်ပြေး တိမ်းရှောင်သွားကြတဲ့ ပြစ်ဒဏ် (၁၀) နှစ်၊ (၂၀) နှစ် ချမှတ် ခံထားရသူတွေနဲ့ အခြားပြစ်မှု၊ ပြစ်ဒဏ်မှ တရားခံပြေးတွေလည်း ပါတယ်ပေါ့... ဒါကြောင့် တပ်ဖွဲ့တွေအလိုက် ဗျူဟာကျကျ အကွက် ချပြီး ဖော်ထုတ်ကြဖို့ အမိကပြောလိုပါတယ်"

မင်းကြီးသည် သာမန်မဟုတ်သော အမိုကအချက်ကို ပြောဆိုညွှန်ကြားပြီး တိုင်းဗဟို အစည်းအဝေးတက်ရန် ထွက်ခွာသွားသည်။ စီမံချက်ရဲမှူးကြီးက လုပ်ငန်းစီမံချက်များကို ဆက်လက်ဆွေးနွေး ညွှန်ကြားမှုပေးလေသည်။

ဒုရဲအုပ် ကျော်စိန်လင်းနှင့် ဒုရဲအုပ် ဟန်နီတာတို့သည် မိမိတို့၏ ခွဲတမ်းရရှိသော တရားခံပြေး၊ ဝရမ်းပြေးများ ဖော်ထုတ် ဖမ်းဆီးရမိရန်အတွက် ခွင်ချထားသည့်အတိုင်း စုံစမ်း ထောက်လှမ်းမှု ပြုလုပ်ကြသည်။

ယမင်း...ဘီယာဆိုင်နှင့် စင်တင်တေးဂီတ စားသောက် ဆိုင်ကြီးတွင် ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်သွားပြီး ခိုးဝင် လာသော တရားခံပြေးများ လာရောက်တတ်ကြောင်း သတင်းရှိ ထားသောကြောင့် အသွင်ယူကာ စိမ့်ဝင်ထောက်လှမ်းကြသည်။

ကျော်စိန်လင်းနှင့် ဟန်နီတာတို့အတွဲသည် သင်းရည်းစား အသွင်သဏ္ဌာန်ဖြင့် ယမင်း ဘီယာဆိုင်ကြီး၏အပေါ်ထပ်သို့ တက်သွားကြသည်။ မြင်ကွင်းအားလုံးကို မြင်နိုင်သော ထောင့်

www.burmeseclassic.com

www.burmeseclassic.com



စားပွဲတွင် နေရာယူလိုက်ကြသည်။ ကျော်စိန်လင်းက စည်ဘီယာနှင့် ဝီစကီ ရောနှောသောက်သုံးသည်။ ဟန်နီတာကတော့ ဆန်းကစ် အချိုရည်ဘူးသောက်၍ အမြည်းစားသည်။ ကျော်စိန်လင်းနှင့် ဟန်နီတာတို့သည် သူတို့၏ မျက်လုံးမီးမောင်းများဖြင့် တရားခံပြေးကို ရှာဖွေကြသည်။

"အချစ်ရေ...ပါးမြိုင်းမွေး၊ မုတ်ဆိတ်ရေးရေးနဲ့လူ ဖြစ်မယ်ထင်တယ်။ သိပ်မကြည့်နဲ့ ဓာတ်ပေါက်သွားမယ်"

ကျော်စိန်လင်းသည် ငါးမူးဖိုးလောက်သောက်ပြီး ငါးကျပ်ဖိုးလောက် မူးချင်ယောင်ဆောင်နေသည်။ အပြန်တွင် ပုဆိုးမနိုင်၊ ပဝါမနိုင်သကဲ့သို့ ဖြစ်နေသည်။ ချစ်သူ ဟန်နီက တွဲခေါ်သွားရသည်။

နောက်နေ့ည ၇ နာရီခန့်တွင် ဖြစ်သည်။ ဟန်နီတာသည် ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးရေးရေး လူအုပ်စုတို့ ထိုင်သည့် စားပွဲ၏ ဘေးချင်းကပ်စားပွဲတွင် နေရာယူလိုက်သည်။ ပါးမြိုင်းမွေးနှင့် လူ (၃) ဦးတို့အား အတော်ကလေးပင် ထွေနေကြပြီဖြစ်သည်။

ဟန်နီတာ၏ လန်ဒန်နိုက်ရေမွှေးသည် ပတ်ဝန်းကျင်စားပွဲများအထိ လွှမ်းမိုးမွှေးကြိုင်နေလေသည်။ ခါး၊ ရင်၊ တင် တစ်တစ်ခွခွဖြင့် ဟန်နီတာသည် ဂျင်းစကတ်တို၊ လယ်ဟိုက်စတိုင် အင်္ကျီဖြင့် လှချင်တိုင်း လှနေသည်။ မျက်လုံးများစွာတို့က ငေးမောကြည့်ရှုနေကြသည်။

"ညီမ ဒီနေ့ ဟီအစ်ကို မလာသေးဘူးလား"

"လာမယ်ရှင့်...သူ နောက်ကျမယ်လို့ မှာထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



သေားစားပွဲမှ ပါးမြိုင်းမွေးနှင့်လူက မိတ်ဆက်စကား ပြောသည်။ ဟာန်နီတာကလည်း ပြုံးရွှင်သောစကားဖြင့် ချိုသာစွာ ပြောကြားလိုက်ရာ မိတ်ဖွဲ့ခြင်း၏ နိဒါန်းတစ်ခု ဖြစ်ပေသည်။

ည (၉) နာရီခန့်တွင် ကျော်စိန်လင်းသည် မူးပြီးမှ ရောက်လာသည်။ ရောက်လာပြီး ထပ်သောက်သေးသည်။ သူ့ ခန္ဓာကိုယ်ကိုပင် မသယ်နိုင်တော့။ ထို့ကြောင့် ပါးမြိုင်းမွေးတို့ အုပ်စုက တွဲထူပြီး အောက်သို့ ပို့ပေးသည်။ ဟာန်နီတာက တက္ကစီငှားပြီး ခေါ်သွားရလေသည်။

"ကျေးဇူးတင်ပါတယ် အစ်ကို"

"ကျွန်တော်လည်း ကျေးဇူးပါပဲ...ဆလမ်မာဒေးကွန်း"

ဟာန်နီတာက ကျေးဇူးတင်စကားပြောကြားသည်။ မူးနေသော ကျော်စိန်လင်းကလည်း ကျေးဇူးတင်စကား ပြောရမှန်း သိနေသေးသည်။

(၂)

ဤနေ့တွင်လည်း ဟာန်နီတာသည် ပါးမြိုင်းမွေးတို့အုပ်စု စားပွဲအနီးမှာပင် နေရာယူလိုက်သည်။ ယမင်း ဘီယာဆိုင်ကြီးသို့ ည ၈ နာရီမှ ရောက်လာသည်။ ပါးမြိုင်းမွေးတို့အုပ်စုသည် ဟိုက်ကော်မရှင်နာ တစ်လုံးပင် ကုန်တော့မည် ဖြစ်သည်။

"ညီမ...နောက်ကျနေပါလား၊ ဟိုအစ်ကိုကော မလာသေးဘူးလား"

ပါးမြိုင်းမွေးက နှုတ်ခွန်းဆက်စကားကို အာလေးလျှာလေးဖြင့် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ရှင့်… သူ ဒီနေ့ နောက်ကျမယ်ဆိုလို့ ဟန်နီ တာလည်း နောက်ကျပြီးလာတာပါ"

"ညီမနာမည်က ဟန်နီတာတဲ့လား"

"ဟုတ်ပါတယ်ရှင့်"

"ကျွန်တော့်နာမည်က ဆလင်း (ခ) စံလင်းပါ"

"သိရတာ ကျေးဇူးတင်ပါတယ်ရှင့်"

"စပ်စုတယ်လို့ မထင်ပါနဲ့၊ လျှာရှည်တယ်လို့လည်း မအောက်မေ့ပါနဲ့၊ ကျွန်တော် စိတ်ဝင်စားတာလေးတွေကို မေးပါရစေ ဟန်နီတာ"

ပါးမြိုင်းမွေးသည် ကုလားဆင်မလေး ဟန်နီတာ၏ ရုပ်ရည်၊ သဒ္ဒါရုံတို့ကို မြင်တွေ့ရသောကြောင့် သူ၏ရင်တွင်းခံစားမှုလေးများအား ဟိုက်ကော်မရှင်နာ တိုက်တွန်းမှုလေးဖြင့် သူသိချင်သော အချက်လေးများကို မေးခွင့်ပြုပါရန် ရှုးကြောင်မှုးကြောင်ဖြင့် တောင်းပန်လေသည်။

"မေးနိုင်ပါတယ် ကိုဆလင်း၊ ကျွန်မတို့တွေက မိတ်ဆွေတွေ ဖြစ်နေကြပြီပဲဟာ မေးနိုင်ပါတယ်"

"ဟိုအစ်ကိုကြီးနဲ့ မခင်နှင်းဆီ…အဲလေ မဟန်နီတာတို့က လင်မယားလား"

"လင်မယားတော့ မဟုတ်ပါဘူး၊ သမီးရည်းစားတွေပါ"

"ညီမ…အပျို့လင် အစဉ်မရှိ၊ လူပျို့ရည်းစား အပေါကားတဲ့ ကြားဖူးလား"

"ကြားဖူးပါတယ်ရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ကျွန်တော် ဟန်နီ့ကို ရည်းစားစကားပြောရင် ကာမေသုမိစ္ဆာစာရကံ မထိုက်ဘူးပေါ့နော်"

ပါးမြိုင်းမွေးနဲ့ ဟန်နီတို့သည် စကားလက်ဆုံကျခဲ့ကြလေသည်။ ဆလင်းကလည်း တဏှာမျက်လုံး၊ ဟန်နီကလည်း မူယာမာယာတို့ဖြင့် အကြည့်ချင်းဆုံခဲ့ကြရာ စေတနာပိုလွန်းလှပေသည်။

အချိန်ကား ည (၉) နာရီရှိချေပြီ။ ဟန်နီတာကလည်း ကျော်စိန်လင်းကိုပင် မျှော်ရမှန်းမသိနိုင်အောင် စကားတွေ ဖောင်ဖွဲ့နေလေသည်။

"အစ်မ၊ ဟို အစ်မရဲ့အစ်ကိုကြီးက ဖုန်းဆက်တယ်။ ဒီ ည သူ မလာနိုင်တော့ဘူးတဲ့"

"အေး...အေး...ကျေးဇူးတင်တယ် မောင်လေး"

စားပွဲထိုးလေးက ဟန်နီတာထံသို့ သူ့လူကြီး ကျော်စိန်လင်း ဒီနေ့ မလာနိုင်တော့ကြောင်း သတင်းပေး အကြောင်းကြားခဲ့လေသည်။

ဆလင်းအဖို့တော့ မင်္ဂလာသတင်း ဖြစ်နေလေသည်။ သူသည် ဟန်နီတာ၏ ဖမ်းစားခြင်းခံနေရသူ ဖြစ်ရကား ဒီနေ့ ဟန်နီတာကို သမီးရည်းစားစကားပြောဆိုခွင့် ကြုံလာခဲ့လေပြီ။ ဒီအခွင့်အရေးကို လက်လွှတ်မခံနိုင်ပါ။

"ညီမ...ဟိုအစ်ကိုကြီး ဒီည မလာတော့ဘူးဆိုတော့ အစ်ကို့လည်း ဟိုအစ်ကိုကြီးနောက်က တန်းစီနေတဲ့ ရည်းစားတစ်ယောက်အနေနဲ့ ရည်းစားစကားပြောပါရစေ။ အစ်ကို ညီမကို တကယ်ချစ်နေတာပါ။ သူများသားမယားထင်ပြီး ရှောင်နေ

www.burmeseclassic.com

www.burmeseclassic.com


ခဲ့ရတာပါ။ ညီမမှာ ကာမပိုင်မရှိဘူးဆိုတော့ အစ်ကို့ကိုလည်း ထည့်သွင်းစဉ်းစားပေးပါ”

အခွင့်ကောင်း၊ အကွက်ကောင်းကို ရနေသော ဆလင်းသည် ဟန်နီတာအား ရင်တွင်းခံစားမှုများနှင့် တဏှာလောဘ တပ်မက်နေမှုများကို ဟန်မဆောင်နိုင်တော့သောကြောင့် ဖွင့်ချလိုက်လေသည်။

“ကျွန်မလည်း ကိုဆလင်းကို စိတ်ဝင်စားပါတယ်။ ဒါပေမဲ့ ကျွန်မဟာ မိသားစုကို ဦးဆောင်နေရသူဖြစ်လို့ အိမ်ထောင်ရေးကို စိတ်မဝင်စားနိုင်သေးပါဘူး”

ဟန်နီတာသည် ဆလင်း (ခ) စံလင်း လက်ခံနိုင်လောက်အောင် ကြိုးရှည်ရှည်ဖြင့် လှန်ထားပုံရသည်။

“မဟုတ်သေးဘူး ဟန်နီတာ...ဘဝဆိုတာ စိတ်တိုင်းကျတည်ဆောက်ရင် သာယာတဲ့ဘဝ ဖြစ်လာနိုင်ပါတယ်။ ကိုယ် ဟန်နီတာတို့ မိသားစုအတွက် တိုက်ခန်းဝယ်ပေးမယ်။ ဝင်ငွေရဖို့ ဘိုကလေးဈေးမှာ ဆိုင်တစ်ဆိုင် ဝယ်ပေးမယ်။ ပြီးတော့ ဟန်နီတာ ကိုယ်နဲ့ မလေးရှားကို လိုက်ခဲ့၊ မိသားစုအတွက်လည်း လုံလုံလောက်လောက် ပို့ပေးနိုင်တဲ့လုပ်ငန်း နိုင်ငံခြားမှာ ရှိပါတယ်။ ကိုယ့်ကိုယုံရင် စဉ်းစားပေးပါလား”

ဆလင်းသည် ရင်တွင်းဖြစ်ခံစားချက်တွေကို ဖွင့်ဟဖော်ထုတ်နေလေသည်။ တကယ့်အချစ်စစ်၊ အချစ်မှန်နှင့် အချစ်အိမ်ထောင်ရေးကြီး တည်ဆောက်မည့် စီမံကိန်း၊ စီမံချက်များပါ ရေးဆွဲတင်ပြနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စောလွှန်းပါသေးတယ် အစ်ကို၊ ဘဝတစ်ခု၊ အိမ်ထောင်တစ်ခုအတွက် အချိန်ယူ စဉ်းစားပါဦး။ ဟန်နီတာဟာ ဘယ်လိုမိန်းကလေးမျိုးလဲ၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်း၊ မျိုးရိုးဗီဇ စတဲ့ မိန်းမကောင်း မိန်းမမြတ် ဟုတ်မဟုတ်ဆိုတာကို လေ့လာပါဦးလား"

ဟန်နီတာသည် စကားကြီး စကားကျယ်များဖြင့် အကြောင်းပြချက်များ ပေးနေလေသည်။

"ဟာ...မဖြစ်ဘူး ဟန်နီတာ၊ ကိုယ့်ဘဝက ဝရမ်းပြေးဘိုးသိန်း၊ ဒီမှာ အကြာကြီးနေလို့ မရဘူး၊ မူးယစ်ဆေးဝါးပြစ်မှုနဲ့ မလေးကို ထွက်ပြေးတိမ်းရှောင်နေရတဲ့ တရားခံပြေး၊ ဝရမ်းပြေး ဖြစ်နေတယ်။ ဒါကြောင့် ကိုယ့်အချစ်ကို လက်ခံပြီး အမြန်ဆုံး စဉ်းစားပေးပါ အချစ်ရယ်"

ထိုအချိန်တွင် ဆလင်းနှင့် အတူပါလာသော သူ၏ မိတ်ဆွေရင်းချာဖြစ်သူ၊ ညီအစ်ကိုဝမ်းကွဲတော်သူ ဆိုသူတို့က ကုလားလို ပြောလိုက်သည်။ (ကုလားစကားဖြင့် ဟန်နီတာ မသိအောင် ပြောလိုက်သည်)

"မင်းဟာ ရဲက အလိုရှိနေတဲ့ ဝရမ်းပြေး။

မင်းရဲ့ စကားတွေကို ရဲတစ်ယောက်ယောက် သိသွားရင် မင်းကို အချုပ်ဖမ်းချုပ်ပြီး အင်းစိန်ထောင်ကို ပို့လိုက်လိမ့်မယ်။ မူးကြောင်ရူးကြောင်နဲ့ ကျယ်ကျယ်လောင်လောင် မပြောနဲ့။ မင်းဟာ ဒီကို ခိုးဝင်လာတဲ့ သူခိုးစောရ၊ မင်းဟာ စောရမင်းသား ဖြစ်နေတယ်။ စဉ်းစဉ်းစားစားလည်း လုပ်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



သူ၏မိတ်ဆွေ ညီအစ်ကိုဝမ်းကွဲများက ဆလင်းကို ကုလားလို အကြံပေးသည်။ ဆုံးမသည်။ ဟန်နီတာသည် ကုလားစကား တတ်သည်၊ နားလည်သည်။ ဒါပေမဲ့ နားမလည်သလို မတတ်သလိုနေပြီး ဆလင်းအား မေးလိုက်သည်။

"ညီမအကြောင်း ဘာတွေပြောနေကြတာလဲ"

"ဆုံးမစကား၊ အကြံပေးစကားပါ ညီမ"

"သူတို့ ဆုံးမစကား၊ အကြံပေးတာလည်း စဉ်းစားဦးပေါ့ အစ်ကိုရယ်။ ဘဝဆိုတာ စိတ်တိုင်းကျ တည်ဆောက်မှ သာ သာယာတဲ့ အိမ်ထောင်တစ်ခု ဖြစ်မှာပါ။ ညီမ စင်ပေါ်တက်ပြီး အစ်ကို့အတွက် သီချင်းတစ်ပုဒ် ဆိုပြမယ်၊ အစ်ကို နားထောင်နော်"

ဟန်နီတာသည် သီချင်းသီဆိုရန် တေးဂီတစင်မြင့်ပေါ်သို့ တက်သွားလေသည်။

"ပတ်ဝန်းကျင်အသိုင်းအဝိုင်းကကွယ် x x x ပြောချင်တာတွေလည်း ပြောကြပါစေကွယ် x x x ဘဝဆိုတာရယ် စိတ်တိုင်းကျ တည်ဆောက်မှသာတကယ် x x x သာယာလိမ့်မယ် ယုံကြည်တယ်x x x အိပ်မက်ဆန်သော အတွေ့များကြားဝယ် x x x မမွေ့လိုသူပါကွယ် x x x တစ်ခုတည်းသော မေတ္တာကမှာတည်ဆောက်ကာရယ် x x x အနာဂတ်ပြေးသိုနာတိုင်းရယ် x x x တိုင်ပင်ဆွေးနွေးကာရယ် x x x မေတ္တာအေးရိပ်မှာ x x x မေးမိုတ်စို့လား x x x ချစ်သူရယ်x x x"

ဟန်နီတာ သီဆိုသည့် သီချင်းအပြီးမှာ နားဆင်သူများ၏

www.burmeseclassic.com



လက်ခုပ်၊ လက်ဝါးသံများက ယမင်း ဘီယာခန်းမကြီး၏ အပေါ်ထပ်၊ အောက်ထပ် သောင်းသောင်းညံဖြစ်သွားခဲ့လေသည်။

ဆလင်းသည် ဟန်နီတာအား သရဖူဥသျှောင်ဖြင့် ဆုချီးမြှင့်လိုက်လေသည်။ ဟန်နီတာကို စိတ်ဝင်စားသူများနှင့် သူမ၏ အသံကောင်း ရုပ်ချောလေးနှင့် အသံကောင်းမှုကြောင့် စလွယ်၊ ပန်းကုံးများဖြင့် ဂုဏ်ပြုဆုချခဲ့ကြလေသည်။

အချိန်ကား ည (၁၂) နာရီကျော်လေပြီ။ ဟန်နီတာကို သူနေသည့် ရေကျော်အိမ်သို့ လိုက်ပို့ကြသည်။ ဆလင်းနှင့် သူ့အပေါင်းအသင်းတွေက ဘယ်က လာမှန်းမသိ၊ ဘယ်ကို ပြန်မှန်းလည်း မသိရလေပါ။ မနက်ဖြန်ည ယမင်း ဘီယာနှင့် စားသောက်ဆိုင်ကြီးသို့ ပြန်လည်ဆုံစည်းကြရန်ကိုတော့ ဂယောဆက်ထားကြပြီး ဖြစ်လေသည်။

(၃)

နောက်နေ့ည (၈) နာရီခန့်တွင် ဖြစ်သည်။ ဟန်နီတာသည် အလျှင်ရက်များကဲ့သို့ ဆလင်းတို့စားပွဲအနီးရှိ စားပွဲတွင် သွားရောက်ထိုင်လေသည်။ ဆလင်းတို့က သူတို့ဝိုင်းတွင် ထိုင်ရန် ဖိတ်ခေါ်လေသည်။ မထိုင်လို၊ မထိုင်ဝံ့၊ ထိုင်ရန်လည်း မသင့်တော်ပေ။

"ဟန်နီတာ...ဟိုအစ်ကို လာမယ်တဲ့လား"

"လာမယ်လည်း မပြောဘူး၊ မလာဘူးပို့လည်း မပြောဘူး ကိုဆလင်း... ကျွဲမြီးတိုနေပုံ ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားလူလု ဦးနုကျွဲခတ် အဲလေ အူနုကျွဲခတ်ဆိုတာလို ဖြစ်နေမလား မသိဘူးနော်"

ဆလင်းနှင့် ဟန်နီတာသည် အိမ်ထောင်ဖက်အထိ ဖြစ်အောင် ရင်ဖွင့်ထားချက်များ ရှိနေရလေကား ဆလင်းအဖို့တော့ ကြိုက်မရှက် ငိုက်မရှက် ဖြစ်နေရလေပြီ။ ဟန်နီကတော့ မျက်နှာ မကောင်း။

ည ၉ နာရီခန့်အချိန်။ ကျော်စိန်လင်းသည် ဟန်နီတာရှိသော စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ဆလင်းက နှုတ်ဆက်သည်ကို ဟန်နီတာက ပြုံးရွှင်စွာ ကြိုဆိုလေသည်။ ဆလင်းက လက်နှစ်ဖက်ဖြင့် လက်ဆွဲနှုတ်ဆက်ချိန်တွင် ကျော်စိန်လင်းသည် လျှင်မြန်သော လှုပ်ရှားမှုဖြင့် လက်ထိတ်ခတ်လိုက်သည်။ ဆလင်းဝိုင်းမှ တစ်ဦးက ကျော်စိန်လင်း၏ ခေါင်းကို အရက်ပုလင်းဖြင့် ရိုက်သည်။ ဟန်နီတာက လျှင်မြန်သော လှုပ်ရှားမှုဖြင့် ကာကွယ်လိုက်သည်။ နောက်တစ်ဦးက ကျော်စိန်လင်းအား လက်သီးဖြင့် ထိုးသည်။ ဟန်နီတာ၏ ဘယ်ဝိုက်လက်ဝါးစောင်းက တန်ပြန်လိုက်သည်။ ဟန်နီတာက နောက်တစ်ဦးကို လက်ထိတ်ခတ်လိုက်ပြန်သည်။ ဆလင်းအဖွဲ့သားတစ်ဦးက ခုံဖြင့်ရိုက်သည်။ ကျော်စိန်လင်းက ညာခြေဖြင့် ကန်လိုက်ရာ ပြန်မထနိုင်တော့။ စားသုံးသူများ ဝိုင်းကြည့်နေကြသည်။ ရဲဝန်ထမ်းတို့၏ လှုပ်ရှားမှုဖြစ်၍ ဝင်မပါကြ။

"ကျွန်တော်တို့ ဒန တပ်ဖွဲ့ကပါ။ တရားခံဖမ်းဖို့ အရှိန်ယူလာခဲ့တာ ဒီနေ့တော့ သေချာလို့ အခုလို အမိအရ ဖမ်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရတာပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ဆိုင်ရှင်သူဌေးကို လည်း တောင်းပန်ပါတယ်။ တာဝန်အရ ဆောင်ရွက်ရတာကို နားလည်ပေးပါလို့ မေတ္တာရပ်ခံပါတယ်"

ခဏအကြာတွင် ရဲတစ်ဖွဲ့မှ ရဲအင်အားများ ရောက်ရှိလာကြသည်။ တရားခံတွေကို လွှဲပြောင်းပေးအပ်လိုက်သည်။ ဥပဒေအရ ဆက်လက်ဆောင်ရွက်ကြသည်။

(၄)

ဆလင်း (ခ) စံလင်းသည် ဂျိဖရေစီယာ ကုမ္ပဏီလီမိတက်၊ ကပ်စီးယပ်ကလေး ကုမ္ပဏီလီမိတက် နာမည်တို့ဖြင့် ပြည်ပနိုင်ငံများမှ တရားဝင်သုံးစွဲခွင့်ရှိသော ဓာတုဗေဒပစ္စည်းများ တင်သွင်းရာတွင် တင်သွင်းခွင့်မရှိသော မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသည့် ဆေးပြားများ ထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုဗေဒပစ္စည်းများ (ကဖင်းမှုန့်များ) တင်သွင်းခြင်းဖြင့် ချမ်းသာခဲ့သူ ဖြစ်သည်။ ဥစ္စာပစ္စည်းများစွာကို လည်း ပိုင်ဆိုင်ခဲ့သူ ဖြစ်သည်။ ခေတ်သစ်သူဌေးလေးရယ်လို့ ရန်ကုန်-မန္တလေးမှာ လူသိများ ထင်ရှားလာခဲ့သူ ဖြစ်လေသည်။

ဆလင်း တင်သွင်းသော ကဖင်းမှုန့်များ မန္တလေးမြို့နေ ဦးအိုက်လင်းနှင့် ဦးအိုက်ပန်တို့၏ ဂိုဒေါင်တွင် ဖမ်းဆီးရမိခဲ့ရာမှ ဆလင်းကို မူးယစ်ဗဟိုပူးပေါင်းရေးအဖွဲ့က ဖမ်းဆီးရှာဖွေစဉ် ပြည်ပသို့ ထွက်ပြေးသွားသော တရားခံ ဝရမ်းပြေး ဖြစ်သည်။ ဦးအိုက်လင်း၊ ဦးအိုက်ပန်တို့အား မူးယစ်ဆေးဝါးမှုဖြင့် ထောင်ဒဏ် (၂၀) နှစ် ချမှတ်ခံရပြီး ဆလင်း (ခ)

www.burmeseclassic.com

www.burmeseclassic.com



စံလင်းကိုလည်း ပြစ်ဒဏ် (၂၀) နှစ် ချမှတ်ထားခြင်း ခံရသူ ဖြစ်သည်။

အမိမြေ၊ အမိနိုင်ငံနေ ဆွေမျိုးသားချင်းများနှင့် ကွဲကွာနေရသည်မှာ (၁၀) နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် ယခုကဲ့သို့ ခိုးကြောင်ခိုးဝှက် လာရောက်သော စောရမင်းသား ဖြစ်သည်။

ယခုတော့ လည်လှပါသည်ဆိုသော စောရမင်းသားခမျာ ရဲမေ ဟာန်နီတာ၏ မာယာကျော့ကွင်းမှာ သက်ဆင်းရှုရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အလိုရမ္မက်ကြောင့်

အနေပျက်ရတဲ့ သကြားအိ

www.burmeseclassic.com

www.burmeseclassic.com

# အလိုရမှုက်ကြောင့် အနေပျက်ရတဲ့ သက်ကြီးအို

(၁)

တရုတ်အမဲ အလွန်ကြိုက်နှစ်သက်သော ဦးကျော်စိန်လင်းသည် 'ရတီ ဘီယာနှင့် စားသောက်ဆိုင်ကြီး' သို့ အချိန်မှီ လျှောက်လှမ်းလာခဲ့သည်။

ဝီစကီကြိုက်သူ ဝီစကီ၊ ရမ်ကြိုက်သူ ရမ်၊ ဘီယာကြိုက်သူ ဘီယာ အလျှံပါယ် ဖြစ်ပါသည်။ ဝက်လက်စတူး၊ ငါးကောင်လုံးကြော်၊ ကြက်ကြွပ်ကြော် စုံလှပါသည်။ သုံးဆောင်ကြသူတို့မှာလည်း အာသွက်၊ လျှာသွက် ဖြစ်လာကြချေပြီ။

ဤသည့်အချိန်တွင် ရတီ ဆိုင်အတွင်းသို့ ရောက်ရှိလာသူတို့ကား အိအိမိုးနှင့် အသက် (၆၀) ကျော်ခန့် သက်ကြီးအိုလူရည်သန့်တစ်ဦးတို့ ဖြစ်သည်။ ရွှေလက်တွဲပြီး စုံတွဲကလေး ဝင်လာကြသည်မှာ မင်္ဂလာသတို့သားနှင့် သတို့သမီးလေလား။

ဦးကျော်စိန်လင်းတို့ ဝိုင်း၏ ဘေးထောင့်ရှိနေရာတွင် ထိုင်လိုက်ကြသည်။ အစားအသောက်များကို မှာပြီး စားသောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်စိန်လင်းသည် သူ၏မျက်လုံးများကို ဘယ်ပြန် ညာပြန် ပွတ်သပ်ပြီး မျက်လုံးပြူးပြူးဖြင့် အိအိမိုးနှင့် သူ၏ လူကြီးကို အားရပါးရ ကြည့်နေသည်။ မျက်လုံးချင်းဆိုင်ရန် အားယူစောင့်ကြည့်နေသည်။ အိအိမိုးနှင့် မျက်လုံးချင်းဆုံလိုက် ချိန်တွင်မူကား အိအိက ပြုံးပြလိုက်သည်။ ဦးကျော်စိန်လင်း၏ ရင်တွင်းမူကား ဒိန်းဒလိန်းနတ်ကနေသကဲ့သို့ ရင်များ ခုန်နေ သည်။ မျက်နှာမှာလည်း နီမြန်းနေသည်။ အပေါင်းအသင်းအချို့ လည်း ပွဲပြီးလို့အချိန်တန် အိမ်ပြန်ရန် ပြင်ဆင်နေကြသည်။

"ဆရာတို့ မပြန်ကြပါနဲ့ဦးဗျာ၊ ကျွန်တော် ထပ်ပြီး ပြု စုပါရစေ၊ ရင်ဖွင့်ပါရစေ"

"ဟာ...ဆရာကျော်စိန်လင်း ဘာဖြစ်သွားတာလဲ၊ ဘယ် လို ဖြစ်နေတာလဲ၊ ရှင်းကို မရှင်းဘူးဗျာ"

ဦးကျော်စိန်လင်း၏ သူငယ်ချင်း ဦးမင်းညီက ရုတ်တရက် ချက်ချင်း စိတ်တွေ ပြောင်းလဲနေသော ဆရာကျော်စိန်လင်း၏ အမူအရာများကို နားမလည်နိုင်အောင် တွေ့ရသဖြင့် ရှင်းကို မရှင်းဘူးလို့ ပြောလိုက်ခြင်း ဖြစ်သည်။

"အဲဒီ ရှင်းကို မရှင်းတာကို ရှင်းချင်လို့ပါဗျာ။ ရည်းစား လူလု အူနုကျွဲခတ် ဆိုတာလို ခံစားရတဲ့ ခံစားချက်ဝေဒနာ ရှင်းတမ်း လုပ်ချင်လို့ပါဗျာ"

ဦးကျော်စိန်လင်းသည် သူ လျှပ်တစ်ပြက် ခံစားနေရသည့် နှလုံးသားပူလောင်မှုကို အေးစေလို၍ စားဖော်သောက်ဖက်တို့ အား စစ်ကူတောင်းရန် ဟန်ပြင်လိုက်ခြင်း ဖြစ်သည်။ နောက်

www.burmeseclassic.com

www.burmeseclassic.com



ထပ် မှာလိုက်သော ဘီယာခွက်များကို ရှီးယားလုပ်ပြီး သုံးဆောင်လိုက်ကြသည်။

"ကဲ...ဆိုစမ်းပါဦး...ဆရာကျော်စိန်လင်း"

"ဒီလိုပါ ဆရာတို့ရယ်၊ ဟိုဘက်ဝိုင်းမှာ ထိုင်နေတဲ့ မိန်းမချောလေးက အိအိမိုးတဲ့၊ KTV ကပါ...၊ သူနဲ့ ကျွန်တော်နဲ့ ပတ်သက်နေတာ အတော်ကြာပြီ။ ကျွန်တော်လည်း သူ စားဝတ်နေရေး အဆင်ပြေအောင်၊ လူတန်းစေ့ ဝတ်နိုင် စားနိုင်အောင်၊ ရွှေငွေ လက်ဝတ်လက်စား အစစအရာရာ အဆင်ပြေအောင် ကျွန်တော် လုပ်ပေးထားပါတယ်။ သူတို့ဆိုင်ကိုလည်း တစ်ပတ်နှစ်ကြိမ်၊ သုံးကြိမ်သွားပြီး အကြွင်နာတရားတွေ ပေးကြ၊ ယူကြရှိခဲ့ကြပါတယ်။ ဒီနေ့တော့ ကျွန်တော် သောကြာဝိုင်းနေ့လည်း ဖြစ်လို့ ကျွန်တော် မသွားဘူး။ အခု သူ ဟိုလူကြီးနဲ့ ရွှေလက်တွဲပြီး ဘယ်က ပြန်လာသလဲ၊ ဘယ်ကို သွားဦးမှာလဲ ကျွန်တော် စိုးရိမ်စိတ်တွေ၊ ပူလောင်မှုတွေ ခံစားနေရတယ်ဗျာ"

ဆရာကျော်စိန်လင်းသည် ရင်တွင်းမှာ ဖြစ်ပျက်ခံစားနေရသော ရင်တွင်းဖြစ်များကို ဖွင့်ဟအန်ထုတ် သွန်ချနေလေသည်။

"အချစ်ဆိုတာ ပူလောင်တယ်၊ အေးတဲ့အခါတွေလည်း အေးတယ်ပေါ့ဗျာ။ ဒါပေမဲ့ မီးပဲ၊ တဏှာဆိုတာ အလွန် ပူလောင်တဲ့ မီးပဲ။ လောဘမီး၊ ဒေါသမီး၊ ရာဂမီးတဲ့။ အဲဒီမီးတွေကို စိတ်လျှော့လိုက် ဖြေဖျောက်လိုက်စမ်းပါဗျာ"

ဘာသာရေး၊ ဂမ္ဘီရ၊ စာစုံဖတ်နေသော ဦးရွှေလှက အချစ်မီး၊ တဏှာမီးလောင်မြိုက်ခြင်း ခံစားနေရသော ဆရာဦးကျော်စိန်လင်းကို တရားပြ နားချနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းညီကလည်း ဆက်ပြောသည်။

"အငြိမ့်မင်းသမီးကို ရည်စားထားမိတဲ့ လူဆိုတာမျိုးဟာ သဘောထားလေးကြီးပါမှပေါ့ ရှင်ရယ်၊ မီးရောင်အောက်ကို ဝင်ရင် လူပြက်တွေနဲ့ တွဲတော့ မောင့်သဘောက မကြည်မလင် ဩော်...မြရင်၊ မြရင်၊ မြရင် ချစ်ကြပေသရှင် ပြည်တစ်ခွင်၊ မောင့်အချစ်မျိုးဟာ ဘယ်အမျိုးအစားလဲကွယ် အားမရနိုင်အောင် ပင် x x x ပေါ်ပေါ်ထင်ထင် x x x သိချင်ကြသရှင် x x x အလှူ့ရှင်မှန်း အားလုံးသိကြပါတယ်ကွယ်... အပိုင်နော် ကြိုလိုက်သရှင် ဩော်...တိုင်ပေါ် အလံစိုက်ချင်"

"သီချင်းစာသားအတိုင်းဆိုရင်တော့ အိအိမိုးကို အပိုင်ယူ လိုက်၊ မယူနိုင်ရင် သဘောထားကြီးကြီးထားပြီး ခွင့်လွှတ်လိုက် ပါ ဆရာရယ်"

"အိအိမိုးကို အပိုင်ယူလိုက်ရင် ရေချမ်းစင်ကို သော့ခတ် သလို ဖြစ်သွားမယ်။ ရေချမ်းစင်ဆိုတာ လူတကာသောက်တဲ့ အများနဲ့ ပတ်သက်တဲ့ ပစ္စည်း၊ ရေရှည် အစဉ်ချောနိုင်ပါ့မလား ဆရာ"

ဦးရွှေလှက စကားဝင်ထောက်သည်။

"စွန့်ပစ်ရမယ်ဆိုရင်လည်း အဆိပ်နဲ့တဝင်းဝင်း၊ စားရမယ် ဆိုရင်လည်း သံနဲ့ရှပ်ရှပ် ဆိုတာလို ဖြစ်နေတော့ နှလုံးသား ခံစားချက်အပေါ်မှာ စဉ်းစားပေါ့ ဆရာရယ်"

"ဒီမှာဆရာ...တကယ်ချစ်ရင် သတ္တိရှိရမယ်၊ စွန့်စားရ မယ်၊ အခုအခြေအနေက အိအိကို ဆရာမယူရင် တခြားသူ ယူသွားနိုင်တယ်။ အိအိဟာ ဒီနေ့ ဗီဒီယိုရုပ်ရှင်ဆောင်၊ မော်

www.burmeseclassic.com



ဒယ်လ်တွေထက်တောင် ရှုပါရှိတယ်။ ဒါကြောင့် ကျွန်တော့် အနေနဲ့ လက်လွှတ်မခံသင့်ဘူးလို့ အကြံပြုချင်ပါတယ်”

တစ်ယောက်တစ်ပေါက် ပိုင်း၍ ဝေဖန်လှုံ့ဆော်နေကြသည်။

တည့်တည့်ပြောသလို၊ စောင်းပြောသလို ပြောကြဆိုကြ၊ ဝေဖန်ကြ အကြံပြုလိုသော အသံများကြောင့် အိအိမိုးနှင့် သူ၏ လူကြီးတို့ ပြန်သွားကြလေသည်။ အိအိမိုးသည် သူ၏ လူကြီးကို ရှေ့မှသွားစေပြီး သူက နောက်မှလိုက်ကာ ဦးကျော်စိန်လင်း လက်ထဲသို့ စာရွက်ကလေးတစ်ရွက်ကို နောက်ပြန်ပေးခဲ့လေသည်။

စာထဲမှာကား…“**ဦးဦး မနက်ဖြန် ဆိုင်ကို လာခဲ့ပါ**” အိအိတဲ့။

(၂)

ဤနေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။

တိတ်ဆိတ်ငြိမ်သက်လှသော ----- ကြားရှိ “လင်းရိပ်ငြိမ်” ခြံကြီးတွင် မိသားစုနည်းသောကြောင့် အသံများ တိတ်ဆိတ်နေသည်။ ချိုးကူသံ၊ ဥသြငှက်ကလေးများ၏ အလွမ်းတေးများကြောင့် လွမ်းစရာ၊ ဆွေးစရာများကို ဖန်တီးနေကြသလား ထင်ရသည်။ အဆွေးဓာတ်ခံရှိနေသော ဦးကျော်စိန်လင်းမှာ စိုးလှုပ်ရှားမှုတွေကို ခံစားလာရှသည်။

“ဖေဖေ…ထမင်းစားမယ်ဆိုရင် ပြောနော်…ဟင်းတွေ ဟင်းတွေ ကျက်ကုန်ပြီ၊ အဆင်သင့် ဖြစ်နေပြီ”

www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူ လင်းပင်သန်း၏ အသံကြောင့် တွေးတောငေးမောနေသော ဦးကျော်စိန်လင်းမှာ သူ၏ အတွေးတွေ လွင့်ပျောက်သွားရလေသည်။

"သမီး...လာပါဦး၊ ဖေဖေ တိုင်ပင်စရာလေးရှိလို့ သားလင်းမောင်သန်း နိုးပြီလား...သူ့ကိုပါ ခေါ်လိုက်"

"ဖေဖေက တိုင်ပင်စရာရှိတယ်ဆိုတော့ ထူးထူးခြားခြားကဲ...ဘာများလဲ ဖေဖေ၊ သားအတွက် အမေလေး ရှာပေးမလို့လား"

သားဖြစ်သူ လင်းမောင်သန်း၏ ဟာသလေးနှောပြီး ပြောလိုက်သောကြောင့် ဦးကျော်စိန်လင်းမျက်နှာမှာ ဝင်းလက်သွားသည်။ ရွှင်ပြနေသည်။

"ဗွ...ဟဲ့ မပြောကောင်း မဆိုကောင်း၊ မောင်လေးကလည်း တောပြော တောင်ပြော၊ မဆိုကောင်း မပြောကောင်း၊ ဖေဖေက အသက် (၆၀) ကျော်နေပြီဟဲ့"

သမီးဖြစ်သူ လင်းပင်သန်း၏ ဟန့်တား မန်းမှုတ်ပြီး ပြောဆိုလိုက်မှုကြောင့် ဦးကျော်စိန်လင်း သူပြောလိုသည့် စိတ်ကူး စိတ်ဆန္ဒများ တွန့်သွားသည်။ သို့သော်လည်း မပြောမပြီး မတီးမမြည် ဆိုသကဲ့သို့ ပြောကို ပြောရမည်ဖြစ်သည်။

"ဒီလို သမီးတို့ သားတို့ရယ် ဖေဖေနဲ့ အိအိမိုးဆိုတဲ့ မိန်းကလေးနဲ့ ပတ်သက်နေကြတာ ကြာပါပြီ။ ဖေဖေကလည်း သမီးတို့သားတို့ မျက်နှာထောက်ပြီး သူ့ကို ယူဖို့အထိ စိတ်မကူးခဲ့ဘူး။ မရည်ရွယ်ခဲ့ဘူး။ အဲဒီလိုနေလာကြတာ တစ်နှစ်ကျော်ပါပြီ။ အခုတော့ သူ့ကို စိတ်မချတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်ကလဲ၊ ဘယ်သူ့သမီးလဲ၊ ဘာလုပ်သလဲ၊ ဘယ်မှာနေတာလဲ ဖေဖေ"

စစ်သေနတ်ပစ်သကဲ့သို့ သမီးဖြစ်သူ၏ တရစပ် မေးလိုက်သော မေးခွန်းများကြောင့် ဦးကျော်စိန်လင်း မဝံ့မရဲ ဖြစ်သွားရလေသည်။

"သမီးမေးတဲ့ မေးခွန်းတွေကို ဖေဖေ ဖြေပါ့မယ် သမီး

(တစ်) အိအိဟာ ဇာတ်ဆိုင်းအဖွဲ့က နဲ့ဆရာကြီး တစ်ဦးနဲ့ နှစ်ပါးခွင်၊ နောက်ပိုင်းမင်းသမီးကြီးတစ်ဦးတို့ရဲ့ သမီးလေး တစ်ဦး ဖြစ်တယ်။ အနုပညာမျိုးဆက်ကလေးပါ,..

(နှစ်) သူဟာ KTV မှာ သီချင်းဆိုတဲ့ သီချင်းသည် မလေး တစ်ဦး,,ဖြစ်တယ်...

(သုံး) သူ အခုနေတာ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်မှာ နေဖြစ်ပါတယ်...

မြန်မာ့အနု သုခုမပညာကို အလွန်မြတ်နိုးတဲ့ ဖေဖေနဲ့ သူနဲ့ ဝါသနာချင်းတူ၊ သဘောထားချင်းတူ၊ စိတ်တူကိုယ်တူ ဖြစ်ကြလို့ သမီးရည်းစားလည်း မကာ၊ လင်မယားလည်း မကျ ဆက်ဆံလာခဲ့ကြတာပါ။ ဖေဖေ သူ့ကို သိပ်ပြီး ချစ်ခင် တွယ်တာပါတယ်။ သူလည်း မိန်းကလေးတစ်ဦးအနေနဲ့ ဖေဖေ့ အတွက် အနစ်နာခံသူလေး ဖြစ်ပါတယ်"

ဦးကျော်စိန်လင်းသည် အိအိမိုးအပေါ် သူ၏ အသည်းနှလုံး စွဲကပ်ငြိတွယ်နေရသော ရင်တွင်းဖြစ် တကယ့်ခံစားချက် ဝေဒနာများကို သဘောမတူဟန်ရှိသော သမီးကြီးအား ကိုယ့်ဘာက်ပါလာအောင် ပြောဆိုနေလေသည်။ သူ့အမေ ဒေါ်ထိပ်

www.burmeseclassic.com

www.burmeseclassic.com



တင်သန်း၏ သွေးပါသူ ဖြစ်လေရော့သလားမသိ။ သမီး လင်းပင်သန်းကတော့ သူ့အဖေကို အိအိမိုးနဲ့ ငြိတွယ်နေမှုကို လက်မခံ။ သဘောမတူ ဖြစ်နေသည်။

"ဖေဖေ တကယ်လို့ အိမ်ထောင်ပြုချင်တယ်ဆိုရင် မေမေ့ဘက်က နန်းမျိုးနန်းနွယ်ထဲက ဖြစ်စေ၊ ဖေဖေ့ဘက်က ဆွေမျိုးသားချင်းထဲက ဖြစ်စေ သင့်တင့်တဲ့ မိန်းကလေးကို ဘက်စုံထောင့်စုံကြည့်ပြီးမှ ယူရင် မကောင်းဘူးလား

ဖေဖေ စဉ်းစားကြည့်လေ၊ ဈေးသည်အစ ဓာတ်သမအဆုံး ဘာညာပေါ့ ဖေဖေရယ်။ အခု ဖေဖေ့ကောင်မလေးက KTV က သီချင်းသည်မလေးဆိုတော့ ဖေဖေ့အတွက် ရေရှည်၊ သက်ဆုံးတိုင် အဆင်ပြေနိုင်ပါ့မလား။ သမီးတော့ အများကြီး စဉ်းစားတယ် ဖေဖေရယ်"

သမီးကြီးသည် မဟာဝိဇ္ဇာ၊ ပီအိပ်ချ်ဒီ…သမိုင်းပညာရှင်ကြီး ဖြစ်လေရကား အမြော်အမြင်တွေ၊ အတွေးတွေ၊ တမျှော်တခေါ်ကြီးတွေးပြီး ဖခင်အတွက် စိတ်သောက ပူပင်မှုတွေများနေရလေသည်။

"လင်းလင်းကလည်းကွာ…ဖေဖေ စိတ်ရှုပ်အောင်၊ စိတ်ညစ်အောင် ပြောမနေပါနဲ့ကွာ…လူဆိုရင် ကိုယ်လုပ်ချင်တာလုပ်ရရင် စိတ်ချမ်းသာတယ်။ လူလည်း ကျန်းမာတယ်။ မင်းရဲ့ စိုးရိမ်စိတ်တွေကြောင့် ဖေဖေရဲ့ စိတ်နဲ့ရုပ်တို့ဟာ မသန်းဆန်းနိုင်တော့ဘူး ဖြစ်တော့မယ် စိတ်လျှော့လိုက်စမ်းပါ မိန်းမရာ။ ပြီးတော့ ဖေဖေ့အနားမှာ ပြုစုယုယဖို့က ဇနီးမယားပဲဖြစ်သင့်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သမက်ဖြစ်သူ စိန်ကုမ္ပဏီကုမ္ပဏီပိုင်ရှင် စိုးမိုးကျော်က လည်း ဇနီးသည် လင်းပင်သန်းကို တရားပြနားချပြီး ယောက္ခမ ဖခင်ကြီးကို မျက်နှာလုပ်လိုက်လေသည်။

"ကဲ...ကဲ...ဒီလိုလုပ် ဖေဖေ၊ သားကိုယ်တိုင် မိထွေး လောင်းလျာလေးကို သွားရောက်တွေ့ဆုံပြီး ကွင်းဆင်းလေ့လာ မယ်။ တွေ့ရှိချက်နဲ့ သားရဲ့သဘောထားကို လာမယ့် တနင်္ဂနွေ နေ့ မိသားစုမျက်နှာစုံညီ အစည်းအဝေးမှာ သား တင်ပြမယ်။ လိုအပ်ရင် ယောက်ဖကိုပါ အကူအညီတောင်းမယ်။ ဖေဖေလည်း ကျေနပ်၊ မမလည်း ကျေနပ်"

ဤသို့အားဖြင့် မိသားစုအိမ်တွင်းရေး ဦးကျော်စိန်လင်း၏ ဒုတိယအိမ်ထောင်ရေး ညှိနှိုင်းအစည်းအဝေးပွဲကို ရပ်နားလိုက် ကြလေသည်။

(၃)

နောက်အပတ် တနင်္ဂနွေနေ့ ဖြစ်သည်။ အရာရှိ လူပျိုကြီး လင်းမောင်သန်းသည် မွေးသဖခင်ကျေးဇူးရှင် ဖခင်ကြီး စိတ် ချမ်းသာရလိုမှုအတွက် အိအိမိုးဆိုသော မိထွေးလောင်းလျာ၏ အခြေအနေကို ကွင်းဆင်းလေ့လာခဲ့လေသည်။ သူ၏ ကွင်းဆင်း လေ့လာတွေ့ရှိချက်တို့အရ...

"(တစ်) အိအိမိုးဟာ သုဝဏ္ဏမြို့၊ အမှုထမ်းကြီးများ ရပ်ကွက်ရှိ မြေနှင့် နှစ်ထပ်တိုက်ကြီးရဲ့ ပူးတွဲပိုင်ရှင် ဖြစ်တယ်။ ရှမ်းတရုတ်သူဌေးကြီးတစ်ဦး၏ မယားငယ်၊ တစ်ခုလပ်မလေး ဖြစ်ကြောင်း အခိုင်အမာတွေ့ရှိရတယ်...။

www.burmeseclassic.com

www.burmeseclassic.com



(နှစ်) မြန်မာ့အနုပညာရှင် မိဘနှစ်ပါးက မွေးဖွားတဲ့ မြန်မာ–မွန် ကပြားမလေးဖြစ်ပြီး အသားဖြူဝင်း၊ အရပ်အမောင်း မနိမ့်မမြင့်၊ ရင်၊ တင်၊ ခါး အချိုးအဆစ် အလွန်ကောင်းတဲ့ မိန်းမချောလေး ဖြစ်တယ်။

(သုံး) သူမရဲ့အသံမှာ ရွှေဒင်္ဂါးပြားကို ခေါက်ကြည့်ရင် ထွက်လာတဲ့ အသံမျိုး၊ ကြိုးကြာငှက်တို့ရဲ့ အသံမျိုးလို အလွန်သာယာ ချိုမြလှတယ်"

ဤနေ့သည် လင်းရိမ်ငြိမ်မိသားစု၏ အစည်းအဝေးပြုလုပ်ရန် ချိန်းဆိုသတ်မှတ်ထားသော နေ့ဖြစ်သည်။ မိသားစုတွေ့ဆုံဆွေးနွေးပွဲ စလိုက်သည်နှင့် သားဖြစ်သူ လင်းမောင်သန်းသည် အိအိမိုး၏ ဘဝအခြေအနေမှန် အထောက်အထား လေ့လာ တွေ့ရှိချက်များကို ဖခင်၊ အစ်မ၊ ယောက်ဖတို့အား တင်ပြသည်။ ဖခင်ကြီးက အိအိမိုးကို တရားဝင် လက်ထပ်ရယူလိုမှုအား ထောက်ခံကြောင်း အဆိုပြုတင်ပြသည်။

အကယ်၍ မမ သဘောမတူလို့ ဖခင်ကြီးက အိအိကို မယူလိုတော့ကြောင်း ငြင်းပယ်လျှင်ဖြစ်စေ၊ ဖခင်ကြီးကိုယ်တိုင်က အိအိမိုးကို မယူလိုတော့ဘူးလို့ ငြင်းပယ်လျှင်ဖြစ်စေ အိအိမိုးကို သူကိုယ်တိုင်ယူမည်ဖြစ်ကြောင်း ကြေညာလိုက်လေသည်။

သမက်ဖြစ်သူ စိုးမိုးကျော်ကလည်း ၎င်း၏ သဘောဆန္ဒကို ထောက်ခံတင်ပြသည်။

"ရွှေတောင်ကြားက ခြံကိုလည်း သမီးနဲ့ သားနာမည် ပြောင်းထားပေးပြီး ဖြစ်တယ်။ ရွှေဆိုင်ကိုလည်း လင်းလင်း နာမည်နဲ့ လွှဲပြောင်းပေးထားပြီး ဖြစ်တယ်။ ဘုရင့်နောင်ပွဲရုံ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း မောင်နှမနှစ်ယောက်နာမည် ပြောင်းပေးပြီး ဖြစ်တယ်။ ဖေဖေဟာ (၃၇) လမ်းမှာရှိတဲ့ ဆံပင်ညှပ်ဆိုင်နဲ့ ဝင်ငွေကိုသာ အသုံးပြုတယ်။ မင်းတို့ထံ ဘာမှမယူဘူး။ မတောင်းဘူး။ မင်းတို့အပေါ် ဖခင်တာဝန်၊ မိခင်တာဝန်ကိုပါ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့တယ်။ ဒါကြောင့် ဖေဖေ့သဘောဆန္ဒကို ဖေဖေ စိတ်ချမ်းသာအောင် မင်းတို့မောင်နှမ လုပ်ပေးသင့်တယ်"

စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သော စိုးမိုးကျော်၏ လေးဖက်လေးတန် စဉ်းစားဝေဖန်မှုတို့အရ ဖခင်ကြီး ဦးကျော်စိန်လင်းနှင့် အိအိမိုးတို့ တရားဝင် ထိမ်းမြားလက်ထပ်ရေးမှာ အမှတ်ပေးစနစ်ဖြင့် တွက်ပါကလည်း နှစ်မှတ် ခြောက်မှတ် အလွန် ကွာခြားနေသောကြောင့် ဦးကျော်စိန်လင်းတစ်ယောက် မိန်းမရရန် သေချာသည့် အခြေအနေတွင် ရှိလေပြီ။ လာမည့် တနင်္ဂနွေနေ့တွင် လင်းရိပ်ငြိမ်ခြံကြီးတွင် ဦးကျော်စိန်လင်းနှင့် အိအိမိုးတို့ စေ့စပ်ရန် ရက်ရာဇာရွေးလိုက်ပြီ ဖြစ်လေသည်။

မိထွေးလောင်းလျာအား သားဖြစ်သူ လင်းမောင်သန်းက ကိုယ်တိုင်သွားရောက်ခေါ်ယူလေသည်။ သမီးကြီး လင်းပင်သန်းကလည်း သူ၏လက်ရာ နန်းကြီးသုပ်ဖြင့် ဧည့်ခံကျွေးမွေးရန် စီစဉ်ထားလေသည်။ ဥပဒေအရာရှိ ဦးကျော်ဝင်းခိုင် (မောင်မောင်ခိုင်–စစ်တွေ)၊ လက်ထပ်အရာရှိ တရားသူကြီး ဒေါ်ချိုချိုဝင်းတို့လည်း ရောက်ရှိနေကြပြီ ဖြစ်သည်။

အခမ်းအနားမှူး မောင်တွေးထက်၊ သတင်းစာဆရာနှင့် စာရေးဆရာကြီးများလည်း ရောက်ရှိနေကြပြီ ဖြစ်သည်။ အခမ်းအနား စလိုက်သည်နှင့်...

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ မောင်ရွှေစွန်က မင်္ဂလာစကား ပြောသည်။ တရားသူကြီး၊ ဥပဒေအရာရှိတို့ရှေ့တွင် ဦးကျော်စိန်လင်းနှင့် အိအိမိုးတို့ ထိမ်းမြားလက်ထပ်စာချုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ကိုအောင်မြင့် ပြန်ဆက်နှင့်အဖွဲ့က ဗီဒီယို မှတ်တမ်းတင်ရိုက်ကူးသည်။

စီဒိုးနား၊ ထရိုတ်ဒါး၊ ယုဇနဟိုတယ်ကြီးများတွင် မဟုတ်သော်လည်း အချစ်စစ်အချစ်မှန် ချစ်သူတို့၏ မင်္ဂလာအခမ်းအနားကား ကျက်သရေမင်္ဂလာ ရှိကြပါပေ၏။

(၄)

ဦးကျော်စိန်လင်းနှင့် အိအိမိုးတို့သည် အိအိမိုး၏ ပထမအိမ်ထောင်လက်ထက်က ပိုင်ဆိုင်လာခဲ့သော နှစ်ထပ်တိုက်အိမ်ကြီးတွင် ဘဝစည်းစိမ်၊ ကာမစည်းစိမ်တို့ကို ခံစား၊ စံစားလာခဲ့ကြလေသည်။

ရက်ကို လစား၊ လကို နှစ်စားဆိုသကဲ့သို့ ဦးကျော်စိန်လင်းနှင့် အိအိမိုးတို့၏ အိမ်ထောင်သက်ကာလမှာ (၉) လ၊ (၁၀)လ ကြာမြင့်ခဲ့ပြီး ဖြစ်လေသည်။

စိတ္တံ့ တာတိဘဝတိ၊ အစိတ္တံ့ တာတိ ဝိနာသတိ။

ဘုရားဟော ဒေသနာအရ သတ္တဝါတွေဟာ မျှော်လင့်တောင့်တ ကြံစည်အားထုတ်သော်လည်း ဖြစ်ချင်မှ ဖြစ်တယ်။ မဖြစ်ချင် မဖြစ်ဘူး။ မမျှော်လင့်မတောင့်တ၊ မကြံစည် အားမ

www.burmeseclassic.com

www.burmeseclassic.com



ထုတ်သော်လည်း ဖြစ်ချင်ဖြစ်ကြရတယ်တဲ့။ ဖြစ်ပြန်/ပျက်ပြန် လောကခံ။

တစ်နေ့တွင် ရှမ်းတရုတ်သူဌေး ရန်ကြားပန်သည် ဦးကျော်စိန်လင်း မရှိသောအချိန်ကို စောင့်ဆိုင်းပြီး အိအိမိုးနှင့် လာရောက်တွေ့ဆုံသည်။

အိအိတို့ အိမ်ထောင်ရေးကို မထိခိုက်စေရပါ။ အနှောင့်အယှက် မပေးပါဘူး။ ဒီအိမ်မြေရဲ့ ပူးတွဲပိုင်ရှင်အဖြစ်မှလည်း စွန့်လွှတ်ပေးမယ်။ ဒါပေမဲ့ ဒီအိမ်ကြီးရဲ့ တစ်နေရာမှာ သူဝှက်ထားတဲ့ ပစ္စည်းရှိတယ်။ အဲဒီပစ္စည်းကိုတော့ ယူသွားမယ်ဟု ပြောကြားခဲ့သည်။

အိအိမိုးက ဦးကျော်စိန်လင်း အိမ်မှာ မရှိသည့်အချိန် ဗုဒ္ဓဟူးနေ့တွင် အဲဒီပစ္စည်းကို လာယူရန် ချိန်းဆိုလိုက်သည်။

ဦးရန်ကြားပန်သည် ဒဗလယ်ကတ်ကားတစ်စီး၊ လူနှစ်ဦးဖြင့် ရောက်ရှိလာသည်။ မြေညီထပ် အိပ်ခန်းခုတင်အောက်တွင် ကွန်ကရစ်အဖုံးပြုလုပ်ပြီး သိမ်းဆည်းထားသော ပစ္စည်းများကို တူးဖော်သည်။

နာရီဝက်ခန့်အကြာတွင် ရဲတပ်ဖွဲ့ အမှတ်တံဆိပ်များပါသော ရဲတပ်ဖွဲ့၏ ဒဗလယ်ကတ် ကားတစ်စီးဖြင့် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး စီးနင်းဖမ်းဆီးကြသည်။ အင်တက်စ်ခေါ် စိတ်ကို ရှုးသွပ်ပြောင်းလဲစေသော မူးယစ်ဆေးဝါးများ၊ စိန်၊ ရွှေ၊ လက်ဝတ်ရတနာပစ္စည်းများ၊ ကျောက်မီးအချောကိုင်ပြီး အတုံးများ၊ ဖမ်းဆီးရမိလေသည်။ ဦးရန်ကြားပန်နှင့် အိအိမိုးတို့အား တရားခံများအဖြစ် ဖမ်းဆီးကြသည်။ မူးယစ်

www.burmeseclassic.com


ဆေးဝါးရောင်းဝယ်မှုဖြင့် ရရှိသောအိမ် ဖြစ်သောကြောင့် အိမ်ကိုပါ ချိပ်ပိတ်သိမ်းဆည်းသည်။

ဦးရန်ကြားပန်မှာ မူးယစ်ဆေးဝါးအမှုကြီးထုစ်မှုမှ တရားခံပြေး၊ ဝရမ်းပြေး ကြေညာထားသော တရားခံတစ်ဦးဖြစ်သောကြောင့် မူးယစ်ဗဟိုအဖွဲ့နှင့် ပူးပေါင်းအဖွဲ့တို့က စောင့်ကြည့်နေရာမှ ယခုကဲ့သို့ ဖမ်းဆီးရမိသွားခြင်းဖြစ်ကြောင်း သိရလေသည်။

**"ရာဇဝတ်ဘေး ပြေးမလွတ်"**

ဦးကျော်စိန်လင်း၏ တဏှာဝါသောဗဟုကိစ္စော၊ တဏှာ၏ စွဲလမ်းမှု၊ တပ်မက်မှု၊ တဏှာလောဘတို့သည်လည်း ချုပ်ပျက်သွားရလေတော့သည်။ အိမ်ထောင်ရေးသုခ မခံစားရဘဲ ဒုက္ခကိုသာ ကြုံတွေ့လိုက်ရသောကြောင့် နောင်တရသွားလေသည်။

**"လောကဓံ လံကခောကိုဖြင့် ပြောမပြန် ပြန်မပြောချင်ဘူး။ စံတောဝင်ထွင့်ခေါင်ဘုန်းတို့လို လွတ်အောင် ရုန်းမဟဲ့လို့ စွဲမိမိဋ္ဌာန်"**

တရားဖြင့် ဖြေသိမ့်နေရခြေပြီတကား။

အဝိဇ္ဇာတဏှာလောဘများ ချုပ်ငြိမ်းနိုင်ကြပါစေ။

□

www.burmeseclassic.com

www.burmeseclassic.com

# မဟုတ်သော်ရှိ ဟုတ်သော်ရှိ



www.burmeseclassic.com

www.burmeseclassic.com

# မဟုတ်သော်ရှိ ဟုတ်သော်ရှိ

## (၁)

နေရာကား...ရဲတပ်ဖွဲ့မှူးရုံး၊ အစည်းအဝေးခန်းမ။

အချိန်ကား နံနက် ၁၀ နာရီခွဲ။

ခန်းမတွင်းဝယ် တိုင်းရဲ၊ ဒုနတပ်ဖွဲ့၊ မှုးယစ်တပ်ဖွဲ့၊ စစရတပ်ဖွဲ့၊ လုံခြုံရေးတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်မှူးများ စုဝေးရောက်ရှိနေကြပြီ ဖြစ်သည်။

"အားလုံး သတိ"

တာဝန်ရှိ ရဲတပ်ဖွဲ့မှူး ရောက်ရှိလာသည်နှင့် အစည်းအဝေးခန်းမ လုံခြုံရေးတပ်ဖွဲ့တာဝန်မှူးက အလေးပြုရန် သတိပေးလိုက်သည်။ အရာရှိကြီးငယ်များ၊ မတ်တတ်ရပ်၍ အလေးပြုကြသည်။

"လေးစားပါတယ်...အားလုံးထိုင်ကြပါ"

တာဝန်ရှိ ရဲတပ်ဖွဲ့မှူးသည် အခမ်းအနားမှူး၏ အစည်းအဝေး အခမ်းအနားအစီအစဉ်များကို စတင်စေသည်။ အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ် (၁) အရ တာဝန်ရှိ ရဲတပ်ဖွဲ့မှူးအား လမ်းညွှန် ဩဝါဒပေးရန် ပန်ကြားလိုက်သည်။

"ဒီနေ့ အစည်းအဝေးမှာ အဓိက ပြောလိုတာကတော့ ဒုစရိုက်သမားတွေ ခေါင်းထောင်လာတဲ့သဘော ရှိတယ်။ ဒါကြောင့် ဒုစရိုက်နှိမ်နင်းရေးတပ်ဖွဲ့များ အားစိုက်ပြီး လှုပ်ရှားဖို့ ပြောချင်တယ်။

နောက်တစ်ခုက စိတ်ကို ပြောင်းလဲစေတဲ့ ဆေးပြားတွေ သုံးစွဲလာတာ တွေ့ရတယ်။ အဲဒီလူတန်းစားတွေက ပစ္စည်းရှိ လူတန်းစား၊ စီးပွားရေး ငွေကြေးအခြေအနေ ကောင်းသူများ သုံးစွဲလေ့ရှိကြတယ်။ မူးယစ်ဆေးနာမည်က (အင်တပ်စီ) ခေါင်းခါဆေး၊ ဘာမီတွန် ဆေးပြားလောက်ရှိတဲ့ အဲဒီဆေးပြားဟာ တစ်ပြားကို သုံးသောင်းကျော်၊ ငါးသောင်းကျော် ရှိတယ်။ ပြည်ပနိုင်ငံတွေက ဝင်လာတဲ့ မူးယစ်ဆေးပြား ဖြစ်တယ်။ ဒီဆေးကို ဖြန့်ဖြူးပုံကတော့ မွေးနေ့ညစာစားပွဲဆိုပြီး လုပ်လေ့ရှိတဲ့ ဟိုတယ်တွေမှာ ကကြခုန်ကြနဲ့ ဓိမ်ယူကြ။ ဒါကြောင့် ကျွန်တော်တို့ မျက်လုံးတွေဟာ နေရာတိုင်းမှာ ရှိရမယ်။ ပလာဇာကြီးတွေ စည်ကားတဲ့ ဈေးကြီးတွေမှာလည်း ပုံစံမျိုးစုံနဲ့ ရောင်းဝယ်ဖြန့်ချိကြတယ်။ ဒါကြောင့် မူးယစ်တပ်ဖွဲ့တွေ၊ ပူးပေါင်းတပ်ဖွဲ့တွေ အနေနဲ့ ရဲဘော်တို့မျက်လုံးတွေဟာ နေရာတိုင်းမှာ ဖွင့်ကြည့် နေကြရမယ်"

တာဝန်ရှိ ရဲတပ်ဖွဲ့မှူးသည် အဓိကကျသော အချက်များ၊ ပုံမှန်လှုပ်ရှားရမည့် တာဝန်များကို လမ်းညွှန်ဩဝါဒ ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒန တပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့၊ စစရ တပ်ဖွဲ့၊ လုံခြုံရေး တပ်ဖွဲ့၊ စည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့၊ တပ်ဖွဲ့အသီးသီးတို့က ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ ဆောင်ရွက်ရန်နှင့် လိုအပ်ချက်များကို အစီရင်ခံ တင်ပြကြသည်။

တာဝန်ရှိ ရဲတပ်ဖွဲ့မှူးက ရှေ့ဆက်လက် ဆောင်ရွက်ရန် လုပ်ငန်းများကို ယခင်ကထက် အားထည့်ပြီး ဆောင်ရွက်ကြရန် လမ်းညွှန်မိန့်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(၂)

ခမ်းနားထည်ဝါလှသော 'နယူးယောက် ပလာဇာ' ကြီးတွင် ဖြစ်သည်။ မြေညီထပ်တွင် စားသောက်ဆိုင်များ၊ ပထမထပ်တွင် အဝတ်အထည်များ၊ ဒုတိယထပ်တွင် ဖက်ရှင်ဝတ်စုံများ၊ တတိယထပ်တွင် မိန်းကလေးအလှပြင် ပစ္စည်းမျိုးစုံနှင့် စတုတ္ထထပ်တွင် ဆိုင်အလှပြင်၊ အိမ်အလှပြင်ပစ္စည်းများ မျိုးစုံလှသည်။

စားသောက်ရန် လာသူများ၊ ဈေးဝယ်ရန် လာသူများ၊ ကြက်ပျံမကျ စည်းကားလှပေသည်။ ဈေးဝယ်လာသူများမှာလည်း အလှပြိုင်ပွဲ လာရောက်ယှဉ်ပြိုင်နေကြသလားဟု ထင်ရသည်။ ပျိုအို မရွေး ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် အားလုံးလှနေကြသည်။

ပလာဇာ၏ ရှေ့ပေါက် ဂိတ်ပေါက်ကြီးအနီးတွင် ဖြစ်သည်။ ပလာဇာအတွင်းဝင်ရန် အစီအရီ ရောက်ရှိနေကြသည်။

"ဟယ်...ချယ်ရီပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်...မခိုင်နဲ့ ပပတို့ပါလား"

"ဟော့ကောင်တွေ နင်တို့ကြည့်ရတာ အရမ်းလှပနေပါလား။ အဆင်ပြေနေကြတဲ့ ရုပ်ပါတွေပဲ"

ချယ်ရီ (ခ) ရေချယ်ဌွန်သည် ကျောင်းနေဖက်သူငယ်ချင်း တင်မိမိခိုင်နှင့် တင်ပပခိုင်တို့အား ရုတ်တရက်တွေ့ပြီး အားရပါးရ နှုတ်ဆက်လိုက်သည်။

"နင်တို့ဘာတွေ လုပ်နေကြလဲ"

"ငါတို့နှစ်ယောက် ----- ဈေးက ရတနာဆိုင်မှာ ကော်မရှင်စားနဲ့ စိန်၊ ရွှေ၊ ကျောက်သံပတ္တမြား ရောင်းပေးတဲ့ အလုပ် လုပ်နေကြတယ်။ ၁၀%၊ ၂၀% ရတယ်။ များများရောင်းရလေ အဆင်ပြေလေပေါ့ကွာ။ အဆင်ပြေကြပါတယ်။ နင်စားချင်တာ အဝကြီးကျွေးပစ်မယ်"

"ချယ်ရီ နင်ကော ဘာတွေလုပ်နေလဲ"

ကျောင်းမှာတုန်းက အရမ်းအရမ်း ဟော့ရှော့ဝတ်စားပြင်ဆင်လေ့ရှိသော ချယ်ရီ (ခ) ရေချယ်ဌွန်ကို ညှိုးငယ်နေသည် အထင်ရှိသောကြောင့် စူးစမ်းလိုက်ကြသည်။

"ငါကတော့ ဟိုယောင်ယောင် ဒီယောင်ယောင် ယောင်ခြောက်ဆယ်ဆိုသလိုပါပဲကွာ။ ဒီနေ့အထိ ပုံမှန်အလုပ် မရှိသေးဘူး။ ဟိုအလုပ် ကောင်းနိုးနိုး၊ ဒီအလုပ် ကောင်းနိုးနိုးနဲ့ နိုးနိုးတွေ ဖြစ်နေတဲ့ ဘဝပဲ သူငယ်ချင်းတို့ရယ်"

ချယ်ရီ (ခ) ရေချယ်ဌွန်သည် သူ၏ ဘဝအခြေအနေကို ညှိုးငယ်သော မျက်နှာဖြင့် ချစ်သူငယ်ချင်းနှစ်ယောက်ကို ပြောပြနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် နင် ငါတို့နဲ့လာပြီးလုပ်၊ လုပ်တတ်သွားရင် သူဌေးက ငါတို့လိုပဲ ကော်မရှင်စားနဲ့ ဆိုင် စီစဉ်ပေးလိမ့်မယ်။ ငါတို့ စီစဉ်ပေးမယ်ဟာ၊ နင်က အင်္ဂလိပ်စကားကျွမ်းတော့ အဆင်မပြေစရာ မရှိဘူး"

သူငယ်ချင်း တင်မိမိခိုင်နှင့် တင်ပပခိုင်တို့သည် အားငယ်နေသော သူငယ်ချင်း ချယ်ရီအား လက်တွဲခေါ်ရန် တာဝန်ယူကြလေသည်။

"ကဲ...ကဲ နင့်ကို တစ်ခုခုကျွေးမယ်။ ငါတို့လည်း စားမယ်။ လာ ဆိုင်ထဲ သွားကြမယ်"

စားသောက်ဆိုင်ကြီးထဲမှ စားပွဲခုံတစ်ခုံတွင် ချယ်ရီ (ခ) ရေချယ်ဂျွန်က နေရာယူလိုက်သည်။ တင်မိမိခိုင်နှင့် တင်ပပခိုင်တို့က ကိုယ်တိုင်ယူ၊ ကြိုက်တာယူ လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချသည့် စားသောက်ဖွယ်ရာများကို ဝယ်နေကြသည်။

ချယ်ရီ နေရာယူထားသည့် စားပွဲခုံ၏ လက်တစ်ကမ်းအနီးတွင် မိန်းမကိုင်အိတ် တစ်လုံးရှိနေသည်။ ချယ်ရီ၏အိတ်တော့ မဟုတ်ပါ။ ချယ်ရီသည် စားသောက်ဖွယ်ရာများ ဝယ်နေသော တင်မိမိခိုင်နှင့် တင်ပပခိုင်တို့ကို စောင့်နေသည်။

(၁၀) မိနစ်ခန့်အကြာတွင် ခပ်တောင့်တောင့် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့ ချယ်ရီထံသို့ ရောက်ရှိလာသည်။

"ဒီမှာ ညီမ၊ အစ်မတို့က မူးယစ်တပ်ဖွဲ့ကပါ"

ဝန်ထမ်းကတ်ပြားများ ထုတ်ပြသည်။

"ညီမနဲ့ ဒီအိတ်ကို တာဝန်အရ စစ်ဆေးစရာရှိတယ်။ ဒီအိတ်နှစ်လုံးကိုယူပြီး မန်နေဂျာအခန်းကို လိုက်ခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိနှစ်ဦးသည် ချယ်ရီကို မန်နေဂျာအခန်းသို့ ခေါ်သွားကြသည်။

"မန်နေဂျာ ကျွန်တော်တို့က တိုင်းရဲတပ်ဖွဲ့ မူးယစ်ကပါ။ ကျွန်တော်တို့ကို ကူညီပါ။ ဒီညီမက စားပွဲခုံမှာ ထိုင်စောင့်နေတုန်းမှာ လူတစ်ယောက်က အိတ်တစ်လုံး လာချသွားတယ်။ အဲဒီအိတ်ကို မသင်္ကာလို့ မန်နေဂျာရဲ့ရှေ့မှာ သက်သေထားပြီး ကျွန်တော်တို့ ရှာဖွေကြပါမယ်"

စားသောက်ဆိုင်ကြီးမှ မန်နေဂျာကို သက်သေအရာထားပြီး လူတစ်ယောက် လာချသွားသော အိတ်ကို ရှာဖွေကြသည်။ ထိုအိတ်အတွင်းမှ မိန်းကလေးအသုံးအဆောင် အလှအပပစ္စည်းများနှင့်အတူ (အင်တပ်စီ) စိတ်ကို ပြောင်းလဲမူးယစ်စေတတ်သော ဆေးပြား (၆) ပြား၊ တန်ဖိုး (၃) သိန်းခန့်တန်ကို တွေ့ရှိသည်။

ချယ်ရီ (ခ) ရေချယ်ဂျွန် လွယ်သည့်အိတ်ကို ထပ်မံရှာဖွေကြသည်။ ချယ်ရီ၏ မှတ်ပုံတင်ကတ်၊ အလှအပပစ္စည်းများကိုသာ တွေ့ရှိပါသည်။ မူးယစ်ဆေးဝါး လုံးဝ မတွေ့ရှိပါ။

ချယ်ရီမှာ လူတစ်ယောက် အိတ်ကနှစ်လုံးဖြင့် စားပွဲခုံတွင် သူ တစ်ဦးတည်းရှိနေချိန်မှာ မူးယစ်ဆေးပြားပါသော အိတ်ကို တွေ့ရှိသောကြောင့် "မဟုတ်သော်ရှိ ဟုတ်သော်ရှိ" သူ့မှာ တာဝန်မကင်း ဖြစ်နေရချေပြီ။

တင်မိမိခိုင်နှင့် တင်ပပခိုင်တို့သည် စားသောက်ဖွယ်ရာများဖြင့် ချယ်ရီအား ဟိုကြည့်ဒီကြည့် စောင့်မျှော်ကြည့်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာပါလေပြီ မချယ်ရီ"

ချယ်ရီ (ခ) ရေချယ်ငွန်သည် လက်ထိတ်ခတ်လျက် အမျိုးသမီးရဲမေတစ်ဦးနှင့် အမျိုးသား ရဲဝန်ထမ်းတစ်ဦးတို့ ခြံရံလျက် မန်နေဂျာရုံးခန်းမှ ထွက်လာပါသည်။ ချယ်ရီအား မှုးယစ်တပ်ဖွဲ့ရုံးသို့ ခေါ်ဆောင်သွားကြသည်။

အကြောင်းအကျိုး အကောင်းအဆိုးများ သိရှိရန်နှင့် လိုအပ်လျှင် လိုအပ်သလို အကူအညီပေးရန် ချယ်ရီနှင့်အတူ မှုးယစ်တပ်ဖွဲ့ရုံးသို့ လိုက်ပါသွားကြလေသည်။

(၃)

ရဲအုပ် ကျော်စိန်လင်းနှင့် ဒုရဲအုပ် သန်းသန်းဝင်းတို့က ၎င်းတို့ မှုးယစ်တပ်ဖွဲ့အနေဖြင့် သတင်းအရ စောင့်ကြည့်နေခဲ့သည်မှာ မနေ့ကတည်းက ဖြစ်ကြောင်း၊ မနေ့ကတော့ ချယ်ရီသည် ယောကျာ်းလေးတစ်ယောက်နှင့် သမီးရည်းစားပုံစံဖြင့် အဲဒီစားသောက်ဆိုင်မှာ ပူးကပ်ထိုင်ခဲ့ကြောင်း၊ ပစ္စည်းအပေးအယူ လုပ်ခဲ့ကြောင်း၊ ပြန်သွားတော့ တစ်ယောက်တစ်နေရာစီ လမ်းခွဲပြန်သွားကြောင်း၊ သမီးရည်းစားပုံစံ မဟုတ်တော့ကြောင်း၊ ဒီနေ့ကျတော့ ညီမတို့နဲ့ စကားတွေ ဖောင်ဖွဲ့ပြောဆိုပြီး စားသောက်ခန်းမှာ ညီမတို့က စားစရာ သွားဝယ်နေကြောင်း၊ သူတစ်ဦးတည်း ထိုင်နေချိန်မှာ လူတစ်ယောက်က အိတ်တစ်လုံး လာချပြီး ထွက်သွားကြောင်း၊ ဒါကြောင့် ချယ်ရီရဲ့ အိတ်နှစ်လုံးကို ရှာဖွေရာမှ ဒီမှုးယစ်ဆေးကို တွေ့ရှိနေခြင်းဖြစ်ကြောင်း

www.burmeseclassic.com



ရှင်းပြကြလေသည်။ ဒါကြောင့် သူ့ကို ဥပဒေအရ စစ်ကြောရေး လုပ်ရဦးမှာဖြစ်ကြောင်း ရှင်းပြလေသည်။

ခေတ္တခဏ တွေ့ခွင့်ပြုရန်နှင့် သူ့အတွက် ဝယ်ထားတဲ့ ဟန်ဘာဂါမုန့်များ ပေးလိုကြောင်း ခွင့်တောင်းရာ ခွင့်ပြုသဖြင့် တွေ့ခွင့်ရလေသည်။

"သူငယ်ချင်းတို့ရေ၊ ချယ်ရီအနေနဲ့ မဟုတ်သော်ရှိ ဟုတ်သော်ရှိ ရှင်းရဦးမှာပေါ့။ ငါ့အိမ်ကို အကြောင်းကြားပေးပါ သူငယ်ချင်း"

ရဲအုပ် ကျော်စိန်လင်းနှင့် ဒုရဲအုပ် သန်းသန်းဝင်းတို့က ချယ်ရီ (ခ) ရေချယ်ဝွှန်ကို စစ်ဆေးရေးလုပ်ကြသည်။

"ချယ်ရီ မင်းကို ပစ္စည်းလာပေးတဲ့သူကို ပြောပါလား ကွယ်။ ကွင်းဆက်တွေ ရသွားရင်၊ ညီမလေးအတွက် တို့က သက်သေအဖြစ်နဲ့ စီစဉ်ပေးမှာပေါ့။ (ဂစ်ဗ်အင်တိတ်) လုပ်ပါ လားကွာ"

ညင်သာသော လမ်းကြောင်းဖြင့် သိမ်းသွင်းပြီး စစ်ကြော ကြသည်။ သူမ၏ အရည်အချင်းကို စမ်းသပ်ကြသည်။

"ပထမနေ့က ကျွန်မနဲ့ တွေ့တဲ့သူဆိုတာက ကျွန်မ သူ့ကို မသိပါဘူး။ သူ ကျွန်မကိုလာပြီး လုံးနေတာပါ။ ကျွန်မ သူ့ကို အဲဒီနေ့ကမှ စတွေ့တာပါ။ သူ ဘယ်သူလဲ၊ သူ ဘယ် မှာ နေသလဲ ကျွန်မ တကယ်မသိပါဘူးဆရာ..."

"ဒီနေ့ ဒီအိတ်ကို လာထားသွားတဲ့သူကိုလည်း ကျွန်မ မသိပါဘူး။ သတိလည်း မထားမိပါဘူး။ အမှန်အတိုင်း ပြော တာပါ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းဆိုရင်တော့ ဓာတ်လမ်းက တစ်ထောင့်တစ်ည ဓာတ်လမ်းလို ရှည်သွားလိမ့်မယ်။ ချယ်ရီ မင်း၊ သေသေချာချာ စဉ်းစားလိုက်ဦး"

ရဲအုပ်ကျော်စိန်လင်းနှင့် ဒုရဲအုပ် သန်းသန်းဝင်းတို့သည် ချယ်ရီ (ခ) ရေချယ်ဂျွန်ကို စစ်ကြောရေးလုပ်ငန်း စတင်ရာတွင် လိုအပ်ချက်များ၊ ကွင်းစများ မရသေးပါ။ လွယ်မယောင်နဲ့ ခက်၊ တိမ်မယောင်နဲ့ နက် ဖြစ်နေရလေပြီ။

နောက်နေ့တွင် ချယ်ရီအား စစ်ကြောရေး ဆက်လုပ်သည်။ စိတ်ဓာတ်ပျော့သွားအောင် စိတ်ပိုင်းဆိုင်ရာ တုန်လှုပ်စေမှုများ၊ စိတ်ချောက်ချားစေမှုများဖြင့် စစ်ကြောကြသည်။

"ချယ်ရီ ညီမ စဉ်းစား၊ စိတ်ကို ပြောင်းလဲရှူးသွပ်စေတဲ့ ဆေးပြားကို ပြည်ပက တင်သွင်းဖြန့်ဖြူးတဲ့ လူတစ်စုဟာ သူတို့ စီးပွားရေးသာ မကဘူး၊ နိုင်ငံရေးနွယ်တယ်၊ ဥပမာကွာ ဘိန်းစစ်ပွဲတို့လိုပေါ့။ မြန်မာနိုင်ငံရဲ့ အဘက်ဘက်က တိုးတက်နေမှုတွေကို မူးယစ်ဆေးတင်သွင်းပြီး အဖျက်လုပ်ငန်းများ လုပ်ခြင်း တစ်မျိုးပဲ။ ဒါကြောင့် နိုင်ငံအကြီးအကဲတွေက အထူးစစ်ဆင်ရေးအဖွဲ့တွေ ဖွဲ့ပြီး ဖော်ထုတ်နေခြင်းဖြစ်တယ်။

နောက်တစ်ချက် ချယ်ရီ စဉ်းစားဦး၊ အမှုခိုင်သွားရင် ချယ်ရီ ထောင်ဒဏ် (၂၀) နှစ် ကျမယ်။ အဲဒီအနှစ် (၂၀) လုံး မူးယစ်ဂိုဏ်းက စီးပွားရေးသမား၊ နိုင်ငံရေးသမားတွေက ချယ်ရီကို ထောင်ဝင်စာကျွေးမယ်တဲ့လား။ ချယ်ရီရဲ့ မိခင်အိုကြီးနဲ့ ညီမလေးတွေကို အနှစ် (၂၀) လုံးလုံး ကျွေးထားမယ်တဲ့လား။ ဒါကြောင့် ချယ်ရီ သိသလောက် လက်လမ်းမီသ

www.burmeseclassic.com

www.burmeseclassic.com



လောက် တို့ကို ပြောပါ။ ချယ်ရီရဲ့ မိသားစုနဲ့ အတူနေရအောင် တို့ ကူညီမယ်"

ရဲအုပ် ကျော်စိန်လင်းနှင့် ဒုရဲအုပ် သန်းသန်းဝင်းတို့သည် ချယ်ရီအား စိတ်ပိုင်းဆိုင်ရာ စစ်ကြောရေးဗျူဟာဖြင့် စစ်ဆေးကြသည်။

ရဲလုပ်ငန်း လုပ်ထုံးလုပ်နည်းအရ ချယ်ရီကို မူးယစ်ဆေးဝါးစွဲမှု လက္ခဏာရှိ မရှိ ကျန်းမာရေးဝန်ကြီးဌာန၊ မူးယစ်ဆေးတိုက်ဖျက်ရေး စစ်ဆေးမှု၊ ဓာတ်ခွဲမှုဌာနမှ ဆေးစစ်ချက် ရယူသည်။

ချယ်ရီတို့မိသားစု နေထိုင်သည့် -----မြို့နယ်အတွင်း ချယ်ရီ (ခ) ရေချယ်ဂျွန်သည် မူးယစ်ဆေးဝါးသုံးစွဲသူ၊ ဖြန့်ချိသူ၊ ပြစ်ဒဏ်ကျများနှင့် ဆက်စပ်မှု၊ ဆက်နွယ်မှုရှိ မရှိ သူ့သမိုင်းကြောင်းကို ထောက်လှမ်းရှာဖွေကြရသည်။

(၄)

မူးယစ်ဆေးဝါးဖော်ထုတ်ရေး၊ ချေမှုန်းရေး၊ ရဲလုပ်ငန်း အတွေ့အကြုံများအရ ပစ္စည်းလက်ဝယ် တွေ့ရှိသူများသည် ကွင်းဆက်ကို ဖော်ထုတ်လေ့မရှိကြပါ။ သူဖြစ် သူခံ၊ ကိုယ်ဖြစ် ကိုယ်ခံ ဝါဒကို လက်ကိုင်ထားလေ့ရှိကြောင်း၊ ဝါရင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ရဲအရာရှိများ ကိုယ်တွေ့ဖြစ်သည်။

မူးယစ်ဆေးဝါး မသုံးရ မနေနိုင်သူများသည် မူးယစ်ဆေးဝါးအတွက် ကျသင့်ငွေပေးချေပြီး မူးယစ်ဆေးဝါးရောင်းသူ ညွှန်

www.burmeseclassic.com

www.burmeseclassic.com



ပြသည့်နေရာတွင် မိမိဘာသာ သွားရောက်ပြီး ရှာဖွေရယူကြရသည်။ ဖမ်းမိတွေ့ရှိသောကြောင့် ရောင်းချသူအား ဖော်ထုတ်ပေးရန် တောင်းဆိုကြရာ အရိုးကြေကြေ၊ အရေခန်းခန်း ရောင်းချသူများကို ဖော်ထုတ်ပေးလေ့မရှိကြပါ။

သို့ရာတွင် မူးယစ်ဆေးဝါး တပ်ဖွဲ့များအနေဖြင့်လည်း 'ငါးကြင်းဆီနဲ့ ငါးကြင်းကြော်' ဆိုတဲ့ စကားအတိုင်း မူးယစ်ဆေးစွဲ တရားခံများကို ယင်းထအောင် စောင့်ကြည့်ပြီး ယင်းထချိန်မှာတော့ ဘယ်မြို့နယ်၊ ဘယ်ရပ်ကွက်၊ ဘယ်လမ်းက အမှတ်ဘယ်လောက်မှာနေတဲ့ မူးယစ်ဆေး ရောင်းသူထံမှာ ဝယ်ယူနိုင်ပါကြောင်း၊ ဖော်ထုတ်ပေးတဲ့ တရားခံကို မူးယစ်ဆေး တော်သင့်သလောက် ပေးကျွေးပြီး ဖော်ခဲ့ရာတွင် များစွာအောင်မြင်လာခဲ့ပါသည်။ ဘိန်းဖြူနှင့်ပတ်သက်ပြီး အတော်ပင် ဦးကျိုးသွားပြီး ဖြစ်လေသည်။

ချယ်ရီ (ခ) ရေချယ်ဂျွန် ရေငုံနှုတ်ပိတ်ထားသူလေးနှင့် ပတ်သက်သော သတင်းအချက်အလက်များ၊ သဲလွန်စများ၊ ကွင်းဆက်အချို့ ရရှိခဲ့ပါသည်။

ဆေးစစ်ပြန်ကြားချက်အရ ချယ်ရီ (ခ) ရေချယ်ဂျွန်သည် စိတ်ကို ပြောင်းလဲရူးသွပ်စေသော ဆေးဝါးသုံးစွဲမှုကြောင့် သူမ၏ စိတ်သည် (အမ်းရှပ်) စိတ်ကို လှုပ်ရှားစေသည့် ရောဂါ ရုံဖန်ရံခါ ပေါ်ပေါက်တတ်ကြောင်း ပေါ်ပေါက်သိရှိရလေသည်။ စိတ်လှုပ်ရှားမှုကြောင့် လုပ်ငန်းတစ်ခုကို စိတ်ဆုံးဖြတ်မြန်ဆန်စွာဖြင့် လက်ခံခြင်း ပြုလုပ်တတ်ခြင်းတို့ကို လုပ်လေ့လုပ်ထရှိသူ ဖြစ်ကြောင်း တွေ့ရှိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီ နောက်ခံသမိုင်းအရ ကျောင်းသူဘဝတွင် ရုပ်ပါ ယောဘ်ရှော့ ဖြစ်သည်။ ယောကျ်ားလေးများနှင့် တစ်ယောက်ပြီး တစ်ယောက် တွဲလေ့ရှိသည်။ ထိုအထဲတွင် သူနှင့် အချိန်တော် ကြာ တွဲခဲ့သူ ဝင်းနိုင် (ခ) ဂျွန်သည် မူးယစ်ဆေးဝါးမှုဖြင့် ထောင် (၁၀) နှစ်ကျခဲ့သူ ဖြစ်သည်။ သူမသည် မူးယစ်ဆေးဝါး နှင့် အလှမ်းမဝေးသူ ဖြစ်သည်။

ဟိုတယ်ကြီးတစ်ခု၌ ရှောင်တခင် ဖမ်းဆီးခဲ့ရာတွင် ဖမ်းမိ တရားခံအချို့ကို ခေါ်လာပြီး ချယ်ရီ (ခ) ရေချယ်ဂျွန်ကို သိသလား မေးမြန်းစစ်ဆေးခဲ့သည်။ ထိုတရားခံတို့က ချယ်ရီ ကို (အင်တပ်စီ) သုံးသူအဖြစ် သိရှိကြောင်း၊ တွဲပြီး ဒန့်(စ်) ကခဲ့ဖူးကြောင်း ကွင်းဆက်များလည်း ရရှိခဲ့သည်။

မူးယစ်ဆေးဝါးမှု တည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းများ၊ သက်သေခံအထောက်အထားများအရ ခရိုင်ဥပဒေရုံးသို့ ဥပဒေ အကြံများပေးပါရန် တင်ပြအကြံပြုချက် ရယူသည်။

(၅)

ခရိုင် ဥပဒေရုံး၏ ဥပဒေအကြံပြုချက်အရ တရားခံ ချယ်ရီ (ခ) ရေချယ်ဂျွန်ကို စိတ်ကို ပြောင်းလဲရှုးသွပ်စေသည့် ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ (၁၉) (၂၀) တို့အရ တရား စွဲဆိုရန် ကွင်းဆက်များ ပေါ်ပေါက်နေသောကြောင့် ထိုဥပဒေ ဖြင့် တရားစွဲဆိုရန် ဥပဒေအကြံပြုချက် ပေးလေသည်။

တိုင်းရဲတပ်ဖွဲ့၊ တရားစွဲအဖွဲ့မှ ခရိုင်တရားရုံးတော်သို့ တရားစွဲဆိုတင်ပို့သည်။ တရားရုံးတော်က စိတ်ကို ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



လဲ ရှုးသွပ်စေသည့် ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ (၁၉) (၂၀) ပြစ်မှုဆိုင်ရာ အမှုအမှတ် ၀၀၇/၂၀၀၇ ဖြင့် လက်ခံစစ်ဆေးကြားနာလျက် ရှိလေသည်။

စိတ်ကို ပြောင်းလဲရှုးသွပ်စေသည့် ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ (၁၉) (၂၀) အရ ပြစ်မှုထင်ရှားပေါ်ပေါက်ပါက ပြစ်ဒဏ်မှာ ထောင်ဒဏ် အနှစ် (၂၀) ဖြစ်လေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

# အန်တီ့မှာလည်း အသည်းနှင့်ပါ



## အန်တီ့မှာလည်း အသည်းနှင့်ပါ

(၁)

"အန်တီဆွေ အရမ်းလှနေပါလား။ ပြည့်ပြည့်စတင်းတင်း၊ မို့မို့မောက်မောက်၊ သကြံန်ရေလောင်းလိုက်ရင် အလှတရားတွေ ကွင်းကွင်းကွက်ကွက် ဖြစ်လာမှာပဲ။ လာပါ အန်တီဆွေရယ်"

ရခိုင်ရိုးရာ ယဉ်ကျေးမှုမဏ္ဍပ်မှ ရခိုင် လှပျိုဖြူလေးများက ဒေါ်ခင်သက်ထားဆွေကို ဖက်လှဲတကင်း ကြိုဆိုကြသည်။ လောင်းလှေကြီးဆီသို့ ခေါ်ဆောင်သွားသည်။ ရခိုင်မောင်မယ်တို့က အပြိုင်အဆိုင် ရေပက်လောင်းလိုက်ရာ ဒေါ်သက်ထားဆွေ၏ ရှုပါရုံ၊ ရုပ်အဆင်းတို့မှာ ပို၍ ကျက်သရေရှိလာသည်။

ပုံမှန်အလှူရှင် စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်သော အန်တီဆွေကို ရခိုင်ပြည်နယ်သား စီးပွားရေးလုပ်ငန်းရှင်များ၊ အမှုဆောင်များ ပျူငှာစွာ ခရီးဦးကြိုဆိုကြသည်။

ဒေါ်ခင်သက်ထားဆွေသည် ----- ဇာဘော်မှုဇုန်တွင် အထည်ချုပ်စက်ရုံ တည်ထောင်ထားပြီး၊ ပြည်ပပို့ကုန်နှင့်

www.burmeseclassic.com

# အန်တို့မှာလည်း အသည်းနှင့်ပါ



## အန်တို့မှာလည်း အသည်းနှင့်ပါ

(၁)

"အန်တီဆွေ အရမ်းလှနေပါလား။ ပြည့်ပြည့်တင်းတင်း၊ မို့မို့မောက်မောက်၊ သကြ်န်ရေလောင်းလိုက်ရင် အလှတရားတွေ ကွင်းကွင်းကွက်ကွက် ဖြစ်လာမှာပဲ။ လာပါ အန်တီဆွေရယ်"

ရခိုင်ရိုးရာ ယဉ်ကျေးမှုမဏ္ဍပ်မှ ရခိုင် လှပျိုဖြူလေးများက ဒေါ်ခင်သက်ထားဆွေကို ဖက်လှဲတကင်း ကြိုဆိုကြသည်။ လောင်းလှေကြီးဆီသို့ ခေါ်ဆောင်သွားသည်။ ရခိုင်မောင်မယ်တို့က အပြိုင်အဆိုင် ရေပက်လောင်းလိုက်ရာ ဒေါ်သက်ထားဆွေ၏ ရုပါရုံ၊ ရုပ်အဆင်းတို့မှာ ပို၍ ကျက်သရေရှိလာသည်။

ပုံမှန်အလှူရှင် စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်သော အန်တီဆွေကို ရခိုင်ပြည်နယ်သား စီးပွားရေးလုပ်ငန်းရှင်များ၊ အမှုဆောင်များ ပျူငှာစွာ ခရီးဦးကြိုဆိုကြသည်။

ဒေါ်ခင်သက်ထားဆွေသည် ------ စက်မှုဇုန်တွင် အထည်ချုပ်စက်ရုံ တည်ထောင်ထားပြီး၊ ပြည်ပပို့ကုန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြည်တွင်းရှိ အမြို့မြို့အနယ်နယ်မှ စတိုးဆိုင်ပိုင်ရှင်ကြီးများသို့ နိုင်ငံတကာအဆင့်မီ ကျားဝတ်၊ မဝတ် အထည်များ ချုပ်လုပ်ဖြန့်ချိသော စီးပွားရေးကျွမ်းကျင်သူ အမျိုးသမီးကြီး ဖြစ်လေသည်။

ကိုယ့်စက်ရုံမှထွက်သော အထည်များကို ဖြန့်ဖြူးရောင်းချသည့် ကိုယ်ပိုင်စတိုးဆိုင်ကြီးများကိုလည်း ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ဖွင့်လှစ်ထားသည်။ အခြားသော ကုမ္ပဏီ၊ စက်ရုံများတွင်လည်း အစုရှယ်ယာထည့်ဝင်ပြီး ရင်းနှီးမြှုပ်နှံထားသူ ဖြစ်သည်။ ထို့ကြောင့်လည်း ရန်ကုန်၊ မန္တလေး၊ စက်မှုလက်မှု လုပ်ငန်းရှင်များလောကတွင် လူသိများထင်ရှားသူ အမျိုးသမီးကြီး ဖြစ်လေသည်။

"သုံးဆောင်ပါဦး အန်တီ၊ ဒါက ဆိုဒ်တွေက တမင်မှာယူထားတဲ့ ပင်လယ်အစားအစာပါ။ ဒါကတော့ ရခိုင်ရိုးရာအစားအစာတွေပါ။ ဒါကတော့ ရန်ကုန်ရောက် ရခိုင်သူတွေရဲ့လက်ရာပါ။ အရေးကြီး အထူးဧည့်သည်တွေအတွက် စီစဉ်ထားတာပါ"

ဇင်မာသက်နှင့် ရခိုင်လှပျိုဖြူလေးများသည် ဒေါ်ခင်သက်ထားဆွေအား ရင်းရင်းနှီးနှီး ဧည့်ခံကျွေးမွေးနေကြလေသည်။ ဇင်မာသက်မှာလည်း စီးပွားရေးလုပ်ငန်းရှင် အပျိုကြီးတစ်ဦး ဖြစ်လေသည်။

"အန်တီ ဟိုတလောက အန်တီ့ကို ရုပ်ချောချော ခန့်ခန့်သန့်သန့်တစ်ဦးနဲ့ ပုလဲကွန်ဒိုပလာဇာမှာ တွေ့လိုက်တယ်။ သိပ်ပြီး လိုက်ဖက်တာပဲနော်။ အန်တီက ပိုပြီးတောင် လှသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ကဲ...ဇင်မာ သိပ်မြှောက်မနေနဲ့၊ နင် ဘာစားမလဲ ပြော"

"သမီးက စေတနာသန့်သန့်နဲ့ မုဒိတာပွားတာပါ အန်တီရယ်"

"ဇင်မာ...အန်တီ့မှာလည်း အသည်းနဲ့ပါ"

(၂)

ဒေါ်ခင်သက်ထားဆွေသည် အသက် (၅၀) ကျော် သားသမီး သုံးယောက်မိခင် မုဆိုးမဖြစ်သည်။ သားကြီးက ဂျပန်မှာ အလုပ်လုပ်ရင်း သူဌေးသမီးနှင့်ညားပြီး သူဌေးသမက် ဖြစ်နေသည်။ သမီးလတ်က မိမိနှင့် စီးပွားဖက်ဖြစ်သူ စင်္ကာပူ နိုင်ငံသားနှင့် ညားခဲ့သည်။ သမီးငယ်လေးမှာ မိမိ၏ စီးပွားရေး လုပ်ငန်းများတွင် လက်ရည်တပြင်တည်း လုပ်ကိုင်နေလေသည်။

စီးပွားရေးလုပ်ငန်းများ အောင်မြင်သောကြောင့် အဘက် ဘက်မှ ပြည့်စုံနေသူ ဖြစ်သည်။ မပြည့်စုံသော အချက်မှာ အိမ်ထောင်ဖက် ဖြစ်သည်။ အသက် (၅၀) ကျော်ပြီဖြစ်၍ နောက်အိမ်ထောင်ပြုရန်မှာလည်း လူနှင့် လူ့ပတ်ဝန်းကျင်တွင် မသင့်လျော်ပေ။ သားမျက်နှာထောက်၊ သမီးမျက်နှာထောက်၊ ထောက်ထားစရာတွေ ပြည့်နှက်နေလေသည်။

ဒေါ်ခင်သက်ထားဆွေသည် ကိုယ်အင်္ဂါအနည်းငယ် ထွားကျိုင်းသည်။ အရပ် ၅ ပေ ၇ လက်မ ရှိသည်။ ခါး၊ ရင်၊ တင် အချိုးအဆစ်ကျလွန်းသူ ညိုချောကြီး ဖြစ်သည်။ သူမ၏ လုံခြုံရေးမှူး ယာဉ်မောင်း မောင်ကြီးမှာ တာဝန်ကြီးလသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ဝတ်ဆင်ထားသော ရတနာပစ္စည်းများကိုလည်း တာဝန်ယူရသည်။ သူမ၏ လုံခြုံရေးကိုလည်း တာဝန်ယူရသည်။ မောင်ကြီးက ခေသူမဟုတ်။ မြန်မာ့သိုင်း ကောင်းစွာ တတ်ကျွမ်းသူ ဖြစ်သည်။

တစ်နေ့တွင် ဖြစ်သည်။ ----- စက်မှုဇုန်ရုံးတွင် ရုံးလုပ်ငန်းရှိသောကြောင့် မောင်ကြီးနှင့် ဒေါ်ခင်သက်ထားဆွေတို့ ရောက်ရှိနေကြသည်။ မောင်ကြီး ရုံးဘေးရှိ စားသောက်ဆိုင်တွင် စောင့်ဆိုင်းနေသည်။

"ဒီကောင်ကြီးက ကောက်ရိုးပုံစောင့်တဲ့ ခွေးလိုပါပဲကွာ။ ကောက်ရိုးကို နွားပဲ စားလို့ရတယ်။ ခွေးစားလို့ မရဘူး"

ဒေါ်ခင်သက်ထားဆွေနှင့် မောင်ကြီးတို့ကို တွေ့မြင်နေကျ စက်ရုံအနီးမှ လူတစ်သိုက်က မောင်ကြီးကို ရိသဲ့သဲ့ ပြောနေကြသည်။ မထိတထိ ရန်စနေကြသည်။

"ဒီလောက်လှပတဲ့ မိန်းမချောကြီးက ဒီကောင်ကြီးကို ဒီလောက် ဦးစားပေးနေတာကလည်း စဉ်းစားစရာပဲကွ"

မောင်ကြီး စိတ်မထိန်းနိုင်တော့ ဒေါသဖြစ်နေပြီ။ ဒီကောင်တွေကို ငါ ဘာလုပ်ရရင် ကောင်းမလဲ စဉ်းစားနေလေပြီ။

"ဒီမှာ ကိုယ့်လူတို့၊ ကိုယ့်ထမင်းကိုယ်စားပြီး ပြဿနာ မရှာပါနဲ့။ အေးအေးဆေးဆေး နေပါ"

"မနေတော့ ဘာဖြစ်လဲကွာ"

မောင်ကြီးသည် သိုင်းကွက်နှစ်ကွက်၊ သုံးကွက်ပြလိုက်ရာ ကိုယ့်ခံအတတ်ပညာ ဘာမျှမရှိသော လူစုသည် အတုံးအရုန်း လဲကျသွားပြီး ထွက်ပြေးသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com


အစည်းအဝေးပြီးလို့ ဆင်းလာသော ဒေါ်ခင်သက်ထားဆွေသည် မောင်ကြီး၏ ပြုလုပ်မှု တစ်ပိုင်းတစ်စကို မြင်လိုက်သောကြောင့် ခပ်သုတ်သုတ်ဆင်းလာပြီး...

မောင်ကြီး...နင် ဒီလိုလုပ်လိမ့်မယ်ဆိုတာ ငါသိတယ်။ သည်းခံမှပေါ့ကွယ်။ ခွေးရူးနဲ့ ခွေးကောင်းကိုက်ရင် ခွေးကောင်းပါ နားရွက်ဖြတ်ခံရတယ် မှတ်ထား။ လာ သွားကြမယ်။ ဒီည ခရီးဆွက်ရမယ်...ကားအောက်ပိုင်းတွေ စစ်ထားဦး"

ဒေါ်ခင်သက်ထားဆွေသည် မောင်ကြီးအား ဆိုဆုံးမရင်း ခရီးထွက်ရမည့် လုပ်ငန်းစဉ်များကို စီစဉ်နေလေသည်။

(၃)

ဒေါ်ခင်သက်ထားဆွေနှင့် မောင်ကြီးတို့၏ ပရာဒိုကားသည် တောင်ကြီးမြို့၊ အေးသာယာ စက်မှုဇုန်ရှိ ရှမ်းစတားမော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်း အစည်းအဝေးသို့ ထွက်ခွာလာကြသည်။ အချိန်မှာ ည (၈) နာရီ ရှိပြီဖြစ်သောကြောင့် တောင်ငူမြို့ရှိ 'ကေတုမတီ ကြယ်ငါးပွင့်ဟိုတယ်ကြီး' တွင် ညအိပ် ရပ်နားကြလေသည်။

"အန်တီ ကျွန်တော် ဘားကောင်တာသွားပြီး စားကောင်းသောက်ကောင်းလေး လုပ်လိုက်ဦးမယ်"

"မင်း စကားများများနေဦးမယ်၊ ဒီမှာပဲ မှာသောက်ပါကွယ်"

မောင်ကြီးသည် မိမိတို့အခန်းတွင်းရှိ ဖုန်းဖြင့် ဆိတ်မွှကြော်၊ ဝီစကီတစ်ပြား မှာလိုက်လေသည်။ တစ်နေ့တာ ပင်ပန်းမှုအတွက် အပန်းဖြေလိုက်လေသည်။ အပန်းဖြေနေသော မောင်ကြီးအား

www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီး...စိတ်လျှော့...စိတ်လျှော့၊ ဒေါသဖြစ်တာ မကောင်းဘူး။ ဒေါသထွက်နေတဲ့သူဟာ အရုပ်ဆိုးလာတယ်။ ချမ်းသာစွာ မအိပ် မနေရဘူး။ အကျိုးစီးပွားပျက်တယ်။ စည်းစိမ် ဥစ္စာ ယုတ်လျော့တယ်။ မြွေနားမှာ ဘယ်သူမှ မကပ်ရဲသလို ဒေါသကြီးသူမှာ အခြွေအရံ မရှိဘူး။ မိတ်ကောင်းဆွေကောင်း မရှိဘူး။ သေတဲ့အခါမှာလည်း သုဂတိကောင်းတဲ့ ဘဝကို မရောက်ဘူး။ အပါယ်လေးပါး ကျတယ်။ အဲဒါ ဘုရားဟောထားတဲ့ တရားနော်...မှတ်ထား"

ဒေါ်ခင်သက်ထားဆွေသည် မိမိရဲ့လုံခြုံရေး၊ ဘဝခရီးဖော် မောင်ကြီးအား ဆုံးမစကား၊ ဩဝါဒများ ပေးနေလေသည်။ သတ္တဝါတွေအပေါ် မေတ္တာထားရန် တရားချ တရားဟောနေသည်။

"အန်တီ ကျွန်တော်ကတော့ ကျေးဇူးရှင် အန်တီ့ကိုပဲ မေတ္တာထားနိုင်မယ်။ သူများတွေကို မေတ္တာလည်း မထားနိုင်ဘူး။ ချစ်လည်း မချစ်နိုင်ဘူး။ ကျွန်တော့်စိတ်၊ ကျွန်တော့်ဆန္ဒကတော့ ဒါပဲရှိတယ်"

"အန်တီ့မှာလည်း အသည်းနဲ့ပါကွယ်"

နောက်နေ့နံနက် သာစည်လမ်းခွဲမှ တောင်ကြီးသို့ ခရီးဆက်ကြမည်ဖြစ်၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်အနားယူလိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၄)

တောင်ကြီးမှအပြန် မန္တလေးသို့ဝင်ပြီး မန္တလေးရှိ စတိုးဆိုင်ပိုင်ရှင်ကြီးများထံ အကြွေးဝင်သိမ်းသည်။ မန္တလေးရှိ မိမိ၏ဆိုင်များသို့လည်း ဝင်ကုန်၊ ထွက်ကုန်များ စစ်ဆေးသည်။ ရောင်းအားဝယ်အား အခြေအနေအားလုံးကို ဆန်းစစ်သည်။

မန္တလေးမြို့ရှိ မိမိစက်ရုံမှ ထွက်ရှိသော ပစ္စည်းများကို ပင်တိုင် ဝယ်ယူရောင်းချပေးသော စတိုးဆိုင်ပိုင်ရှင်ကြီးများ၊ လက်ကားဖြန့်ချိသူများအား ဝိတိုရိယ ဟိုတယ်ကြီးတွင် ညစာစားပွဲဖြင့် ဧည့်ခံကျွေးမွေးသည်။ ဂုဏ်ပြုသည်။ စည်းရုံးရေးအားဖြည့်သည်။

ညစာစားပွဲတွင် ဒေါ်ခင်သက်ထားဆွေသည် ဟော့ရှော့ပတ်ဆင်ထားသည်။ ဈေးချိုသူ မမချောတို့ကလည်း အပြန်စားဟော့ရှော့ ဝတ်စားထားကြသည်။ အလှချင်းပြိုင်နေကြသည့်အလား။

ဘလက်လေဘယ်၊ ရက်လေဘယ်နှင့် ဟိုတယ်၏ အစားအစာများ တစ်မျိုးပြီးတစ်မျိုး ခံစားကြရင်း စီးပွားဘက် ဖုရိုသကြီးများသည် အာသွက်လျှာသွက် ဖြစ်လာကြသည်။ လက်ရဲဖက်ရဲ ဖြစ်လာကြသည်။ ပြင်သစ်နိုင်ငံရှိ ပဲရစ်မြို့တော်ကြီးမှာလားဟုပင် ထင်ရလောက်အောင် တွဲကနေကြသည်။ တေးဂီတသံကလည်း မြူးမြူးကြွကြွ။

ဦးစွာစောင့် မောင်ကြီးမှာလည်း ဘလက်လေဘယ် သရီးပက်၊ ဖိုးပက်သောက်ပြီး အန်တီကြီးအား အရိပ်တကြည့်ကြည့်စောင့်ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူကုံထံဟု ယူဆရသော သန့်သန့်ခန့်ခန့် ပုဂ္ဂိုလ်တစ်ဦးသည် ဒေါ်ခင်သက်ထားဆွေအား ပွေ့ခေါ်လျက် ဒေါ်ခင်သက်ထားဆွေ တည်းခိုသော ပထမထပ်ရှိ အခန်းသို့ တွဲခေါ်သွားနေသည်။ မြင်ဖူးတွေ့ဖူးသော ကုန်သည်တစ်ဦးထင်၍ ဝတ်ဆင်ထားသော ရတနာပစ္စည်းများအတွက် စိတ်ပူပင်မှု မရှိပါချေ။ စိတ်ပူပင်ရသည်ကား မနာလိုစိတ်၊ ဝန်တိုစိတ်၊ သဝန်ကြောင်စိတ်တို့ ဖြစ်လေသည်။ ဣဿာ (မနာလိုမှု)၊ မစ္ဆရိယ (ဝန်တိုမှု–နှမြောမှု) တို့ကို မောင်ကြီး ခံစားနေရလေသည်။

"မောင်ကြီးမှာလည်း အသည်းနဲ့ပါ"

"မောင်ကြီးမှာလည်း အသည်းနဲ့ပါ"

မောင်ကြီးသည် မိမိစိတ်တွင် ခံစားနေရသော ခံစားချက်များကို နှုတ်မှပင် ရေရွတ်နေမိလေသည်။

တစ်နာရီခန့်အကြာတွင် ဖြစ်သည်။ အန်တီကြီးအားစောင့်ကြည့်နေသော မြင်ကွင်းတွင် အခန်းတွင်းသို့ အန်တီနှင့်အတူ ဝင်သွားသူသည် မိမိ၏ အဝတ်အစားအိတ်ဖြင့် ငွေသိန်း (၅၀) ကျော် ထည့်ထားသောအိတ်ကို လွယ်လျက် အခန်းမှ ထွက်လာသည်။

"ဟေ့လူ...ဒါဘာလုပ်တာလဲ၊ ဒီအိတ်က ငွေထည့်ထားတဲ့ အိတ်ဗျ"

ဟုပြောစဉ် ထိုသူသည် ဓားဖြင့် မောင်ကြီးကို ထိုးရန်ပြင်ဆင်လိုက်သည်။

မောင်ကြီးသည် မြန်မာ့သိုင်းကွက်များဖြင့် ထိုသူအားတိုက်ခိုက်ချေမှုန်းလိုက်သည်။ လက်မှ ဓားလွတ်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ညာဘက်လက်နှင့် ဘယ်ခြေထောက် ကျိုးသွားဟန် ရှိသည်။ ပြန်မထနိုင်တော့။ ဟိုတယ်မှ လုံခြုံရေးဝန်ထမ်းများ ရောက်ရှိလာသည်။ မောင်ကြီးက အခန်းထဲမှ အန်တီ၏ အခြေအနေကို ကြည့်ခိုင်းသည်။

အန်တီ ဒေါ်ခင်သက်ထားဆွေ သတိမေ့နေသည်။ ပါးစပ်ကိုလည်း ပလာစတာဖြင့် ပိတ်ထားသည်။ လက်နှစ်ဖက်ကိုလည်း လက်ပြန်ကြိုးဖြင့် တုပ်ထားသည်ကို တွေ့ရှိကြသည်။

ထို့ကြောင့် ရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားရာ ရဲအရာရှိများ ရောက်လာကြသည်။ အခင်းဖြစ်အခြေအနေကို စစ်ဆေးသည်။ တရားခံအား ရဲစခန်းသို့ ခေါ်သွားသည်။ တရားခံသယ်သွားရန် ပြုလုပ်သည့်အိတ်ကို စစ်ဆေးခဲ့ရာ ငွေကျပ်သိန်း (၅၀) နှင့် ဒေါ်ခင်သက်ထားဆွေ ညှော်ခံပွဲတွင် ဝတ်ဆင်သော ကာလတန်ဖိုး သိန်း (၅၀၀) ကျော်တန် စိန်၊ ရွှေ ရတနာပစ္စည်း မျိုးစုံကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းသည်။ ဒေါ်ခင်သက်ထားဆွေအား ဆေးရုံသို့ ပို့ပေးသည်။ ရဲလုပ်ငန်းတာဝန်အရ အချင်းဖြစ်စခန်း၊ ဒေါ်ခင်သက်ထားဆွေ၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းများကို စစ်ဆေးပြီး ဆေးစာရယူသည်။

တရားခံသည် ဒေါ်ခင်သက်ထားဆွေ၏ ကာမကို ရယူခဲ့ကာ မေ့လျော့သွားစေသော ဆေးဝါးကို အသုံးပြုခဲ့ပြီး မေ့မြောနေချိန်တွင် ပါးစပ်ပိတ်၊ လက်ပြန်ကြိုးတုပ်ပြီး အဖိုးတန်ရတနာပစ္စည်းများနှင့် ငွေအိတ်ကို ခိုးယူခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တရားခံ ဇင်မင်းမောင် (ခ) ဆင်ကြီးကလည်း ၎င်း ပြုလုပ် ကျူးလွန်မှုများကို အမှန်အတိုင်းဖြောင့်ဆို ဝန်ခံခဲ့လေသည်။ တရားရုံးတွင် ဖြောင့်ဆိုချက်ကို ဦးစွာ ရယူသည်။ အမှု တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးသောကြောင့် မန္တလေးခရိုင် တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့သည်။ ရုံးတော်က ပြစ်မှုပုဒ်မ ၃၈၀ ခိုးမှုဖြင့် လက်ခံခဲ့လေသည်။

တရားရုံးတော်က သက်သေများ၊ သက်သေခံအထောက်အထားများ၊ ဖြောင့်ချက်တို့အရ စစ်ဆေးကြားနာခဲ့ရာ ပြစ်မှုထင်ရှားသောကြောင့် တရားခံ ဇင်မင်းမောင် (ခ) ဆင်ကြီးအား အလုပ်ဖြင့် ထောင်ဒဏ် (၇) နှစ် ချမှတ်ခဲ့လေသည်။

လောဘ၊ ဒေါသ၊ မောဟ၊ ရာဂတရားများ ထိန်းသိမ်းနိုင်ကြပါစေ။

❐

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဆိတ်ကွယ်ရာ မရှိပါ

(၁)

"အဘ ဦးကျော်စိန်"

"အေး ရှိတယ်၊ လာဟေ့"

"စာ လာပေးတာ အဘ"

"ဘာစာလဲ၊ ဘယ်ကလာတဲ့ စာလဲကွ"

"အဘသား ကျော်စိုးမိုးကို ဥက္ကဋ္ဌက ခေါ်တဲ့စာပါ အဘ"

"ဘာတွေ ရေးထားလဲ၊ ဖတ်စမ်းပါဦးကွ"

"ဟုတ်ကဲ့ ကျွန်တော် ဖတ်ပြပါမယ်"

"မောင်ကျော်စိုးမိုး သိစေရမည်၊ မောင်မင်းအပေါ် ဟိုဘက်ရွာက ဦးဘဂျမ်းသမီး ဂျမ်းပုံ/(ခ) မိဂျမ်းက တိုင်ချက်ရှိသောကြောင့် လာရောက်ဖြေရှင်းပါရန်တဲ့ အဘ"

ကံကုန်းရွာမှ ရယကရုံးရွာဆော် စာပေးစာယူလုပ်သူ မောင်လှအေးက ဖတ်ပြလိုက်ရာ ဦးကျော်စိန်သည် သားအတွက် "ဘာများပါလိမ့်၊ ဘာပြဿနာရှိလို့လဲ၊ တစ်ခုခုတော့ တစ်ခုခုပဲ" ဟု တွေးတောငေးမောနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဘ၊ ကျွန်တော် သွားလိုက်ဦးမယ်"

"အေး အေး၊ သားကို လွှတ်လိုက်ပါမယ်ကွယ်"

မျက်စိတစ်ဖက် လုံးဝမမြင်၊ မျက်စိတစ်ဖက်က မှုန်မွှားမွှား၊ တောင်ဝှေးကိုင်လျက် အိမ်တွင်းမှ အိမ်ပြင်သို့ ဒေါ်ဘွားစိန် ထွက်လာသည်။

"ကိုကျော်စိန်၊ ရှင့်သားကို ဥက္ကဋ္ဌက ဘာကိစ္စခေါ်တာတဲ့လဲတော်"

"ဟိုဘက်ရွာက ဘဂျမ်းသမီး ဂျမ်းဘုံက တိုင်ထားလို့ ခေါ်တာလို့ လှအေး ဖတ်ပြတာပဲ သိပါတယ်ကွာ။ အသေးစိတ်ကတော့ မင့်သားသွားမှ သိရမှာပေါ့"

"အဲဒီဘဂျမ်းသမီး ဂျမ်းဘုံဆိုတဲ့ ကောင်မလေးက ရန်ကုန်သွားပြီး ကုလားအိုကေလား၊ တရုတ်အိုကေဆိုလား သီချင်းလည်း ဆိုတယ်၊ ဘာညာဘာညာလို့ ရွာထဲမှာ ပြောနေကြတဲ့ကောင်မလေးတော့၊ မိန်းမလည်း သိန်းကြွယ်မတဲ့။ ရုပ်ကလေးချောသလောက် မနော‌ကောက်တဲ့ ကောင့်မလေးတဲ့"

ဒေါ်ဘွားစိန်သည် သားအတွက် ရတက်မအေးသောကြောင့် လင်တော်မောင် ဦးကျော်စိန်အား မိန်းမချင်း သိသည့်ကြားသည့် အကျိုးအကြောင်းများကို ပြောပြလေသည်။

"ဥက္ကဋ္ဌကြီး ခေါ်တယ်ဆိုလို့ ကျွန်တော် လာပါတယ်ခင်ဗျာ"

"အေး ထိုင်ဦးကွယ့်၊ တိုရှင်းလိုရင်းပဲ ပြောမယ်။ မင်းလွန်ခဲ့တဲ့ (၂၀) ရက်လောက်၊ ဝါဆိုလဆန်း (၇) ရက်နေ့က မင်းစက်လှေ သမ္မန်စက်ပျက်လို့ ခရီးသည်တွေကို ဟိုဘက်ရွာ

www.burmeseclassic.com

www.burmeseclassic.com



က မောင်ကြီး စက်လှေပေါ်ကို ပြောင်းပေးလိုက်တယ်တဲ့။ ဂျမ်းဘုံ (ခ) မိဂျမ်းက ပြောင်းစီးဖို့ ပြင်နေချိန်မှာ မင်းက အဖော်မရှိလို့ နေခဲ့ပါဆိုလို့ နေရစ်ခဲ့တယ်တဲ့။ အဲဒီညမှာ စက်လှေပေါ်မှာ မင်းက သူ့ကို သားမယားအဖြစ် ပြုကျင့်ခဲ့တယ်တဲ့။ မင်းက ဘယ်သူ့ကိုမှ မပြောနဲ့၊ ငွေ (၂) သိန်းခွဲပေးမယ်ဆိုလို့ စောင့်နေတာတဲ့။ အခုအထိမပေးလို့ လာပြီး တိုင်တားတဲ့ ကိစ္စပဲကွ"

ဥက္ကဋ္ဌက တိုင်ချက်ပါ အချက်အလက်များ အကြောင်းအရာကိစ္စရပ်များကို ရှင်းပြသည်။ ပြီးတော့ မောင်ကျော်စိုးမိုး၏ သဘောထားကို မေးသည်။

"ဥက္ကဋ္ဌကြီး၊ အဲဒီနေ့က ကျွန်တော့်စက်လှေပျက်နေတာလည်း မှန်ပါတယ်။ ခရီးသည်တွေကို မောင်ကြီး စက်လှေပေါ် ပြောင်းပေးလိုက်တာလည်း အမှားအသိပါ။ ဒါပေမဲ့ ကျွန်တော် ဂျမ်းဘုံကို အဖော်အဖြစ် နေခဲ့ပါလို့ ကျွန်တော် မခေါ်ပါဘူး။ မောင်ကြီးရဲ့လှေပေါ်မှာ သူ မတွေ့ချင်တဲ့သူ ပါလို့ ကျွန်တော့် စက်လှေပြင်ပြီးမှ လိုက်တော့မယ်ဆိုပြီး နေခဲ့တာပါ။ စက်လှေပြင်ပြီးတာနဲ့ ကျွန်တော့်စက်လှေနဲ့ အတူတူ ပြန်လာကြတာပါ ဥက္ကဋ္ဌကြီး"

"မင်း စက်လှေပြင်တာ ဘယ်လောက်ကြာလဲ"

"တစ်နာရီခွဲ နှစ်နာရီလောက် ကြာပါတယ်ခင်ဗျာ"

ဥက္ကဋ္ဌကြီးသည် ဟိုဘက်က ပြောစကား၊ ဒီဘက်က ပြောစကား၊ အခြေအနေ အချိန်အခါတို့ကို စဉ်းစားချင့်ချိန်တွေးတောပြီးနောက်...

www.burmeseclassic.com

www.burmeseclassic.com



"တို့ ရပ်မိရပ်ဖအနေနဲ့ကတော့ မင်းတို့ ပြေပြေလည်လည်ဖြစ်အောင်သာ ညှိနှိုင်းပေးလို့ ရပါတယ်။ မပြေလည်ကြဘူးဆိုရင်တော့ ရုံးရောက် ဂါတ်ရောက်ဆိုတာတွေ ဖြစ်တတ်တယ်ပေါ့ကွာ..."

"လူဆိုတာ ခက်သားပဲ၊ မုန်းလျှင် အပြစ်၊ ချစ်လျှင် အကျိုး၊ မြတ်နိုးလျှင် သဒ္ဓါတဲ့။ တစ်ဦးနဲ့တစ်ဦး လောဘ၊ ဒေါသ၊ မောဟတွေများပြီး ငွေကုန်လူပန်း မဖြစ်ကြအောင် ညှိနှိုင်းကြပေါ့ကွာ။ တို့ကတော့ ဒါပဲ ဖြေရှင်းနိုင်တယ်"

"ကျွန်တော် သူတောင်းတဲ့ ငွေ (၂) သိန်းခွဲ မပေးနိုင်ပါဘူး။ ပေးစရာလည်း မရှိပါဘူး ဥက္ကဋ္ဌကြီး။ ကျွန်တော် မိအို၊ ဖအို မိဘနှစ်ပါးကို လုပ်ကျွေးနေတာ ဥက္ကဋ္ဌကြီးတို့ အသိပါ"

ဥက္ကဋ္ဌသည် တိုင်ကြားသူ ဂျမ်းဘုံ (ခ) မိဂျမ်းဘက်သို့ တိုင်ကြားခံရသူ ကျော်စိုးမိုးဘက်မှ သဘောထားနှင့် အဖြေကို ရှင်းလင်းပြန်ကြားပေးခဲ့သည်။

(၂)

ဦးကျော်စိန်၊ ဒေါ်ဘွားစိန်တို့သည် ဥက္ကဋ္ဌအိမ်မှ ပြန်လာမည့် သား ကျော်စိုးမိုးအား အကျိုးအကြောင်း၊ အဆိုးအကောင်း သိရန် စောင့်စားနေကြသည်။ မျှော်တုန်းမျှော်ဆဲ ရောက်ရှိလာသည်။

"ပြောစမ်းပါဦး သားရယ်၊ အမေတို့ အဖေတို့ စိုးရိမ်နေကြရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စက်လှေပျက်တဲ့ညက ခရီးသည်တွေကို မောင်ကြီးရဲ့ စက်လှေပေါ် ပြောင်းပေးခဲ့တယ်။ မိဂျမ်းက မောင်ကြီးရဲ့ စက်လှေပေါ်မှာ သူနဲ့ မတွေ့ချင်သူ ပါလို့ ကျွန်တော့် စက်လှေပေါ်မှာ ကျန်ရစ်ခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်တော်က သူ့ကို ကျင့်ကြံတယ်ဆိုပြီး တိုင်တယ်။ ကျွန်တော်က ငွေ (၂) သိန်းခွဲ ပေးမယ်ဆိုပြီး မပေးလို့ တိုင်တာတဲ့ဗျာ"

"ဟုတ်ကော ဟုတ်နေသလား သား"

"ဘယ်က ဟုတ်ရမှာလဲဗျာ၊ ကျွန်တော် အဲဒီနေ့ည စက်ပြင်နေတာ တစ်ကိုယ်လုံး စက်ဆီတွေနဲ့ပေကျံနေတာ သူ အသိ၊ တမင်သက်သက် ငွေညှစ်တာပါ အမေရာ"

ဦးကျော်စိန်၊ ဒေါ်ဘွားစိန်တို့သည် ကိုယ့်သားလေးက အသက် (၁၇) နှစ်သာ ရှိသေးသည့် လူလားမမြောက်သေးသူလေး ဖြစ်သောကြောင့် ကိုယ့်ဘက်က မှားနေလျှင်လည်း တောင်းပန်ရန်နှင့် လူငယ်ချင်း ရည်ငံ့နေကြလျှင်လည်း တောင်းရမ်းပြီး ပေးစားရန် မေးမြန်းစုံစမ်းနေကြရလေသည်။

"ဒေါ်ဘွားစိန်ရယ်၊ ရှင့်သားက ဗိုင်းကောင်းကျောက်ဖိ၊ ခြောက်ပြစ်ကင်း သဲလဲစင်၊ ဟိုကောင်မ မဂျမ်းဘုံ (ခ) မိဂျမ်း၊ ရန်ကုန်မှာ ဂျူးဂျူးဆိုတဲ့ ကောင်မက လူကို မလိုချင်ဘူး။ မယူနိုင်ဘူး။ ငွေ (၂) သိန်းခွဲပဲ လိုချင်တယ်ဆိုတော့ အေးဓားပြ တိုက်နေတာ။ မပေးနဲ့ တစ်ပြားမှ မပေးနဲ့။ တရား နတ်ဆောင့် ပါလိမ့်မယ်"

ပန်းသတင်း လေညင်းဆောင်၊ လူ့သတင်း လူချင်းဆောင် ဆိုရိုးစကားအတိုင်း ကျော်စိုးမိုးနှင့် ဂျမ်းဘုံ (ခ) မိဂျမ်းတို့၏

www.burmeseclassic.com



သတင်းမှာ ဟိုဘက်ရွာ၊ ဒီဘက်ရွာ ပြန့်နှံ့နေပေပြီ။ ပြောကြဆိုကြ ရပ်ခလေ့ ရွာခလေ့တွေကလည်း တဖွဖွ။

ဦးဘဂျမ်း၊ ဒေါ်ချွေးမတို့လည်း သူတို့သမီး ရန်ကုန်မှာဘာအလုပ်ပဲ လုပ်စားလုပ်စား၊ သူတို့နဲ့ ဘာဆိုင်သလဲ။ ကုလားအိုကော်ပဲ လုပ်လုပ်၊ ဗမာအိုကေပဲ လုပ်လုပ် ကိုယ် ဝါသနာပါတဲ့ အလုပ်ကို လုပ်စားတာ ဘာဖြစ်လဲ။ မုဒိမ်းကောင်ကို ရဲတိုင်မယ်၊ အမှုဖွင့်မယ်၊ မောဟမီးများ တဟုန်းဟုန်း တောက်လောင်နေကြသည်။

ဒေါ်ဘွားစိန်ကလည်း တောင်ဝေးကို အဖော်ပြုပြီး ဟိုဘက်ရွာရှိ ဦးဘဂျမ်း၊ ဒေါ်ချွေးမတို့အိမ်သို့ ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ သွားရောက်ပြီး အိမ်ရှေ့မှနေပြီး...

"ဟဲ့ ဂျမ်းဘုံ၊ နင် ဒီလိုမိန်းမညာဏ်ကို ဗလိန်းဗဂျန်လုပ်ပြီး ရန်ကုန်မှာ လုပ်စားနေတာကြာပြီလား။ ရန်ကုန်မှာပဲလုပ်စား။ တို့ရွာကို လာမလုပ်နဲ့။ ငွေတော့ မရဘူး၊ ဟိုဟာပဲရမယ်"

ဆယ်အိမ်မှူး၊ ရာအိမ်မှူးတို့က ဒေါသမီး တဟုန်းဟုန်းတောက်လောင်နေသော ဒေါ်ဘွားစိန့်အား ဖျောင်းဖျနားချပြီး သူ့ရွာသူ့အိမ်သို့ အိမ်တိုင်ရာရောက် ပို့ပေးကြရလေသည်။

ဦးဘဂျမ်း၊ ဒေါ်ချွေးမ၊ ဂျမ်းဘုံ (ခ) မိဂျမ်းတို့မှာသည်း ဒေါ်ဘွားစိန် လာရောက်ပြီး အော်ကြီးဟစ်ကျယ် ပြောဆိုခံရမှုအပေါ် ယမ်းပုံမီးကျဆိုသကဲ့သို့ ဒေါသမီး တဟုန်းဟုန်း တောက်လောင်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခွေးမသမီး ဂျမ်းဘုံ (ခ) မိဂျမ်းတို့သည် -----ရဲတပ်ဖွဲ့စခန်းသို့ ကျော်စိုးမိုး၊ ကံကုန်းရွာနေသူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ မုဒိမ်းမှုဖြင့် ဖမ်းဆီးအရေးယူပေးရန် အမှုဖွင့်တိုင်ကြားသည်။ စခန်းမှူး၊ မြို့နယ်မှူးတို့၏ ခွဲတမ်းချပေးချက်အရ အမှုစစ်ရဲအရာရှိ ဒုရဲအုပ် ကျော်စိန်လှင်းက အမှုကို ကိုင်တွယ်စစ်ဆေးသည်။

"မဂျမ်းဘုံ၊ နာမည်အပြည့်အစုံပြောပါ"

"ဟုတ်ကဲ့ရှင့်၊ ရွာမှာတော့ ဂျမ်းဘုံ (ခ) မိဂျမ်းလို့ ခေါ်ကြပါတယ်။ ရန်ကုန်မှာတော့ ကျွန်မနာမည် ဂျူးဂျူးလို့ ခေါ်တွင်ပါတယ်"

"ရန်ကုန်မှာလုပ်တဲ့ အလုပ်အကိုင်က"

"ဟုတ်ကဲ့ရှင့်၊ စင်တင်တေးဂီတ စားသောက်ဆိုင် (ကေတီဗွီ) ဆိုင်တွေမှာ သီချင်းဆိုပါတယ်"

"ဆိုင်နာမည်တွေက"

"ခုနှစ်လွှာ ကေတီဗွီ၊ ဒဂုံထိပ်ထား စင်တင်တေးဂီတ၊ အလှတစ်ထောင်ပန်းတစ်ထောင် စင်တင်တေးဂီတတို့မှာ အဆင်ပြေသလို လုပ်ရပါတယ် ဆရာ"

"ရွာကို တစ်လတစ်ခါ ပြန်လာသလား"

"ဟုတ်ကဲ့ရှင့်၊ တစ်ခါတစ်ခါ နှစ်လ၊ သုံးလတစ်ကြိမ် ပြန်လာပြီး အမေတို့အဖေတို့ကို ငွေစုပေးပါတယ်"

"အခင်းဖြစ်တဲ့ အဲဒီနေ့ညက ကျော်စိုးမိုးက ဘယ်နှစ်ကြိမ် ဆက်ဆံသလဲ"

"တစ်ကြိမ်တည်းပါ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ဖြစ်ချင်း အမှုမဖွင့်ဘဲ ဘာဖြစ်လို့ (၂၆) ရက်ကြာမှ အမှုဖွင့်တာလဲ"

"ဟုတ်ကဲ့ ဆရာ၊ သူက ဘယ်သူ့မှ မပြောပါနဲ့၊ ကျွန်မကို ငွေ (၂) သိန်းခွဲပေးမယ်ဆိုလို့ စောင့်နေတာပါ ဆရာ

ရွာဥက္ကဋ္ဌကို တိုင်တော့လည်း သူက မဟုတ်ဘူး၊ မပေးဘူးဆိုပြီး သူ့အမေက ကျွန်မတို့အိမ်လာပြီး အော်ကြီးဟစ်ကျယ် ပြောလို့ အခုမှ လာပြီး အမှုဖွင့်တာပါ ဆရာ"

ဒုရဲအုပ် ကျော်စိန်လင်းသည် အမှုနှင့် ဆက်စပ်မှုရှိသော အော်ဒီယိုစက်လှေမှ မောင်ကြီးနှင့် ကျော်စိုးမိုး၏ စက်လှေမှ မောင်ကြီး၏စက်လှေသို့ ပြောင်းစီးသော ခရီးသည်များအနက်မှ စမူရိုင်း (ခ) ဝင်းနိုင်တို့အား မျက်မြင်သက်သေအနေဖြင့် စစ်ဆေးသည်။

"ကိုမောင်ကြီး သိသလောက် ပြောပြပါဦး"

"ဟုတ်ကဲ့ ဆရာ၊ ကျော်စိုးမိုးက သူ့စက်လှေ စက်ပျက်သွားလို့ သူ့ခရီးသည် ခုနစ်ယောက်ကို ကျွန်တော့်စက်လှေကို ပြောင်းပေးခဲ့ပါတယ်"

"ပြောင်းစီးတဲ့ ခရီးသည်ထဲမှာ ဂျမ်းဘုံ (ခ) မိဂျမ်း မပါဘူးလား"

"အစကတော့ ပြောင်းမလို့ပြင်ဆင်ပြီးမှ ပြောင်းမစီးဘဲ ကျန်ရစ်ခဲ့ပါတယ်ဆရာ"

"စက်လှေ စက်ပျက်သွားရင် ခင်ဗျားတို့ ကိုယ့်ဘာသာကိုယ် ပြင်ကြသလား"

www.burmeseclassic.com

www.burmeseclassic.com



"စက်လှေသမားတိုင်းလိုလို ကိုယ့်ဘာသာကိုယ် ပြင်တတ်ကြပါတယ်။ သိပ် မခက်ပါဘူး ဆရာ။ ဆီပျောက် မီးပျောက်လောက်ပဲ ရှိပါတယ်။ အင်ဂျင်ကိုင်ရင်တော့ စက်ဆရာခေါ်ပြီး အတူတူ လုပ်ကြပါတယ်ဆရာ"

"ကျော်စိုးမိုးကော စက်ပြင်တတ်သလား"

"ဒီကောင်က ကျွန်တော်တို့ထက်တောင် စက်ပြင် ပိုပြီး ကျွမ်းကျင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ကိုမောင်ကြီး"

ဒုရဲအုပ် ကျော်စိန်လင်းသည် အခင်းဖြစ်ချိန်က မျက်မြင်ကိုယ်တွေ့များ ဖြစ်ကြသော မောင်ကြီး၊ စမ္ပရိုင်း (ခ) ဝင်းနိုင်တို့၏ တစ်ထေရာတည်း ထွက်ဆိုချက်များကို စစ်ဆေးရယူခဲ့လေသည်။

ဒုရဲအုပ် ကျော်စိန်လင်းသည် တရားလိုဘက် တစ်ခြမ်းစစ်ဆေးပြီးဖြစ်သောကြောင့် တရားခံဘက် တစ်ခြမ်းကို ဆက်လက်စစ်ဆေးရလေသည်။

"ကဲ ကျော်စိုးမိုး၊ မင်းရဲ့ အဲဒီနေ့ညက ကာမဘီလူးစီးဝင်မှုအကြောင်းလေးတွေကို ပြောစမ်းပါဦး"

"ကျွန်တော် အဲဒီနေ့ညက စက်လှေ စက်ပျက်နေတဲ့အတွက် စက်ပြင်ဆင်ဖို့ စိတ်အားရုံပဲ ရှိပါတယ်ဆရာ။ [illegible]နဲ့က လည်း အတော်ဝေးနေတဲ့အတွက် အမြန်ဆုံး စ[illegible]နိုးအောင် ပြင်နေရပါတယ်ဆရာ"

"ဂျမ်းဘုံက မင်းကို ဘာမှ ကူညီလုပ်ကိုင်မပေးဘူးလား"

www.burmeseclassic.com



"စက်ဆီပေမှာစိုးလို့ဆိုပြီး အနားတောင် မလာပါဘူး ဆရာ"

"မင်းရဲ့စက်လှေ ပြင်ဆင်နေချိန်မှာ တခြားစက်လှေတွေ ဖြတ်သွားဖြတ်လာ ရှိသလား"

"ရှိပါတယ် ဆရာ၊ ကံကုန်း၊ ရေလဲလေး၊ ရေလဲကြီး၊ မအူကုန်းရွာက စက်လှေတွေ ဖြတ်သွားဖြတ်လာ ရှိကြပါတယ်"

"မောင်ရင် စက်လှေပြင်ပြီးလို့ စက်နိုးပြီးနောက် ရေချိုး သေးသလား"

"မချိုးပါဘူး ဆရာ၊ စက်လှေနိုးတာနဲ့ ကျွန်တော် ရွာကို ပြန်လာပါတယ်။ မဂျမ်းလည်း သူ့အိမ်သူ ပြန်သွားပါတယ် ဆရာ။ အိမ်ရောက်မှ ပေကျံနေတဲ့ စက်ဆီတွေဆေးကြောပြီး ရေချိုးပါတယ် ဆရာ"

ဒုရဲအုပ် ကျော်စိန်လင်းသည် တရားလိုဘက်၊ တရားခံဘက် နှစ်ဖက်တို့အား စစ်ဆေးခဲ့ပြီးနောက် အခင်းဖြစ်နေရာသို့ သွားကာ အခင်းဖြစ်ပွားသည့်နေရာကို မြေပုံကြမ်း ရေးဆွဲသည်။ အခင်းဖြစ်ချိန် လွန်ခဲ့သော (၂၆) ရက်နေ့က ကျော်စိုးမိုး ဝတ်ဆင်ခဲ့သော ပုဆိုး၊ အင်္ကျီ၊ ဂျမ်းဘုံ (ခ) မိဂျမ်း ဝတ်သော ထဘီ၊ အင်္ကျီအတွင်းခံတို့ကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းသည်။ ကျော်စိုးမိုး အသက် (၁၇) နှစ်ဖြစ်ကြောင်း၊ မွေးစာရင်း၊ ကျောင်းထောက်ခံစာတို့ကို သက်သေခံအဖြစ် ရယူသည့်အမှု တစ်ခုလုံး တည်ဆောက်ခဲ့ပြီးဖြစ်သည်။ မြို့နယ် ဥပဒေအရာရှိ ထံ ဥပဒေထင်မြင်ချက်၊ အကြံပြုချက် ရယူရန် တင်ပို့ရလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့နယ် ဥပဒေအရာရှိမှတစ်ဆင့် ခရိုင်ဥပဒေရုံးမှ တရားခံ ကျော်စိုးမိုးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ မုဒိမ်းမှုဖြင့် စီရင်ပိုင်ခွင့်ရှိသော ခရိုင်တရားရုံးသို့ တရားစွဲဆိုရန် ဥပဒေအကြံပြုချက် ပြန်ကြားလာသည်။

ဒုရဲအုပ် ကျော်စိန်လင်းသည် တရားခံ ကျော်စိုးမိုးအား အချုပ်ဖြင့် တရားစွဲဆိုတင်ပို့မည့် အမှုအမျိုးအစား ဖြစ်သောကြောင့် အချုပ်ဖြင့် မအူပင်မြို့ ခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့သည်။

(၃)

ခရိုင် တရားရုံးတော်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ ပြစ်မှုကြီးအမှတ် ၀၀၇/၂၀၀၉ ဖြင့် လက်ခံသည်။ ပုဒ်မမှာ အာမခံ မပေးနိုင်သော ပုဒ်မဖြစ်သောကြောင့် တရားခံ ကျော်စိုးမိုးမှာ အချုပ်ဖြင့် အမှုကို ရင်ဆိုင်ခဲ့ရလေသည်။

မျက်စိတစ်ဖက် မမြင်၊ ကျန် မျက်စိတစ်လုံးမှာလည်း မှုန်ဝါးဝါးသာ မြင်သောကြောင့် တောင်ဝှေးကို အဖော်ပြုပြီး သားဖြစ်သူအား အမှုစွဲတင်ဆည့်နေ့တွင် ဒေါ်ဘွားစိန် ကြိုးစားပြီး လာရောက်ခဲ့သည်။ မိခင်ကြီး ဒေါ်ဘွားစိန်မှာ သားဖြစ်သူ အချုပ်ဖြင့် အချုပ်ထောင်သို့ ပါသွားရသောကြောင့် ရင်ဘတ်စည်တီးပြီး ငိုပွဲဆင်ရတော့သည်။

"အဖြစ်ဆိုးလှချည်ရဲ့လား သားလေးရဲ့၊ ဒီဘဝ ဒီမျှသာ ဖြစ်ပါစေ။ သူတော်ကောင်း နတ်ကောင်းမပါစေ သားလေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အမေ ပြန်တော့၊ အမေ ပြန်တော့။ သားကို ဘာမှ မပူနဲ့၊ အမေ ကျန်းမာအောင်သာ နေပါ့ အမေ"

အမေနှင့် သားတို့ မျက်ရည်စက်လက်ဖြင့် အပြန်အလှန် ပြောကြ၊ ငိုကြရင်းဖြင့်ပင် ကျော်စိုးမိုးအား သယ်ဆောင်သွားသော အချုပ်ကားသည် အချုပ်ထောင်သို့ ခေါ်ဆောင်သွားလေသည်။

လောဘ၊ ဒေါသ၊ မောဟတရားတို့ဖြင့် လူ့ပြည်မှာ အမှုပွေကြသော တရားလို ဂျမ်းဘုံ (ခ) မိဂျမ်း (ခ) ဂျူးဂျူးနှင့် တရားခံ ကျော်စိုးမိုးတို့၏ အမှုကို (၁၀)လ ခန့်တိုင်တိုင် တရားလိုနှင့် တရားလိုပြ သက်သေများ၊ တရားခံနှင့် တရားခံပြ သက်သေတို့အား စစ်ဆေးကြားနာခဲ့သည်။

တရားလို၏ အကျိုးဆောင်၊ တရားခံ အကျိုးဆောင် နှစ်ဖက်အကျိုးဆောင်တို့ကလည်း နှစ်ဖက်လျှောက်လဲချက်များ ပေးခဲ့ကြပြီး ဖြစ်သည်။ တရားရုံးတော်က အပြီးသတ် အမိန့်ချမှတ်ရန် ရုံးချိန်းပေးခဲ့သည်။ အမိန့်ချရန် ချိန်းဆိုသော ပထမ ရုံးချိန်းတွင် ခရိုင်အစည်းအဝေး ရှိသောကြောင့် အမိန့်မချဖြစ်။ ဤရုံးချိန်းတွင်မူကား အမိန့်ချဖြစ်တော့မှာ သေချာသောကြောင့် ကံကုန်းရွာ၊ ရေလဲလေးရွာတို့မှ နှစ်ဖက်ဆွေမျိုးများလည်း အမိန့်နားထောင်ရန် ရောက်ရှိနေကြသည်။

တရားခွင်စာရေးက အမှုတွဲ ခေါ်သည်။

တရားခံ ကျော်စိုးမိုး အချုပ်ဖြင့် ရုံးရှေ့ရောက်ရှိ၊ နှစ်ဖက် အကျိုးဆောင်နှင့် ဆွေမျိုးများ မျှော်။ တရားသူကြီး တရားခွင်သို့ တက်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



## အမိန့်

အမှုတစ်ခုလုံးကို ခြုံငုံသုံးသပ်ရာတွင် တရားခံနှင့် တရားလိုတို့ နှစ်ဦးတည်း အခင်းဖြစ်ချိန်က အခင်းဖြစ်နေရာတွင် ရှိခဲ့ကြသည်ဆိုသော အချက်မှာ နှစ်ဖက် အငြင်းမပွားပေ။ တရားခံက တရားလိုအား ဘယ်သူ့မှ မပြောနဲ့၊ ငွေ (၂) သိန်းခွဲ ပေးမယ်ဆိုသောကြောင့် တရားစွဲဆိုရန် (၂၆) ရက် ကြန့်ကြာခဲ့ကြောင်းကို ယုတ္တိမတန်ဟု မဆိုသာချေ။ တရားခံက သူ၏ စက်လှေပျက်သောကြောင့် မောင်ကြီး၏ စက်လှေပေါ်သို့ ပြောင်းပေးချိန်တွင် တရားလိုအား လိုက်သွားရန် မပြောဆို၊ မတိုက်တွန်းဘဲ လက်ခံထားခြင်းသည် တရားလိုနှင့် တရားခံတို့အကြား သဘောတူ လက်ခံသည့် လက္ခဏာရှိသည်ဟု ယူဆရမှာ ဖြစ်ပေသည်။

တရားရုံးချုပ် တရားစီရင်ထုံးတွင် "အခင်းဖြစ်ချိန်က တရားခံက သေသူမိန်းကလေးအား မုဒိမ်းကျင့်ပြီး ရိုက်သတ်ကြောင်း မျက်မြင်သက်သေ မရှိစေကာမူ အခင်းမဖြစ်ပွားမီက တရားခံနှင့် သေသူ မိန်းကလေးတို့ကို အတူမြင်တွေ့ရကြောင်း ပေါ်ပေါက်သည်။ တရားခံကလည်း သေသူဟာ ဘာကြောင့်လဲ မသိဘူး၊ ချုံပုတ်ထဲတွင် လဲနေသည်ဟု တရားခံကိုယ်တိုင် ရွာထဲ ပြန်ရောက်ချိန်မှ ပြောခဲ့သည်။ အခင်းဖြစ်ချိန်က အခင်းဖြစ်နေရာတွင် တရားခံနှင့် သေသူတို့သာ ရှိကြောင်း ပေါ်လွင်သည်။ ထို့ကြောင့် တရားခံအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ သေဒဏ် ပေးခဲ့ခြင်းမှာ မှားသည်ဟု မဆိုသာပေ။

www.burmeseclassic.com



စီရင်ထုံး ၂၀၀၆ ခုနှစ် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု အမှတ် (၆)

တရားခံမှာ အသက် (၁၇) နှစ်သား ရှိသေးကြောင်း မွေးစာရင်း၊ ကျောင်းထောက်ခံစာတို့အရ ပေါ်လွင်သောကြောင့် ကလေးသူငယ်ဥပဒေပါ အခွင့်အရေးကို ခံစားခွင့်ရှိသူ ဖြစ်သည်။

ထို့ကြောင့် ကျော်စိုးမိုးသည် ပြစ်မှုပုဒ်မ ၃၇၆ မုဒိမ်းမှုကို ကျူးလွန်ကြောင်း ပေါ်ပေါက်သည်ဟု ကျွန်ုပ် ယုံကြည်သောကြောင့် တစ်သက်တစ်ကျွန်းဒဏ်၊ ပြစ်ဒဏ်၏ တစ်ဝက်တိတိကို ကျခံစေရန် အမိန့်ချမှတ်သည်။

အမိန့်အဆုံးတွင် မျက်မမြင် မိခင်အိုကြီး ဒေါ်ဘွားစိန်မှာ နှလုံးသွေး ရပ်တန့်သွားပြီး မူးလဲသွားသည်။ ဆွေမျိုးများမှာလည်း ငိုကြွေးကြသည်မှာ သုသာန်တစ သချိုင်းတွင်လား ထင်ရသည်။ မျက်ရည်များမှာလည်း ချောင်းပေါက်မတတ်ဟု ဆိုချင်သည်။ ဒေါ်ဘွားစိန်အား မြို့နယ်ဆေးရုံသို့ ပို့ပေးကြရပါတော့သည်။

**မှတ်ချက်။** ဖြစ်ရပ်မှန်မှုခင်းကို နာမည်ဒေသများ ပြောင်းလွဲ ရေးသားထားပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com



# ဆယ်သိန်းကိုတစ်သိန်းဖြင့်ဝယ်သူ

www.burmeseclassic.com

www.burmeseclassic.com

# ဆယ်သိန်းကို တစ်သိန်းဖြင့် ဝယ်သူ

(၁)

"ဒီကောင်မက ဘယ်လောက်ချမ်းသာလို့ ငါ့မောင် ဆယ်သိန်းကို တစ်သိန်းနဲ့ ဝယ်ရတာလဲ။ ဒါ မရိုးသားဘူး။ ဒီကောင်မ မိန်းမလည်၊ သိန်းကြွယ်၊ ငါ့မောင်ကို လင်ကောင်ဖမ်းတာပဲ ဖြစ်ရမယ်။ ငါ မကျေနပ်ဘူး။ လုံးဝ မကျေနပ်ဘူး။ ငါနဲ့ တွေ့မယ်"

ဒေါ်သိန်းသိန်းသည် နတ်မောက်မြို့နယ်၊ ဝက်ချုပ်ရွာမှ ရန်ကုန်သို့ ရောက်ရှိလာပြီး လှိုင်သာယာမြို့နယ် မီးခွက်ဈေးတွင် ကုန်မျိုးစုံဆိုင်ကြီးဖြင့် ကြီးပွားချမ်းသာနေသူ ဖြစ်သည်။ ရန်ကုန်ရောက် ဝက်ချုပ်ရွာသားတို့၏ မျက်နှာဖုံး ဖြစ်သည်။

ကိုဆယ်သိန်းကလည်း သူ့မိဘ ဦးစိမ့်၊ ဒေါ်မြမြတို့မှ ဆယ်ယောက်မြောက် ပွဲသိမ်းမွေးဖွားသောကြောင့် မောင်ဆယ်သိန်းဟု နာမည်တွင်လာသော ကိုကံကောင်း ဖြစ်ပေသည်

www.burmeseclassic.com

www.burmeseclassic.com



ဝက်ချုပ်ရှာက ရန်ကုန်ရောက် ဝက်ချုပ်သားများအနက် ချမ်းသာနေသူတစ်ဦး ဖြစ်ပေသည်။

ဝက်ချုပ်ရှာသူ မဲမြဂျမ်းဆိုသူမှာလည်း ခေသူမဟုတ်။ သူဌေးအိမ်တွင် အိမ်ဖော်အလုပ် စတင်လုပ်ကိုင်ရာမှ ဇနီးမယားဖြစ်လာပြီး အိမ်တစ်ဆောင် မီးတစ်ပြောင်ဖြင့် လူတန်းစေ့ နေထိုင်လာခဲ့သူ ဖြစ်သည်။ သူ့သူဌေး မသေမီ အရင်းအနှီးပေးခဲ့သောကြောင့် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့တွင် တင့်တောင်းတင့်တယ် နေထိုင်လျက်ရှိသည်။ အသက် (၃၀) ကျော်ဖြစ်သော်လည်း အသားဖြူပြီး ခါး၊ ရင်၊ တင်တို့ဖြင့် အချိုးအဆစ်ကျလှသူလေးဖြစ်၍ အစ်ကိုလေး၊ အစ်ကိုကြီး၊ အန်ကယ်ကြီးတို့ မျက်စိကျရသူလေး ဖြစ်သည်။

ဒေါ်သိန်းသိန်းသည် သူ့မောင် ဆယ်သိန်းနှင့် မြဂျမ်းတို့ ပတ်သက်နေပြီ၊ ငြိစွန်းနေပြီ၊ မြဂျမ်းက ဆယ်သိန်းကို တစ်သိန်းဖြင့် ဝယ်လိုက်ပြီဆိုသည့် သတင်းစကား ကြားသည့်အချိန်ကစပြီး ပါးနားရိုက်ပြီး ဆုံးမရန် ပရာဒိုကားတစ်စီးဖြင့် ချောင်းမြောင်းနေသူ ဖြစ်သည်။

အချိန်ကား နံနက် (၉) နာရီခန့်၊ နေရာကား သာကေတမြို့၊ မြဂျမ်းနေအိမ်ရှေ့တွင် ဖြစ်သည်။ ဈေးဝယ်ပြီး ပြန်လာသော မြဂျမ်းအား . . .

"ဟဲ့ ကောင်မ၊ နင် ငါ့မောင်ကို လင်ကောင်ဖမ်းထားတယ်ဆို။ နင်နဲ့ တန်သလား၊ ရာသလား။ ငါ့မောင်က သိန်းထောင်နဲ့ချီပြီး ချမ်းသာလို့ နင်က လင်ကောင်ဖမ်းပြီး အပိုင်ကြံတာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း...ဖြန်း"

"ရိုက်ပါ ဒွေးလေးသိန်း၊ ရိုက်ပါ။ အမှန်တရားကို သိရင် ဒွေးလေးသိန်း မြဂျမ်းကို ခွင့်လွှတ်သွားမှာပါ။ နားလည်သွားမှာပါ။ မြဂျမ်း ကျေနပ်ပါတယ်။ ဒွေးလေး ထပ်ရိုက်ပါဦး"

ဒေါ်သိန်းသိန်းက လောဘ၊ ဒေါသ၊ မောဟတွေ ဖုံးလွှမ်းပြီး မြဂျမ်းကို ပါးနားရိုက်သည်။ မြဂျမ်းက အမှန်တရားကို သိသွားလျှင် ကျေနပ်ဖို့ အသနားခံပြီး အရိုက်ခံသည်။

ဒေါ်သိန်းသိန်းသည် ဒေါသအရှိန် မပြေသေး။ သူ့မောင် ဆယ်သိန်းဆီသွားပြီး ပိုးစိုးပက်စက် ပြောဆိုဆုံးမရန် ထွက်သွားလေသည်။

"တီ တီ"

"ဩော် အစ်မပါလား၊ ထိုင်လေ အစ်မ"

"မထိုင်ဘူး၊ ထိုင်ဖို့လာတာ မဟုတ်ဘူး။ မင်း မြဂျမ်းနဲ့ ပတ်သက်နေတယ်ဆို...ဒီကောင်မအကြောင်း မင်း မသိဘူးလား။ နဖူးမောက်၊ နှာရောင်ကောက်၊ ဖနောင့်တို၊ အသားက နီစပ်စပ်၊ ဟတ္ထနီမ မိန်းမယုတ်၊ မင်းဘဝ ပျက်သွားမယ်။ မင်း စည်းစိမ် ကုန်သွားမယ်။ မင်းဦးနှောက်နဲ့ စဉ်းစား၊ ဒါပဲ ငါ သွားမယ်"

ဒေါ်သိန်းသိန်းသည် ပြောပြောဆိုဆိုဖြင့် အလုံမြို့နယ်၊ ရေဝတီလမ်းရှိ ဆယ်သိန်း၏နေအိမ်မှ ပြောပြောဆိုဆို ပြန်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

'မြွေပူရာ ကင်းမှောင့်'၊ 'တစ်ပူပေါ် နှစ်ပူဆင့်' ခံစားနေရသော မြဂျမ်းသည် သောကမီး တဟုန်းဟုန်း တောက်လောင်ခံနေရသော အပူဒဏ်ကို မခံစားနိုင် ဖြစ်နေရလေသည်။

မြဂျမ်းသည် အေးရာအေးကြောင်း နည်းလမ်းကောင်းများ ရရှိစေရန်အတွက် ဝက်ချုပ်ရွာသား၊ တောင်ဥက္ကလာပမြို့၊ ------ရှိ ------ ကျောင်းဆရာတော် ဦးဓေတိကထံသို့ သွားရောက်ပြီး အကူအညီ တောင်းရလေသည်။ ဆရာတော်က ဩဝါဒပေးရလေသည်။

"အပူရှိရင် အအေးရှိတယ်တဲ့ဟ"

"ရှုပ်နေရင် ရှင်းပစ်လိုက်"

"ဝဋ်ရှိရင်တော့ ခံရမှာပဲ၊ ဝတ်မှာအမြဲ ငရဲမှာ အမြဲတဲ့"

တစ်ရွာတည်းသား ဘဘုန်း ဦးဓေတိကက တစ်ရွာတည်းသူ မြဂျမ်း၊ မြေးတော်စပ်သူအား တရားသဘောနှင့် ဆုံးမလေသည်။

"ကဲ ဒီလိုလုပ်။ နင့်အပေါ် အထင်မှားနေတဲ့ သိန်းသိန်းကိုတော့ ငါသွားပြီး အကျိုးအကြောင်း ရှင်းပြမယ်၊ ငါတာဝန်ထားလိုက်"

"နင့်အမှုကိစ္စကိုတော့ ငါတို့ဝက်ချုပ်ရွာသား စိန်ဘသားသား အကျိုးဆောင် ဦးစိန်လင်း (နတ်မောက်) ၃၅ လမ်းသွားပြီး သူတို့ရှေ့နေအဖွဲ့နှင့် တိုင်ပင်ပြီး ရင်ဆိုင်ပေါ့ ငါမြေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးအမှု ရှာပတ်လို့သာ စကားပုံရှိသည်။ ယခုတော့ ရွာအမှု ဘုန်းကြီးပတ် ဖြစ်လာသော လူမှုဒုက္ခပြဿနာကို အေး ရာအေးကြောင်း လမ်းပြရလေသည်။

မမြဂျမ်းသည် မိမိ၏အမှုကိစ္စအတွက် အကျိုးဆောင် ငှားရန် ၃၅ လမ်းရှိ စိန်ဘရားသား အကျိုးဆောင်အဖွဲ့ကို စုံ စမ်း ရှာဖွေရသည်။

"ဒါ စိန်ဘရားသား အကျိုးဆောင်အဖွဲ့ပါလားရှင်"

"ဟုတ်ပါတယ်ခင်ဗျား၊ ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

"ကျွန်မ ဦးစိန်လင်း (နတ်မောက်) နဲ့ တွေ့ချင်လို့ပါရှင်"

"ဟုတ်ကဲ့ ခဏထိုင်ပါ"

"ဆိုဗျာ၊ ကျွန်တော် ဦးစိန်လင်း (နတ်မောက်) ပါ"

"ဟုတ်ကဲ့ဆရာ၊ ကျွန်မ မမြဂျမ်းပါ။ ဝက်ချုပ်သူပါ။ ----- ဆရာတော်က လွှတ်လိုက်လို့ပါ။ ရှေ့နေလည်း ငှားဖို့ ပါ"

"ဟုတ်ပြီ၊ အမှုကိစ္စအဖြစ်အပျက်ကို ပြောပါ။ အမှန်ကို အမှန်အတိုင်း ပြောပါ။ ထိန်ချန်ကွယ်ဝှက် မထားပါနဲ့။ ဒါမှ ထွက်ပေါက်ရှာလို့ရမယ် မဟုတ်လား"

"ဟုတ်ကဲ့ဆရာ၊ ကျွန်မ အမှန်အတိုင်း ပြောပါ့မယ်"

"ကျွန်မ အရောင်းအဝယ်ကိစ္စနဲ့ မြဝတီမြို့ကို သွားပါ တယ်။ တစ်ထောင်တန်ငွေစက္ကူအတုကို ပြပါတယ်။ အစစ်နဲ့ ခွဲခြားလို့မရအောင် တူပါတယ် ဆရာ။ ဒါ့ကြောင့် တစ်ထောင် တန်အစစ် တစ်သိန်းနဲ့ တစ်ထောင်တန်ငွေစက္ကူအတု ဆယ် သိန်းကို ဝယ်ခဲ့ပါတယ် ဆရာ..."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီငွေစက္ကူအတု တစ်ထောင်တန် တစ်ရွက်နဲ့ ဈေးဝယ်ပါတယ်။ ဝယ်တဲ့အခါမှာ ငွေ ၂၀၀ ဖိုးဝယ်တယ်။ ငွေ ၈၀၀/ ပြန်ရတယ်။ အဲဒီလိုနဲ့ ငွေအတုမှ ငွေအစစ်ရအောင်လည်း လုပ်ပါတယ်ဆရာ..."

"ဒါ့အပြင် ကျွန်မတို့ သာကေတမြို့က စတိုးဆိုင်တို့၊ ကုန်မျိုးစုံဆိုင်တို့မှာလည်း ပစ္စည်းတွေ ဝယ်ပါတယ် ဆရာ..."

"တစ်နေ့မှာတော့ ကုန်မျိုးစုံဆိုင်မှာ ကျွန်မ ထပ်ပြီး ဈေးဝယ်တဲ့အချိန်မှာ ရဲကိုစောင့်ပြီး ဖမ်းခိုင်းတဲ့အတွက် ဖမ်းမိသွားခဲ့ရပါတယ်။ ကျွန်မလည်း အမှန်ကို အမှန်အတိုင်း အစစ်ခံခဲ့ပါတယ်။ ကျွန်မအပေါ် ရဲစခန်း (ပ) ၀၀၇/၂၀၁၀ ပုဒ်မ ၄၈၉ (ခ)/ ၄၈၉ (ဂ) နဲ့ အမှုဖွင့်ထားပါတယ်ဆရာ။ ဒါ့ကြောင့် ဒီအမှုကို ဆရာတို့ ဆောင်ရွက်ပေးဖို့ ကျွန်မ အပ်ပါတယ် ဆရာ"

"အေးကွယ် တစ်ရွာတည်းသားတွေလည်း ဖြစ်တယ်၊ -----ကျောင်းဆရာတော်ရဲ့ တာဝန်ပေးချက်လည်း ရှိတယ်ဆိုတော့ အတတ်နိုင်ဆုံး ကြိုးစားပေးပါ့မယ်။ ဒါပေမဲ့ ပုဒ်မကကြီးတယ်။ ပြစ်ဒဏ်တွေ များတယ်ကွ။ ထောင်ဒဏ် (၇) နှစ် (ဒါမှမဟုတ်) (၁၀) နှစ်ထောင် ချမှတ်နိုင်တယ်လို့ ဥပဒေကပြဋ္ဌာန်းထားတယ်။ ဒါပေမဲ့ စိတ်မပူပါနဲ့၊ လက်ရင်းလက်ဖျားဆိုတာတွေ ရှိပါတယ်။ မမြဂျမ်းက ဒီငွေအတုတွေကို ကိုယ်တိုင်လုပ်သူမှ မဟုတ်ဘဲ ရောင်းကုန်ဝယ်ကုန်ပစ္စည်းလို သဘောထားပြီး ဆယ်သိန်းကို တစ်သိန်းနဲ့ဝယ်ပြီး ပြန်သုံးတဲ့ အပြစ်ကတော့ ရှိတယ်ပေါ့"

www.burmeseclassic.com



စိန်ဘရားသား အကျိုးဆောင်အဖွဲ့မှ ရှေ့နေကြီးများက ပိုင်းဝန်း အားပေးစကားပြောကြားပြီး အမှုကို လက်ခံလိုက်လေသည်။

သာကေတမြို့နယ် ရဲစခန်းမှ မြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့သည်။ မြို့နယ်ဥပဒေအရာရှိက နိုင်ငံတော်ဘက်မှ ဆောင်ရွက်သည်။ မမြဂျမ်းအတွက် စိန်ဘရားသား အကျိုးဆောင်အဖွဲ့ ရှေ့နေကြီးများက ဆောင်ရွက်သည်။

မြို့နယ်တရားရုံးတော်မှ တရားလိုဘက် တရားလိုပြသက်သေများနှင့် တရားခံ မမြဂျမ်းဘက် တရားခံပြသက်သေများကို စစ်ဆေးကြားနာသည်။ အမှုကို ပြီးပြတ်အောင် စစ်ဆေးကြားနာခဲ့ပြီးဖြစ်သဖြင့် အမိန့်ချမှတ်ရန် ချိန်းဆိုသည်။

ဤနေ့သည် မမြဂျမ်းအမှု အမိန့်ချမှတ်ရန် ချိန်းဆိုထားသော နေ့ဖြစ်သည်။ မမြဂျမ်း၏အဒေါ်၊ ဝက်ချုပ် ရွာသူရွာသားများ၊ မိတ်ဆွေများနှင့် ကိုဆယ်သိန်းတို့ ရောက်ရှိနေကြသည်။

တရားသူကြီး တရားခွင်သို့ တက်ရောက်လာသည်။

အမှုသည်များ အကျိုးဆောင်များ အရိုအသေ ပြုကြသည်။

**အမိန့်**

"မမြဂျမ်းသည် ငွေစက္ကူအတု လက်ဝယ်တွေ့ရှိခြင်း၊ ငွေစက္ကူအတုကို အတုမှန်းသိလျက် အတု ၁၀ သိန်းကို အစစ်တစ်သိန်းဖြင့် ဝယ်ယူလာခဲ့ပြီး ပြန်လှန်သုံးစွဲကြောင်းကို ခြင်းကွယ်နိုင်ခြင်း မရှိပေ။ တရားခံကလည်း ရောင်းကုန်ဝယ်ကုန် အဖြစ် သဘောမျိုးဖြင့် ဝယ်မိခြင်းသာ ဖြစ်ကြောင်း ရိုးသားစွာ ထွက်ဆိုသည်။ သို့ရာတွင် (ဥပဒေကို မသိနားမလည်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျူးလွန်ခြင်းဖြစ်ပါသည်ဆိုသည့် အချက်ကို ဥပဒေက ခွင့်မလွှတ်ပါ) သို့ရာတွင် တရားခံသည် မိန်းကလေးတစ်ဦး ဖြစ်ပြီး ရွာမှာနေသော မုဆိုးမ မိခင်ကြီးကို လုပ်ကိုင်ကျွေးမွေး နေသူ မိန်းကလေးဖြစ်ကြောင်းလည်း ပေါ်ပေါက်သည်။ ထို့ ကြောင့် တရားခံ မမြဂျမ်းအား ပြစ်မှုပုဒ်မ ၄၈၉ (ဂ) အရ ထောင်ဒဏ် (၃)နှစ် ကျခံစေ"

စီရင်ချက်အမိန့်၏အဆုံးတွင် မမြဂျမ်းသည် စိတ်ဖိစီးမှု လွန်ကဲပြီး မူးမေ့သွားသည်။ ရဲမေများ၊ ဆွေမျိုးများက ယပ် ခတ်သူက ခတ်၊ ရှူဆေးပေးသူက ပေးဖြင့် သတိပြန်ရလာသည်။

"ဖြစ်သမျှအကြောင်း အကောင်းချည်းပေါ့ တူမလေးရယ်"

အတူနေ အဒေါ်ဖြစ်သူ ဒေါ်နုကလည်း ချုံးပွဲချပြီး ငိုချ လိုက်ရာ လာရောက်သူများ မျက်ရည်စက်လက် အငိုခက် ဖြစ် ကြရလေသည်။

"မြဂျမ်း နင် ဘာမှမပူပါနဲ့၊ ရွာက နင့်အမေကိုလည်း ငါ ထောက်ပံ့ပေးမယ်။ နင့်အတွက်လည်း စားဖို့သောက်ဖို့ ငါ ပို့ပေးမယ်။ ငါ တာဝန်ယူတယ်။ ငါ့အဒေါ် ဒွေးလေးသိန်း က သူ့ကို ခွင့်လွှတ်ပါလို့ ငါ့ကို တောင်းပန်ခိုင်းပါတယ်။ နင် ဗွေမယူပါနဲ့"

"ရပါတယ် အစ်ကိုရယ်၊ ဝဋ်ရှိလို့ ခံရတယ်လို့ မြဂျမ်း အောက်မေ့ပါတယ်"

ကိုဆယ်သိန်း၏ တာဝန်ယူမှုတို့ကြောင့် မြဂျမ်းမှာ စိတ် သက်သာမှု၊ အားကိုးရမှုပီတိကို ခံစားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မမြဂျမ်းသည် လာရောက်တွေ့ဆုံကြသော ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟတို့အား လက်အုပ်ချီလျက် အင်းစိန်ထောင်ကြီးသို့ ခေါ်ဆောင်သွားမည့် အပြာရောင်ကားကြီးပေါ်သို့ မျက်ရည်စလေးများကို အဖော်ပြုလျက် တက်သွားရရှာလေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မေသူ ချစ်လို့ မိုက်ခဲ့တာ

## (၁)

နေရာကား သခင်မြပန်းခြံရှေ့၊ ရန်ကုန်မြောက်ပိုင်းခရိုင် (ခယက)မှ ကြီးမှူးသော ခရီးတိုကားဂိတ်၊ ဆကာကြီးဂိတ်။

အချိန်ကား နေ့လယ် ၁ နာရီ။

ဆကာကြီးသို့ နေ့စဉ် ပြေးဆွဲခဲ့သော ကားနှစ်စီးအနက်မှ နေ့လယ် (၁) နာရီထွက်မည့် ဘောဂဝင်း ကားကြီးဆီသို့ ခရီးသည်များ အလျှိုအလျှို ရောက်ရှိလာကြသည်။ ထိုနေ့သည် ဆကာကြီးသား စာရေးဆရာ ချစ်ကိုကိုယု ဆိုသော (နှလုံးလှလှူမိုက်) ဝတ္ထုဖြင့် နိုင်ငံကျော်ကြား လူသိများသော ရှေ့နေကြီး၏ ရှင်ပြု အလှူမင်္ဂလာပွဲနေ့လည်း ဖြစ်သည်။ နောက်နေ့တွင် နိုင်ငံကျော် စာရေးဆရာကြီးများက စာပေဟောပြောပွဲ ကျင်းပမှာ ဖြစ်သောကြောင့် စာရေးဆရာကြီးများ ရောက်ရှိလာကြသည်။ နယ်လေး ရပ်မှ ဆိုင်းနားထောင်ရန်၊ စာပေဗဟုသုတ နာယူရန် သိမ့်သိမ့် တုန် စည်ကားမည့် အလှူပွဲကြီးကို ကျင်းပသားမာ

www.burmeseclassic.com



ဖြစ်သည်။ ထို့ကြောင့်လည်း ရန်ကုန်မြို့ရောက် ဆကာကြီးသား၊ ဆကာကြီး သူတို့ဆကာကြီးကားဂိတ်သို့ တဖွဲဖွဲ ရောက်ရှိလာကြခြင်း ဖြစ်သည်။

ကျော်ဝင်းမောင်၏ထိုင်ခုံဘေးတွင် အမျိုးသမီး ခပ်ငယ်ငယ် သန့်သန့်၊ ခပ်ချောချောတစ်ဦး။ သူမ၏ ခုံနံပါတ်ကို ကြည့်ပြီး နေရာယူရန် ကြည့်နေသည်။

"ကျွန်တော့် ထိုင်ခုံနံပါတ်က (၉) ပါ"

"ကျွန်မ ထိုင်ခုံနံပါတ်က (၁၀) ပါ"

"ညီမ ဒီအစွန်ဘက်ထိုင်ခုံမှာ ထိုင်ချင်ရင်လည်း ထိုင်ပါနော်"

"ကျေးဇူးတင်ပါတယ်ရှင့်၊ ကျွန်မ ဒီမှာပဲ ထိုင်ပါ့မယ်"

ကျော်ဝင်းမောင်သည် ခရီးသည်ချင်းတူပေမယ့် မိန်းကလေးမို့ ဦးစားပေးလိုက်လျော နှုတ်ခွန်းဆက်လိုက်ခြင်း ဖြစ်ပေသည်။

ဆကာကြီးသို့ နေ့စဉ်ပြေးဆွဲသော ဘောဂဝင်းအမှတ် (၁)၊ အမှတ် (၂) ကားကြီးများသည် မိမိတို့ခရီးစဉ်အတိုင်း ရန်ကုန်မြို့တွင်းမှ တိုက်ကြီးဘက်သို့ အရှိန်မြှင့်ပြီး မောင်းနှင်ထွက်ခွာလာခဲ့သည်။ ရန်ကုန်၊ ပြည်လမ်းမကြီး၏ နိုင်လွန်ကတ္တရာလမ်းမကြီးပေါ်တွင် ခရီးသည်များ ငြိမ်သက်တိတ်ဆိတ်စွာ စီးနင်းလိုက်ပါလာကြရာမှ မိတ်ဆွေသဟာယစကားများ၊ အာလာပ သလ္လာပစကားများ ပြောဆိုလာခဲ့ကြလေသည်။

"ညီမက ဆကာကြီးကို အလည်သွားတာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ရှင့်၊ စာရေးဆရာ ချစ်ကိုကိုယု၊ ဒေါ်သန်းလှိုင်တို့ မိသားစုအလှူပွဲကို လာတာပါ"

"ဆက်ကာကြီးသူလား"

"ဆက်ကာကြီးရဲ့ ဟိုဘက်ကမ်း ကျုံထုံးရွာမှာမွေးပြီး ရန်ကုန်မှာ ကြီးလာတာပါ"

ကျော်ဝင်းမောင်သည် ဒီလောက် ချောမောလှပသော ကျုံထုံးရွာသူကို မိတ်ဆွေမဖွဲ့ဖြစ်ခဲ့ပါက ပုရိသတစ်ဦး၏ ညံ့ဖျင်းမှုဖြစ်သွားမှာ စိုးသောကြောင့် ထင်ပါသည်။ ကျုံထုံးသူလေးနှင့် မိတ်သဟာယ ဖွဲ့နေလေသည်။

"ကျွန်တော်လည်း ဆက်ကာကြီးမှာမွေးပြီး ရန်ကုန်မှာ လူလားမြောက်လာခဲ့တဲ့ ဆက်ကာကြီးသားပဲဗျာ"

"ဟုတ်ကဲ့ရှင့်၊ ဘဝတူ တစ်နယ်တည်းသားချင်းတွေဆိုတော့ အခုလိုတွေ့ဆုံရတာ ဂုဏ်ယူပါတယ်"

"ကျွန်တော့်အနေနဲ့လည်း အတိုင်းထက်အလွန် ဝမ်းသာဂုဏ်ယူပါတယ်ဗျာ"

ကျော်ဝင်းမောင်၏ ဝါယောသဘောဖြင့် မိတ်သဟာယပြုနေသည်ကို ငယ်ရွယ်သူများ အကဲခတ်နေကြသည်။ ကျွဲမြီးတိုနေသူများလည်း ရှိကြလေသည်။ မချွေရတရား ပွားနေကြသည်။

"ဒါ ကျွန်တော့်လိပ်စာကတ်၊ စားသောက်ဆိုင်ကလုပ်ကတစ်ဖက်၊ နှစ်လုံးသုံးလုံးအလုပ်က တစ်ဖက်ဆိုလဲလိုပေါ့"

"မသူလည်း တောင်ဥက္ကလာပ (၇)ရပ်ကွက်မှာ နေတာ

www.burmeseclassic.com



ပါ။ အမှတ် ( ) ရာဇဓိရာဇ်လမ်းမှာပါ။ မေသူလည်း နှစ်လုံးသုံးလုံး ဝါသနာပါ တယ်။ လာပြီး ကံစမ်းဦးမယ်နော်”

“လာပါဗျာ၊ အားလုံးအဆင်ပြေအောင် စိတ်ချမ်းသာအောင် ပါရမီဖြည့်ပေးပါမယ်”

ကျော်ဝင်းမောင်နှင့် မေသူတို့ ရွှေလမ်းငွေလမ်း ပွင့်သွားသော မိတ်ဆွေများ ဖြစ်သွားကြလေပြီ။

အလှူပွဲကြီးနေ့၏ ရှင်လောင်းလှည့်ပွဲကြီးတွင် အမျိုးသမီးကြီးများ၊ အမျိုးသမီးငယ်၊ အပျိုပေါက်ကလေးများ၊ မီးကောင်ပေါက်ကလေးများ အတော် စည်ကားလှသည်။ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်ကလေးများဖြင့် အလှချင်း ပြိုင်နေကြသည်။ ဆကာကြီးရွာ တောမြို့ကလေး၏ ရှင်လောင်းလှည့်ပွဲကြီးတွင် ဝတ်စားဆင်ယင်ထားကြသည်မှာ ရန်ကုန်မြို့တော်နှင့်မခြား။

ကျော်ဝင်းမောင်သည် ရှင်လောင်းလှည့် လှပျိုဖြူများကို ဓာတ်ပုံများ ရိုက်ကူးနေသည်။ သူ အဓိကရိုက်နေသူကား အလှပိုင်ရှင် မေသူ ဖြစ်သည်။ မေသူသည် အလှူ့အမကြီး ဒေါ်သန်းလှိုင်တို့ဘက်မှ ဆွေမျိုးဖြစ်သောကြောင့် ခပ်ထွားထွားကျိုင်းကျိုင်း လုံးကြီးပေါက်လှ ဖြစ်သည်။

အလှူပွဲကြီးနေ့ ညတွင် ရွာစားစိန်ပေါက်ကျော် ဆိုင်းအဖွဲ့ကလည်း အားရပါးရ ဖျော်ဖြေတင်ဆက်ခဲ့ပြီး နောက်နေ့ညနေပိုင်းတွင် ရှစ်ပါးအကွရာ စုံလင်စွာဖြင့် မိမိရင်၌ဖြစ်သောသား၊ သူ့တစ်ပါးရင်တွင်ဖြစ်သော သားတို့ကို ရှင်သာမဏေပြုပြီး သာသနာ့ဒါယကာ၊ သာသနာ့အမွေကိုလည်း ဦးတင်ယု+ဒေါ်သန်း

www.burmeseclassic.com

www.burmeseclassic.com



လှိုင်တို့ ရရှိခဲ့ပြီး ပြုပြုသမျှ အလှူဒါနများကို ရေစက်သွန်းချ အမျှဝေခဲ့ကြပြီး ဖြစ်သည်။ ညပိုင်းတွင် ရန်ကုန်မှ စာရေးဆရာကြီးများက အားရပါးရ ဟောပြောကြသည်။

ပွဲသွားကျော့ကျော့ ပွဲပြန်မော့မော့ ဆိုရိုးစကားအတိုင်း အလှူပွဲကြီးသို့ ရန်ကုန်မှ လာရောက်ကြသော ဆွေမျိုးမိတ်ဆွေများ၊ စာပေဟောပြောခဲ့ကြသော စာရေးဆရာကြီးများ အချိန်တန် အိမ်ပြန်ခဲ့ကြပေပြီ။

သုံးရက်ခန့်အကြာတွင် ဖြစ်သည်။

"ဟယ်...မေသူပါလား၊ ထိုင်ပါ...ထိုင်ပါ"

"ဘာစားမလဲ၊ ဘာသောက်မလဲ"

ကျော်ဝင်းမောင်သည် ကောင်တာမှ အပြေးအလွှားဆင်းလာပြီး မေသူအား ခရီးဦးကြိုပြုသည်။ မှီရသော မျက်နှာမျိုးဖြင့် မေသူ စားချင်တာစားနိုင်ရန် သူ့ဆိုင်ရှိ မုန့်မျိုးစုံကို ဘုန်းကြီးပွဲအလား မျက်နှာလုပ်နေသည်။

"ကဲ...အစ်ကို ဘာကူညီရမလဲ"

"အစ်ကိုက စပါးကြီးမြွေတွေလို ညို့တတ်၊ ဖမ်းစားတတ်သလားမသိဘူး။ အစ်ကို့ဆီ လာချင်စိတ်ရှိလို့ လာခဲ့တာရယ်၊ နောက်ပြီး နှစ်လုံးသုံးလုံး ကံစမ်းချင်လို့ လာခဲ့တာပါ"

"အစ်ကိုဟာ ညို့တတ်ဖမ်းစားတတ်တာတော့ မဟုတ်ပါဘူး။ အစ်ကို့ရင်ထဲ၊ နှလုံးသားထဲမှာ မေသူ ရှိနေလို့၊ အဲဒီ နှလုံးသားရစ်ပတ်မှု ဓာတ်သဘောချင်း ထိတွေ့လို့ ဖြစ်တာပါ

နောက်တစ်ခုကတော့ နှစ်လုံး ကံစမ်းမယ်ဆိုတဲ့ ကိစ္စ၊ မေသူ ကြိုက်သလိုထိုး၊ တစ်ပတ်ငါးရက်ကို ငါးထောင်၊ တစ်

www.burmeseclassic.com

www.burmeseclassic.com



သောင်းဖိုး ထိုးနိုင်တယ်။ ပေါက်တဲ့ရက်အတွက် စား၊ မပေါက်တဲ့ ရက်အတွက် ပေးလျော်။ အဲဒါ ဒီနေ့လူထိုးများတဲ့ နည်းပါပဲ"

"ဒါဆိုရင် မေသူ မနက်ဖြန်ကစပြီး တစ်ရက်တစ်ထောင်ဖိုး ထိုးမယ်။ နံပါတ်ကိုတော့ အစ်ကိုဆီ ဖုန်းနဲ့ပဲ သတင်းပေးမယ်"

ကျော်ဝင်းမောင်နှင့် မေသူတို့ အလျော်/အစား လုပ်ကြလေပြီ။ ဘယ်သူ ကစားမလဲ၊ ဘယ်သူက လျော်မလဲ စောင့်ကြည့်ရပေတော့မည်။

ပထမ (၇)ရက် တစ်ပတ်တွင် တစ်ရက် ၁၀၀၀ဝိ/နှုန်းဖြင့် မေသူ (၄) ရက်ပေါက်သည်။ အမြတ်စားရငွေ ၂၇၉၀၀ဝိ/ ဖြစ်သည်။

ဒုတိယ (၇)ရက် တစ်ပတ်တွင် မေသူ လောဘတက်လာသည်။ တစ်ရက် ငါးထောင်နှုန်းထိုးသည်။ ၅ ရက်ပေါက်သည်။ စားရငွေ ၃၇၅၀၀ဝိ/ စားရသည်။

တတိယ (၇) ရက် တစ်ပတ်တွင် မေသူ လောဘအရှိန်မြှင့်တင်လိုက်သည်။ (၁) သောင်းနှုန်းဖြင့် (၅) ရက်အတွက် (၅) သောင်းထိုးသည်။ တစ်ရက်မျှ မပေါက်သောကြောင့် (၅) သောင်း ပေးလျော်ရသည်။

စတုတ္ထ (၇) ရက် တစ်ပတ်တွင် မေသူ လောဘမာန်ရှိန်ဖြင့် တစ်ရက် (၃) သောင်းနှုန်းဖြင့်ပင် ဆက်လက်ကစားသည်။ တစ်ရက်မျှ မပေါက်။ (၅) သောင်း ပေးလျော်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မေသူသည် ငါးကြင်းဆီဖြင့် ငါးကြင်းကြော်ဆိုသကဲ့သို့ မိမိ၏ ငွေအရင်း မစိုက်ထုတ်ရသေးဘဲ ကစားလာခဲ့ရာ အမြတ်ငွေ (၂) သိန်းကျော် ကျန်ရှိသေးသောကြောင့် ဆက်ကစားရန် အားသန်နေလေသည်။

ပဥ္စမ၊ ဆဋ္ဌမ (၇) ရက် တစ်ပတ်တို့တွင် ဆက်လက်ကစားခဲ့ရာ တစ်ရက်မျှ မပေါက်သောကြောင့် အရင်းမစိုက်၊ လှေထိုး၊ လှဲတိုက်၊ ရထားသော အမြတ်ငွေအားလုံး ကုန်သွားပြီဖြစ်သည်။

"ဟယ်လို အမိန့်ရှိပါခင်ဗျာ"

"မေသူပါ အစ်ကို"

"ပြော ညီမ၊ အစ်ကို ဘာလုပ်ပေးရမလဲ"

"မေသူ အမြတ်ရထားတာတော့ ကုန်သွားပြီ။ ဆက်ကစားလို့ ရမလားလို့"

"ရပါတယ် မေသူ၊ ကြွေတစ်လှည့် ကြက်တစ်ခုန်တဲ့၊ ဒါမျိုးဆိုတာ လှေမျော လှေနဲ့လိုက်၊ ငွေမျော ငွေနဲ့လိုက်တဲ့၊ ဆက်လက်ကစားမှ ကိုယ်လိုချင်တဲ့ ပန်းတိုင်ရောက်မှာပေါ့"

"အားပေးတာ ကျေးဇူးတင်တယ်၊ အစ်ကို...မေသူ ဆက်ကစားမယ်နော်"

"ဒီလိုလုပ်ပါလား ညီမ၊ အစ်ကိုနဲ့ ကံစပ်ကစားကြမယ်လေ။ ကံတူအကျိုးပေးလေးများ ဖြစ်လိုဖြစ်ငြားပေါ့"

"ဒီတစ်ပတ် တစ်ယောက် တစ်သောင်းစီ၊ တစ်ရက် (၂) သောင်း ကစားမယ်။ ညီမသဘောတူလား"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုသဘောပါ"

"စိန်လိုက်မယ်"

ကံထူးသည်လို့ ဆိုရမလားမသိ။ ဒီတစ်ပတ် မေသူနှင့် ကျော်ဝင်းမောင်တို့ (၄) ရက်ပေါက်သောကြောင့် စားရငွေ (၁၅) သိန်း၊ (၁) ရက်မပေါက်သောကြောင့် လျော်ရငွေ (၂) သောင်း၊ အမြတ်ငွေ (၁၄) သိန်း (၈) သောင်း ရရှိလေသည်။

"မေသူ...တို့ကံစပ်တယ်လို့ ဆိုရမယ်နော်။ ငွေဆောင်သွားပြီး အနားယူ အပန်းဖြေရအောင်လားကွယ်"

"အစ်ကိုသဘောလေ"

ကျော်ဝင်းမောင်နှင့် မေသူတို့သည် ချစ်သူတို့၏ အနားယူ၊ အပန်းဖြေရာ ချစ်ဗိမာန်ကြီး တည်ဆောက်ရာဖြစ်သော ငွေဆောင်ကမ်းခြေကြီးတွင် နှလုံးသားချင်းပုံအပ်ပြီး အနားယူ အပန်းဖြေကြလေသည်။ သဒ္ဒါလွန်တော့ တဏှာကျွန် ဖြစ်ကြလေပြီ။

သာမညေဏာ–သာဓိဏော။

ဂေါနေဏော–ဂေါဏော။

တံငါနားနီး–တံငါ။

မုဆိုးနားနီး–မုဆိုး။

ဆိုသကဲ့သို့ မေသူတစ်ယောက် နှစ်လုံးသုံးလုံး လောင်းကစားသမား ကျော်ဝင်းမောင်နှင့် နီးစပ်မှု၊ ဆက်စပ်မှုတွေ ရှိလာခဲ့ရာမှ လောဘ၊ မောဟ၊ တဏှာ၊ မိစ္ဆာ၊ ဝိစိကိစ္ဆာတွေ များလာသည်။ လောဘ၊ မောဟ၊ တဏှာ၊ မိစ္ဆာ၏ နောက်ကွယ်တွင်

www.burmeseclassic.com

www.burmeseclassic.com


ဒေါသ၊ သောက၊ ဗျာပါဒတွေ ရှိတယ် ဆိုသောအချက်ကို ဖုံးလွှမ်းထားလေပြီ။

"အစ်ကို အမြတ်ငွေ (၇) သိန်းထဲက အမေတို့၊ အဖေတို့ကို (၅) သိန်းပေးလိုက်တော့ မေသူ့မှာ (၂) သိန်းပဲ ကျန်တော့တယ်။ အဲဒီငွေနဲ့ မေသူ ပုံအောလိုက်ချင်တယ်။ ကံတက်နေတုန်း မိုးကောင်းတုန်း ရေခံဆိုသလိုပေါ့ အစ်ကိုရယ်"

"အချစ်သဘောပါ အချစ်ရယ်၊ စိန်လိုက်"

ဒီတစ်ပတ် မေသူတစ်ယောက် လက်ကျန်ငွေ (၂) သိန်းကို ပုံဩချလိုက်သည်။ တစ်ရက်မျှမပေါက် ပလုံသွားခဲ့သည်။

နောက်တစ်ပတ်၊ နောက်တစ်ပတ်ပေါင်းများစွာ ဆထက်ထမ်းပိုး တိုးတိုးပြီး ကစားလာခဲ့ရာ မေသူတစ်ယောက် နှစ်လုံးချဲ့ကြွေး သိန်း (၅၀) ဖြစ်လာသည်။

မေသူတစ်ယောက် သောကပူလောင်မှု ခံစားနေရလေပြီ။ ဒေါသ (၁) မှ (၀) အထိ ဂဏန်းလေးများအပေါ် စိတ်ဒေါသတွေ ဖြစ်လာသည်။ ဂမ္ဘီရဆရာ၊ နတ်ဆရာတို့၏ အတွေးအခေါ်များကိုလည်း အားမလို၊ အားမရ ဖြစ်နေသည်။ အတိတ်စိမ်းကောက်ရသော အိပ်မက်မြင်ကွင်းများကိုလည်း စိတ်နာလာသည်။

မေသူသည် သောကပူလောင်မှု၏ ဖိစီးထားမှုကြောင့် စိတ်တွေ မလန်းဆန်းတော့။ နှုတ်ခမ်းနီ၊ ပန်းနီတို့ဖြင့် ယောရှော့ ဝတ်တတ်စားတတ်သော မေသူတစ်ယောက် ဖြင်းသလို နေလာသည်။

ကျော်ဝင်းမောင်က အားပေးစကားပြောသည်။ တဏှာဝါသော ဇပဟုကိစ္စော စည်းရုံးသည်။ စိတ်မပါတော့။ ချစ်သူနှင့်

www.burmeseclassic.com

www.burmeseclassic.com



သွားအတူတူ၊ လာအတူတူ၊ စားအတူတူ၊ ထိုင်အတူတူပင် မနေလိုတော့။ သိန်း (၅၀) အကြွေးပေးရမည့် သောကစိတ်က မေသူကို ချုပ်ကိုင်ထားလေပြီ။

တစ်ရေးနိုးသော် အကြံပေါ် ဆိုရမည် ထင်အံ့။

မေသူသည် ဖခင် ဦးကြယ်ကြီး၊ မိခင် ဒေါ်ကုလားမတို့ နာမည်ပေါက်သော တောင်ဥက္ကလာပ (၇) ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်းရှိ အိမ်ဂရန်ကို တိတ်တဆိတ် ယူသွားပြီး မိတ္တူကူးသည်။ မူရင်းပြန်ထားသည်။

မြို့တော်ခန်းမအနီးတစ်ဝိုက်ရှိ အတုလေးရယ်နဲ့ ယှဉ်ကာပြိုင်၊ ယှဉ်ကာပြိုင်၊ အတုအပပြုလုပ်ကြသော ကျွမ်းကျင်ပညာရှင်များထံသို့ မြေဂရန်အတု၊ မြေပုံအတု၊ မြေရာဇဝင်အတု (ကိုယ်စားလှယ်ပါဝါအတု)များ ပြုလုပ်ပေးရန် အပ်နှံသည်။ ငွေ (၃) သိန်းတောင်းသောကြောင့် ကျော်ဝင်းမောင်ထံမှ ငွေလှည့်ယူပြီး ပေးအပ်လိုက်သည်။

မေသူသည် ထိုဂရန်အတု၊ မြေရာဇဝင်အတု (ပါဝါ) အတုကို တင်ပြပြီး (၁၃) ရပ်ကွက်၊ ဆဲကာကြီးသား ငွေကြေးချမ်းသာသော ဦးတင်ထွန်းတို့ထံသို့ ငွေကျပ်သိန်း (၁၀၀) အတိုးဖြင့် ချေးယူခဲ့သည်။ (၇၅) သိန်းသာ အဆင်သင့်ရှိသောကြောင့် (၇၅) သိန်းကို အတိုးဖြင့် ချေးပေးလိုက်သည်။ တစ်နယ်တည်းသားချင်း ဖြစ်သောကြောင့်တစ်ကြောင်း၊ မေသူ၏ အစ်ကိုမှာလည်း စက်ပူတွင် တစ်လငွေကျပ် ၁၅ သိန်း၊ သိန်း ၂၀ ရနေတာ သိသောကြောင့်တစ်ကြောင်း ယုံကြည်စွာ ချေးခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ကိုယ်စားလှယ်ပါဝါဖြင့် မေသူက အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးလိုက်သည်။

မေသူသည် (၂) လ၊ (၃) လ အတိုးငွေများ ပုံမှန်ပေးခဲ့သော်လည်း နောက်လများတွင် မပေးတော့။ မပေးနိုင်တော့။

အချိန်ကြာလာပြီဖြစ်သောကြောင့် မေသူ၏ မိဘများကို အသိပေးပြီး အတိုးအရင်းပေးဆပ်ရန် ပြောသည်။ ဦးကြယ်ကြီး + ဒေါ်ကုလားမတို့က သူတို့မှာ ဝင်ငွေမရှိ၊ အလုပ်အကိုင်မရှိပါ။ စင်္ကာပူမှာနေတဲ့ သား ပေးတဲ့ငွေဖြင့် စားသောက်နေကြရသောကြောင့် မပေးဆပ်နိုင်ကြောင်း ပွင့်ပွင့်လင်းလင်း ပြောလိုက်ကြသည်။

ဦးတင်ထွန်းတို့က ဒီလိုဆိုရင် ဟောဒီအိမ်ဂရန်နှင့် မြေပုံ မြေရာဇဝင်တို့အရ မေသူက ခင်ဗျားတို့ ကိုယ်စားလှယ်ပါဝါအရ ကျွန်တော့်ကို အရောင်းစာချုပ်ပြုလုပ်ပေးထားကြောင်း ပြသပြီး ပြောဆိုသည်။ တန်ဖိုးညှိနှိုင်းပြီး မှတ်ပုံတင်အရောင်းစာချုပ် ပြုလုပ်ပေးရန် တောင်းဆိုသည်။

ဦးကြယ်ကြီး+ဒေါ်ကုလားမတို့က အံ့သြစွာဖြင့် ၎င်းတို့၏ အိမ်ဂရန် ၎င်းတို့ထံမှာရှိကြောင်း ထုတ်ပြသည်။ ကိုယ်စားလှယ် ပါဝါလည်း မပေးခဲ့ကြောင်း ရှင်းပြသည်။

ဦးတင်ထွန်းတို့မှာ အိမ်ဂရန်အတု၊ မြေပုံအတု၊ မြေရာဇဝင်အတု၊ ပါဝါအတုတွေဖြင့် မေသူကလိမ်ပြီး ငွေ (၇၅) သိန်း ချေးယူခြင်း၊ ပါဝါအတုဖြင့် အရောင်းအဝယ်စာချုပ် ပြုလုပ်ခြင်းဖြစ်ကြောင်း ကွက်ကွက်ကွင်းကွင်း မျက်မြင်ကိုယ်တွေ့ သိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးတင်ထွန်းသည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရသည်။ အကြံအိုက်နေသည်။ သို့ကြောင့် ဆကာကြီးရွာသားရှေ့နေကြီး ဦးတင်ယု (ဆကာကြီး) ထံသို့ သွားရောက် အကူအညီတောင်းသည်။ တိုင်ပင်သည်။ ဦးတင်ယုက တစ်နယ်သားအချင်းချင်းဖြစ်နေသောကြောင့် သူ၏မိတ်ဆွေ စိန်ဘရားသားအကျိုးဆောင်အဖွဲ့ ဦးစိန်လင်း (နတ်မောက်) ထံသို့ လွှဲပြောင်းပေးလိုက်သည်။

"ဆရာ ဒီကိစ္စ ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ၊ အကြံပေးပါဆရာ။ တရားစွဲဆိုမယ်ဆိုရင်လည်း ဆရာတို့အဖွဲ့ကို အပ်ပါတယ်"

"သက်သေခံ အထောက်အထားတွေအရနဲ့ အမှုဖြစ်စဉ်အရ ရဲစခန်းမှာ အမှုဖွင့်ရမယ်။ အိမ်ဂရန်အတု၊ မြေပုံရာဇဝင်အတု၊ ပါဝါအတု ပြုလုပ်မှုတို့က ပုဒ်မ ၄၆၈၊ လိမ်လည်အတုပြုလုပ်မှုတို့က ပုဒ်မ ၄၂၀၊ ပြုလုပ်ပေးတဲ့သူတွေအတွက်ကအားပေးကူညီမှု ၁၁၄ တို့အရ ရဲတပ်ဖွဲ့က အမှုဖွင့်ပြီး ရုံးတင်ပေးရမယ့် အမှုမျိုးပဲ။ ဒါပေမဲ့ ခင်ဗျားတို့ တစ်နယ်သားချင်းဆိုတော့ လုပ်သင့် မလုပ်သင့် စဉ်းစားပေါ့ဗျာ"

"ဟာ ဆရာ၊ ကမ္ဘာမီးလောင် သားကောင်ချနင်းဆိုတာလိုပေါ့ဗျာ။ ကျွန်တော် မညာနိုင်ဘူး။ ဥပဒေအရ လုပ်ရမှာပဲဆရာ"

ဦးတင်ထွန်းသည် သူ၏နစ်နာမှု၊ ဆုံးရှုံးခံနေရမှုတို့အတွက် မေသူ့အပေါ် ဥပဒေအရ လုပ်သင့်တာလုပ်ရန် ဆုံးဖြတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ဥက္ကလာပမြို့နယ်၊ ရဲတပ်ဖွဲ့စခန်းသို့ အမှုဖွင့် တိုင်ကြားသည်။ မြို့နယ်မှူး၊ စခန်းမှူးတို့က ဒုရဲအုပ် သောင်းရင်ကို ချပေးလိုက်သည်။

ဒုရဲအုပ်သောင်းရင်သည် ဝါရင့် အမှုစစ်တစ်ဦး ဖြစ်သည်။ အမှုစစ် ကျွမ်းကျင်လိမ္မာသည်။ သမင်ခြေရာပျောက် အမှုစစ်နည်းဗျူဟာ ကျွမ်းကျင်သူတစ်ဦး ဖြစ်သည်။ တရားခံအား လက်ဖျားဖြင့် မထိစေဘဲ အမှုပေါ်အောင် စစ်ဆေးနိုင်သော အရည်အချင်းရှိ အရာရှိတစ်ဦး ဖြစ်သည်။

အတုပြုလုပ်ပေးသော တရားခံ၊ အတုပြုလုပ်သော သက်သေခံပစ္စည်း၊ ညောင်မြစ်တူးရာမှ ပုတ်သင်ဥတွေပေါ်ဆိုသကဲ့သို့ အတုပြုလုပ်သူတို့ထံမှ အခြားသော ဆက်စပ်အတုပြုလုပ်သော ကိရိယာများပါ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရမိသောကြောင့် ရှာဖွေပုံစံတွင် (ရယက) လူကြီးများ သက်သေပြုပြီး သိမ်းဆည်းသည်။

အမှုပြည့်စုံစွာ တည်ဆောက်ပြီးဖြစ်သောကြောင့် မြို့နယ်ဥပဒေအရာရှိထံသို့ ဥပဒေအကြံပြုချက် ရယူသည်။ ဥပဒေရုံးမှ ပြစ်မှုပုဒ်မ ၄၆၈/၄၂၀/၁၁၄ တို့အရ တရားခံ မောင်သ (၃) ဦးတို့အား တရားစွဲဆိုရန် ဥပဒေအကြံပြုချက် ပေးသည်။

အမှုစစ်အရာရှိက တောင်ဥက္ကလာပမြို့နယ် တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ပြစ်မှုကြီးမှုအမှတ် ၈၁၇/၂၀၁၀ ဖြင့် ကြားနာစစ်ဆေးရန် လက်ခံထားသည်။

www.burmeseclassic.com

www.burmeseclassic.com



**"အစ်ကို မေသူ့ကို ဒီအတိုင်းပစ်ထားတော့မလား အစ်ကို၊ မေသူမှာ အစ်ကိုမှလွဲပြီး အားကိုးရမယ့်သူ မရှိပါဘူး အစ်ကို"**

**မေသူ**

ကျော်ဝင်းမောင်သည် စာရလျှင် ရချင်း စိတ်မကောင်းခြင်းများစွာဖြင့် မေသူကို အချုပ်ခန်းတွင် သွားရောက်တွေ့ဆုံသည်။ အားပေးစကား ပြောဆိုသည်။

"အစ်ကို ရှေ့နေငှားပေးမယ်၊ အာမခံရအောင်လည်း ကြိုးစားပေးပါမယ်။ အစားအစာတွေလည်း ပို့ပေးပါမယ်။ မေသူ အားမငယ်ပါနဲ့၊ ဖြစ်သမျှအကြောင်း အကောင်းပေါ့"

မေသူ့ခမျာ မျက်ရည်စက်လက် အငိုခက်ဖြစ်နေရှာလေသည်။ မိခင်၊ ဖခင်တို့ကလည်း လာပြီးမကြည့်နိုင်သော ဂီလာန ဖြစ်ကြသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၈ မှာ အာမခံ မပေးနိုင်သော ပုဒ်မဖြစ်ပြီး ပြစ်ဒဏ်မှာ (၇) နှစ်အထိ ချမှတ်နိုင်သည်။ ပြစ်မှုပုဒ်မ ၄၂၀ မှာလည်း ထောင်ဒဏ် (၇) နှစ်အထိ ချမှတ်နိုင်သော ပုဒ်မများ ဖြစ်လေသည်။

ဖြတ်လမ်းက ကြီးပွားချင်သောကြောင့် ဘဝလည်း ပျောက်ခဲ့ရလေပြီ။

**(ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးရန်ကင်းကွာ လွှန်ချမ်းသာ)**

❐

www.burmeseclassic.com

www.burmeseclassic.com

# ဒီအပြစ်လား မောင်ရယ်



www.burmeseclassic.com

www.burmeseclassic.com

# ဒါအပြစ်လား မောင်ရယ်

(၁)

"မောင် အတော်မူးလာပါလား"

"မူးတာမဟုတ်ဘူးကွ၊ ရူးတာ ရူးနေတာ"

"ဟောဒီမှာ မင်းနဲ့ ချစ်စမ်းမောင်နဲ့ နိုက်ကလပ်မှာ တွဲကနေတဲ့ ဓာတ်ပုံ..."

"ဒါက မင်းတို့ကောတီဗွီမှာ စုံတွဲသီချင်း ဆိုနေကြတဲ့ ဓာတ်ပုံ..."

"ဒါက စိမ်းလဲ့လဲ့ဟိုတယ်ကြီးပေါ်ကို တွဲပြီး တက်သွားတဲ့ ဓာတ်ပုံ"

"ဒါအပြစ်လား မောင်ရယ်"

"ဟင်...မင်း ဒီလိုဖောက်ပြန်နေတာ အပြစ်မဟုတ်ဘူးလား။ ဒါက နွားမဟုတ်ဘူးကွ။ နွား မဟုတ်ဘူး"

"ဖြောင်း ဖြန်း"

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ဒိုင်း ဝွမ်း"

ကျော်ဝင်းမောင်သည် နှလုံးသားပေါက်ကွဲမှုဒဏ်ကို မခံစားနိုင်သောကြောင့် ချစ်ဇနီး ခင်မမကို ဘယ်ပြန်ညာပြန် ရိုက်ချလိုက်သည်။ အနီးရှိ အိမ်အသုံးဆောင် အဖိုးတန်ပစ္စည်းများကိုလည်း ရိုက်ခွဲဖျက်ဆီးပစ်သည်။

ဝုန်း၊ ဒိုင်းအသံများကြောင့် သမီးကြီးနှင့် သားလတ်၊ သားငယ်၊ ယောက္ခမကြီးတို့ အပေါ်ထပ်မှ ဆင်းလာကြသည်။

"ဖေဖေ မေမေ့ကို မရိုက်ပါနဲ့တော့၊ မေမေကို သနားပါ ဖေဖေ"

"သားရယ် ဘာပြဿနာပဲဖြစ်ဖြစ် အေးအေးဆေးဆေး ဆွေးနွေးပြီး ပြဿနာဖြေရှင်းကြပေါ့ကွယ်"

"ရိုက်ပါမောင်၊ ကြီးပွားဖို့ ချမ်းသာဖို့ စီးပွားရှာနေတဲ့ မောင့်မယားကို အပြစ်ရှိတယ်လို့ မြင်တယ်၊ အပြစ်လို့မြင်တယ်ဆိုရင် ထပ်ရိုက်ပါ မောင်၊ ခင်မမ အသက်ပါ အသေခံရဲတယ်။ ခင်မမ အိမ်ထောင်ရေးဖောက်ပြန်မှု မလုပ်ဘူး၊ သစ္စာဆိုရဲပါတယ် မောင်"

ခင်မမသည် ဖူးရောင်နီမြန်းနေသော ပါးကလေးကို ပွတ်ကာ ပွတ်ကာဖြင့် လင်တော်မောင် ကျော်ဝင်းမောင်ကို ကရားမှ ရေလွှတ်သလို တတွတ်တွတ် ပြောနေလေသည်။ မျက်ရည်များကလည်း တားမနိုင်ဆီးမရ ယိုစီးကျနေလေသည်။

ကျော်ဝင်းမောင်သည် အိမ်ခန်းအတွင်းသို့ ဒေါသဒယိုင်ဖြင့် ဝင်သွားလေသည်။ ရေခဲသေတ္တာထဲမှ ဝီစကီ (၂) ပက် ထပ်သောက်ပြီး အိပ်ရာတွင် လှဲချလိုက်သည်။

www.burmeseclassic.com



(၁၄) နှစ်သမီးလေးနှင့် (၁၂) နှစ်၊ (၁၀) နှစ် သားလေးတို့သည် မိခင်ကြီး ခင်မမ၏ ပါး၊ လည်ပင်းတို့မှ ဖူးရောင်နီမြန်းနေသော ဒဏ်ရာများကို ပရုတ်ဆီ၊ လိမ်းဆေးတို့ဖြင့် ပွတ်သပ်လိမ်းပေးနေကြလေသည်။

"လင်နဲ့မယား လျှာနဲ့သွားတဲ့၊ သမီးက မိန်းမသား၊ ဒီအသက် ဒီအရွယ်၊ ဒုတိယအရွယ်ထဲကို ရောက်နေကြပြီဆိုတော့ သမီးဘက်က အလျှော့ပေးပြီး အိမ်ထောင်ရေး မပြိုကွဲအောင် သည်းခံခွင့်လွှတ် သမီး၊ ခွင့်လွှတ်သည်းခံ"

မိခင်ကြီး ဒေါ်ရောက်အင်ကြူကလည်း သားရေးသမီးရေး၊ အိမ်ထောင်ရေး မပြိုကွဲမပျက်စီးစေရန် သမီးဘက်မှ အလျှော့ပေးပြီး ဆွေးနွေးထိန်းသိမ်းရန် ဆုံးမလေသည်။

## (၂)

နောက်နေ့တွင် ဖြစ်သည်။ တနင်္လာနေ့ဖြစ်သောကြောင့် ယုဇနပလာဇာကြီးလည်း ပိတ်ထားသည်။ ကျော်ဝင်းမောင်နှင့် ခင်မမတို့၏ ပလာဇာနောက်ဘက်ရှိ လူနေနှင့် လက္ကားဆိုင်ကြီး (၂) ဆိုင်လည်း ပိတ်သောနေ့ ဖြစ်သည်။ နေဖင်ထိုးသည်အထိ လွတ်လပ်စွာ အိပ်လို့ရသောနေ့လည်း ဖြစ်သည်။

နံနက် (၈) နာရီရှိပြီဆိုတော့ ဆက်ပြီး မအိပ်နိုင်တော့ပေ။ ခန္ဓာကိုယ်ကြီးက ဆာလောင်မှုဝေဒနာ ဖြစ်လာရသည်။ ထို့ကြောင့် ကျော်ဝင်းမောင်တစ်ယောက် အိပ်ရာမှထရန် လူးလိမ့်လာပြီဖြစ်သည်။ လင်တော်မောင် အိပ်ရာထမှာကို စောင့်ဆိုင်းနေသော ခင်မမက ဆီးကြို၍ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင် နိုးလာပြီလား၊ ၈ နာရီထိုးပြီလေ၊ ခေါင်းတွေ မူးနေမယ်...ထတော့လေ မောင်"

ခင်မမသည် ညားခါစ ကြင်စဦးလင်မယားကဲ့သို့ ချစ်လို့မဝနိုင်အောင် ခံစားနေကြသည့် အကြင်လင်မယားအလား တယုတယ ပွတ်သီးပွတ်သပ် ပြုစုယုယနေလေသည်။

"အချစ် မောင့်ကိုမုန်းသွားပြီလား၊ တစ်သက်နဲ့တစ်ကိုယ် လက်ဖျားနဲ့တောင် မထိရက်တဲ့ မမကို မောင် ရိုက်မိတယ်၊ မုန်းမသွားနဲ့နော်၊ မောင့်ကို အချစ်ပြန်ရိုက်ပါလား"

"မောင်ရယ်၊ မောင်က မမကို ချစ်လွန်းလို့၊ စိုးရိမ်လွန်းလို့ အိမ်ထောင်ရေး၊ စီးပွားရေး၊ သားတို့သမီးတို့အရေး စိုးရိမ်လွန်းလို့ ပေါက်ကွဲမှုနဲ့ ဒီလိုရိုက်တာ သဘာဝကျပါတယ်။ တရားနည်းလမ်း ကျပါတယ်။

နောက်ဆိုရင် မောင် မကြိုက်ဘူးဆိုရင်ပြောပေါ့၊ မမ ရှောင်ရမှာပေါ့။ မလုပ်တော့ဘူးပေါ့။ မမက လင်ပစ်၊ သားပစ်၊ သမီးပစ်၊ အိမ်ထောင်ရေးဖောက်ပြားတာမှ မဟုတ်တာပဲ၊ မမ ရှောင်ဖို့ရှားဖို့ အသင့်ပါမောင်ရယ်"

ကျော်ဝင်းမောင်နှင့် ခင်မမတို့သည် မနေ့ညက နှလုံးသားပေါက်ကွဲမှုမှ ဖြစ်ပေါ်လာသော အချစ်စစ်၏ အနိဋ္ဌာရုံကို ငြိမ်းချမ်းစွာ ပြေငြိမ်းသွားကြလေသည်။

ဒီမြင်ကွင်း ဒီအပြုအမူတွေကို မြင်ကြ၊ တွေ့ကြသော သားသမီး (၃) ယောက်တို့က "ဖေဖေတို့၊ မေမေတို့ ချစ်သွားကြပြီနော်၊ အချစ်ရှိရင် အပြစ်မရှိဘူးဆိုသလိုပေါ့" ပြောပြီး ကယော်ကယော်ဟု ပြောလိုက်ကြရာ ကျော်ဝင်းမောင်နှင့် ခင်မမ

www.burmeseclassic.com

www.burmeseclassic.com



တို့ ချက်ရည်များပင် လည်သွားကြလေသည်။ ယောက္ခမကြီးကလည်း တီးတိုးပြောလိုက်သေးသည်။

"ဩော် ဘုရားဟောတော့ တစ်လ၊ မယားပြောတော့ တစ်ည တယ်မှန်ပါလား"

ရေမိုးချိုးပြီး နံနက်စာ လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်၊ မိသားစု လက်ရည်တပြင်တည်း စားသုံးကြသည်။ ပျော်မဆုံး မော်မဆုံး နှလုံးပီတိ ဝွမ်းဆီထိ။

"ကဲ...ဒီနေ့ ဖေဖေနဲ့ မေမေတို့ရဲ့ နှလုံးသားစစ်ပွဲ၊ စစ်ပြေငြိမ်းမှု အထိမ်းအမှတ်နဲ့ သားတို့သမီးတို့ ကြိုက်နှစ်သက်တဲ့ ဟိုတယ်မှာ သွားစားကြမယ်၊ မေမေ့ကြီးနဲ့ မနော်တို့အတွက်တော့ ပါဆယ်ထုပ်လာမယ်"

"သဘောတူကြပါသလား"

"တူပါတယ်"

"အားလုံး သဘောတူကြတဲ့အတွက် အတည်ပြုကြောင်း ကြေညာပါတယ်ခင်ဗျား"

(၃)

ကျော်ဝင်းမောင်နှင့် ခင်မမတို့ အိမ်ထောင်ရေးသည်ကား-

ကျော်ဝင်းမောင်သည် မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ ဝက်ချုပ်ရွာမှာ မြေပဲ၊ နှမ်း၊ ပဲအကြီးအကျယ် စိုက်ပျိုးသော ဦးကြာညွှန့်+ဒေါ်အုံးကြည်တို့၏သား ဖြစ်သည်။ ရန်ကုန်မှ ဘုရင့်နောင်ပွဲရုံကြီးပိုင်ရှင် ဦးခင်မောင်+ဒေါ်ရောက်အင်ကြူတို့ထံသို့ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ လာရောက်ပေးသွင်းရသူ အဝယ်တော်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ချစ်ခြင်းမေတ္တာတရားသည် နီးစပ်ရာမှ ပေါက်ဖွားခြင်းဖြစ်သည်ဆိုသည့် ရှေးပညာရှိတို့၏ အဆိုအမိန့်အတိုင်း ဦးခင်မောင်၊ ဒေါ်ရောက်အင်ကြူတို့၏သမီး ခင်မမနှင့် ဝက်ချုပ်ရွာသား ကျော်ဝင်းမောင်တို့ မိသားစုအလား ခင်မင်ကြသည်။ ရင်းနှီးကြသည်။ တွေ့ပါမြင်ပါများတော့ အကြင်နာတရားများလည်း ပေါက်ဖွားခဲ့ကြသည်။ ထို့ကြောင့်လည်း လူကြီးတွေမသိအောင် အချစ်စိတ်ကို ရင်ဝယ်သိမ်းထားပြီး နှလုံးသားချင်းပေါင်းစပ်လာခဲ့ကြသူတို့ကတော့ ကျော်ဝင်းမောင်နှင့် ခင်မမတို့ဖြစ်သည်။

တစ်ခုသော တနင်္ဂနွေနေ့တွင် ဖြစ်သည်။

"ကျော်ဝင်းမောင် ဒီနေ့ ဒရိုင်ဘာလည်း မလာဘူး၊ ငါလည်း မအားဘူး၊ မင်းညီမ်ကို ကျူရှင်လိုက်ပို့ပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ အန်ကယ်"

"ကဲ ဘယ်ကျူရှင်ကို ပို့ပေးရမလဲ"

"မရမ်းကုန်း ဂျမ်းရှင်း"

"ဂျမ်းရှင်းမှာ ကျူရှင်မှ မရှိတာပဲ"

"လျှာမရှည်နဲ့၊ အစ်ကိုနဲ့ ဘာမှမဆိုင်ဘူး။ သူငယ်ချင်းတွေနဲ့ သီချင်းသွားဆိုမလို့ (၆) နာရီ ဒီကိုပဲလာကြို"

ကျော်ဝင်းမောင်တစ်ယောက် အောင့်သက်သက် ခံစားနေရသည်။ တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုမရှိသော်လည်း မျက်လုံးချင်း၊ နှလုံးသားချင်း ချစ်မြတ်နိုး တွယ်တာနေရသူဖြစ်လေရာ မိဘတွေကို ကျူရှင်သွားမယ်ဆိုပြီး ဂျမ်းရှင်းကိုသွားပြီး သီချင်းသွားဆိုတယ်ဆိုတာဟာ မိဘတွေကို လိမ်တာပဲ။ လိမ်တဲ့အလုပ်

www.burmeseclassic.com

www.burmeseclassic.com



မကောင်းသောတိစ္ဆ ဖြစ်တယ်။ ကျော်ဝင်းမောင်သည် အတွေး ပေါင်း ကုဋေကဋာဖြင့် ပြန်လာခဲ့ရလေသည်။

"ကျော်ဝင်းမောင်ရေ မင်းအနံကယ်လည်း မရှိဘူး၊ (၆) နာရီကျရင် မင်းညီမ သွားကြိုပေးပါဦးကွယ်"

"ဟုတ်ကဲ့ အန်တီ"

ကျော်ဝင်းမောင်သည် တစ်ဖက်သတ်အချစ်စိတ်၏ လွှမ်း မိုးမှု၊ ခင်မမအပေါ် စိုးရိမ်မှုများ တဖွားဖွား ခံစားနေရသည်။ ငါ ရူးနေပြီလား ခင်မမ၊ ငါ့ကို အရူးလုပ်နေတာလား၊ တွေးရ တောရ၊ ပူပန်ရ ဂနာမငြိမ် ဖြစ်နေသည်။ (၆) နာရီ မြန်မြန် ရောက်ပါစေ ဆုတောင်းနေသည်။

"အန်တီ ကားထဲဆီနည်းနေတယ်၊ ကျွန်တော် ဆီသွား ထည့်ပြီး ညီမကို တစ်ခါတည်း ဝင်ကြိုလာခဲ့မယ် အန်တီ"

"အေးအေး ကောင်းသားပဲ၊ ရော့ ဆီဖိုးပိုက်ဆံယူသွား"

ကျော်ဝင်းမောင်သည် အလွန် လှုပ်ရှားနေသော အချစ် စိတ်၊ စိုးရိမ်စိတ်များ၏ လွှမ်းမိုးမှုဒဏ်ကို မခံစားနိုင်တော့သ ဖြင့် တစ်နာရီစောပြီး သီချင်းဆိုနေသော ခင်မမကို သွားကြို သည်။ အခန်းထဲသို့ ရုတ်တရက် ဝင်သွားသည်။

ခင်မမသည် အဝတ်အစားများလဲပြီး ဘောင်းဘီတို၊ လည် ဟိုက်အကျီတို့ဖြင့် ယောကျ်ားလေး (၁၀) ဦး၊ မိန်းကလေး (၁၀) ခန့်ဖြင့် တွဲပြီး ဘရိတ်ဒန့် ကနေကြသည့်အထဲမှာ ပျော် မဆုံး မော်မဆုံး ကနေကြသည်။ ကျော်ဝင်းမောင်ကို မြင်လိုက် သောအခါ အံ့အားသင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော် နာရီဝက်လောက် စောင့်နော်၊ ဝါသနာပါရင် ဝင်ကလို့ ရတယ်နော်"

"အောက်မှာပဲ စောင့်မယ် မမ"

"အိုကေ သိုင်းကျူး"

ကျော်ဝင်းမောင်သည် ကပြားယောကျ်ားလေးတစ်ဦးနှင့် တွဲကနေသော ခင်မမတို့၏ မြင်ကွင်းကို မြင်ရသည်မှာ မိမိ၏ နှလုံးသားကို မီးစဖြင့် ထိုးခံရသကဲ့သို့ ပူလောင်မှုကို ခံစားလိုက်ရသည်။ မိမိ၏ အချစ်စိတ်ဝေဒနာကို အဖြေရှာလို့မရ ဖြစ်နေရသည်။

နာရီဝက် စေ့ပြီဖြစ်သည်။ အဝတ်အစား ပြောင်းလဲဝတ်ဆင်ပြီး ကျူရှင်သွားသော ခင်မမ ဆင်းလာချေပြီ။

"ခင်မမ၊ မင်း မိဘတွေကိုတောင် လိမ်တယ်ညာတယ်၊ ဒါဟာ မကောင်းဘူးနော်"

"ကိုကျော်ရယ် ဘဝရဲ့ပျော်ရွှင်မှု၊ သာယာမှုအတွက် လိမ်ရတာပါ။ မိဘတွေရဲ့ စီးပွားပျက်အောင်၊ မိမိရဲ့ ဂုဏ်သိက္ခာ ကျဆင်းပျက်ပြားအောင် လိမ်တာညာတာ မဟုတ်ပါဘူး

ကိုကျော်က ဒါမျိုးတွေ မကြိုက်ဘူးလား"

"မကြိုက်တော့ကော မင်းနဲ့ငါနဲ့ ဘာဆိုင်လို့လဲ"

"ဒါဆို ကိုကျော် မမကို မချစ်ဘူးပေါ့"

"ချစ်လွန်းလို့ ခက်နေတာပေါ့ မမ"

"ကိုကျော် မမကိုချစ်တယ်ဆိုရင် နောက် ဒီကို မသွားတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝင်းမောင်နှင့် ခင်မမတို့သည် နာရီဝက်စောနေသည့် အချိန်လေးကို အင်းယားကန်ဘေးရှိ လူသူမရှိသည့် နေရာတွင်ကား ရပ်ကာ ရင်တွင်းဖြစ် နှလုံးသားခံစားမှုများကို ဆွေးနွေး တိုင်ပင်ကြလေသည်။

အချစ်နယ်ကျွံပြီး တဏှာနွံတွင်းသို့ သက်ဆင်းခဲ့ကြသော ကျော်ဝင်းမောင်နှင့် ခင်မမတို့သည် ချစ်သူတို့၏ စွန့်စားမှုကို ပြုလုပ်ကာ ကျော်ဝင်းမောင်နောက်သို့ ခိုးရာလိုက်ပြေးခဲ့သည်။ ခင်မမ၏ မိဘများက အမွေပြတ် ကြေညာခဲ့သည်။ ဤသို့အားဖြင့် အိမ်ထောင်သည်ဘဝကို မောင်တစ်ထမ်း၊ မယ်တစ်ရွက် ထူထောင်လာခဲ့ကြသော ကြင်နာသူတို့၏ အိမ်ထောင်ရေးဘဝ ဖြစ်လာကြသည်။

(၄)

သံသရာအဆက်ဆက် ဘဝအဆက်ဆက်တို့က ဒါန၊ သီလကောင်းခဲ့ကြသူများ ဖြစ်ပေမည်။ ကျော်ဝင်းမောင်၏ မိဘများဘက်မှ ထုတ်ပေးသော အရင်းအနှီးဖြင့် မူဆယ်၊ နမ့်ခမ်း၊ တရုတ်နယ်စပ် ကုန်သွယ်ရေးတွင် စီးပွားရေးလုပ်ငန်းကို စွမ်းစွမ်းတမံ ပြုလုပ်ခဲ့ကြရာမှ အောင်မြင်တိုးတက်လာခဲ့သော ဇနီးမောင်နှံ ဖြစ်ကြလေသည်။ ခင်မမသည် တရုတ်ကပြားမလေး ဖြစ်လေရာ တစ်သားမွေးတစ်သွေးလှ ဖြစ်နေသည်။ ခင်မမက မူဆယ်၊ နမ့်ခမ်းမှ ရန်ကုန်သို့ ကုန်ပစ္စည်းများပို့ပေး၊ ကျော်ဝင်းမောင်က ရန်ကုန် ယုဇနပလာဇာ၊ မင်္ဂလာဈေးတို့တွင်

www.burmeseclassic.com

www.burmeseclassic.com



လက္ကားဖြန့်ချိ၊ ကြိုးစားရှာဖွေ လုပ်ကိုင်ခဲ့ကြရာ (၁၄) နှစ်အတွင်း ချမ်းသာလာကြသော ဇနီးမောင်နှံ ဖြစ်လာခဲ့ကြသည်။

အသက်အားဖြင့် (၄၀) ကျော် ဖြစ်လာပြီဖြစ်သောကြောင့် တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှု၊ စိတ်ချမှုများ ရှိလာကြသည်။ သို့ကြောင့်လည်း လွတ်လပ်စွာ သွားလာလုပ်ကိုင်နေသော ခင်မမသည် ကုန်သည်အချင်းချင်း၊ မိန်းမမာယာ သဲကိုးဖြာဖြင့် သွားလာလှုပ်ရှား လုပ်ကိုင်လာခဲ့ရာတွင် စီးပွားရေးလုပ်ငန်းမှာ တစ်ဟုန်ထိုး တိုးတက်လာရလေသည်။

လူ့ရှာလောကဓမ္မတာတွင် ကံကြမ္မာတစ်ဆစ်ချိုး အကွေ့အကောက်၊ အဖျက်အမှောင့်တို့ ကြုံရတတ်ကြလေသည်။ စီးပွားရေးသမားချင်း မချွေရ မနာလိုဝန်တို မိတ္တာများမှု၊ တဏှာရှာသားတို့က မိမိ၏ အလိုဆန္ဒမရမှုတို့ကြောင့် အဖျက်အမှောင့်လုပ်ရပ်များလည်း ရှိတတ်ကြလေသည်။ ပုထုဇနော ဥမ္မတကော။

ချစ်စမ်းမောင်သည် ကျော်ဝင်းမောင်+ခင်မမတို့နှင့် လုပ်ငန်းချင်းတူသူ ဖြစ်ကြသည်။ မန္တလေး၊ မူဆယ်၊ နမ့်ခမ်းသို့ တစ်လှေတည်းစီး တစ်ခရီးတည်းသွားဆိုသကဲ့သို့ ခင်မမနှင့် ခရီးလမ်းတူသော စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ကြသည်။ ချစ်စမ်းမောင်သည် ခင်မမအပေါ် အလိုလိုက် အကြိုက်ပေးပြီး ဆက်ဆံနေသူ ဖြစ်သည်။

ချစ်စမ်းမောင်ထံမှ ချုလိုသူ မေစီသန်းသည် ချစ်စမ်းမောင်နှင့် တရင်းတနှီးဖြစ်ရန် ရေလာမြောင်းပေးရှိသော်လည်း ချစ်စမ်းမောင်က စိတ်မဝင်စား။ ခင်မမနှင့်သာ သက်ပွန်းတတီး ဆက်ဆံလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကို မနာလိုဝန်တို မိတ္တာရဖြစ်သော မေစီသန်းက ချစ်စမ်းမောင်နှင့် ခင်မမတို့ သွားလာလှုပ်ရှားမှု မြင်ကွင်းကို စုဆောင်းကာ ခင်မမ၏ယောကျ်ား ကျော်ဝင်းမောင်ထံသို့ ချောက်တွန်းမှု ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ကျော်ဝင်းမောင်နှင့် ခင်မမတို့လင်မယား အိမ်ထောင်ရေး၊ စီးပွားရေးတို့ကို အဟန့်အတား၊ အနှောင့်အယှက် ဖြစ်ခဲ့ရခြင်း ဖြစ်လေသည်။

ကျော်ဝင်းမောင်က တရုတ်နယ်စပ် မူဆယ်၊ နမ့်ခမ်းမှ ကုန်ပစ္စည်းများကို ရန်ကုန် တင်ပို့သည့်အလုပ်၊ ခင်မမက ရန်ကုန်ဈေးကွက်တွင် ဖြန့်ချိသော အလုပ်တို့ကို ပြောင်းလဲလုပ်ကိုင်လာခဲ့ကြသည်။ အိမ်ထောင်ရေး သံသယ ကင်းဝေးခဲ့ကြရလေသည်။

(၅)

**(တင့်တယ်ခြင်းနှင့် ပြည့်စုံသော မိန်းမချောတို့သည် ဥစ္စာပေါများသော ယောကျ်ားကိုမြင်သောအခါ နူးညံ့ချွဲပျစ်သော စကားဖြင့် ဆွဲဆောင်ကုန်၏)**

(၁၈၃ ကုဏ္ဍလဇာတကဆတ္တနိပါတ်)

*** အချို့သော မိန်းမတို့သည် နံနက်အခါ၌ သဝန်တိုကြသည်။**

*** နေ့လယ်အခါတွင် သူတစ်ပါး၏ စည်းစိမ်ကို ငြူစူတတ်သည်။**

www.burmeseclassic.com

www.burmeseclassic.com



*** ညနေအခါ၌ ကာမရာဂစိတ်ဖြင့် နေလေ့ရှိ၏။**

**(အနုရုဒ္ဓသုတ်တိကနိပါတ်၊ အင်္ဂုတ္တိုရ်)**

ကျော်ဂင်းမောင်သည် ဘုရားဟော ဒေသနာလာ မိန်းမတို့၏ အကျိုးအပြစ်များကို မသိ။ စီးပွားရေးလုပ်ငန်းနယ်ပယ်တွင် နစ်မြုပ်နေရသောကြောင့် သတင်းစာ၊ ဂျာနယ်မှအပ အခြားသော သုတရသ စာပေနှင့် ဘုရားဟော ဒေသနာစာပေများ မဖတ်နိုင်၊ စာဖတ်အားနည်းသူ ဖြစ်သည်။ ထို့ကြောင့် ဘာသာရေးလိုက်စားမှု အားနည်းသည်။

သို့ကြောင့်လည်း မန္တလေး၊ မူဆယ်၊ နမ့်ခမ်း၊ ရန်ကုန်တို့ရှိ ဣတ္ထိယမိန်းမတို့၏ မိန်းမမာယာ သဲကိုးဖြာဖြင့် ဆက်ဆံနေရသည်တွင် မာယာတော၊ တဏှာတော၌ နစ်မျောရသည်မှာ တစ်နေ့တခြား တိုးပွားလျက် မဘက်လိုက်ပြီး မိုက်ဖက်ပါသော တဏှာရှာသား၏ အပြုအမူများ တိုးပွားနေသည်။

တစ်နေ့တွင် ဖြစ်သည်။

အချစ်ရေ အစ်ကို့နာမည်နဲ့ရှိတဲ့ ဂန္ဓမာလမ်း၊ တိုက် ၂၉ ရပ်ကွက်၊ သုဝဏ္ဏခြံနဲ့ တိုက်ကို အချစ်နာမည်နဲ့ ပြောင်းထားချင်တယ်"

"ဘာဖြစ်လို့လဲ မောင်ရယ်၊ အပိုအလုပ်ရှုပ်ပြီး ငွေလည်းကုန်ပါတယ်"

"မဟုတ်ဘူးကွာ၊ မောင် ပြောတဲ့အတိုင်း လုပ်စေချင်တယ်။ လုပ်ပါ အချစ်ရယ်"

"အစ်ကို ဒီလောက် ဆန္ဒပြင်းပြနေရင် ဒီလိုလုပ်ရင်

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူးလား။ သားသမီး (၃) ယောက် နာမည်ကို ပြောင်းလိုက်မယ် အစ်ကို"

"ဒါလည်း ကောင်းတာပဲ...အချစ်သဘော၊ လုပ်ဖြစ်အောင်သာ လုပ်လိုက်ကွာ"

ခင်မမသည် စိန်ဘရားသား ဥပဒေအကျိုးဆောင်အဖွဲ့မှ ကိုဝင်းမြင့် (ခ) ကိုလှဍွေးကို အလုပ်အပ်လိုက်လေသည်။ ကလေးတွေ အရွယ်မရောက်သေးသောကြောင့် ဖခင်က မေတ္တာဖြင့်ပေးသည်။ မိခင်မှာ အရွယ်မရောက်သေးသော သားသမီး (၃) ဦးအတွက် လက်မှတ်ရေးထိုး လက်ခံရလေသည်။

သုံးလေးလ ကြာမြင့်ခဲ့ပြီးနောက်...

"ဒီအိမ်ဟာ ဦးကျော်ဝင်းမောင်တို့ အိမ်ပါလားခင်ဗျာ"

"ဟုတ်ပါတယ်၊ ကျွန်တော် ဦးကျော်ဝင်းမောင်ပါ"

"ကျွန်တော် တရားရုံးက ဆင့်စာချတဲ့ စာရေးပါ။ ဟောဒီ ဆင့်စာပေါ်မှာ လက်မှတ်ရေးထိုးပြီး လက်ခံပေးပါ"

ကျော်ဝင်းမောင်သည် ဆင့်စာကို လက်ခံပြီးနောက် တုန်လှုပ်ချောက်ချားမှုကို ခံစားလိုက်ရသည်။ မေဘယ်လ် (ခ) မေဘရဏီ၏ ပယောဂဖြစ်မယ်ဆိုတာတော့ ထင်ပြီးသား ဖြစ်သည်။ မိတ်ဆွေရင်းချာဖြစ်သော (စိန်ဘရားသား ဥပဒေအကျိုးဆောင်) အဖွဲ့သို့ သွားရောက် တိုင်ပင်ရသည်။ ညှိနှိုင်းရလေသည်။

"ရှေ့နေကြီး ဦးနက်ပြောင် ရှိပါသလား ခင်ဗျာ"

"ရှိပါတယ်ရှင် ထိုင်ပါ"

"ဟာ ဦးကျော်ဝင်းမောင်...ဘော့စ်ကြီးပါလား၊ လာဗျာ...အထဲကို"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က လှည့်ဝင်လာတာလဲ ဘော့စ်"

"ဆရာတို့ဆီကို တမင်လာတာပါ ဆရာ"

"ဆိုဗျာ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ဒီလိုဆရာ ကျွန်တော် မိန်းကလေးတစ်ယောက်နဲ့ ငြိတယ်၊ သူ့မှာ ကိုယ်ဝန်လည်း ရှိနေတယ်။ ကျွန်တော့်ကို ယူဖို့ ပြောတယ်။ ကျွန်တော် ဘယ်ယူနိုင်မလဲ ဆရာ။ ခင်မမ သိရင်လည်း စိတ်ထိခိုက်မယ်၊ အိမ်ထောင်ရေးထိခိုက်မယ်၊ အခု အဲဒီကောင်မလေးက ကျွန်တော့်ကို တရားစွဲထားတယ်၊ ဟောဒီမှာ ဆင့်စာ ဆရာ"

"စိတ်အေးအေးထားပါ။ ကျွန်တော် အမှုတွဲကို သွားပြီး ဖတ်ခိုင်းမယ်၊ မိတ္တူယူပေးပါ့မယ်။ အေးအေးဆေးဆေး တိုင်ပင်ကြတာပေါ့၊ ပြဿနာရှိရင် အဖြေရှိရမှာပေါ့ဗျာ

ညနေ အေးအေးဆေးဆေး ပြန်လာခဲ့၊ ဘီယာ တိုက်ရမယ်နော် ဘော့စ်"

ကျော်ဝင်းမောင်သည် နေဝင်ရီတရောအချိန်တွင် ရှေ့နေကြီးများ အနားယူချိန်မှာ စိန်ဘရားသား အကျိုးဆောင်လုပ်ငန်းသို့ ရောက်ရှိလာသည်။

"လာ လာ ဦးကျော်ဝင်းမောင်၊ ဟောဒီမှာ တရားစွဲဆိုလွှာ၊ မေဘယ်လ် ဆိုတဲ့ ကောင်မလေးက ကိုယ်ဝန် (၄လ) ရရှိသည်အထိ သားမယားအဖြစ် ပေါင်းသင်းခဲ့ကြပြီးနောက် မယူတဲ့အတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၃ အရ တရားစွဲဆိုတာပါတဲ့ဗျား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ဒါပဲဖြစ်မယ်ဆိုတာ ထင်ပါတယ်"

"ဆရာ ကျွန်တော့်ဇနီး ခင်မမကို မလိမ်ချင်ဘူးဆရာ။ လိမ်ရင့်လည်း တစ်နေ့ပေါ်မှာပဲ၊ ဒီတော့ ခင်မမနဲ့ ပွင့်ပွင့်လင်း လင်း တိုင်ပင်ချင်တယ် ဆရာ"

"ဟာ ကောင်းတာပေါ့၊ ဒါ အိမ်ထောင်ရေး၊ အိမ်တွင်း ရေး၊ သူ့ကို တိုင်ပင်ပါ။ ဖွင့်ပြောပါ။ သူ့သဘောထားလည်း သိရတာပေါ့"

ကျော်ဝင်းမောင်သည် ရေ့နေကြီးများနှင့် ဘီယာလေး၊ ဝီစကီလေးသောက်ပြီး အိမ်သို့ ပြန်သွားလေသည်။ ပြောမထွက် သော စကားများကို ချစ်ဇနီးကို ပြောရမှာဖြစ်သောကြောင့် အားဆေးတင်သွားခြင်းလည်း ဖြစ်ပေသည်။

"အချစ်ရေ...အချစ်လေးရေ"

"လေသံကတော့ အစ်ကို များလာတယ်ထင်တယ်၊ ထ မင်း စားမလား၊ သံပရာရည်သောက်မလား"

"ဘာမှလည်း မစားဘူး၊ ဘာမှလည်း မသောက်ဘူး၊ အချစ်ကို ပြောစရာရှိလို့"

"ဘာပြောချင်လဲ အစ်ကိုရယ်၊ ကိုယ့်မယားကို ပြောတာ များ"

"မပြောသေးဘူး၊ အချစ် ကိုယ့်ပါးကို ဘယ်ပြန်ညာပြန် ရိုက်ပြီးမှ ပြောမယ်"

"ကဲပါ အစ်ကိုရယ်၊ ညီမကို ငရဲမပေးပါနဲ့"

ခင်မမသည် ကျော်ဝင်းမောင်ကို ကြင်နာယုယမှုများ ပေး

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြုစုပေးနေရာ ကျော်ဝင်းမောင် မျက်ရည်များ လည်လာလေသည်။

"အချစ် အစ်ကိုလေ မေဘယ်လ်ဆိုတဲ့ ကောင်မလေးနဲ့ ငြိခဲ့တယ်။ သူ့ကို ယူရမယ်လို့ ပြောတယ်၊ အစ်ကိုက မယူနိုင်ဘူးဆိုလို့ အစ်ကို့ကို တရားစွဲလာတယ်။ ဒါကြောင့် အချစ်ကို ပွင့်ပွင့်လင်းလင်း ပြောတာပါ အချစ်ရယ်"

"ဒါအပြစ်လား အစ်ကိုရယ်၊ ပုထုဇဉ်လူသား၊ တဏှာရှာသားတွေ ကြုံရတတ်ပါတယ်။ အစ်ကို သူ့ကို တကယ်ချစ်ရင် မခွဲနိုင်ဘူးဆိုရင် ယူလိုက်ပေါ့။ တကယ်မယူလိုဘူး၊ မလွှဲသာလို့ ဖြစ်သွားတာဆိုရင်လည်း သူကျေနပ်အောင် စီစဉ်ပေးလိုက်ပေါ့"

"သဘောထားကြီးလှချည်လား အချစ်ရယ်"

"ဒါ အပြစ် မဟုတ်ပါဘူး။ အပြစ်မြင်ရှုထောင့်နဲ့ဆိုရင်တော့လည်း အပြစ်ပေါ့။ ခင်မမ အမြင်ကတော့ ဒါ အပြစ်လို့ မမြင်ပါဘူး အစ်ကိုရယ်"

"ဒါဆိုရင် အချစ် ဘယ်လိုစီစဉ်ပေးမလဲ"

"မေဘယ်လ်ကို ကန်တော်ကြီးဟိုတယ်မှာ ချိန်းလိုက်၊ ညီမရယ်၊ အစ်ကိုရယ်၊ သူရယ် သုံးပွင့်ဆိုင် ဆွေးနွေးလိုက်ကြတာပေါ့"

"ကောင်းတယ် အချစ်၊ ဒီညနေ (၄) နာရီ ချိန်းလိုက်မယ်"

ကျော်ဝင်းမောင်သည် စိတ်ရှုပ်နေမှ စိတ်ဆင်းရဲနေမှု

www.burmeseclassic.com

www.burmeseclassic.com



အတော် ပေါ့ပါးသွားလေသည်။ ကိုယ်ဝန်ဆောင်သည့်မလေး မေဘယ်လ်ကို ချိန်းလိုက်သည်။

(၇)

"ဩော်...မေဘယ်လ် ရောက်နေပြီကိုး"

"မမ မေဘယ်လ်ဆိုတာ သူလေ၊ မေဘယ်လ် သူက အစ်ကို့ဇနီး ခင်မမတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်ညီမ၊ ညီမက အရမ်းချော တာပဲနော်"

"ဒါပေမဲ့ အစ်မရယ်၊ အစ်ကိုကျော်က ညီမကို ဘယ်လို မှ မယူနိုင်ဘူးတဲ့၊ မင်းလုပ်ချင်ရာ လုပ်တဲ့။ ဒါကြောင့် ရှေ့နေ ကြီးတစ်ဦးရဲ့ အကြံပေးချက်အရ အမှုလုပ်လိုက်ရတာပါ အစ်မ၊ လုပ်ချင်လွန်းလို့ လုပ်တာတော့ မဟုတ်ပါဘူး အစ်မ"

"ဒါပေါ့ ညီမရယ်၊ အခက်အခဲ ဖြစ်ရကြုံရတဲ့အခါမှာ ကြံရာမရ လုပ်တတ်ကြပါတယ်။ ကဲ ညီမဆန္ဒ ဘယ်လိုဖြစ်ချင် သလဲ ပြော၊ အစ်မ အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးမယ်"

"အစ်မနဲ့ အစ်ကိုရဲ့ သဘောပါ၊ ညီမကတော့ အေးအေး ဆေးဆေး ဖြစ်ချင်ပါတယ်"

"ဒီလိုလုပ် ညီမ၊ ဒီကလေးကို ဖျက်မချနဲ့ မွေးပါ၊ မွေး ဖွားစရိတ်၊ မမွေးမီ ဆေးဝါးစရိတ်၊ ဒီအတောအတွင်း ညီမတို့ စားဝတ်နေရေးအတွက် စရိတ် အစ်မပေးမယ်။ လုံလောက်အောင် ပေးမယ်။ ကလေးမွေးပြီးလို့ ဒီကလေးကို ညီမတို့ မမွေးချင် ဘူးဆိုရင် အစ်မ မွေးမယ်၊ အစ်မကို ညီမက မွေးစားခွင့်ပေး"

www.burmeseclassic.com



"ဝမ်းသာလိုက်တာ အစ်မရယ်၊ ဘယ်လိုပြန်ပြောရမှန်းတောင် မသိတော့ဘူး"

"နောက်တစ်ချက်က ညီမကို ကလေးမွေးပြီးတဲ့အထိသုံးဖို့စွဲဖို့ ငွေကျပ်သိန်း (၅၀) ပေးမယ်၊ ကျေနပ်လား"

"များပါတယ် အစ်မ၊ တော်ကြာ အမေနဲ့ အစ်မတို့သုံးပစ်မှာစိုးလို့ တစ်ဝက်လောက်ပဲ ပေးပါ"

ကျော်ဝင်းမောင်၊ ခင်မမနှင့် မေဘယ်လ် (ခ) မေဘရဏီတို့၏ သုံးပွင့်ဆိုင် ဆွေးနွေးပွဲကြီး အောင်မြင်စွာ ပြီးဆုံးခဲ့လေပြီ။ မေဘယ်လ်သည် တရားရုံးတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ စွဲဆိုထားသော အမှုကို ရုပ်သိမ်းလိုက်လေသည်။

ကျော်ဝင်းမောင်ကလည်း မိမိ၏ ရှေ့နေကြီး ဦးနက်ပြောင်ထံသို့ အကျိုးအကြောင်း ပြန်လည်ပြောပြလေသည်။ ရှေ့နေဦးနက်ပြောင်က **"လူပြည်မှာ အမှုမပွေ့တာ ကောင်းပါတယ်"** ဘာကြောင့်ဆိုသော် တရားစီရင်ထုံးရှိတယ်။

(မောင်သန်းထွန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ မခင်နှင်းရီစီရင်ထုံး၊ ၁၉၇၂ မတစ၊ ရုံးချုပ်၊ စာ ၂၃)

"ကိုယ်ဝန်ရှိသည့် ကိစ္စ၊ ကိုယ်ဝန်မရှိသည့် ကိစ္စဟူ၍ခွဲခြားထားရန်လည်း အကြောင်းမရှိဟု ယူဆသည်။ အဘယ်ကြောင့်ဆိုသော် လက်ထပ်မည်ဟု လှည့်ဖြားသဖြင့် ယုံကြည်ပြီး ကာမပေးအပ်ခဲ့သည် အမျိုးသမီးသည် ကိုယ်ဝန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကိုယ်၌ဖြစ်စေ၊ စိတ်၌ဖြစ်စေ နစ်နာခြင်းခံရပြီး ဖြစ်သည်ဆိုခြင်းမှာ ယုံမှားဖွယ် မရှိနိုင်ခြင်းကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို လက်ထပ်ပါမည်ဟု အယုံသွင်းပြီး ကာမရယူပြီးနောက် လက်ထပ်ရန် ငြင်းဆိုခြင်းသည် ရာဇဝတ်ကြီးပုဒ်မ ၄၁၇ အရ လိမ်လည်မှုမြောက်သည်ဟု ဆုံးဖြတ်လိုက်သည်။

□

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဟုတ်ကဲ့ မမ

## (၁)

"ဝွမ်း...ချလွမ်...ချလွမ်"

ပန်းကန်ပြားသုံးချပ်၊ ဇွန်းခက်ရင်းသုံးစုံ၊ အချဉ်ပန်းကန်တို့သည် လွှတ်ချလိုက်တာလား၊ လွတ်ကျသွားတာလား မသိ။ အေးချမ်းမေ သီချင်းကဲ့သို့ တစ်စစီ ဖြစ်သွားသည်။ မောင်ကြီးသည် မျက်နှာခပ်တင်းတင်း အနေအထားဖြင့်...

"သိန်းသိန်း ဒါတွေရှင်းလိုက်၊ ပြီးတော့ ပန်းကန်နဲ့ ခေါက်ဆွဲဖိုးပါ တစ်ခါတည်းရှင်းခဲ့။ ငွေသုံးထောင် ယူသွား"

အလုပ်သမား သိန်းသိန်းသည် မောင်ကြီး ခိုင်းစေသည့်အတိုင်း ရုံးခန်းတွင်းမှ ပန်းကန်ပြားအကွဲအစများကို သိမ်းသည်။ သန့်ရှင်းရေးလုပ်ပေးပြီး ညွှန်ကြားသည့်အတိုင်း လုပ်ပေးရလေသည်။

မောင်ကြီးတစ်ယောက်ကတော့ ရုံးခန်းထဲဝင်လိုက်၊ ထွက်လိုက် ဂနာမငြိမ် ဖြစ်နေသည်။ စိတ်လှုပ်ရှားမှု ဖြစ်နေသည်။ ညှော်သည် ကိုကိုမောင်ကလည်း ရှိသဲ့သဲ့။

www.burmeseclassic.com

www.burmeseclassic.com



"စိုး. . . ကိုယ့်အလုပ်သမားတစ်ယောက်ကို ဒီလောက် အခွင့်အရေးတွေ မပေးသင့်ဘူး။ သားရေပေါ်အိပ်၊ သားရေနား စား ဆိုတာမျိုးတွေ ရှိတယ်။ ကိုယ်ကတော့ စိုးရိမ်လို့ ပြောတာပါ"

"မောင်ကြီးက စိုးရဲ့ သက်တော်စောင့် လက်ရုံးတစ်ရုံးပါ။ အလုပ်သမားဆိုပေမယ့် စိုးရဲ့ တောင်ပေါ်မြေပြန့်ကားဂိတ်ကို သူ ဦးစီးလုပ်ပေးနေတဲ့ လူယုံစီးပွားဖက်လည်း ဖြစ်ပါတယ် ကိုမောင်"

ကိုကိုမောင်သည် စိုးမိုးသူနှင့် လုပ်ငန်းတူဖြစ်သောကြောင့် ခင်မင်သူများ ဖြစ်ကြသည်။ စိုးမိုးသူကလည်း တစ်ခုလပ်၊ ကိုကိုမောင်ကလည်း အိမ်ထောင်ကွဲတစ်ခုလပ်၊ ဘဝတူများ ဖြစ်ကြသော စိုးမိုးသူကို အပိုင်နော်ကြဲလိုက်ချင် တိုင်ပေါ် အလံစိုက်တင်ရန် ကြိုးစားနေသူ ဖြစ်သည်။

မိမိတို့၏ စတိုးဆိုင်များတွင် ရောင်းချရန်အတွက် တရုတ်ပြည်သို့လည်းကောင်း၊ မူဆယ်၊ နမ့်ခမ်းသို့လည်းကောင်း၊ ကုန်ပစ္စည်းများ ဝယ်ယူကြရာတွင် စိုးမိုးသူ လိုချင်သော ရောင်းကုန်ပစ္စည်းများကို ဦးစားပေးဝယ်ပြီးမှ ကိုကိုမောင်က သူ၏စတိုးဆိုင်များသို့ ရောင်းချရန် ဝယ်လေ့ရှိသည်။ အချိန်ပြည့် ဦးစားပေး၊ အလိုလိုက်၊ အကြိုက်ပေးပြီး နောက်ပိုးနေသော ကိုနောက်ပိုးတစ်ယောက် ဖြစ်လေသည်။

စိုးမိုးသူသည် သီပေါ၊ စော်ဘွားများ အသိုင်းအဝိုင်းမှ ပေါက်ဖွားခဲ့သော ရှမ်းစော်ဘွားအမျိုးအနွယ် ဖြစ်သည်။ အသားဖြူသည်။ အရပ် (၅) ပေ၊ (၃) လက်မ ရှိသည်။ တင်၊ ရင်၊

www.burmeseclassic.com

www.burmeseclassic.com



ခါး အချိုးအဆစ် ပြေသည်။ မျက်ခုံးကောင်းပြီး မျက်ဝန်းကျယ်သည်။ သို့ကြောင့်လည်း အစ်ကိုတိုင်း၊ အစ်ကိုဟိုင်းကြီးများပါ ကြိုက်တဲ့ နှင်းဆီခိုင်လေး ဖြစ်သည်။

မြန်မာ–အမေရိကန် ချစ်ကြည်ရေးအသင်း၏ ဖိတ်ကြားချက်အရ အမေရိကန်သို့ သွားရောက်ခဲ့ရာမှ အမေရိကန်ရောက် မြန်မာပညာရှင် အင်ဂျင်နီယာ မိုက်ကယ်စိန်ဖြင့် နှလုံးသားရစ်ပတ် ထိမ်းမြားခဲ့ကြသည်။

မိုက်ကယ်စိန်က ချစ်ဇနီး စိုးမိုးသူ၏ဆန္ဒအတိုင်း တောင်ပေါ်မြေပြန့်ကားဂိတ် တည်ထောင်ပေးသည်။ လေအိတ်ကားကြီး (၁၀) စီး ဝယ်ပေးပြီး စီးပွားရေးလုပ်ငန်း လုပ်ကိုင်စေသည်။ စီးပွားရေး အဆင်ပြေပါ၏။ သို့သော်...အသွင်မတူ အိမ်သူမဖြစ်" ဆိုသကဲ့သို့ ဖြစ်နေကြသည်။ စိုးမိုးသူကလည်း အမေရိကန်နိုင်ငံသို့ လိုက်မနေနိုင်။ မိုက်ကယ်စိန်ကလည်း မြန်မာနိုင်ငံသို့ ပြန်လာလို့ မရသောကြောင့် မောင်တစ်ရွာ မယ်တစ်မြို့ နေထိုင်လာခဲ့ကြသော မိုက်ကယ်စိန်နှင့် စိုးမိုးသူတို့၏ အိမ်ထောင်ရေးမှာ ခွင့်လွှတ်သည်းခံခြင်းများစွာဖြင့် ငြိမ်းချမ်းစွာ လမ်းခွဲခဲ့ကြရလေသည်။

(၂)

"မောင်ကြီး ကားဂိတ်အတွက် စိတ်ချယုံကြည်ရတဲ့သူ ရှိရဲ့လား"

"ဟုတ်ကဲ့ မမ ရှိပါတယ်။ ကျွန်တော့်ညီအရင်းက ငွေကြေးကိစ္စ ကိုင်ပါတယ်။ ကျွန်တော့်ဦးလေးက နာမည်ကြီး

www.burmeseclassic.com

www.burmeseclassic.com



စက်ဆရာကြီးပါ။ ဒရိုင်ဘာ၊ စပယ်ယာတွေက ကျွန်တော်တို့ နတ်မောက်မြို့နယ်၊ ဝက်ချုပ်ရွာသားတွေပါ။ ကျွန်တော်တို့ကို မလှန်နိုင်သူတွေ၊ လူယုံတွေ၊ ကျွမ်းကျင်တဲ့သူတွေ ဖြစ်ပါတယ် မမ"

စိုးမိုးသူသည် မောင်ကြီး၏ ရုပ်ရည်ကိုင်ရည်ကြောင့် ကားဂိတ်လုပ်ငန်း တဟုန်ထိုး တိုးတက်လာသည်ကို သိပြီးဖြစ်သည်။ စာရင်းစစ်စရာမလိုသူလည်း ဖြစ်သည်ဆိုတာကို သိပြီး ဖြစ်သည်။ ဘာရည်ရွယ်ချက်နဲ့ မောင်ကြီးကို မေးသလဲ... မောင်ကြီး စဉ်းစားနေသည်။

"မမ...ဘာစိတ်မချလို့ မေးတာလဲ"

မောင်ကြီးသည် စိုးမိုးသူအား သူ၏ တွေဝေစဉ်းစားမှုကို ချက်ချင်းမေးလိုက်သည်။

"စိတ်မချလို့ မဟုတ်ပါဘူး မောင်ကြီး၊ စိတ်ချပြီးသားပါ။ ဒါပေမဲ့ မမ ခရီးထွက်တဲ့အခါ ကိုကိုမောင်နဲ့ ဆုံဆုံနေတယ်။ ဒါကြောင့် မမ ခရီးထွက်တဲ့အခါမှာ မမနဲ့အတူ မောင်ကြီးကို လိုက်စေချင်တယ်။ လိုက်လို့ရမလား မေးကြည့်တာပါ"

"ဟာ...မမကလည်း၊ မမအတွက်ဆို ကျွန်တော့်အသက် ကိုတောင် ပေးရဲပါတယ်။ မမ အလိုကျ၊ မမ သဘောကျ ကျွန်တော် တာဝန်ယူပါတယ်။ ကားဂိတ်လုပ်ငန်းကို မထိခိုက် ပါဘူး...မမ"

စိုးမိုးသူသည် မောင်ကြီးအား ပို၍ပို၍ ယုံကြည်မှု၊ အား ထားမှု ပြုလာကြောင်း ပွင့်ထွက်လာသည့်ဝန္ဒကို သိရသော

www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးမှာ မှိုရသော မျက်နှာထက် ဆယ်ဆကဲ ဖြစ်နေလေသည်။

"မောင်ကြီး"

"ဟုတ်ကဲ့ မမ"

"တို့ သန်ဘက်ခါ မူဆယ်–နမ့်ခမ်း တက်မယ်၊ ပရာဒိုကို စစ်ဆေးထားပါ။ စက်ဆီချောဆီ ဖြည့်ထားပါ"

"ပရာဒိုက မမအတွက် အမြဲတမ်း အသင့်ဖြစ်အောင် လုပ်ထားပါတယ်...မမ၊ ဘာမှ လုပ်စရာမလိုပါဘူး...မမ"

စိုးမိုးသူသည် မောင်ကြီးကို ခေါ်သွားပြီး ဂမုန်းပွင့် စတိုးဆိုင်ကြီးသို့ သွားသည်။ စတိုးဆိုင်ကြီးမှ မောင်ကြီးအတွက် အဆင့်မြင့် တီရှပ်၊ ဂျင်းဘောင်းဘီ အတိုအရှည်၊ ရှပ်အကျီ၊ အဝတ်အထည်များ ဝယ်သည်။

"မမ ဒါတွေက များလှချည်လား၊ ဘယ်သူ့ကို လက်ဆောင်ပေးဖို့လဲ...ဟိုလူ့အတွက်လား"

မောင်ကြီးသည် စိုးရိမ်စိတ်ဖြင့် စက်သေနတ်ပစ်သည့်အလား သူ၏မမ စိုးမိုးသူကို မေးလိုက်သည်။

"မောင်ကြီး"

"ဟုတ်ကဲ့ မမ"

"ဘယ်သူ့အတွက်မှ မဟုတ်ဘူး...နင့်အတွက်၊ ငါနဲ့ သွားတဲ့လာတဲ့အခါမှာ သားသားနားနား ရှိမှဖြစ်မှာပေါ့...အရော ယူသွား"

မောင်ကြီးသည် တောင်ကြီးက လျှောင်ကျီးလိုလို၊ ဘာ

www.burmeseclassic.com


ကောင်လိုလို၊ ပွဲစားလိုလို၊ ကုန်သည်လိုလို သားသားနားနား ဖြစ်လာလေသည်။

(၃)

ကိုကိုမောင်သည် တရုတ်ပြည် မူဆယ်၊ နမ့်ခမ်းသို့ တက်လာမည်ဖြစ်သော စိုးမိုးသူအား ခါတိုင်းတည်းနေကျဖြစ်သော မန္တလေး (တောင်ဇလပ်ဟိုတယ်ကြီး) မှ စောင့်ကြိုနေသည်။ ဒါပေမဲ့ အထင်နှင့်အမြင် လွဲခဲ့ချေပြီ။ စိုးမိုးသူနှင့် မောင်ကြီးတို့သည် မန္တလေးဟိုတယ်တွင် တည်းခိုကြလေသည်။

မူဆယ်သို့ ရောက်ရှိချိန်မှာတော့ စိုးမိုးသူသည် သူမ၏ ကိုယ်ရံတော်တပ်မှူးလေး မောင်ကြီးနှင့် လှုပ်ရှားသွားလာနေတာကို တွေ့ရလေသည်။

စိုးမိုးသူကို ခါတိုင်းကဲ့သို့ ပစ္စည်းဝယ်ရန် အကူအညီပေးလိုကြောင်း ကမ်းလှမ်းကျွေးမွေးပြောဆိုသော်လည်း ပစ္စည်းများဝယ်ယူပြီး၊ မှာယူပြီးဖြစ်ကြောင်း သိရလေသည်။ မလိုတော့ပ ။ မလိုအပ်တော့ပါ။ တကယ်မလိုအပ်တော့ပါ ဖြစ်သွားပြီ။

ကိုကိုမောင်သည် စိုးမိုးသူနှင့် မောင်ကြီးတို့၏ ဆက်ဆံရေးကိုကြည့်ပြီး "နှစ်ယောက်တည်း နေချင်တယ်" ဇာတ်လမ်း ဖြစ်နေကြသလားဟု စိုးရိမ်စိတ်တွေ များနေရလေသည်။

မူဆယ်မြို့ရှိ စိတ်ကူးယဉ် ဟိုတယ်ကြီးတွင် ဖြစ်သည်။ စိုးမိုးသူနှင့်မောင်ကြီး တည်းခိုသော အခန်းအနီးတွင် ကိုကိုမောင် အဖို့ ရည်းစားလူလု အူနုကျွဲခတ် ဆိုသကဲ့သို့ ဟု တစ်ဖက်သတ် နောက်ပိုးလာခဲ့ရသော စိုးမိုးသူနှင့် သူ့ပူယုံ သက်တော်

www.burmeseclassic.com



စောင့် မောင်ကြီးနှင့် တစ်ခန်းတည်းအတူ တည်းခိုနေကြသည့် မြင်ကွင်းအတွက် ခံစားရတာ အလွန်ခက်နေသည်။ စိုးရိမ်စိတ်တွေ လွှမ်းမိုးနေသည်။

ဟိုတယ်၏ လေသာပြတင်းပေါက်မှနေပြီး ခံစားနေရသော ခံစားချက်များကို အဆိုတော် မင်းအောင်၏ နိုင်တော်မှု သီချင်းလေးဖြင့် စောင်းကာမြောင်းကာ သီဆိုပြီး ဝေဒနာကို ကြေညာနေလေသည်။

"အချစ်ဆုံး ချစ်သူလေးရယ်၊ ပျော်မယ်ဆိုရင် မောင့် အသည်း ကွဲကြေရတာ ဖြေသာမယ်ထင် x x x ချစ်တဲ့သူ အလိုကျကွယ်၊ ငိုပြဆို ငိုပြပါ့မယ် x x x ချစ်တဲ့သူ အလိုကျကွယ်၊ ပြုံးပြဆို ကိုယ်ပြုံးပြမယ်...ရုပ်သေးရုပ်ပမာ အချစ်အတွက်များဆို ကိုယ် တကယ်ရင်ဆိုင် x x x သူက ကဆို ကွေးအောင်ကမယ် x x x ကြင်နာသူရယ် x x x ကိုယ်လို ကောင်ဟာ အချစ်အတွက်များဆို x x x ဘာမဆိုလုပ်တဲ့ ရုပ်သေးရုပ်ပေါ့ကွယ်"

(၄)

ကိုကိုမောင်သည် စိုးမိုးသူအတွက် သိပ်ချစ်လို့ စိတ်ညစ်နေရတာရယ်၊ စွဲလမ်းပြီး အသည်းကျွမ်းနေတာရယ် သိပ်လှလို့ စိတ်မချတာရယ်၊ စိုးရိမ်စိတ်တွေက သူ့အပေါ် လွှမ်းမိုးနေလေသည်။

ပြိုင်ဘက်ဖြစ်နေပြီဟု မိမိ ယုံကြည်နေသည့် မောင်ကြီး အပေါ် အနုနည်းဖြင့် ယှဉ်ပြိုင်ရင်ကောင်းမလား၊ အပျော့ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ဆွဲပြီး ကိုယ်ဖြစ်ချင်တဲ့ပုံစံ သွင်းယူရင် ကောင်းမလား တွေး တော ကြံစည်ရသည်မှာလည်း မအိပ်နိုင် မစားနိုင်။

ယုဇနပလာဇာကြီးတွင် ဖြစ်သည်။

"ဟာ ညီလေး...မင်းတို့ပစ္စည်းတွေ ရောက်ပြီလား"

"ဟုတ်ကဲ့ အစ်ကို၊ ရောက်ပါပြီ၊ အစ်ကို့ပစ္စည်းတွေလည်း ရောက်နေပြီ...ကျွန်တော် တွေ့ခဲ့တယ် အစ်ကို"

"ကျေးဇူးပဲ ညီလေး"

ကိုကိုမောင်သည် မောင်ကြီးကို ကိုယ့်ဘက်ပါအောင် ရင်းနှီးပေါင်းဖက်မှု ရယူရန် ကြံစည်အားထုတ်နေလေရာ မောင် ကြီးနှင့် တွေ့ဆုံပြီး ရင်းနှီးမှု ယူခွင့်ရလိုက်သည်မှာ အခွင့်အရေး တစ်ရပ်။

တစ်နေ့တွင် ဖြစ်သည်။ မောင်ကြီး ဦးစီးလုပ်ကိုင်နေသော တောင်ပေါ်မြေပြန့် ကားဂိတ်သို့ ကိုကိုမောင် ရောက်လာသည်။ ခရီးကြုံလို့ လာခြင်းမဟုတ်ပါ။ ရည်ရွယ်ချက်ဖြင့် ရောက်ရှိ လာခြင်း ဖြစ်သည်။

"ညီလေး...အတက်ကားတွေ ထွက်သွားပြီဆိုတော့ အား သွားပြီပေါ့...အစ်ကိုနဲ့ တစ်ခုခု သုံးဆောင်ရအောင် လာခေါ် တာပါ"

"ဟာ...အားနာစရာကြီး အစ်ကိုရယ်"

"အားနာစရာမလိုပါဘူး ညီလေး...ညီလေးနဲ့ တိုက်တိုက် ဆိုင်ဆိုင် တစ်ခါမှ မကြုံသေးလို့ တမင်ကျွေးချင်လို့ပါ"

ကိုကိုမောင်သည် ပြောပြောဆိုဆိုဖြင့် သူ၏ ဆပ်လင်ရှေ

www.burmeseclassic.com

www.burmeseclassic.com



ဆာကားဖြင့် ဂျန်းရှင်းစင်တာ စားသောက်ဆိုင်ကြီးသို့ ခေါ်ဆောင်လာခဲ့လေသည်။

ဘလက်လေဘယ်၊ ကြက်ကြော်၊ ဘဲကင်၊ ကကတစ်ကြော်ပြန်ပေါင်း၊ ငါးမုတ်ဟင်းချိုချဉ်စပ်တို့ကို မှာယူပြီး အေးအေးဆေးဆေး အနားယူစားသောက်ကြလေသည်။

အယ်လ်ကိုဟော၏ လှုံ့ဆော်မှုကြောင့် အာလေးလျှာလေးဖြစ်လာကြသည်။ ပွင့်လင်းသော စကားများကိုလည်း ထုတ်ဖော်ဆွေးနွေးကြသည်။ အကဲစမ်းပြီး အကဲခတ်သော စုံစမ်းမှုများလည်း တစ်ဦးအပေါ်တစ်ဦး ဆားပုလင်း လုပ်နေကြလေသည်။

"ညီလေး၊ မင်းရဲ့သူဌေးမ မစိုးအပေါ် ဘယ်လိုသဘောထားလဲ"

"ကျွန်တော်က သူ့ရဲ့လူယုံ၊ အခုဆိုရင်တော့ စီးပွားဘက်အဖြစ် ရှယ်ယာဝင် လုပ်ပေးထားတဲ့အတွက် လုပ်ဖော်ကိုင်ဘက် စီးပွားဘက်ကျေးဇူးရှင် ဖြစ်တဲ့အတွက် ကျွန်တော့်ကျေးဇူးရှင်လို့ပဲ ခံယူပါတယ်"

"မင်း...စိုးကို စိတ်မဝင်စားဘူးလား"

"ဟာ...အစ်ကိုကလည်း မမမှာ စိတ်ဝင်စားစရာတွေက အများကြီးပဲ။ လှတယ်၊ စိတ်ကောင်းရှိတယ်၊ ချမ်းသာတယ်၊ လူမှုဆက်ဆံရေး ကောင်းတယ်။ မမမှာ အကောင်းတွေစုနေတော့ စိတ်ဝင်စားဖို့ သိပ်ကောင်းတာပေါ့"

"မင်း သူ့ကို မချစ်ဘူးလား"

"ဟာ...အစ်ကိုကလည်း သားရေပေါ်အိပ် သားရေနားစား ဖြစ်သွားမှာပေါ့။ ကျွန်တော်နဲ့ တန်လည်း မတန်ပါဘူး"

www.burmeseclassic.com


"အဲဒီသစ္စာတရား၊ မေတ္တာတရားတွေကြောင့် မင်းမမက မင်းကို ယုံကြည်စိတ်ချတာပေါ့ကွ"

"ဟုတ်ပါတယ် အစ်ကို၊ ဟုတ်ပါတယ်"

"ကဲ...အစ်ကို အချိန်ကလည်း (၁၁) နာရီရှိပြီ၊ သောက်လို့စားလို့လည်း ဝပြီ၊ ပြန်ကြစို့"

ကိုကိုမောင်သည် စိုးမိုးသူအပေါ် သူ၏ စိုးရိမ်စိတ်များ သက်သောင့်သက်သာ ရစေသည့် မောင်ကြီးထံမှ သတင်းစကား ကြားသိရသည့်အတွက် နေသာထိုင်သာ ဖြစ်သွားသည်။ စားဝင်အိပ်ပျော် ဖြစ်သွားရလေသည်။

(၅)

တစ်နေ့သော တနင်္ဂနွေနေ့၌ ယုဇနဟိုတယ် မင်္ဂလာခန်းမကြီးတွင် ဖြစ်သည်။ ထိတ်ထိတ်ကြဲကုန်သည်များ၏ သားနှင့်သမီးတို့၏ မင်္ဂလာဧည့်ခံပွဲတွင် ဖြစ်သည်။ မင်းစိုးရာဇာ၊ ကုန်သည်ပွဲစားကြီးများ အလျှာ စုံလင်လှသည်။

ကိုကိုမောင်သည် ၎င်း၏ လူယုံတပည့်မ ဝန်ထမ်းလေးနှင့်အတူ မင်္ဂလာစားပွဲဝိုင်းတွင် နေရာယူပြီးသား ဖြစ်နေသည်။ စိုးမိုးသူနှင့် မောင်ကြီးတို့အတွဲလည်း ကိုကိုမောင်တို့ စားပွဲအနီးတွင် နေရာယူရန် ပြင်ဆင်နေသည်။ ဤအချိန်တွင်...

"ဟယ်...စိုးမိုး၊ စွံသွားပြီလား...မင်းလူက ယောကျ်ားပီသတယ်နော်။ အသားညိုတော့ အညာသားပဲ ဖြစ်မယ်"

စိုးမိုးသူကို နှုတ်ဆက်သူ၏ လှိုင်းပုတ်သံများသည် ကိုကိုမောင်၏ အသည်းနှလုံးထဲတွင် ဒိန်းတလိမ်းမှတ် ကသွားသကဲ့

www.burmeseclassic.com

www.burmeseclassic.com



သို့ ရင်ခုန်သံများ ဗလောင်ဆူသွားသည်။ ဝေဒနာဟောင်း ပြန်ပေါ်လာသကဲ့သို့လည်း ခံစားလိုက်ရသည်။

ကိုကိုမောင်နှင့် စိုးမိုးသူတို့ ငွေကျပ် သိန်း ၁၀၀၀ စီ အစုထည့်ဝင်ပြီး မတည်ငွေ သိန်း ၂၀၀၀ ဖြင့် ဗိုလ်ချုပ်ဈေးကြီး ဗဟိုရုံ (အာရှ၊ ပတ္တမြား၊ နဂါး ကျောက်မျက်ရတနာ အရောင်းဆိုင်) ရှိသည်။ ကိုကိုမောင်ဘက်မှ လူယုံတာဝန်ခံ (ရွှေသီတာထွန်းဝင်း) နှင့် စိုးမိုးသူဘက်မှ လူယုံတာဝန်ခံ (မေရတနာ အောင်) တို့ ကြီးကြပ်ပြီး ရောင်းချနေကြသည်။

နေ့စဉ် ရောင်းရငွေများနှင့် ပစ္စည်းလက်ကျန်များကို စာရင်းဇယားဖြင့် စိုးမိုးသူထံသို့ အပ်ရသည်။ တစ်ပတ်တစ်ကြိမ် ကိုကိုမောင်နှင့် စိုးမိုးသူတို့ စာရင်းရှင်းကြသည်။

စိုးမိုးသူ၏ လူယုံတာဝန်ခံ နေမကောင်းသောကြောင့် (၅) ရက် အလုပ်မဆင်းနိုင်။ ဤကာလအတွင်း မောင်ကြီးက ဆိုင်မှ နေ့စဉ်ရောင်းရငွေများနှင့် ပစ္စည်းလက်ကျန်ကို စိုးမိုးသူထံ အပ်ရလေသည်။ ဆိုင်သိမ်းပေးခဲ့ရသည်။

(၃) ရက်မြောက်သောနေ့တွင် ရောင်းရငွေနှင့် ပစ္စည်းလက်ကျန် မကိုက်ညီခြင်း၊ ကျောက်မျက်ရတနာ တန်ဖိုးကြီးပစ္စည်းများကို တန်ဖိုးနည်းပစ္စည်းဖြင့် လဲလှယ်ထားခြင်း ပြဿနာ ပေါ်ပေါက်ခဲ့လေသည်။ ဆိုင်မှ ရတနာများနှင့် ထိတွေ့ဆက်ဆံရသူများမှာ ထိုရက်အတွင်း ရွှေသီတာထွန်းဝင်းနှင့် မောင်ကြီး တို့ ဖြစ်နေသောကြောင့် တာဝန်ရှိနေသူ၊ တာဝန်မကင်းသူများ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စိုးမိုးသူက ကိုကိုမောင်ထံ အကြောင်းကြားခဲ့ရာ ငွေကျပ် သိန်း ၁၀၀၀ ဖိုး ဆုံးရှုံးနေရသောကြောင့် ကိုကိုမောင်က တာဝန်မကင်းသူတို့အပေါ် အမှုဖွင့်ရန် ပြောပြီး ချက်ချင်း ရဲစခန်းသို့ အမှုဖွင့်သည်။

ရဲတပ်ဖွဲ့၏ လုပ်ထုံးလုပ်နည်းအရ နွေသီတာထွန်းဝင်း၊ မောင်ကြီးတို့အား စစ်ကြောရေး လုပ်သည်။ တရားခံများက ဘူးကွယ်နေကြသော်လည်း သိန်း ၁၀၀၀ ကျော်ဖိုး လျော့နည်းမှု၊ လဲလှယ်ထားမှုတို့နှင့် ပတ်သက်ပြီး တခြားသူမရှိ။ ၎င်းတို့ နှစ်ဦးတည်းသာဖြစ်၍ အချုပ်ဖြင့် အချိန်ယူ စစ်ဆေးခဲ့ရလေသည်။ ပြစ်မှုပုဒ်မမှာလည်း အာမခံ မပေးနိုင်သော ပုဒ်မ ဖြစ်လေသည်။

စိုးမိုးသူက ကိုကိုမောင်အား သူ့တပည့်လက်ရုံး နွေသီတာထွန်းဝင်းလည်း မနစ်နာစေရန်နှင့် ၎င်း၏လူယုံ မောင်ကြီးလည်း မနာစေရန်အတွက် တစ်ယောက် သိန်း ၅၀၀ စီ အနစ်နာ အဆုံးရှုံးခံလိုက်ကြရန် ညှိနှိုင်းသော်လည်း ကိုကိုမောင်က လက်မခံ။

နွေသီတာထွန်းဝင်းက ဆိုင်သိမ်းချိန်မှာ ရောင်းရငွေများနှင့် လက်ကျန်ပစ္စည်းများကို မောင်ကြီးထံသို့ ပေးအပ်ခဲ့သောကြောင့် ၎င်းတွင် တာဝန်မရှိကြောင်း ငြင်းကွယ်သည်။ မောင်ကြီးကလည်း သူမ ပေးလိုက်သောငွေနှင့် ရတနာပစ္စည်းများကို စိုးမိုးသူလက်သို့ အပ်ပေးရသော ယာယီအလုပ်ကိုပေးလိုက်သည့် အထုပ်အလိုက် ပေးအပ်ရသူ ဖြစ်သောကြောင့် ၎င်းတွင် တာဝန်မရှိကြောင်း အသီးသီး ငြင်းဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှုစစ်ရဲအရာရှိက အမှုမဖြစ်မီ အခြေအနေ၊ အမှုဖြစ်ချိန် အခြေအနေတို့ကို သက်သေများနှင့်တကွ စစ်ဆေးသည်။ မြို့နယ် ဥပဒေအရာရှိထံသို့ ဥပဒေအကြံပြုချက် တောင်းခံသည်။

ဥပဒေအရာရှိ၏ ဥပဒေအကြံပြုချက်၊ ပေါင်းစပ်ညှိနှိုင်းမှုတို့အရ တရားခံ နွေသီတာထွန်းဝင်း၊ မောင်ကြီးတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆၊ ၄၀၉ တို့အရ ပန်းဘဲတန်းမြို့နယ် တရားရုံးသို့ တရားစွဲဆို တင်ပို့ရလေသည်။ အသက်တစ်ရာမနေရ၊ အမှုတစ်ရာတွေ့ရ ဆိုသကဲ့သို့ မပြေးသော်လည်း ကန်ရာရှိ ဆိုသည့်အတိုင်း နွေသီတာထွန်းဝင်းနှင့် မောင်ကြီးတို့ အမှုကို အချုပ်ဖြင့် ရင်ဆိုင်ကြရလေသည်။

(၆)

မောင်ကြီး အချုပ်ဖြင့် အမှုရင်ဆိုင်နေစဉ် ကာလအတွင်း ကိုကိုမောင်သည် စိုးမိုးသူကို ပို၍ ဂရုစိုက်သည်။ အကြင်နာတရားများပေးရန် ကြိုးစားသည်၊ အကြင်နာ၊ အယုယများ ပေးစွမ်းသည်။ မောင်ကြီး ဆောင်ရွက်နေသည့် ကွက်လပ်ကလေးများကို ဖြည့်ဆည်းပေးရန် အကြင်နာပိုလွန်းသူ လုပ်ပေးသည်။ စိုးမိုးသူက စိတ်မပါ။ စိတ်မဝင်စား။

"စိုး... စိုးဘဝအတွက် စိုးရဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် ကိုမောင် အစွမ်းကုန် ကူညီပါ့မယ်။ ဘာမှ အားမငယ်ပါနဲ့။ ကိုမောင့်ကို မယုံဘူးလား စိုးရယ်"

"စိုးအတွက်ရော၊ စိုးလုပ်ငန်းအတွက်ရော အားလုံးအဆင်ပြေပါတယ် ကိုမောင်၊ စိုး ဘာအကူအညီမှ မလိုပါဘူး။ ခုလိုပြောတာ စိုး ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com


ကိုကိုမောင် ချဉ်းကပ်သိမ်းသွင်းမှုကို စိုးမိုးသူ လက်မခံပါ။ စိုးမိုးသူသည် ထက်မြက်သည့် အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။ သူကိုယ်တိုင် စတိုးဆိုင်ကြီး သုံးဆိုင်နှင့် လက်ကားဖြန့်ချိရေး လုပ်ကိုင်နေသူ ဖြစ်လေရကား ကိုကိုမောင်ကို အားထားရန် မလိုအပ်ပါ။ ကိုကိုမောင်သာလျှင် မရိုးဖြောင့်သော သဘောဖြင့် စိုးမိုးသူကို ချဉ်းကပ်သိမ်းသွင်းနေခြင်း ဖြစ်လေသည်။

မိုးအကုန်၊ ဆောင်းအကူး မြောက်လေများ တသုန်သုန် တိုက်ခတ်လာခြင်းနှင့်အတူ ဆောင်းဆိုသည့် အေးမြသောရာသီမှာ သူ့ရာသီဓာတ်သဘောကို ဆောင်လေပြီ။ ချမ်းအေးမှုကြောင့် နွေးထွေးစွာ အိပ်စက်ကြသည်။ ဆောင်းအိပ်မက်များပင် မက်နေကြရလေပြီ။ သုဝဏ္ဏမြို့တွင် ခြံနှင့်ဝင်းနှင့် နေသော ကိုကိုမောင်မှာလည်း မြောက်ပြန်လေ၏ အအေးဓာတ်ဖြင့် ဇိမ်ကျကျ အိပ်စက်နေခဲ့သည်။

အချိန်ကား နံနက် (၇) နာရီခန့်...။ ခြံဂိတ်မှ (ဘဲလ်) ကို နှိပ်လိုက်ရာ အိမ်ဖော်အမျိုးသမီး ထွက်လာပြီး ဘယ်သူနဲ့ တွေ့ချင်ပါသလဲဟု မေးသည်။

"အိမ်ရှင်နှင့် တွေ့လိုကြောင်း၊ သုဝဏ္ဏရဲစခန်းမှ ဖြစ်ကြောင်း"

ကိုကိုမောင်အား သွားပြောခိုင်းသည်။

"ကျွန်တော်တို့က သုဝဏ္ဏရဲစခန်းကပါ။ ညကလည်း ကင်းသူ့တာဝန်ကျ ရဲတပ်ဖွဲ့ဝင်များက လူကြီးမင်းအိမ်က ဖောက်ထွင်းခိုးယူခဲ့တဲ့ တရားခံနှစ်ဦးကို သက်သေခံပစ္စည်းများနဲ့အတူ

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆီးရမိထားလို့ စစ်ဆေးဖို့ လာရောက်ခြင်းဖြစ်ကြောင်း ပြောပြသည်။

ကိုကိုမောင်နှင့် ရဲတပ်ဖွဲ့ဝင်များ အပေါ်ထပ်ရှိ သီးသန့်အခန်းကို စစ်ဆေးကြရာ အခန်းပွင့်နေသည်။ အခန်းတွင်းရှိ ဗီရို (၂) လုံး သော့များ ပွင့်နေသည်။ ကိုကိုမောင်ထံမှ ဖောက်ထွင်းခိုးယူခံရသော ရတနာပစ္စည်းများ အမျိုးအမည်၊ အရေအတွက်၊ အရည်အသွေး၊ တန်ဖိုးတို့ကို စာရင်းယူလိုက်ကြသည်။

"ဦးကိုကိုမောင် ဒီရတနာပစ္စည်းတွေကို ဘယ်က ဝယ်ယူပါသလဲ"

"ဟုတ်ကဲ့ ဆရာ၊ အများစုကတော့ ကျောက်မျက်ရတနာရောင်းချပွဲတွေမှာ ဈေးပြိုင်စနစ်နဲ့ ဝယ်ယူတာ များပါတယ်။ အပြင်က ကြိုက်ဈေးနဲ့ ဝယ်တာလည်း ပါဝင်ပါတယ်"

"ကျောက်မျက်ရတနာရောင်းချပွဲတွေမှာ ဝယ်တဲ့ ဘောက်ချာတွေ ရှိပါသလား"

"ရှိပါတယ် ဆရာ"

အမှုစစ် ရဲအရာရှိသည် ဖောက်ထွင်းခိုးယူသူများ၊ ဖောက်ထွင်းသည့် အိမ်ခန်း၊ ဗီရို (၂) လုံးတို့ကို ဓာတ်ပုံ ရိုက်ယူသည်။ သော့ဖွင့်သော ကိရိယာ၊ သံချောင်းသုံးချောင်းပါသော အတွဲတစ်ခုတို့ကို သိမ်းဆည်းသည်။ ခြံနောက်ဖေးဝင်ပေါက် ပွင့်နေသည်ကို ဓာတ်ပုံရိုက်ယူသည်။ ဖောက်ထွင်းသူများ ဝင်ထွက်လမ်းကြောင်း မြေပုံကြမ်း ရေးဆွဲသည်။ ကိုကိုမောင်ထံမှ ရတနာပစ္စည်း ဝယ်ယူသောဘောက်ချာများ ကြည့်ရှုပြီး သိမ်းဆည်းယူကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းသို့ လာရောက်ရန် ဖိတ်ခေါ်သည်။ ပစ္စည်းများပြသသည်။ ဦးကိုကိုမောင်၏ ပစ္စည်းများ ဟုတ်မဟုတ် မေးမြန်းသည်။ ဟုတ်မှန်ကြောင်း ပြောဆိုအစစ်ခံသောကြောင့် ရှာဖွေပုံစံတွင် ပစ္စည်းရှင်အဖြစ် လက်မှတ်ရေးထိုးစေသည်။

တရားခံများကလည်း ဝန်ခံဖြောင့်ချက်ဆိုသောကြောင့် ဖြောင့်ချက်များရယူပြီး တရားခံများကို သက်သေခံပစ္စည်းနှင့်အတူ သက်ဆိုင်ရာပုဒ်မများဖြင့် တရားစွဲဆိုတင်ပို့သည်။

ဤသတင်းကို သိရှိသော မောင်ကြီး၏ အစ်ကိုနှင့် ညီတော်သူတို့က သုဝဏ္ဏရဲစခန်းသို့ လာရောက်စုံစမ်းသည်။ အခင်းဖြစ် ရတနာပစ္စည်းများမှာ ကိုကိုမောင်က နွေသီတာထွန်းဝင်းနှင့် ၎င်းတို့၏ညီ မောင်ကြီးအပေါ်မှာ ပြစ်မှုပုဒ်မ ၄၀၆/၄၀၉ တို့ဖြင့် တရားစွဲခံနေရသော ပစ္စည်းများနှင့် အတူတူဖြစ်နေကြောင်း တင်ပြကြသည်။

သုဝဏ္ဏ ရဲစခန်းမှ ပန်းဘဲတန်း ရဲစခန်းသို့ ဆက်သွယ်ပေါင်းစပ်ညှိနှိုင်းသည်။ ပန်းဘဲတန်း ရဲစခန်းတွင် ကိုကိုမောင်က နွေသီတာထွန်းဝင်းနှင့် မောင်ကြီးတို့အပေါ် တိုင်တန်းပြီး အမှုဖွင့်၍ ပန်းဘဲတန်း တရားရုံးသို့ တရားစွဲဆိုထားသည်။ ရတနာပစ္စည်းများ၊ ဝယ်ယူသော ဘောက်ချာပစ္စည်းစာရင်း၊ အမျိုးအမည်၊ တန်ဖိုးတို့မှာ ထပ်တူထပ်မျှဖြစ်နေကြောင်း ပေါ်ပေါက်နေသည်။

ထို့ကြောင့် တိုင်းတပ်ဖွဲ့သို့ တင်ပြကြရသည်။ တိုင်းတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့သို့ စုံစမ်းစစ်ဆေးရေးဖွဲ့ပြီး စစ်ကြောရေးလုပ်သည်။ ကိုကိုမောင်သည် နွေသီတာထွန်းဝင်းနှင့် မောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တို့အပေါ် အမှုကွက်ဆင်ပြီး တိုင်တန်းခြင်း၊ တရားစွဲဆိုခြင်း ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

ထို့ကြောင့် ဥပဒေရုံးတို့ဖြင့် ပေါင်းစပ်ညှိနှိုင်းပြီး မောင်ကြီးနှင့် နွေသီတာထွန်းဝင်းတို့အပေါ် စွဲဆိုထားသော အမှုကို ရုပ်သိမ်းသည်။ ကိုကိုမောင်အပေါ် ပန်းဘဲတန်း ရဲတပ်ဖွဲ့မှ မမှန်သတင်းပေးတိုင်တန်းမှု၊ ဝတ္တရားနှောင့်ယှက်မှုတို့ဖြင့် တရားစွဲဆိုလိုက်လေသည်။

အမှုရုပ်သိမ်းလိုက်သောကြောင့် အချုပ်မှ လွတ်မြောက်လာသော မောင်ကြီးအား စိုးမိုးသူက သူမ၏ ပရာဒိုကားဖြင့် ခေါ်သွားသည်။ ခေါင်းလျှော်၊ ရေမိုးချိုးပြီး ရွှေတိဂုံဘုရားကို ဖူးမြော်စေသည်။ ဆုတောင်းစေသည်။

"မောင်ကြီး"

"ဟုတ်ကဲ့ မမ"


"ဝဋ်ရှိလျှင် ကုန်ပါစေ၊ ကျေပါစေလို့ ဆုတောင်း"

"ဟုတ်ကဲ့ မမ၊ ဟုတ်ကဲ့ မမ"

❐

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## မင်းကိုအချစ်ဆုံး အမုန်းဆုံး

### (၁)

ရန်ကုန်မြို့တော်ကြီး၏ အဝင်/အထွက် အမှတ် (၃) လမ်းမကြီး၊ တိုးဂိတ်အနီးရှိ စားသောက်ဆိုင်ကြီးတွင် ဖြစ်သည်။ အပြိုင်အဆိုင် ရောင်းချနေသည့် စားသောက်ဆိုင်ကြီးများတွင် ဆလအိတ်ကား ခရီးသည် သယ်ပို့ကားကြီးများ၊ ပုဂ္ဂလိကကားများ အလျှိုလျှို ဝင်ထွက်သွားလာ စားသောက်နေကြသည်မှာ ကြက်ပျံမကျ စည်ကားလှသည်။

အောင်ပန်းသား၊ ကျော်စိန်လင်းနှင့် ကိုရွှေပန်းတောတို့သည် ပရာဒိုကားဖြင့် ထိုစားသောက်ဆိုင်ကြီးများအနက်မှ အလယ်ကဆိုင်သို့ ကားထိုးပြီး ဝင်လာကြသည်။ ဆိုင်ဝန်ထမ်းလေးများက နေရာချထားပေးလိုသော်လည်း စားပွဲခုံများ ပြည့်နှက်နေသည်။

ကျော်စိန်လင်းသည် ဆိုင်ကြီး၏ လမ်းကြီးဘက်သို့ ကျောပေးပြီး ထိုင်နေကြသော အမျိုးသမီး (၃) ဦး၏ စားပွဲမှ လစ်

www.burmeseclassic.com

www.burmeseclassic.com


လပ်နေသည့်စားပွဲတွင် ဝင်ထိုင်လိုက်သည်။ လမ်းမကြီး၏ လမ်းဘက်ကိုလည်း မြင်နေရသည်။ ဆိုင်တွင်းရှိ စားသုံးသူအားလုံးကိုလည်း မြင်ကွင်းကျယ် တွေ့မြင်နေရသည်။ အရေးအကြောင်းရယ် ကြုံလာပါက ဘယ်ပစ္စည်း၊ ဘယ်လက်နက်၊ ဘယ်နေရာမှာ ရှိသည်ကိုလည်း မျက်စိမြင်ကွင်းအနက်တွင် မှတ်သားလိုက်သည်။

"ကျွန်တော်တို့လည်း ဒီမှာထိုင်မယ်နော်"

"ထိုင်ပါ...ထိုင်ပါရှင်၊ ဒါက အများနဲ့ဆိုင်တဲ့ စားသောက်ဆိုင်ပဲဟာ၊ လွတ်လွတ်လပ်လပ် ထိုင်ကြပါ"

အာသွက်လျှာသွက် ကျော်စိန်လင်းက ထိုင်နေကြသော မိန်းမချောလေး (၃) ဦးထံ ခွင့်တောင်းပြီး နေရာယူလိုက်ကြလေသည်။

"ညီလေး...ရွှေပတ် ဝီစကီတစ်လုံး၊ ကာကာတစ်ကြော်တစ်ပွဲ၊ ကြက်ကြွပ်ကြော်တစ်ပွဲ၊ ဆော်ဒါ (၃) လုံး၊ ရေခဲတစ်ပွဲ၊ ရေသန့်တစ်ဘူး"

စားသောက်ဖွယ်ရာများ ရောက်ရှိလာသည်နှင့် မြိန်ရှက်စွာ စားသောက်ကြသည်။ ရွှေပတ် ဝီစကီတစ်လုံးမှာလည်း အပေါက်ပါလို့ ထွက်ကြကုန်သလား ထင်ရမလောက်။

"ညီမတို့ စားကြပါဦး"

"ရပါတယ်ရှင် ကျေးဇူးပါပဲ"

"ဒီလိုမရဘူး၊ မစားရင် ခွဲ့ကျွေးမှာနော်"

"ဆရာတို့ဟာကို စားရမယ်ဆိုရင် ညီမတို့ဟာလည်း စားရမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



သူ့အမြည်း ကိုယ့်ကျွေး၊ ကိုယ့်အမြည်း သူ့ကျွေးဖြင့် စေတနာများ ဝေဆာနေကြသည်။ စားကြသောက်ကြရင်းဖြင့် ခင်မင်မှုတွေ၊ ရင်းနှီးမှုတွေကလည်း တစ်ရွာတည်း၊ တစ်နယ်တည်းသားတွေအလား ခင်မင်ရင်းနှီးသွားကြလေသည်။

"ညီမတို့နာမည်တွေက...သူက နွေသီတာ၊ သူက မိုးသီတာ၊ သူက ဆောင်းသီတာတဲ့"

"နာမည်လေးတွေကလည်း ချစ်စရာလေးတွေပဲနော်"

"လူတွေကကော ချစ်စရာမကောင်းဘူးလား"

"လှပါတယ်ဗျာ...လှပါတယ်၊ ဝဿဝတီနတ်ပြည်က နတ်သမီးလေးတွေလား ထင်ရပါတယ်ဗျာ"

နှာခေါင်းအားသန်သော ကိုရွှေပန်းတောက မိတ်သဟာယ ပြုလိုက်ရာ မချောသုံးယောက်နှင့် အတိုင်အဖောက်ပိုပြီး အားကောင်းလာလေသည်။ ခင်မင်မှုတွေ အားကောင်းလာကြသည်။

"ဆရာတို့ နာမည်တွေလည်း ပြောထားဦးလေ"

"ပြောရမှာပေါ့လေ၊ ပြောကို ပြောဦးမှာ၊ ကျွန်တော်တို့က စာရေးဆရာတွေပါ၊ ဒီဆရာက (အောင်ပန်းသား) တဲ့၊ ဒီဆရာက (ကျော်စိန်လင်း-နတ်မောက်) တဲ့၊ ဒီဆရာကတော့ ကိုရွှေပန်းတောတဲ့။

ရွှေလမ်းငွေလမ်းဖောက်ကြသည်မှာ အတော် အခြေပြေနေကြလေသည်။ သုံးလမ်းသွား လမ်းမကြီး ဖြစ်သွားမလား။ ခြောက်လမ်းသွား လမ်းမကြီး ဖြစ်သွားမလား။ အတွေးစရာ တောစရာတွေ အပြည့်။

www.burmeseclassic.com

www.burmeseclassic.com



"စာရေးဆရာတွေဆိုပေမဲ့ ယခင်ဘဝက ဝန်ထမ်းတွေ ဖြစ်ကြမယ်ထင်တယ်"

အာသ္တက်လျှာသွက် နွေသီတာက သူမ၏အတွေးအခေါ် အတွေ့အကြုံဖြင့် စာရေးဆရာသုံးယောက်ကို ဝေဖန်လိုက်လေသည်။

"နွေသီတာရဲ့ ထင်မြင်ချက်၊ သုံးသပ်ချက်ကို ပြောပြပါဦး"

"နံပါတ် (၁) ဆရာကျော်စိန်လင်းက မျက်လုံးကြည့်ပုံ ကြည့်နည်းဟာ ကျီးကန်းတောင်းမှောက် ဆိုတာလိုပဲ ကြည့်တယ်။ နောက်ပြီး ထိုင်လိုက်တာနဲ့ အရပ်လေးမျက်နှာမှာ ရန်သူ ရှိနိုင် မရှိနိုင် ကြည့်လိုက်တယ်။ နောက်ပြီး အရေးအကြောင်း ရှိရင် ကောက်ပြီး ခုံဖို့၊ တိုက်ခိုက်ဖို့နဲ့ ထွက်ပေါက် ဒါတွေကို ကြည့်ပြီးကြပြီးမှ ထိုင်တယ်။ ဒီအကျင့်စရိုက်တွေက ရဲဝန်ထမ်း တစ်ဦးရဲ့ အလေ့အထတွေ ဖြစ်တယ်။ ဒါကြောင့်မို့ ဆရာ ကျော်စိန်လင်းဟာ ရဲဝန်ထမ်း ဖြစ်ခဲ့ရမယ်"

"နံပါတ် (၂) ဆရာအောင်ပန်းသား၊ အမြည်းစားပုံကို ကြည့်ရင် ငါးတစ်ကောင်လုံးရဲ့ အရိုးပါမကျန် ဝါးတယ်၊ စားတယ်။ ဒီအကျင့်စရိုက်ကို ကြည့်ခြင်းအားဖြင့် ဆရာဟာ ယခင် ဘဝက X X X ဖြစ်ခဲ့ရမယ်"

"နံပါတ် (၃) ဆရာကိုရွှေပန်းတော ကြည့်ရတာ နှာ ခေါင်း နည်းနည်းပွတယ်၊ အသားအရေကလည်း နီစပ်စပ် ဖြစ် တယ်။ မျက်စိကြည့်တာကလည်း ဆင်ကြည့်ကြည့်တယ်။ ဒါ တွေကို ထောက်သောအားဖြင့် ရုပ်ရှင်သရုပ်ဆောင် အေးကြူ

www.burmeseclassic.com

www.burmeseclassic.com



တို့အခန်း၊ ဝင်းမြင့်တို့အခန်းတွေရဲ့ သရုပ်ဆောင်ဇာတ်ပို့ဘဝက လာတာဖြစ်မယ်လို့ ဆိုချင်တယ်"

နွေသီတာ၏ ဝေဖန်မှု၊ သုံးသပ်မှု၊ ပြောချလိုက်မှုများကို စိတ်မဆိုးကြသည့်အပြင် အားလုံး သဘောကျသွားကြလေသည်၊ တစ်ဦးနှင့်တစ်ဦး သည်းခံမှု၊ ခွင့်လွှတ်မှု၊ ပွင့်လင်းမှုတွေ ပိုလာကြသည်။

(၂)

"ကဲ...အချိန်တွေလည်း အတော်ညောင်းသွားပြီ၊ ညီမတို့က ဘယ်ကိုပြန်ကြမှာလဲ"

"ဆရာတို့ကကော ဘယ်ကိုသွားကြမှာလဲ"

ကိုရွှေပန်းစောနှင့် နွေသီတာတို့ အမေးအဖြေ ပြုလုပ်နေကြစဉ် ဆရာအောင်ပန်းသားက ကောက်ကာငင်ကာ ပြောလိုက်သည်။ ဇာတ်လမ်းတစ်ပုဒ် ဖန်တီးရန် စီစဉ်လိုက်သည်။

"ကျွန်တော်တို့က စာရေးဆရာတွေဆိုတော့ ကိုယ်တွေ့ဖြစ်ရပ်တွေ ရေးဖို့ ကုန်ကြမ်းရှာ ထွက်လာကြတာပါ။ အခုချောင်းသာကမ်းခြေကို သွားကြမှာပါ။ ညီမတို့လည်း အားလပ်ရင် လိုက်ခဲ့ပါလား။ အားလုံးကို တာဝန်ယူပါတယ်။ စရိတ်ငြိမ်းဒါနပြုပါရစေ"

ဆရာအောင်ပန်းသား၏ ဖိတ်မန္တကပြုလုပ်မှုကို အတောမသတ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသော မိုးသီတာ၏ ရင်တွင်းရှိ ခံစားချက်ကို ပြောပြလာက်ခံသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီမတို့က အားလည်း အားကြပါတယ်၊ လပ်လည်း လပ်ကြပါတယ်။ အားကြတယ်ဆိုတာက အချိန်အားတာကို ပြောတာပါ။ လပ်လည်း လပ်ကြပါတယ်ဆိုတာက ညီမတို့တွေဟာ လွတ်လပ်သူတွေ ဖြစ်ကြပါတယ်လို့ ပြောတာပါ"

မချော (၃) ယောက်တို့ မဆွတ်ခင်က ညွတ်ပြီးသား၊ မနူးခင်က နူးပြီးသား အလိုက်သင့် ဖြစ်သွားကြသည်။

"ကဲ…ဒါဆိုရင် သွားကြမယ်"

အားလုံး အလျှိုလျှို ထလိုက်ကြသည်။ ဆရာအောင်ပန်းသားကတော့ တွဲမှသာ ထနိုင်တော့သည်။ အမူးလွန်၊ အလွန်မူးသူကြီး ဖြစ်သွားလေတော့သည်။ အခက်ကြုံကြရသည်က ကားမောင်းမည့်သူ မရှိ ဖြစ်နေကြရသည်။ ဆရာ ကျော်စိန်လင်း၊ ဆရာ ကိုရွှေပန်းတောတို့က ကားမမောင်းတတ်ကြ။

"ရပါတယ်…ညီမ မောင်းတတ်ပါတယ်"

"သူ ကားမောင်း သိပ်ကျွမ်းပါတယ် ဆရာ"

ဆောင်းသီတာမှာ ကားမောင်းကျွမ်းသော မိန်းကလေးတစ်ဦး ဖြစ်သည်။ ဆရာအောင်ပန်းသား၏ ပရာဒိုကားကို ကျွမ်းကျင်နိုင်နင်းစွာမောင်းပြီး ချောင်းသာကမ်းခြေသို့ အရောက်မောင်းလာခဲ့လေသည်။

ချောင်းသာကမ်းခြေဟိုတယ်သို့ ရောက်သည်နှင့် အိပ်လက်ချက်ချာသော ဆရာကျော်စိန်လင်းက အခန်း (၃) ခန်း စီစဉ်လိုက်သည်။ အိပ်ခန်းများ အဆင်သင့်ဖြစ်သည်နှင့် စတင်တွေ့ဆုံကတည်းက နှလုံးသားချင်း ပေါင်းစပ်နေခဲ့ကြပြီးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သော ဆရာအောင်ပန်းသားနှင့် ဆောင်းသီတာတို့အတွဲက တစ်ခန်း၊ နွေသီတာနှင့် ကိုရွှေပန်းတောတို့က တစ်ခန်း၊ ကျော်စိန်လင်းနှင့် မိုးသီတာတို့က တစ်ခန်း အသီးသီး နေရာယူကြလေသည်။

ညနေ (၅) နာရီခန့်တွင် ဖြစ်သည်။ ချောင်းသာဟိုတယ်၏ သီးသန့်အခန်းတွင် အာဝါဟဝိဝါဟ မင်္ဂလာအထိမ်းအမှတ် ညစာစားပွဲကို ပျော်ပျော်ပါးပါး စားသုံးကြလေသည်။

ပင်လယ်ကမ်းခြေမှ တိုက်ခတ်သော လေပြည်လေညင်းများနှင့်အတူ ပင်လယ်ရေကို တဝတလင်ကြီး ရေစိမ်ကြပြီး အပန်းဖြေ အနားယူကြသူ အတွဲများမှာ ဘရာဇီးနိုင်ငံရှိ အမေဇုန်တောမှ ဘန်ဂလိုတွင် အနားယူ အပန်းဖြေနေကြသူများကဲ့သို့ လွတ်လပ်ဇိမ်ကျလှလေသည်။

အချိန်တန်တော့လည်း အိမ်ပြန်ရ ဆိုရိုးစကားအတိုင်း နောက်နေ့ နေ့လယ်စာစားသုံးပြီးသည်နှင့် ရန်ကုန်သို့ ပြန်လာခဲ့ကြလေသည်။

(၃)

အချိန်ကား ညနေ (၆) နာရီခန့်။ နေရာကား ကုန်သည်လမ်းနှင့် ဘိုကလေးဈေးလမ်းထောင့်ရှိ ယမင်းဘီယာနှင့် စားသောက်ဆိုင်ကြီးတွင် ဖြစ်သည်။ ချောင်းသာခရီးအကြောင်း ဘယ်သူ့ကိုမှ မပြောစတမ်း ဝိစကီသစ္စာဆိုခဲ့ကြသူများအနက် တစ်ဦးဖြစ်သူ ဆရာကျော်စိန်လင်းသည် ထီးကလေးဆောင်းပြီး မပြောရ မနေနိုင်လွန်းလို့ လေအန်ကုန်းမှာ အန်ထွက်ရာက ဘူးပေါ်

www.burmeseclassic.com



သလို ပေါ်ကုန်ကြသည့် အကြောင်းမှာ ဟော်လေးတကြိုး ဟိုးလေးတကျော် ဖြစ်သွားလေသည်။ ဝေဖန်သူက ဝေဖန်၊ လေကန်သူက လေကန်၊ ကောင်းခန်းတွေ မေးသူက မေးဖြင့် ဝိုင်း အတော် စည်ကားနေလေသည်။

ဆရာကိုရွှေပန်းတော တစ်ယောက် ပျောက်ချင်းမလှ ပျောက်နေသည်။ ဝီစကီသံယောဇဉ်များက ဆားပုလင်းနှင့်မောင် လုပ်လိုက်ကြရာ နွေသီတာနှင့် အရှုံး အမဲသားစားရသလို ဖြစ်နေ ကြကြောင်း ခိုင်လုံသောရပ်ကွက်မှ သိကြရလေသည်။

နွေသီတာ၏ တက်ကြွရှုးမိုက်သည့် တဏှာဝါသော ဗဟု ကိစ္စောတွင် သာယာနေကြောင်း၊ နွေသီတာ၏ အကြင်နာ၊ အယု အယလေးများတွင် နစ်မြုပ်နေကြောင်း၊ နွေ၏ တဏှာမှောင်တွင်း မှ ရုန်းမထွက်နိုင် ဖြစ်နေကြောင်း သိကြရသောကြောင့် စိတ် မချမ်းမသာ ဖြစ်ကြရလေသည်။ ရေချမ်းစင်ကို သော့ခတ် ရက်လေခြင်းဆိုပြီး စိတ်မကောင်းဖြစ်ကြရသည်။

တစ်ခုသော စနေနေ့ညနေတွင် ဖြစ်သည်။ ဆရာ ကိုရွှေ ပန်းတောသည် နွေသီတာကို နိုက်ကလပ်တွင် လာရောက် အကြို ထောက်စောင့်နေသည်။ သူ့ရှေ့မှာပင် လူရွယ်တစ်ဦးဖြင့် ဆင်း လာသည်။

"အစ်ကိုကြီး နွေ ဒီည သူနဲ့လိုက်သွားမယ်၊ အစ်ကို ကြီး ပြန်တော့နော်"

ပြောပြောဆိုဆို နွေသီတာသည် လူရွယ်တော့ (စ်) ထင်ရသော ပုဂ္ဂိုလ်တစ်ယောက်၏ ဒဗလယ်ကားကြီးဖြင့် ပါသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မှာ ဖြစ်သည်။ ည (၁၀) နာရီခန့်တွင် ကိုရွှေပန်းတောသည် တက္ကစီကားစုတ်လေးဖြင့် နွေသီတာကို (မထသ) ကြိုပို့ရန် ရောက်ရှိလာသည်။ ကလပ်ပေါ်သို့ တက်သွားသည်။ နွေမှာ မနေ့က ခေါ်သွားသူနှင့် ပျော်ပျော်ပါးပါး (ဒန့်နေ သည်) ကနေသည်မှာ လန်ဒန်နိုက်မှာလား အောက်မေ့ရသည်။ ဝါရှင်တန်နိုက်ကလပ်မှာလား ထင်ရသည်။

ည (၁) နာရီခန့် ပြန်မည်ပြုစဉ်–

"နွေ ဒီညတော့ အစ်ကိုနဲ့လိုက်ခဲ့နော်"

"ဟာ...မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဆောင်း သူနဲ့ လိုက်မယ်လို့ ပြောပြီးပြီ"

"မလိုက်ရဘူး၊ မလိုက်ရဘူး"

"ဒီမှာ အစ်ကိုကြီး၊ နွေ လွတ်လွတ်လပ်လပ် နေချင်လို့ ဒီလိုနေတာ။ နွေကို တားလို့မရဘူး။ နွေကို ဘယ်သူမှ ချုပ်ကိုင်လို့မရဘူး။ မီးပွင့်သွားမယ်၊ မီးလောင်ကုန်မယ်"

စိတ်ဒေါသကို မထိန်းနိုင်သော နွေသည် ပြောပြောဆိုဆို ဘီလူးစီးဝင်လာသည့်အလား ကလပ်မှ စားပွဲ၊ ကုလားထိုင်များ၊ ဗီရိုများ၊ ပုလင်း၊ ဖန်ခွက်များကို စိတ်ဒေါသထွက်ပြီး ရိုက်ခွဲပစ်လေသည်။ လုံခြုံရေးများ၊ ဝန်ထမ်းများက နွေနှင့် ကိုရွှေပန်းတောတို့ကို ထိန်းချုပ်၊ ထိန်းသိမ်းလိုက်ရလေသည်။

နာရီဝက်ခန့်အကြာတွင် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာသည်။ ပျက်စီးဆုံးရှုံးမှုများကို ကိုရွှေပန်းတောက ပေးလျော်ရန် တာဝန်ယူခဲ့သည်။ နွေသီတာကိုတော့ စိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲရူးသွပ်စေသည့် ဆေးဝါးများစားသုံးပြီး ရမ်းကားမှု ဖြစ်၍ စိတ်ကို ပြောင်းလဲရူးသွပ်စေသည့် ဆေးဝါးစားသုံးမှု၊ လက်ဝယ်တွေ့ရှိ သိမ်းဆည်းရမိမှုဖြင့် ဆက်လက်ဖမ်းဆီး ချုပ်နှောင်လေသည်။

(၄)

နွှေသီတာ၏ အစစ်ဆေးခံ ထွက်ဆိုချက်အရ ၎င်း အသုံးပြုသော စိတ်ကို ပြောင်းလဲရူးသွပ်စေသည့် ဆေးနာမည်မှာ (အင်တက်စီ) မြန်မာလို ခေါင်းခါဆေးလို့ ခေါ်ကြောင်း၊ ဆေးလက်ကျန်အချို့မှာ စနေနေ့က သူလိုက်အိပ်ခဲ့သော သုဝဏ္ဏမြို့မှ ဦးအိုက်လင်း၏အိမ် အိပ်ခန်းထဲက မှန်တင်ခုံစားပွဲမှာ ကျန်ရစ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

ရဲတပ်ဖွဲ့၏ ရဲလုပ်ငန်းခွင်ပြည့်စုံအောင် ဖော်ထုတ်သိမ်းဆည်းရန် ဖြစ်သည်။ ဦးအိုက်လင်း၏ နေအိမ်တွင် စီးနင်းရှာဖွေကြသည်။ မှန်တင်ခုံစားပွဲမှ (အင်တက်စီ) ဆေးပြား (၁၀) ပြားပါသော ဘူးတစ်ဘူး၊ ဦးအိုက်လင်း၏ ဗီရိုကြီးအတွင်းမှ လောင်းဂျဗစ်ဆေးဘူးဖြင့် ထည့်ထားသော အင်တက်စီဆေးပြား (၁၀၀)၊ ဈေးကွက်တန်ဖိုး သိန်း (၅၀) ဖိုးရှိ စိတ်ကို ပြောင်းလဲရူးသွပ်စေသည့် ဆေးပြားများကို သိမ်းဆည်းရမိလေသည်။

ဦးအိုက်လင်း၏ ဗီရိုအတွင်းမှ သိမ်းဆည်းရမိသော ပစ္စည်းများအတွက် ဦးအိုက်လင်းကို ဖော်ထုတ်စစ်ဆေးရန် ရှာဖွေသည်။ ဦးအိုက်လင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသည်။ သူ ငှားနေသည့် တိုက်မှာ နှစ်ချုပ်ဖြင့် (၁) နှစ်ငှားထားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁) နှစ်ပြည့်ရန် (၂) လသာ လိုတော့သည်။ သူစီးသော ဒဗ လယ်ကတ်ကားမှာ တော်ဝင်ပန်းသူဌေး၏ကားကို ခဏယူစီး လာခြင်း ဖြစ်ကြောင်း ဖော်ထုတ်ရရှိလေသည်။

နွှေသီတာက 'ဖြောင့်ချက်' ပေးသောကြောင့် တရား ရုံးခေါ်သွားပြီး ဖြောင့်ချက်ကို ရဲလုပ်ငန်း၏ လုပ်ထုံးလုပ်နည်း နှင့်အညီ ဖြောင့်ချက်ရယူသော တရားသူကြီးထံတွင် ရယူသည်။

ဦးအိုက်လင်းမှာ ထွက်ပြေးတိမ်းရှောင်နေသောကြောင့် ပြစ်မှုဆိုင်ရာ အထွေထွေမှုဖွင့်ပြီး တရားခံပြေး၊ ဝရမ်းပြေးအဖြစ် ရုံးတော်သို့ သီးခြားအမှုတင်သွင်းရာ ရုံးတော်က တရားခံပြေး ကြေညာသည်။

သက်ဆိုင်ရာ နယ်မြေရဲတပ်ဖွဲ့က အမှုတည်ဆောက်ပြီး နွှေသီတာကို ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်သို့ စိတ်ကို ပြောင်းလဲရူးသွပ်စေသော ဆေးဝါးသုံးစွဲမှု၊ လက်ဝယ် တွေ့ရှိမှုတို့ဖြင့် တရားစွဲဆိုတင်ပို့သည်။

(၅)

ဆောင်းသီတာနှင့် မိုးသီတာတို့ ဆရာ ကိုရွှေပန်းတော ထံသို့ ဖုန်းဆက်ပြီး နွှေသီတာ၏ အခြေအနေများကို ပြောပြ သည်။ နောက်ရုံးချိန်းတွင်လာပြီး လူမှုရေးအရ အားပေးစကား ပြောပေးမည်ဖြစ်ကြောင်း ပြောလိုက်သည်။

ရုံးချိန်းနေ့၏ 'တရားရုံးချုပ်အခန်း' တွင် ဖြစ်သည်။ ခါး၊ ရင်၊ တင် အချိုးအဆစ်ပြေပြီး ဖြူဖွေးသော အသားအရေ ရှိသူ နွှေသီတာမှာ အနက်ရောင်ဝတ်စုံလေးဖြင့် အတော်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ လှနေပါသည်။ ဗီဒီယိုဇာတ်လမ်းရိုက်မည့် မင်းသမီး လေးလား ထင်ရမလောက်။ မျှော်တုန်းမျှော်ဆဲ ကျွန်တော်လည်း ရောက်လာဆိုသကဲ့သို့ ဆရာကိုရွှေပန်းတော ရောက်ရှိလာသည်။ ဝမ်းသာစွာ ကြိုဆိုကြသည်။

"အစ်ကိုကြီး နွေ့ကို အချစ်ဆုံးကနေပြီး မင်းကို စိတ်အပျက်ဆုံးလို့ ပြောခဲ့တယ်၊ အခု နွေ့ကို အစိတ်အပျက် ဆုံးကနေပြီး မင်းကို အမုန်းဆုံးဖြစ်သွားပြီလား အစ်ကိုကြီးရယ်"

နွေ့သီတာသည် ဆရာကိုရွှေပန်းတောကို ရင်တွင်းဖြစ် ခံစားချက်လေးများပြောပြီး ငိုချလိုက်သည်။ နွေ့ရဲ့ မျက်ရည် များကလည်း ထိန်းမနိုင်၊ သိမ်းမရ ယိုစီးကြနေသည်။ ဆောင်း သီတာ၊ မိုးသီတာနှင့် နွေ့ရဲ့ မိခင်မှဆိုးမကြီးတို့မှာ မျက်ရည် ကိုယ်စီဖြင့် ငိုယိုနေကြသည်။ နွေ့၏ ငိုပြောပြောပြီး ဆရာ ကိုရွှေပန်းတောကို တောင်းပန်ပြောဆိုနေသည့် ခံစားချက်များမှာ အကယ်ဒမီမင်းသမီးလေး သရုပ်ဆောင်နေသလား ထင်ရသည်။

အမှုကိုင် ရဲအရာရှိက အမှုတင်တော့မည် ဖြစ်ကြောင်း သတင်းပို့သည်။ ဆရာကိုရွှေပန်းတောသည် နွေ့သီတာ၏ ထောင် ဝင်စာပို့ ရိက္ခာအတွက် ငွေကျပ် (တစ်သိန်း) ကို သူ့မိခင်ကြီး လက်သို့ ပေးအပ်လိုက်သည်။ နောင်လည်း အလျဉ်းသင့်သလို လူမှုရေးအရ ကူညီမည်ဖြစ်ကြောင်း နွေ့ကို ပြောလေသည်။

"အစ်ကိုကြီး၊ နွေ့ အမိုက်မကို မုန်းလိုက်ပါတော့။ မေ့လိုက်ပါတော့။ နွေ့ဟာ အစ်ကိုကြီးရဲ့ မေတ္တာနဲ့ မတန် တဲ့ အမိုက်မကို မုန်းလိုက်ပါတော့"

www.burmeseclassic.com

www.burmeseclassic.com



နွေသီတာသည် ပြောရင်းပြောရင်း သတိမေ့လဲကျသွားလေရာ အမှုကိုင်ရဲနှင့် တရားခွင်စာရေး၊ တရားသူကြီးတို့ အတော်အလုပ်ရှုပ်သွားကြရလေသည်။

ဆရာကိုရွှေပန်းတောမှာ ခေါင်းတယမ်းယမ်းလုပ်ကာ ထိုနေရာမှ နေးကွေးစွာ ထွက်ခွာလာခဲ့လေတော့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ငိုခဲ့ရ ကျွန်မဘာဝပါရှင်

(၁)

**"ဘဝစာတ်ဆရာ အလိုကျ ဆိုပြ၊ ငိုခဲ့ရ ကျွန်မဘာဝပါရှင်။ လူတကာတွေ ပျော်ပျော်ရွှင်ရွှင်၊ မြော်မြင်ရေးကင်းဝေးပေါ့ရှင်၊ အဆွေးစာတ်လမ်း၊ အတွေးမှတ်တမ်းတင်** x x x"

"ဟယ် . . .ဟန်နီတာ သီချင်းလည်းဆို၊ ငိုလည်း ငိုနေပါလား။ ဒီလောက်စိုးရိမ်သောက မဖြစ်ပါနဲ့ သမီးရယ်။ လုံထမ်းတာကို မြင်ရတယ်၊ ကံထမ်းတာကို မမြင်ရဘူးတဲ့။ အဘလည်း ဘဏ်သူဌေးကြီးနဲ့ မန်နေဂျာတို့ထံမှာ လူကြီးတွေနဲ့ ပြောထားပါတယ်။ သမီးကိုယ်တိုင်လည်း အသနားခံတဲ့စာ ပေးထားတယ်မဟုတ်လား။ မငိုနဲ့တော့နော်၊ မငိုနဲ့တော့"

"အိမ်ရှေ့မှူ အိမ်နောက်မချမ်းသာ" ဆိုသကဲ့သို့ အမှုသည်မလေး၊ အပူသည်မလေး ဟန်နီတာကို အဘဦးစိန်က အားပေးစကားပြောနေရသည်။ 'တစ်လှေတည်းစီး တစ်ခရီးတည်းသွား' လုပ်ငန်းသဘောအရ တူညီသူများလည်းဖြစ်၊ တစ်လမ်းတည်း

www.burmeseclassic.com



သား၊ တစ်ရပ်ကွက်တည်းသား အိမ်နီးချင်းဖြစ်သောကြောင့် အားကိုးရာမဲ့ဖြစ်နေသော ဟန်နီတာကို ဝိုင်းဝန်းပြီး အားပေးစကားပြောကြားရသည်မှာလည်း မမောနိုင် မပန်းနိုင်ကြ။

ဘဝဇာတ်ဆရာ၊ အတိတ်ကံဘဝက ဘယ်လိုဖန်တီးပေးဦးမှာလဲဆိုသည်ကို စောင့်ကြည့်နေကြရသည်မှာ သည်းထိတ်ရင်ဖို ဖြစ်စရာပင်။

ဟန်နီတာသည် မိခင်အိုမှဆိုးမကြီးနှင့် အပျိုကြီးအစ်မဖြစ်သူတို့အား လုပ်ကိုင်ကျွေးနေသော သူတော်ကောင်းမလေးဖြစ်သည်။ သူမ၏ ပညာအရည်အချင်းမှာ လေးတန်းအောင်ရုံမျှသာ ရှိသော်လည်း ဘွဲ့ရ သူငယ်ချင်းမိတ်ဆွေများနှင့် ရင်ပေါင်တန်းပြီး အိမ်ထောင်စုတာဝန်ကို ထမ်းဆောင်နိုင်သူလေးဖြစ်သည်။

သူမသည် လက်နှိပ်စက်ရိုက် အလွန်ကျွမ်းကျင်သူ ဖြစ်သည်။ ထို့ကြောင့်လည်း ရှေ့နေကြီးများ၏ ရာဇဝတ်မှု၊ တရားမမှုများကို လက်နှိပ်စက်ရိုက်ပေးလာခဲ့သည်မှအစ "တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး" ဆိုသလို ဥပဒေပညာရပ်ဆိုင်ရာများကို သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများထံမှ ရရှိသူဖြစ်သည်။ လက်နှိပ်စက် ရိုက်ပေးသော အလုပ်သာမက ပြည်တွင်း/ ပြည်ပတို့တွင် အသုံးပြုရန် လိုအပ်သော ဂျီပီ (ဂျင်နရယ်ပါဝါ)၊ အက်စ်ပီ (စပါယ်ရှယ်ပါဝါ)၊ ဘွဲ့လက်မှတ်၊ ဆယ်တန်းအောင်လက်မှတ်၊ သက်သေခံစာရွက်စာတမ်းများကို ဘာသာပြန်စေပြီး စာချုပ်စာတမ်းပေါ်တွင် တံဆိပ်ခေါင်းနှိပ် လက်မှတ် ရေးထိုးပေးခွင့်ရှိသော နိုတြီပဗ္ဗလစ် တရားရုံးချုပ်ရှေ့နေ

www.burmeseclassic.com



ကြီးများထံ လက်မှတ်ရေးထိုးပေးစေသော လုပ်ငန်းများကိုပါ လုပ်ကိုင်ပေးခြင်းကို သူများနည်းတူ လုပ်ကိုင်နေလေသည်။

တစ်နေ့တွင် ဖြစ်သည်။

"ညီမ ဒီဘားလမ်း (ယခု မဟာဗန္ဓုလပန်းခြံလမ်း) ထဲမှာ နိုင်ငံခြားပညာသင် လျှောက်ထားသူတွေအတွက် (ရှိုးမန်းနီး) ပြဖို့ ဘဏ်နဲ့ပတ်သက်တဲ့ စာရွက်စာတမ်း လုပ်ပေးတဲ့သူ ရှိတယ်လို့ အစ်မရဲ့ဘေးအိမ်မှာ နေတဲ့သူက လမ်းညွှန်လိုက်လို့ လာရှာတာ ပြောချင်သလို မပြောချင်သလိုနဲ့ ရှာမရဖြစ်နေတယ်၊ ညီမ သိရင် ကူညီပါလား"

"ဟော...ဟိုတိုက်ထဲ ဝင်သွား၊ ကိုအောင်လင်း (ခ) ကိုဆလူးဆိုတဲ့ ပုဂ္ဂိုလ်ရှိတယ်။ သူ့ဆီသွားပြီး မေးလိုက်ပါ။ အစ်မ သိချင်တာ သူပြောပြပါလိမ့်မယ်"

"ညီမရယ် ဒီနားနဲ့ဟိုနားက ဘာဝေးလို့လဲ၊ ကူညီလက်စနဲ့ ရေဆုံးမီးဆုံး ကူညီပါလား"

ဟန်နီတာသည် လူမှုရေး၊ ဘာသာရေးစိတ်ဓာတ် အပြည့်ရှိသူလေး ဖြစ်သည်။ သူတစ်ပါးကို ကူညီလိုစိတ် အမြဲထာဝရ ရှိသူလေး ဖြစ်သည်။ သို့ကြောင့်လည်း–

"လာ အစ်မ ကျွန်မ လိုက်ပို့ပေးမယ်၊ မိတ်ဆက်ပေးပါ့မယ်"

ဟန်နီတာသည် ရှမ်းအမျိုးသမီး သန့်သန့်ခန့်ခန့်ကြီးအား ကိုအောင်လင်း (ခ) ကိုဆလူးထံသို့ ခေါ်သွားလေသည်။

"ကိုဆလူး...ဒီအစ်မက အလုပ်ကိစ္စ ဆွေးနွေးချင်လို့တဲ့၊ အလုပ်ဖြစ်ရင် (အာရကော) ပေးရမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ဟန်နီတာသည် မရှမ်းမအား ကိုအောင်လင်း (ခ) ကိုဆလူးထံသို့ ပို့အပ်ပေးလိုက်သည်။

(၂)

နှစ်လခန့်အကြာတွင် ဖြစ်သည်။

ဘားလမ်း (ပန်းခြံလမ်း) အောက်လမ်းသို့ ဒုရဲအုပ် ကျော်စိန်လင်းနှင့် တပ်ဖွဲ့ဝင်နှစ်ဦးတို့ ရောက်ရှိလာကြသည်။ ကိုအောင်လင်း (ခ) ကိုဆလင်းကို တွေ့ဆုံမေးမြန်းသည်။ မဟန်နီတာကိုလည်း တွေ့ဆုံမေးမြန်းသည်။

"ကျွန်တော်တို့က ကမာရွတ်ရဲစခန်းကပါ၊ စုံစမ်းစရာရှိလို့ ခဏလိုက်ခဲ့ပါ။ တာဝန်အရ အလုပ်သဘောအရပေါ့ဗျာ"

ပြောပြောဆိုဆို လျင်မြန်သော လှုပ်ရှားမှုဖြင့် ကိုဆလူးကို လက်ထိတ်ခတ်လိုက်သည်။

"သူကတော့ မိန်းကလေးမို့ မခတ်တော့ဘူး၊ ပြေးဖို့တော့ မစဉ်းစားနဲ့"

"စိတ်ချပါ ဆရာ၊ ကျွန်မ ဒီလောက် သတ္တိမရှိပါဘူး"

ကမာရွတ်ရဲစခန်းသို့ ရောက်သောအခါ ဟန်နီတာသည် အမည်မသိ၊ လူမြင်သိသော မရှမ်းမကို တွေ့ရသည်။ သူနှင့်ပတ်သက်သော ပြဿနာဖြစ်ရမည်ဟု တွေးနေသည်။ အမှုစစ်ရဲအရာရှိ ရောက်လာသည်။ ကိုယ်ရေးအချက်အလက်များ ရယူသည်။ အဓိက စစ်ချက်ရယူသည်။ တွေ့ဆုံစစ်ဆေးသည်။

"မနန်းခမ်းမွန် သူ့ကို သိလား"

www.burmeseclassic.com

www.burmeseclassic.com



"လူကိုတော့ သိပါတယ်၊ နာမည်ကိုတော့ ကျွန်မ မသိပါ"

"ကိုအောင်လင်း (ခ) ကိုဆလူးထံ ခေါ်သွားတာ သူလား"

"သူခေါ်သွားတာ မဟုတ်ပါဘူး၊ ကျွန်မက လိုက်ပို့ခိုင်းတာပါ"

"မဟန်နီတာထံမှာ ဘာစာရွက်စာတမ်းတွေလုပ်ပေးဖို့ အပ်နှံသလဲ"

"ကျွန်မ သူ့ထံမှာ ဘာမှမအပ်ပါဘူး"

အမှုစစ်အရာရှိသည် မနန်းခမ်းမွန်ကို အချုပ်ခန်းသို့ ပြန်ပို့လိုက်ပြီး အမှုတွဲတစ်ဦးဖြစ်သူ ကိုရန်ကြားပေါင်အား ခေါ်ထုတ်စေပြီး ဆက်လက်၍ စစ်ကြောရေးလုပ်သည်။

"ကိုရန်ကြားပေါင် သူ့ကိုသိလား"

"မသိဘူး ဆရာ"

"သေချာကြည့်ပါဦး၊ ခင်ဗျား သူ့ထံ အလုပ်ဘယ်နှစ်ကြိမ်အပ်ဖူးလဲ၊ မှန်တဲ့အတိုင်း ပြောပေါ့ဗျာ"

"ကျွန်တော်တို့တောင်ပေါ်သားတွေဟာ ဘယ်တော့မှ လိမ်မပြောဘူး။ သိရင်သိတယ်၊ မသိရင် မသိဘူး။ အခု ဒီမိန်းကလေးကို အခုမှ တွေ့ဖူးတာပါ။ အရင်က သိလည်းမသိဘူး၊ မြင်လည်း မမြင်ဖူးပါဘူးဆရာ"

အမှုစစ်အရာရှိသည် ကိုရန်ကြားပေါင်အား အချုပ်ခန်းသို့ ပြန်လည်ပို့လိုက်ပြီး ကိုအောင်လင်း (ခ) ကိုဆလူးကို

www.burmeseclassic.com

www.burmeseclassic.com



အမှုစစ်ခန်းသို့ ထုတ်လာစေပြီး စစ်ကြောရေး ဆက်လက်ဆောင်ရွက်သည်။

"ကိုအောင်လင်း (ခ) ကိုဆလင်း၊ ခင်ဗျား ဒီအလုပ်ကို လက်ခံပြီး မဟန်နီတာကို ဝေစု ဘယ်လောက်ခွဲပေးရသလဲ"

"ဝေစုအနေနဲ့ မပေးရပါဘူးဆရာ၊ (အာရကေ) ပွဲသဘောနဲ့ ငွေ ၂၀၀၀ဝိ/ ပေးလိုက်ပါတယ်"

"ခင်ဗျား လုပ်ပေးတဲ့ အလုပ်နဲ့ပတ်သက်ပြီး မဟန်နီတာက ဘယ်အစိတ်အပိုင်း၊ ဘယ်ကဏ္ဍတွေ လုပ်ပေးသလဲ"

"သူ ဘာမှမလုပ်တတ်ပါဘူး၊ လုပ်ပေးတာလည်း မရှိပါဘူး ဆရာ"

အမှုစစ် ရဲအရာရှိသည် မဟန်နီတာကို အချုပ်ခန်းသို့ ပြန်ပို့စေပြီး မနန်းခမ်းမွန်ကို အမှုစစ်ခန်းသို့ ခေါ်ယူလာစေသည်။

"ကဲ...ကိုအောင်လင်း (ခ) ကိုဆလူးနဲ့ မနန်းခမ်းမွန်တို့ကို ကျွန်တော် မျက်နှာစုံညီမေးမယ်၊ အမှန်ကို အမှန်အတိုင်း ပြောရင် စစ်ကြောရေးလုပ်ငန်း မြန်မြန်ပြီးတယ်၊ အမှုကို ရုံးတင်ဖို့ မြန်ဆန်တယ်ပေါ့ဗျာ။ အဲ ဝေ့လည်ကြောင်ပတ် ပြောနေမယ်ဆိုရင် ရဲ စိတ်ညစ်တယ်ပေါ့။ အချိန်ကြာတယ်ပေါ့၊ ဒါကြောင့် မျက်နှာစုံညီ ကျွန်တော်တို့ စစ်ဆေးတာပါ"

"ကိုဆလူး ဒီစာရွက်စာတမ်းလုပ်ပေးဖို့အတွက် မနန်းခမ်းမွန်ဆီက ငွေ ဘယ်လောက်ယူသလဲ"

"ဆယ်သိန်းပါ ဆရာ"

"မနန်းခမ်း သူပြောတဲ့အတိုင်း မှန်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ် ဆရာ"

"ဘယ်နှစ်ကြိမ် ခွဲပေးရသလဲ"

"ပထမတစ်ကြိမ် (၅) သိန်း၊ (၅) ရက်ခွာ ချိန်းတယ်။ ချိန်းတဲ့နေ့မှာ ကျန်ငွေ (၅) သိန်းပေးပြီး စာရွက်စာတမ်း ပေးပါတယ် ဆရာ"

အမှုစစ်ရဲအရာရှိ ဒုရဲအုပ် ကျော်စိန်လင်းသည် တစ်နေ့တာ စစ်ကြောရေးလုပ်ငန်းကို ရပ်နားလိုက်လေသည်။

(၃)

"ဆာဂျင်ကြီး၊ ကိုအောင်လင်း (ခ) ကိုဆလူးကို အချုပ်ထဲက ထုတ်လာပေးပါ ဆရာကြီး"

အချုပ်ခန်းလုံခြုံရေး ရဲတပ်ကြပ်ကြီးသည် စစ်ကြောရေးလုပ်သော အမှုစစ်အခန်းသို့ ကိုဆလူးအား ထုတ်လာပေးသည်။

"ကိုဆလူး ခင်ဗျားလုပ်ပေးတဲ့ ဘဏ်စာအုပ်ထဲမှာ ဖြည့်စွက်ရိုက်နှိပ်တဲ့ ကွန်ပျူတာက ဘယ်ဆိုင်မှာ လုပ်သလဲ"

"ကျွန်တော် မမှတ်မိတော့ဘူး ဆရာ"

"ကိုဆလူး ခင်ဗျား ဒါ ရဲကို လိမ်ပြောနေတာပဲ၊ ရဲ စိတ်ညစ်အောင် မလုပ်ပါနဲ့လို့ ကျွန်တော် ခင်ဗျားကို ပြောပြီးသားနော်"

ကိုအောင်လင်း (ခ) ကိုဆလူးသည် ချွေးများပြန်လာပြီး တုန်တုန်ယင်ယင် ဖြစ်နေသည်။ စကားများ ရှေ့/နောက် မညီတော့။ မျက်နှာနီမြန်းလာသည်။ ထိုင်နေရာမှာ မူးလဲသွားသည်။ ရဲအုပ်ကျော်စိန်လင်းသည် စခန်းမှူးထံ သတင်းပို့ပြီး ဆေးရုံ

www.burmeseclassic.com

www.burmeseclassic.com


ကြီးသို့ စခန်းမှ ကားဖြင့် ချက်ချင်း ပို့အပ်လိုက်သည်။ နှစ်ရက်ကြာသောအခါ ဆေးရုံမှ ဆင်းလာသည်။ ဆေးကုသမှု ခံယူနိုင်ရန်အတွက် ကိုဆလူးအား ခိုင်လုံသော အာမခံသူဖြင့် အာမခံပေးလိုက်လေသည်။

ဆယ်ရက်ခန့်ကြာသောအခါ ကိုဆလူးသည် အရက်အလွန်အကျွံသောက်ခြင်း၊ သွေးတိုး၊ နှလုံးရောဂါ ရှိမှန်းမသိတွေ့ဝေခဲ့ခြင်းတို့ကြောင့် စိတ်ဖိစီးမှုဖြင့် ဦးနှောက်သွေးကြောပြတ်ကာ ကွယ်လွန်သွားခဲ့လေသည်။

ပြစ်မှု၏ အဓိကတရားခံဖြစ်သော ကိုဆလူး ကွယ်လွန်သွားပြီး သက်သေခံပစ္စည်း အထောက်အထား ဘာမျှ သိမ်းဆည်းရရှိခြင်းလည်း မရှိသောကြောင့် ပူးတွဲတရားခံများဖြစ်ကြသော မနန်းခမ်းမွန်၊ ကိုရန်ကြားပေါင်၊ မဟန်နီတာတို့ကိုလည်း ရဲအာမခံပေးရလေသည်။

အမှုမှာ တောင်ပြာတန်းဘဏ်တွင် ငွေစုဆောင်းထားသော မနန်းခမ်းမွန်က ၎င်း၏သမီး ပြည်ပနိုင်ငံရှိ ကျောင်းသို့ ကျောင်းတက်ရန်အတွက် (ရှိုးမန်းနီး) ပြရာတွင် ၎င်း၏ဘဏ်စာအုပ်ရှိ လက်ကျန်ငွေကျပ် ၂၀၀၀၀/တွင် ငွေကျပ် သိန်း (၂၀၀) ဖြည့်စွက်စေခြင်း၊ ဘဏ်၏ထောက်ခံချက်အတု ပြုလုပ်ခြင်းတို့ကို ကိုဆလူးအား ငွေကျပ် (၁၀) သိန်းပေးပြီး အပ်နှံခဲ့သည်။ သက်ဆိုင်ရာသံရုံးသို့ ဗီဇာလျှောက်ထားရာတွင် ထိုဘဏ်စာအုပ်နှင့် ထောက်ခံချက်ကို တင်ပြခဲ့သည်။ ဗီဇာဌာနမှ တောင်ပြာတန်းဘဏ်သို့ မသင်္ကာသောကြောင့် မေးမြန်းခဲ့ရာ ဘဏ်လက်ကျန်တွင် လက်ကျန်ငွေကျပ် ၂၀၀၀၀/သာ ရှိသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com

# ဆိတ်ကွယ်ရာ မရှိပါ

## (၁)

"အဘ ဦးကျော်စိန်"

"အေး ရှိတယ်၊ လာဟေ့"

"စာ လာပေးတာ အဘ"

"ဘာစာလဲ၊ ဘယ်ကလာတဲ့ စာလဲကွ"

"အဘသား ကျော်စိုးမိုးကို ဥက္ကဋ္ဌက ခေါ်တဲ့စာပါ အဘ"

"ဘာတွေ ရေးထားလဲ၊ ဖတ်စမ်းပါဦးကွ"

"ဟုတ်ကဲ့ ကျွန်တော် ဖတ်ပြပါမယ်"

"မောင်ကျော်စိုးမိုး သိစေရမည်၊ မောင်မင်းအပေါ် ဟိုဘက်ရွာက ဦးဘဂျမ်းသမီး ဂျမ်းပုံ/(ခ) မိဂျမ်းက တိုင်ချက်ရှိသောကြောင့် လာရောက်ဖြေရှင်းပါရန်တဲ့ အဘ"

ကံကုန်းရွာမှ ရယကရုံးရွာဆော် စာပေးစာယူလုပ်သူ မောင်လှအေးက ဖတ်ပြလိုက်ရာ ဦးကျော်စိန်သည် သားအတွက် "ဘာများပါလိမ့်၊ ဘာပြဿနာရှိလို့လဲ၊ တစ်ခုခုတော့ တစ်ခုခုပဲ" ဟု တွေးတောပင်ပန်းနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဘ၊ ကျွန်တော် သွားလိုက်ဦးမယ်"

"အေး အေး၊ သားကို လွှတ်လိုက်ပါမယ်ကွယ်"

မျက်စိတစ်ဖက် လုံးဝမမြင်၊ မျက်စိတစ်ဖက်က မှုန်မွှားမွှား၊ တောင်ဝှေးကိုင်လျက် အိမ်တွင်းမှ အိမ်ပြင်သို့ ဒေါ်ဘွားစိန် ထွက်လာသည်။

"ကိုကျော်စိန်၊ ရှင့်သားကို ဥက္ကဋ္ဌက ဘာကိစ္စခေါ်တာတဲ့လဲတော်"

"ဟိုဘက်ရွာက ဘဂျမ်းသမီး ဂျမ်းဘုံက တိုင်ထားလို့ ခေါ်တာလို့ လှအေး ဖတ်ပြတာပဲ သိပါတယ့်ကွာ။ အသေးစိတ်ကတော့ မင့်သားသွားမှ သိရမှာပေါ့"

"အဲဒီဘဂျမ်းသမီး ဂျမ်းဘုံဆိုတဲ့ ကောင်မလေးက ရန်ကုန်သွားပြီး ကုလားအိုကေလား၊ တရုတ်အိုကေဆိုလား သီချင်းလည်း ဆိုတယ်၊ ဘာညာဘာညာလို့ ရွာထဲမှာ ပြောနေကြတဲ့ ကောင်မလေးတော့၊ မိန်းမလည်း သိန်းကြွယ်မတဲ့။ ရုပ်ကလေးချောသလောက် မနောကောက်တဲ့ ကောင့်မလေးတဲ့"

ဒေါ်ဘွားစိန်သည် သားအတွက် ရတက်မအေးသောကြောင့် လင်တော်မောင် ဦးကျော်စိန်အား မိန်းမချင်း သိသည့်ကြားသည့် အကျိုးအကြောင်းများကို ပြောပြလေသည်။

"ဥက္ကဋ္ဌကြီး ခေါ်တယ်ဆိုလို့ ကျွန်တော် လာပါတယ်ခင်ဗျာ"

"အေး ထိုင်ဦးကွယ့်၊ တိုရှင်းလိုရင်းပဲ ပြောမယ်။ မင်းလွန်ခဲ့တဲ့ (၂၀) ရက်လောက်၊ ဝါဆိုလဆန်း (၇) ရက်နေ့က မင်းစက်လှေ သမ္ဗန်စက်ပျက်လို့ ခရီးသည်တွေကို ဟိုဘက်ရွာ

www.burmeseclassic.com

www.burmeseclassic.com



က မောင်ကြီး စက်လှေပေါ်ကို ပြောင်းပေးလိုက်တယ်တဲ့။ ဂျမ်းဘုံ (ခ) မိဂျမ်းက ပြောင်းစီးဖို့ ပြင်နေချိန်မှာ မင်းက အဖော်မရှိလို့ နေခဲ့ပါဆိုလို့ နေရစ်ခဲ့တယ်တဲ့။ အဲဒီညမှာ စက်လှေပေါ်မှာ မင်းက သူ့ကို သားမယားအဖြစ် ပြုကျင့်ခဲ့တယ်တဲ့။ မင်းက ဘယ်သူ့ကိုမှ မပြောနဲ့၊ ငွေ (၂) သိန်းခွဲပေးမယ်ဆိုလို့ စောင့်နေတာတဲ့။ အခုအထိမပေးလို့ လာပြီး တိုင်တားတဲ့ ကိစ္စပဲကွ”

ဥက္ကဋ္ဌက တိုင်ချက်ပါ အချက်အလက်များ အကြောင်းအရာကိစ္စရပ်များကို ရှင်းပြသည်။ ပြီးတော့ မောင်ကျော်စိုးမိုး၏ သဘောထားကို မေးသည်။

“ဥက္ကဋ္ဌကြီး၊ အဲဒီနေ့က ကျွန်တော့်စက်လှေပျက်နေတာလည်း မှန်ပါတယ်။ ခရီးသည်တွေကို မောင်ကြီး စက်လှေပေါ် ပြောင်းပေးလိုက်တာလည်း အမှားအသိပါ။ ဒါပေမဲ့ ကျွန်တော် ဂျမ်းဘုံကို အဖော်အဖြစ် နေခဲ့ပါလို့ ကျွန်တော် မခေါ်ပါဘူး။ မောင်ကြီးရဲ့လှေပေါ်မှာ သူ မတွေ့ချင်တဲ့သူ ပါလို့ ကျွန်တော့် စက်လှေပြင်ပြီးမှ လိုက်တော့မယ်ဆိုပြီး နေခဲ့တာပါ။ စက်လှေပြင်ပြီးတာနဲ့ ကျွန်တော့်စက်လှေနဲ့ အတူတူ ပြန်လာကြတာပါ ဥက္ကဋ္ဌကြီး”

“မင်း စက်လှေပြင်တာ ဘယ်လောက်ကြာလဲ”

“တစ်နာရီခွဲ နှစ်နာရီလောက် ကြာပါတယ်ခင်ဗျာ”

ဥက္ကဋ္ဌကြီးသည် ဟိုဘက်က ပြောစကား၊ ဒီဘက်က ပြောစကား၊ အခြေအနေ အချိန်အခါတို့ကို စဉ်းစားချင့်ချိန် တွေးတောပြီးနောက်...

www.burmeseclassic.com

www.burmeseclassic.com



"တို့ ရပ်မိရပ်ဖအနေနဲ့ကတော့ မင်းတို့ ပြေပြေလည်လည်ဖြစ်အောင်သာ ညှိနှိုင်းပေးလို့ ရပါတယ်။ မပြေလည်ကြဘူးဆိုရင်တော့ ရုံးရောက် ဂါတ်ရောက်ဆိုတာတွေ ဖြစ်တတ်တယ်ပေါ့ကွာ..."

"လူဆိုတာ ခက်သားပဲ၊ မုန်းလျှင် အပြစ်၊ ချစ်လျှင် အကျိုး၊ မြတ်နိုးလျှင် သဒ္ဓါတဲ့။ တစ်ဦးနဲ့တစ်ဦး လောဘ၊ ဒေါသ၊ မောဟတွေများပြီး ငွေကုန်လူပန်း မဖြစ်ကြအောင် ညှိနှိုင်းကြပေါ့ကွာ။ တို့ကတော့ ဒါပဲ ဖြေရှင်းနိုင်တယ်"

"ကျွန်တော် သူတောင်းတဲ့ ငွေ (၂) သိန်းခွဲ မပေးနိုင်ပါဘူး။ ပေးစရာလည်း မရှိပါဘူး ဥက္ကဋ္ဌကြီး။ ကျွန်တော် မိအို၊ ဖအို မိဘနှစ်ပါးကို လုပ်ကျွေးနေတာ ဥက္ကဋ္ဌကြီးတို့ အသိပါ"

ဥက္ကဋ္ဌသည် တိုင်ကြားသူ ဂျမ်းဘုံ (ခ) မိဂျမ်းဘက်သို့ တိုင်ကြားခံရသူ ကျော်စိုးမိုးဘက်မှ သဘောထားနှင့် အဖြေကို ရှင်းလင်းပြန်ကြားပေးခဲ့သည်။

(၂)

ဦးကျော်စိန်၊ ဒေါ်ဘွားစိန်တို့သည် ဥက္ကဋ္ဌအိမ်မှ ပြန်လာမည့် သား ကျော်စိုးမိုးအား အကျိုးအကြောင်း၊ အဆိုးအကောင်း သိရန် စောင့်စားနေကြသည်။ မျှော်တုန်းမျှော်ဆဲ ရောက်ရှိလာသည်။

"ပြောစမ်းပါဦး သား ရယ်၊ အမေတို့ အဖေတို့ စိုးရိမ်နေကြရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စက်လှေပျက်တဲ့ညက ခရီးသည်တွေကို မောင်ကြီးရဲ့ စက်လှေပေါ် ပြောင်းပေးခဲ့တယ်။ မိဂျမ်းက မောင်ကြီးရဲ့ စက်လှေပေါ်မှာ သူနဲ့ မတွေ့ချင်သူ ပါလို့ ကျွန်တော့် စက်လှေပေါ်မှာ ကျန်ရစ်ခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်တော်က သူ့ကို ကျင့်ကြံတယ်ဆိုပြီး တိုင်တယ်။ ကျွန်တော်က ငွေ (၂) သိန်းခွဲ ပေးမယ်ဆိုပြီး မပေးလို့ တိုင်တာတဲ့ဗျာ"

"ဟုတ်ကော ဟုတ်နေသလား သား"

"ဘယ်က ဟုတ်ရမှာလဲဗျာ၊ ကျွန်တော် အဲဒီနေ့ည စက်ပြင်နေတာ တစ်ကိုယ်လုံး စက်ဆီတွေနဲ့ပေကျံနေတာ သူ အသိ၊ တမင်သက်သက် ငွေညှစ်တာပါ အမေရာ"

ဦးကျော်စိန်၊ ဒေါ်ဘွားစိန်တို့သည် ကိုယ့်သားလေးက အသက် (၁၇) နှစ်သာ ရှိသေးသည့် လူလားမမြောက်သေးသူလေး ဖြစ်သောကြောင့် ကိုယ့်ဘက်က မှားနေလျှင်လည်း တောင်းပန်ရန်နှင့် လူငယ်ချင်း ရည်ငံ့နေကြလျှင်လည်း တောင်းရမ်းပြီး ပေးစားရန် မေးမြန်းစုံစမ်းနေကြရလေသည်။

"ဒေါ်ဘွားစိန်ရယ်၊ ရှင့်သားက ဗိုင်းကောင်းကျောက်ဖိ၊ ခြောက်ပြစ်ကင်း သဲလဲစင်၊ ဟိုကောင်မ မဂျမ်းဘုံ (ခ) မိဂျမ်း၊ ရန်ကုန်မှာ ဂျူးဂျူးဆိုတဲ့ ကောင်မက လူကို မလိုချင်ဘူး။ မယူနိုင်ဘူး။ ငွေ (၂) သိန်းခွဲပဲ လိုချင်တယ်ဆိုတော့ အေးအေးပြေ တိုက်နေတာ။ မပေးနဲ့ တစ်ပြားမှ မပေးနဲ့။ တရား နတ်ကောင့် ပါလိမ့်မယ်"

ပန်းသတင်း လေညင်းဆောင်၊ လူ့သတင်း လူချင်းဆောင် ဆိုရိုးစကားအတိုင်း ကျော်စိုးမိုးနှင့် ဂျမ်းဘုံ (ခ) မိဂျမ်းတို့၏

www.burmeseclassic.com



သတင်းမှာ ဟိုဘက်ရွာ၊ ဒီဘက်ရွာ ပြန့်နှံ့နေပေပြီ။ ပြောကြဆိုကြ ရပ်ဝေးလေ့ ရွာဝေးလေ့တွေကလည်း တဖွဖွ။

ဦးဘဂျမ်း၊ ဒေါ်ခွေးမတို့လည်း သူတို့သမီး ရန်ကုန်မှာ ဘာအလုပ်ပဲ လုပ်စားလုပ်စား၊ သူတို့နဲ့ ဘာဆိုင်သလဲ။ ကုလားအိုကော်ပဲ လုပ်လုပ်၊ ဗမာအိုကော်ပဲ လုပ်လုပ် ကိုယ် ဝါသနာပါတဲ့ အလုပ်ကို လုပ်စားတာ ဘာဖြစ်လဲ။ မုဒိမ်းကောင်ကို ရဲတိုင်မယ်၊ အမှုဖွင့်မယ်၊ မောဟာမီးများ တဟုန်းဟုန်း တောက်လောင်နေကြသည်။

ဒေါ်ဘွားစိန်ကလည်း တောင်ဝှေးကို အဖော်ပြုပြီး ဟိုဘက်ရွာရှိ ဦးဘဂျမ်း၊ ဒေါ်ခွေးမတို့အိမ်သို့ ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ သွားရောက်ပြီး အိမ်ရှေ့မှနေပြီး...

"ဟဲ့ ဂျမ်းဘုံ၊ နင် ဒီလိုမိန်းမညာဏ်ကို ဗလိန်းဗဂျန် လုပ်ပြီး ရန်ကုန်မှာ လုပ်စားနေတာကြာပြီလား။ ရန်ကုန်မှာပဲ လုပ်စား။ တို့ရွာကို လာမလုပ်နဲ့။ ငွေတော့ မရဘူး၊ ဟိုဟာပဲ ရမယ်"

ဆယ်အိမ်မှူး၊ ရာအိမ်မှူးတို့က ဒေါသမီး တဟုန်းဟုန်း တောက်လောင်နေသော ဒေါ်ဘွားစိန်အား ဖျောင်းဖျနားချပြီး သူ့ရွာသူ့အိမ်သို့ အိမ်တိုင်ရာရောက် ပို့ပေးကြရလေသည်။

ဦးဘဂျမ်း၊ ဒေါ်ခွေးမ၊ ဂျမ်းဘုံ (ခ) မိဂျမ်းတို့မှာသည်း ဒေါ်ဘွားစိန် လာရောက်ပြီး အော်ကြီးဟစ်ကျယ် ပြောဆိုခံရမှု အပေါ် ယမ်းပုံမီးကျဆိုသကဲ့သို့ ဒေါသမီး တဟုန်းဟုန်း တောက်လောင်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခွေးမသမီး ဂျမ်းဘုံ (ခ) မိဂျမ်းတို့သည် -----ရဲတပ်ဖွဲ့စခန်းသို့ ကျော်စိုးမိုး၊ ကံကုန်းရွာနေသူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ မုဒိမ်းမှုဖြင့် ဖမ်းဆီးအရေးယူပေးရန် အမှုဖွင့်တိုင်ကြားသည်။ စခန်းမှူး၊ မြို့နယ်မှူးတို့၏ ခွဲတမ်းချပေးချက်အရ အမှုစစ်ရဲအရာရှိ ဒုရဲအုပ် ကျော်စိန်လွင်းက အမှုကို ကိုင်တွယ်စစ်ဆေးသည်။

"မဂျမ်းဘုံ၊ နာမည်အပြည့်အစုံပြောပါ"

"ဟုတ်ကဲ့ရှင့်၊ ရွာမှာတော့ ဂျမ်းဘုံ (ခ) မိဂျမ်းလို့ ခေါ်ကြပါတယ်။ ရန်ကုန်မှာတော့ ကျွန်မနာမည် ဂျူးဂျူးလို့ ခေါ်တွင်ပါတယ်"

"ရန်ကုန်မှာလုပ်တဲ့ အလုပ်အကိုင်က"

"ဟုတ်ကဲ့ရှင့်၊ စင်တင်တေးဂီတ စားသောက်ဆိုင် (ကေတီဗွီ) ဆိုင်တွေမှာ သီချင်းဆိုပါတယ်"

"ဆိုင်နာမည်တွေက"

"ခုနစ်လွှာ ကေတီဗွီ၊ ဒဂုံထိပ်ထား စင်တင်တေးဂီတ၊ အလှတစ်ထောင်ပန်းတစ်ထောင် စင်တင်တေးဂီတတို့မှာ အဆင်ပြေသလို လုပ်ရပါတယ် ဆရာ"

"ရွာကို တစ်လတစ်ခါ ပြန်လာသလား"

"ဟုတ်ကဲ့ရှင့်၊ တစ်ခါတစ်ခါ နှစ်လ၊ သုံးလတစ်ကြိမ် ပြန်လာပြီး အမေတို့အဖေတို့ကို ငွေစုပေးပါတယ်"

"အခင်းဖြစ်တဲ့ အဲဒီနေ့ညက ကျော်စိုးမိုးက ဘယ်နှစ်ကြိမ်ဆက်ဆံသလဲ"

"တစ်ကြိမ်တည်းပါ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ဖြစ်ချင်း အမှုမဖွင့်ဘဲ ဘာဖြစ်လို့ (၂၆) ရက်ကြာမှ အမှုဖွင့်တာလဲ"

"ဟုတ်ကဲ့ ဆရာ၊ သူက ဘယ်သူ့မှ မပြောပါနဲ့၊ ကျွန်မကို ငွေ (၂) သိန်းခွဲပေးမယ်ဆိုလို့ စောင့်နေတာပါ ဆရာ

ရွာဥက္ကဋ္ဌကို တိုင်တော့လည်း သူက မဟုတ်ဘူး၊ မပေးဘူးဆိုပြီး သူ့အမေက ကျွန်မတို့အိမ်လာပြီး အော်ကြီးဟစ်ကျယ် ပြောလို့ အခုမှ လာပြီး အမှုဖွင့်တာပါ ဆရာ"

ဒုရဲအုပ် ကျော်စိန်လင်းသည် အမှုနှင့် ဆက်စပ်မှုရှိသော အော်ဒီယိုစက်လှေမှ မောင်ကြီးနှင့် ကျော်စိုးမိုး၏ စက်လှေမှ မောင်ကြီး၏စက်လှေသို့ ပြောင်းစီးသော ခရီးသည်များအနက်မှ စမူရိုင်း (ခ) ဝင်းနိုင်တို့အား မျက်မြင်သက်သေအနေဖြင့် စစ်ဆေးသည်။

"ကိုမောင်ကြီး သိသလောက် ပြောပြပါဦး"

"ဟုတ်ကဲ့ ဆရာ၊ ကျော်စိုးမိုးက သူ့စက်လှေ စက်ပျက်သွားလို့ သူ့ခရီးသည် ခုနစ်ယောက်ကို ကျွန်တော့်စက်လှေကို ပြောင်းပေးခဲ့ပါတယ်"

"ပြောင်းစီးတဲ့ ခရီးသည်ထဲမှာ ဂျမ်းဘုံ (ခ) မိဂျမ်း မပါဘူးလား"

"အစကတော့ ပြောင်းမလို့ပြင်ဆင်ပြီးမှ ပြောင်းမစီးဘဲ ကျန်ရစ်ခဲ့ပါတယ်ဆရာ"

"စက်လှေ စက်ပျက်သွားရင် ခင်ဗျားတို့ ကိုယ့်ဘာသာ ကိုယ် ပြင်ကြသလား"

www.burmeseclassic.com

www.burmeseclassic.com



"စက်လှေသမားတိုင်းလိုလို ကိုယ့်ဘာသာကိုယ် ပြင်တတ်ကြပါတယ်။ သိပ် မခက်ပါဘူး ဆရာ။ ဆီပျောက် မီးပျောက်လောက်ပဲ ရှိပါတယ်။ အင်ဂျင်ကိုင်ရင်တော့ စက်ဆရာခေါ်ပြီး အတူတူ လုပ်ကြပါတယ်ဆရာ"

"ကျော်စိုးမိုးကော စက်ပြင်တတ်သလား"

"ဒီကောင်က ကျွန်တော်တို့ထက်တောင် စက်ပြင် ပိုပြီး ကျွမ်းကျင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ကိုမောင်ကြီး"

ဒုရဲအုပ် ကျော်စိန်လင်းသည် အခင်းဖြစ်ချိန်က မျက်မြင်ကိုယ်တွေ့များ ဖြစ်ကြသော မောင်ကြီး၊ စမ္ပရိုင်း (ခ) ဝင်းနိုင်တို့၏ တစ်ထေရာတည်း ထွက်ဆိုချက်များကို စစ်ဆေးရယူခဲ့လေသည်။

ဒုရဲအုပ် ကျော်စိန်လင်းသည် တရားလိုဘက် တစ်ခြမ်းစစ်ဆေးပြီးဖြစ်သောကြောင့် တရားခံဘက် တစ်ခြမ်းကို ဆက်လက်စစ်ဆေးရလေသည်။

"ကဲ ကျော်စိုးမိုး၊ မင်းရဲ့ အဲဒီနေ့ညက ကာမဘီလူးစီးဝင်မှုအကြောင်းလေးတွေကို ပြောစမ်းပါဦး"

"ကျွန်တော် အဲဒီနေ့ညက စက်လှေ စက်ပျက်နေတဲ့အတွက် စက်ပြင်ဆင်ဖို့ စိတ်အာရုံပဲ ရှိပါတယ်ဆရာ။ ညနေ့က လည်း အတော်ဝေးနေတဲ့အတွက် အမြန်ဆုံး စက်နိုးအောင်ပြင်နေရပါတယ်ဆရာ"

"ဂျမ်းဘုံက မင်းကို ဘာမှ ကူညီလုပ်ကိုင်မပေးဘူးလား"

www.burmeseclassic.com



"စက်ဆီပေမှာစိုးလို့ဆိုပြီး အနားတောင် မလာပါဘူး ဆရာ"

"မင်းရဲ့စက်လှေ ပြင်ဆင်နေချိန်မှာ တခြားစက်လှေတွေ ဖြတ်သွားဖြတ်လာ ရှိသလား"

"ရှိပါတယ် ဆရာ၊ ကံကုန်း၊ ရေလဲလေး၊ ရေလဲကြီး၊ မအူကုန်းရွာက စက်လှေတွေ ဖြတ်သွားဖြတ်လာ ရှိကြပါတယ်"

"မောင်ရင် စက်လှေပြင်ပြီးလို့ စက်နိုးပြီးနောက် ရေချိုး သေးသလား"

"မချိုးပါဘူး ဆရာ၊ စက်လှေနိုးတာနဲ့ ကျွန်တော် ရွာကို ပြန်လာပါတယ်။ မဂျမ်းလည်း သူ့အိမ်သူ ပြန်သွားပါတယ် ဆရာ။ အိမ်ရောက်မှ ပေကျံနေတဲ့ စက်ဆီတွေဆေးကြောပြီး ရေချိုးပါတယ် ဆရာ"

ဒုရဲအုပ် ကျော်စိန်လင်းသည် တရားလိုဘက်၊ တရားခံဘက် နှစ်ဖက်တို့အား စစ်ဆေးခဲ့ပြီးနောက် အခင်းဖြစ်နေရာသို့ သွားကာ အခင်းဖြစ်ပွားသည့်နေရာကို မြေပုံကြမ်း ရေးဆွဲသည်။ အခင်းဖြစ်ချိန် လွန်ခဲ့သော (၂၆) ရက်နေ့က ကျော်စိုးမိုး ဝတ်ဆင်ခဲ့သော ပုဆိုး၊ အင်္ကျီ၊ ဂျမ်းဘုံ (ခ) မိဂျမ်း ဝတ်သော ထဘီ၊ အင်္ကျီအတွင်းခံတို့ကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းသည်။ ကျော်စိုးမိုး အသက် (၁၇) နှစ်ဖြစ်ကြောင်း၊ မွေးစာရင်း၊ ကျောင်းထောက်ခံစာတို့ကို သက်သေခံအဖြစ် ရယူသည့်အမှု တစ်ခုလုံး တည်ဆောက်ခဲ့ပြီးဖြစ်သည်။ မြို့နယ် ဥပဒေအရာရှိ ထံ ဥပဒေထင်မြင်ချက်၊ အကြံပြုချက် ရယူရန် တင်ပို့ရလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့နယ် ဥပဒေအရာရှိမှတစ်ဆင့် ခရိုင်ဥပဒေရုံးမှ တရားခံ ကျော်စိုးမိုးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ မုဒိမ်းမှုဖြင့် စီရင်ပိုင်ခွင့်ရှိသော ခရိုင်တရားရုံးသို့ တရားစွဲဆိုရန် ဥပဒေအကြံပြုချက် ပြန်ကြားလာသည်။

ဒုရဲအုပ် ကျော်စိန်လင်းသည် တရားခံ ကျော်စိုးမိုးအား အချုပ်ဖြင့် တရားစွဲဆိုတင်ပို့မည့် အမှုအမျိုးအစား ဖြစ်သောကြောင့် အချုပ်ဖြင့် မအူပင်မြို့ ခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့သည်။

(၃)

ခရိုင် တရားရုံးတော်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ ပြစ်မှုကြီးအမှတ် ၀၀၇/၂၀၀၉ ဖြင့် လက်ခံသည်။ ပုဒ်မမှာ အာမခံ မပေးနိုင်သော ပုဒ်မဖြစ်သောကြောင့် တရားခံ ကျော်စိုးမိုးမှာ အချုပ်ဖြင့် အမှုကို ရင်ဆိုင်ခဲ့ရလေသည်။

မျက်စိတစ်ဖက် မမြင်၊ ကျန် မျက်စိတစ်လုံးမှာလည်း မှုန်ဝါးဝါးသာ မြင်သောကြောင့် တောင်ဝှေးကို အဖော်ပြုပြီး သားဖြစ်သူအား အမှုစွဲတင်ဆည့်နေ့တွင် ဒေါ်ဘွားစိန် ကြိုးစားပြီး လာရောက်ခဲ့သည်။ မိခင်ကြီး ဒေါ်ဘွားစိန်မှာ သားဖြစ်သူ အချုပ်ဖြင့် အချုပ်ထောင်သို့ ပါသွားရသောကြောင့် ရင်ဘတ်စည်တီးပြီး ငိုပွဲဆင်ရတော့သည်။

"အဖြစ်ဆိုးလှချည်ရဲ့လား သားလေးရဲ့၊ ဒီဘဝ ဒီမျှသာ ဖြစ်ပါစေ။ သူတော်ကောင်း နတ်ကောင်းမပါစေ သားလေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အမေ ပြန်တော့၊ အမေ ပြန်တော့။ သားကို ဘာမှ မပူနဲ့၊ အမေ ကျန်းမာအောင်သာ နေပါ့ အမေ"

အမေနှင့် သားတို့ မျက်ရည်စက်လက်ဖြင့် အပြန်အလှန် ပြောကြ၊ ငိုကြွရင်းဖြင့်ပင် ကျော်စိုးမိုးအား သယ်ဆောင်သွားသော အချုပ်ကားသည် အချုပ်ထောင်သို့ ခေါ်ဆောင်သွားလေသည်။

လောဘ၊ ဒေါသ၊ မောဟတရားတို့ဖြင့် လူ့ပြည်မှာ အမှုပွေကြသော တရားလို ဂျမ်းဘုံ (ခ) မိဂျမ်း (ခ) ဂျူးဂျူးနှင့် တရားခံ ကျော်စိုးမိုးတို့၏ အမှုကို (၁၀)လ ခန့်တိုင်တိုင် တရားလိုနှင့် တရားလိုပြ သက်သေများ၊ တရားခံနှင့် တရားခံပြ သက်သေတို့အား စစ်ဆေးကြားနာခဲ့သည်။

တရားလို၏ အကျိုးဆောင်၊ တရားခံ အကျိုးဆောင် နှစ်ဖက်အကျိုးဆောင်တို့ကလည်း နှစ်ဖက်လျှောက်လဲချက်များ ပေးခဲ့ကြပြီး ဖြစ်သည်။ တရားရုံးတော်က အပြီးသတ် အမိန့်ချမှတ်ရန် ရုံးချိန်းပေးခဲ့သည်။ အမိန့်ချရန် ချိန်းဆိုသော ပထမ ရုံးချိန်းတွင် ခရိုင်အစည်းအဝေး ရှိသောကြောင့် အမိန့်မချဖြစ်။ ဤရုံးချိန်းတွင်မူကား အမိန့်ချဖြစ်တော့မှာ သေချာသောကြောင့် ကံကုန်းရွာ၊ ရေလဲလေးရွာတို့မှ နှစ်ဖက်ဆွေမျိုးများလည်း အမိန့်နားထောင်ရန် ရောက်ရှိနေကြသည်။

တရားခွင်စာရေးက အမှုတွဲ ခေါ်သည်။

တရားခံ ကျော်စိုးမိုး အချုပ်ဖြင့် ရုံးရှေ့ရောက်ရှိ၊ နှစ်ဖက် အကျိုးဆောင်နှင့် ဆွေမျိုးများ မျှော်။ တရားသူကြီး တရားခွင်သို့ တက်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



## အမိန့်

အမှုတစ်ခုလုံးကို ခြုံငုံသုံးသပ်ရာတွင် တရားခံနှင့် တရားလိုတို့ နှစ်ဦးတည်း အခင်းဖြစ်ချိန်က အခင်းဖြစ်နေရာတွင် ရှိခဲ့ကြသည်ဆိုသော အချက်မှာ နှစ်ဖက် အငြင်းမပွားပေ။ တရားခံက တရားလိုအား ဘယ်သူမှ မပြောနဲ့၊ ငွေ (၂) သိန်းခွဲပေးမယ်ဆိုသောကြောင့် တရားစွဲဆိုရန် (၂၆) ရက် ကြန့်ကြာခဲ့ကြောင်းကို ယုတ္တိမတန်ဟု မဆိုသာချေ။ တရားခံက သူ၏စက်လှေပျက်သောကြောင့် မောင်ကြီး၏ စက်လှေပေါ်သို့ ပြောင်းပေးချိန်တွင် တရားလိုအား လိုက်သွားရန် မပြောဆို၊ မတိုက်တွန်းဘဲ လက်ခံထားခြင်းသည် တရားလိုနှင့် တရားခံတို့အကြားသဘောတူ လက်ခံသည့် လက္ခဏာရှိသည်ဟု ယူဆရမှာ ဖြစ်ပေသည်။

တရားရုံးချုပ် တရားစီရင်ထုံးတွင် "အခင်းဖြစ်ချိန်က တရားခံက သေသူမိန်းကလေးအား မုဒိမ်းကျင့်ပြီး ရိုက်သတ်ကြောင်း မျက်မြင်သက်သေ မရှိစေကာမူ အခင်းမဖြစ်ပွားမီက တရားခံနှင့် သေသူ မိန်းကလေးတို့ကို အတူမြင်တွေ့ရကြောင်း ပေါ်ပေါက်သည်။ တရားခံကလည်း သေသူဟာ ဘာကြောင့်လဲ မသိဘူး၊ ချုံပုတ်ထဲတွင် လဲနေသည်ဟု တရားခံကိုယ်တိုင် ရွာထဲ ပြန်ရောက်ချိန်မှ ပြောခဲ့သည်။ အခင်းဖြစ်ချိန်က အခင်းဖြစ်နေရာတွင် တရားခံနှင့် သေသူတို့သာ ရှိကြောင်း ပေါ်လွင်သည်။ ထို့ကြောင့် တရားခံအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ သေဒဏ် ပေးခဲ့ခြင်းမှာ မှားသည်ဟု မဆိုသာပေ။

www.burmeseclassic.com

www.burmeseclassic.com



စီရင်ထုံး ၂၀၀၆ ခုနှစ် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု အမှတ် (၆)

တရားခံမှာ အသက် (၁၇) နှစ်သား ရှိသေးကြောင်း မွေးစာရင်း၊ ကျောင်းထောက်ခံစာတို့အရ ပေါ်လွင်သောကြောင့် ကလေးသူငယ်ဥပဒေပါ အခွင့်အရေးကို ခံစားခွင့်ရှိသူ ဖြစ်သည်။

ထို့ကြောင့် ကျော်စိုးမိုးသည် ပြစ်မှုပုဒ်မ ၃၇၆ မုဒိမ်းမှုကို ကျူးလွန်ကြောင်း ပေါ်ပေါက်သည်ဟု ကျွန်ုပ် ယုံကြည်သောကြောင့် တစ်သက်တစ်ကျွန်းဒဏ်၊ ပြစ်ဒဏ်၏ တစ်ဝက်တိတိကို ကျခံစေရန် အမိန့်ချမှတ်သည်။

အမိန့်အဆုံးတွင် မျက်မမြင် မိခင်အိုကြီး ဒေါ်ဘွားစိန်မှာ နှလုံးသွေး ရပ်တန့်သွားပြီး မူးလဲသွားသည်။ ဆွေမျိုးများမှာလည်း ငိုကြွေးကြသည်မှာ သုသာန်တစ သချိုင်းတွင်လား ထင်ရသည်။ မျက်ရည်များမှာလည်း ချောင်းပေါက်မတတ်ဟု ဆိုချင်သည်။ ဒေါ်ဘွားစိန်အား မြို့နယ်ဆေးရုံသို့ ပို့ပေးကြရပါတော့သည်။

**မှတ်ချက်။** ဖြစ်ရပ်မှန်မှုခင်းကို နာမည်ဒေသများ ပြောင်းလွဲ ရေးသားထားပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com



ဆယ်သိန်းကိုတစ်သိန်းဖြင့်ဝယ်သူ

www.burmeseclassic.com

www.burmeseclassic.com

# ဆယ်သိန်းကို တစ်သိန်းဖြင့် ဝယ်သူ

(၁)

"ဒီကောင်မက ဘယ်လောက်ချမ်းသာလို့ ငါ့မောင် ဆယ်သိန်းကို တစ်သိန်းနဲ့ ဝယ်ရတာလဲ။ ဒါ မရိုးသားဘူး။ ဒီကောင်မ မိန်းမလည်ဲ သိန်းကြွယ်၊ ငါ့မောင်ကို လင်ကောင်ဖမ်းတာပဲ ဖြစ်ရမယ်။ ငါ မကျေနပ်ဘူး။ လုံးဝ မကျေနပ်ဘူး။ ငါနဲ့ တွေ့မယ်"

ဒေါ်သိန်းသိန်းသည် နတ်မောက်မြို့နယ်၊ ဝက်ချုပ်ရွာမှ ရန်ကုန်သို့ ရောက်ရှိလာပြီး လှိုင်သာယာမြို့နယ် မီးခွက်ဈေးတွင် ကုန်မျိုးစုံဆိုင်ကြီးဖြင့် ကြီးပွားချမ်းသာနေသူ ဖြစ်သည်။ ရန်ကုန်ရောက် ဝက်ချုပ်ရွာသားတို့၏ မျက်နှာဖုံး ဖြစ်သည်။

ကိုဆယ်သိန်းကလည်း သူ့မိဘ ဦးစိမ့်၊ ဒေါ်မြမြတို့မှ ဆယ်ယောက်မြောက် ပွဲသိမ်းမွေးဖွားသောကြောင့် မောင်ဆယ်သိန်းဟု နာမည်တွင်လာသော ကိုကံကျေင်း ဖြစ်ပေသည်

www.burmeseclassic.com

www.burmeseclassic.com



ဝက်ချုပ်ရှာက ရန်ကုန်ရောက် ဝက်ချုပ်သားများအနက် ချမ်းသာနေသူတစ်ဦး ဖြစ်ပေသည်။

ဝက်ချုပ်ရှာသူ မဲမြဂျမ်းဆိုသူမှာလည်း ခေသူမဟုတ်။ သူဌေးအိမ်တွင် အိမ်ဖော်အလုပ် စတင်လုပ်ကိုင်ရာမှ ဇနီးမယား ဖြစ်လာပြီး အိမ်တစ်ဆောင် မီးတစ်ပြောင်ဖြင့် လူတန်းစေ့ နေထိုင်လာခဲ့သူ ဖြစ်သည်။ သူ့သူဌေး မသေမီ အရင်းအနှီးပေးခဲ့သောကြောင့် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့တွင် တင့်တောင်းတင့်တယ် နေထိုင်လျက်ရှိသည်။ အသက် (၃၀) ကျော်ဖြစ်သော်လည်း အသားဖြူပြီး ခါး၊ ရင်၊ တင်တို့ဖြင့် အချိုးအဆစ်ကျလှသူလေးဖြစ်၍ အစ်ကိုလေး၊ အစ်ကိုကြီး၊ အန်ကယ်ကြီးတို့ မျက်စိကျရသူလေး ဖြစ်သည်။

ဒေါ်သိန်းသိန်းသည် သူ့မောင် ဆယ်သိန်းနှင့် မြဂျမ်းတို့ ပတ်သက်နေပြီ၊ ငြိစွန်းနေပြီ၊ မြဂျမ်းက ဆယ်သိန်းကို တစ်သိန်းဖြင့် ဝယ်လိုက်ပြီဆိုသည့် သတင်းစကား ကြားသည့်အချိန်က စပြီး ပါးနားရိုက်ပြီး ဆုံးမရန် ပရာဒိုကားတစ်စီးဖြင့် ချောင်းမြောင်းနေသူ ဖြစ်သည်။

အချိန်ကား နံနက် (၉) နာရီခန့်၊ နေရာကား သာကေတမြို့၊ မြဂျမ်းနေအိမ်ရှေ့တွင် ဖြစ်သည်။ ဈေးဝယ်ပြီး ပြန်လာသော မြဂျမ်းအား...

"ဟဲ့ ကောင်မ၊ နင် ငါ့မောင်ကို လင်ကောင်ဖမ်းထားတယ်ဆို။ နင်နဲ့ တန်သလား၊ ရာသလား။ ငါ့မောင်က သိန်းထောင်နဲ့ချီပြီး ချမ်းသာလို့ နင်က လင်ကောင်ဖမ်းပြီး အပိုင်ကြံတာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း...ဖြန်း"

"ရိုက်ပါ ဒွေးလေးသိန်း၊ ရိုက်ပါ။ အမှန်တရားကို သိရင် ဒွေးလေးသိန်း မြဂျမ်းကို ခွင့်လွှတ်သွားမှာပါ။ နားလည်သွားမှာပါ။ မြဂျမ်း ကျေနပ်ပါတယ်။ ဒွေးလေး ထပ်ရိုက်ပါဦး"

ဒေါ်သိန်းသိန်းက လောဘ၊ ဒေါသ၊ မောဟတွေ ဖုံးလွှမ်းပြီး မြဂျမ်းကို ပါးနားရိုက်သည်။ မြဂျမ်းက အမှန်တရားကို သိသွားလျှင် ကျေနပ်ဖို့ အသနားခံပြီး အရိုက်ခံသည်။

ဒေါ်သိန်းသိန်းသည် ဒေါသအရှိန် မပြေသေး။ သူ့မောင် ဆယ်သိန်းဆီသွားပြီး ပိုးစိုးပက်စက် ပြောဆိုဆုံးမရန် ထွက်သွားလေသည်။

"တီ တီ"

"ဩော် အစ်မပါလား၊ ထိုင်လေ အစ်မ"

"မထိုင်ဘူး၊ ထိုင်ဖို့လာတာ မဟုတ်ဘူး။ မင်း မြဂျမ်းနဲ့ ပတ်သက်နေတယ်ဆို...ဒီကောင်မအကြောင်း မင်း မသိဘူးလား။ နဖူးမောက်၊ နှာရောင်ကောက်၊ ဖနှောင့်တို၊ အသားက နီစပ်စပ်၊ ဟတ္ထနီမ မိန်းမယုတ်၊ မင်းဘဝ ပျက်သွားမယ်။ မင်း စည်းစိမ် ကုန်သွားမယ်။ မင်းဦးနှောက်နဲ့ စဉ်းစား၊ ဒါပဲ ငါ သွားမယ်"

ဒေါ်သိန်းသိန်းသည် ပြောပြောဆိုဆိုဖြင့် အလုံမြို့နယ်၊ ရေဝတီလမ်းရှိ ဆယ်သိန်း၏နေအိမ်မှ ပြောပြောဆိုဆို ပြန်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

'မြွေပူရာ ကင်းမှောင့်'၊ 'တစ်ပူပေါ် နှစ်ပူဆင့်' ခံစားနေရသော မြဂျမ်းသည် သောကမီး တဟုန်းဟုန်း တောက်လောင်ခံနေရသော အပူဒဏ်ကို မခံစားနိုင် ဖြစ်နေရလေသည်။

မြဂျမ်းသည် အေးရာအေးကြောင်း နည်းလမ်းကောင်းများ ရရှိစေရန်အတွက် ဝက်ချုပ်ရွာသား၊ တောင်ဥက္ကလာပမြို့၊ ------ရှိ ------- ကျောင်းဆရာတော် ဦးဇောတိကထံသို့ သွားရောက်ပြီး အကူအညီ တောင်းရလေသည်။ ဆရာတော်က ဩဝါဒပေးရလေသည်။

"အပူရှိရင် အအေးရှိတယ်တဲ့ဟ"

"ရှုပ်နေရင် ရှင်းပစ်လိုက်"

"ဝဋ်ရှိရင်တော့ ခံရမှာပဲ၊ ဝတ်မှာအမြဲ ငရဲမှာ အမြဲတဲ့"

တစ်ရွာတည်းသား ဘဘုန်း ဦးဇောတိကက တစ်ရွာတည်းသူ မြဂျမ်း၊ မြေးတော်စပ်သူအား တရားသဘောနှင့် ဆုံးမလေသည်။

"ကဲ ဒီလိုလုပ်။ နင့်အပေါ် အထင်မှားနေတဲ့ သိန်းသိန်းကိုတော့ ငါသွားပြီး အကျိုးအကြောင်း ရှင်းပြမယ်၊ ငါ့တာဝန်ထားလိုက်"

"နင့်အမှုကိစ္စကိုတော့ ငါတို့ဝက်ချုပ်ရွာသား စိန်ဘသားသား အကျိုးဆောင် ဦးစိန်လင်း (နတ်မောက်) ၃၅ လမ်းသွားပြီး သူတို့ရှေ့နေ့အဖွဲ့နှင့် တိုင်ပင်ပြီး ရင်ဆိုင်ပေါ့ ငါ့မြေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးအမှု ရှာပတ်လို့သာ စကားပုံရှိသည်။ ယခုတော့ ရွာအမှု ဘုန်းကြီးပတ် ဖြစ်လာသော လူမှုဒုက္ခပြဿနာကို အေးရာအေးကြောင်း လမ်းပြရလေသည်။

မမြဂျမ်းသည် မိမိ၏အမှုကိစ္စအတွက် အကျိုးဆောင် ငှားရန် ၃၅ လမ်းရှိ စိန်ဘရားသား အကျိုးဆောင်အဖွဲ့ကို စုံစမ်း ရှာဖွေရသည်။

"ဒါ စိန်ဘရားသား အကျိုးဆောင်အဖွဲ့ပါလားရှင်"

"ဟုတ်ပါတယ်ခင်ဗျား၊ ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

"ကျွန်မ ဦးစိန်လင်း (နတ်မောက်) နဲ့ တွေ့ချင်လို့ပါရှင်"

"ဟုတ်ကဲ့ ခဏထိုင်ပါ"

"ဆိုဗျာ၊ ကျွန်တော် ဦးစိန်လင်း (နတ်မောက်) ပါ"

"ဟုတ်ကဲ့ဆရာ၊ ကျွန်မ မမြဂျမ်းပါ။ ဝက်ချုပ်သူပါ။ ----- ဆရာတော်က လွှတ်လိုက်လို့ပါ။ ရှေ့နေလည်း ငှားဖို့ပါ"

"ဟုတ်ပြီ၊ အမှုကိစ္စအဖြစ်အပျက်ကို ပြောပါ။ အမှန်ကို အမှန်အတိုင်း ပြောပါ။ ထိန်ချန်ကွယ်ဝှက် မထားပါနဲ့။ ဒါမှ ထွက်ပေါက်ရှာလို့ရမယ် မဟုတ်လား"

"ဟုတ်ကဲ့ဆရာ၊ ကျွန်မ အမှန်အတိုင်း ပြောပါ့မယ်"

"ကျွန်မ အရောင်းအဝယ်ကိစ္စနဲ့ မြဝတီမြို့ကို သွားပါတယ်။ တစ်ထောင်တန်ငွေစက္ကူအတုကို ပြပါတယ်။ အစစ်နဲ့ ခွဲခြားလို့မရအောင် တူပါတယ် ဆရာ။ ဒါ့ကြောင့် တစ်ထောင်တန်အစစ် တစ်သိန်းနဲ့ တစ်ထောင်တန်ငွေစက္ကူအတု ဆယ်သိန်းကို ဝယ်ခဲ့ပါတယ် ဆရာ..."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီငွေစက္ကူအတု တစ်ထောင်တန် တစ်ရွက်နဲ့ ဈေးဝယ်ပါတယ်။ ဝယ်တဲ့အခါမှာ ငွေ ၂၀၀ိ ဖိုးဝယ်တယ်။ ငွေ ၈၀၀ိ/ ပြန်ရတယ်။ အဲဒီလိုနဲ့ ငွေအတုမှ ငွေအစစ်ရအောင်လည်း လုပ်ပါတယ်ဆရာ..."

"ဒါ့အပြင် ကျွန်မတို့ သာကေတမြို့က စတိုးဆိုင်တို့၊ ကုန်မျိုးစုံဆိုင်တို့မှာလည်း ပစ္စည်းတွေ ဝယ်ပါတယ် ဆရာ..."

"တစ်နေ့မှာတော့ ကုန်မျိုးစုံဆိုင်မှာ ကျွန်မ ထပ်ပြီးဈေးဝယ်တဲ့အချိန်မှာ ရဲကိုစောင့်ပြီး ဖမ်းခိုင်းတဲ့အတွက် ဖမ်းမိသွားခဲ့ရပါတယ်။ ကျွန်မလည်း အမှန်ကို အမှန်အတိုင်း အစစ်ခံခဲ့ပါတယ်။ ကျွန်မအပေါ် ရဲစခန်း (ပ) ၀၀၇/၂၀၁၀ ပုဒ်မ ၄၈၉ (ခ)/ ၄၈၉ (ဂ) နဲ့ အမှုဖွင့်ထားပါတယ်ဆရာ။ ဒါ့ကြောင့် ဒီအမှုကို ဆရာတို့ ဆောင်ရွက်ပေးဖို့ ကျွန်မ အပ်ပါတယ် ဆရာ"

"အေးကွယ် တစ်ရွာတည်းသားတွေလည်း ဖြစ်တယ်၊ -----ကျောင်းဆရာတော်ရဲ့ တာဝန်ပေးချက်လည်း ရှိတယ်ဆိုတော့ အတတ်နိုင်ဆုံး ကြိုးစားပေးပါ့မယ်။ ဒါပေမဲ့ ပုဒ်မကကြီးတယ်။ ပြစ်ဒဏ်တွေ များတယ်ကွ။ ထောင်ဒဏ် (၇) နှစ် (ဒါမှမဟုတ်) (၁၀) နှစ်ထောင် ချမှတ်နိုင်တယ်လို့ ဥပဒေကပြဋ္ဌာန်းထားတယ်။ ဒါပေမဲ့ စိတ်မပူပါနဲ့၊ လက်ရင်းလက်ဖျားဆိုတာတွေ ရှိပါတယ်။ မမြဂျမ်းက ဒီငွေအတုတွေကို ကိုယ်တိုင်လုပ်သူမှ မဟုတ်ဘဲ ဈေးကုန်ဝယ်ကုန်ပစ္စည်းလို သဘောထားပြီး ဆယ်သိန်းကို တစ်သိန်းနဲ့ဝယ်ပြီး ပြန်သုံးတဲ့ အပြစ်ကတော့ ရှိတယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



စိန်ဘရားသား အကျိုးဆောင်အဖွဲ့မှ ရှေ့နေကြီးများက ပိုင်းဝန်း အားပေးစကားပြောကြားပြီး အမှုကို လက်ခံလိုက်လေသည်။

သာကေတမြို့နယ် ရဲစခန်းမှ မြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့သည်။ မြို့နယ်ဥပဒေအရာရှိက နိုင်ငံတော်ဘက်မှ ဆောင်ရွက်သည်။ မမြဂျမ်းအတွက် စိန်ဘရားသား အကျိုးဆောင်အဖွဲ့ ရှေ့နေကြီးများက ဆောင်ရွက်သည်။

မြို့နယ်တရားရုံးတော်မှ တရားလိုဘက် တရားလိုပြသက်သေများနှင့် တရားခံ မမြဂျမ်းဘက် တရားခံပြသက်သေများကို စစ်ဆေးကြားနာသည်။ အမှုကို ပြီးပြတ်အောင် စစ်ဆေးကြားနာခဲ့ပြီးဖြစ်သဖြင့် အမိန့်ချမှတ်ရန် ချိန်းဆိုသည်။

ဤနေ့သည် မမြဂျမ်းအမှု အမိန့်ချမှတ်ရန် ချိန်းဆိုထားသော နေ့ဖြစ်သည်။ မမြဂျမ်း၏အဒေါ်၊ ဝက်ချုပ် ရွာသူရွာသားများ၊ မိတ်ဆွေများနှင့် ကိုဆယ်သိန်းတို့ ရောက်ရှိနေကြသည်။

တရားသူကြီး တရားခွင်သို့ တက်ရောက်လာသည်။

အမှုသည်များ အကျိုးဆောင်များ အရိုအသေ ပြုကြသည်။

**အမိန့်**

"မမြဂျမ်းသည် ငွေစက္ကူအတု လက်ဝယ်တွေ့ရှိခြင်း၊ ငွေစက္ကူအတုကို အတုမှန်းသိလျက် အတု ၁၀ သိန်းကို အစစ် တစ်သိန်းဖြင့် ဝယ်ယူလာခဲ့ပြီး ပြန်လှန်သုံးစွဲကြောင်းကို ငြင်းကွယ်နိုင်ခြင်း မရှိပေ။ တရားခံကလည်း ရောင်းကုန်ဝယ်ကုန် အဖြစ် သဘောမျိုးဖြင့် ဝယ်မိခြင်းသာ ဖြစ်ကြောင်း ရိုးသားစွာ ထွက်ဆိုသည်။ သို့ရာတွင် (ဥပဒေကို မသိနားမလည်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျူးလွန်ခြင်းဖြစ်ပါသည်ဆိုသည့် အချက်ကို ဥပဒေက ခွင့်မလွှတ်ပါ) သို့ရာတွင် တရားခံသည် မိန်းကလေးတစ်ဦး ဖြစ်ပြီး ရွာမှာနေသော မုဆိုးမ မိခင်ကြီးကို လုပ်ကိုင်ကျွေးမွေး နေသူ မိန်းကလေးဖြစ်ကြောင်းလည်း ပေါ်ပေါက်သည်။ ထို့ ကြောင့် တရားခံ မမြဂျမ်းအား ပြစ်မှုပုဒ်မ ၄၈၉ (ဂ) အရ ထောင်ဒဏ် (၃)နှစ် ကျခံစေ"

စီရင်ချက်အမိန့်၏အဆုံးတွင် မမြဂျမ်းသည် စိတ်ဖိစီးမှု လွန်ကဲပြီး မူးမေ့သွားသည်။ ရဲမေများ၊ ဆွေမျိုးများက ယပ် ခတ်သူက ခတ်၊ ရှူဆေးပေးသူက ပေးဖြင့် သတိပြန်ရလာသည်။

"ဖြစ်သမျှအကြောင်း အကောင်းချည်းပေါ့ တူမလေးရယ်"

အတူနေ အဒေါ်ဖြစ်သူ ဒေါ်နုကလည်း ချုံးပွဲချပြီး ငိုချ လိုက်ရာ လာရောက်သူများ မျက်ရည်စက်လက် အငိုခက် ဖြစ် ကြရလေသည်။

"မြဂျမ်း နင် ဘာမှမပူပါနဲ့၊ ရွာက နင့်အမေကိုလည်း ငါ ထောက်ပံ့ပေးမယ်။ နင့်အတွက်လည်း စားဖို့သောက်ဖို့ ငါ ပို့ပေးမယ်။ ငါ တာဝန်ယူတယ်။ ငါ့အဒေါ် ဒွေးလေးသိန်း က သူ့ကို ခွင့်လွှတ်ပါလို့ ငါ့ကို တောင်းပန်ခိုင်းပါတယ်။ နင် ဇွဲမယူပါနဲ့"

"ရပါတယ် အစ်ကိုရယ်၊ ဝဋ်ရှိလို့ ခံရတာယ်လို့ မြဂျမ်း အောက်မေ့ပါတယ်"

ကိုဆယ်သိန်း၏ တာဝန်ယူမှုတို့ကြောင့် မြဂျမ်းမှာ စိတ် သက်သာမှု၊ အားကိုးရမှုပီတိကို ခံစားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မမြဂျမ်းသည် လာရောက်တွေ့ဆုံကြသော ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟတို့အား လက်အုပ်ချီလျက် အင်းစိန်ထောင်ကြီးသို့ ခေါ်ဆောင်သွားမည့် အပြာရောင်ကားကြီးပေါ်သို့ မျက်ရည်စလေးများကို အဖော်ပြုလျက် တက်သွားရရှာလေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မေသူ ချစ်လို့ မိုက်ခဲ့တာ

## (၁)

နေရာကား သခင်မြပန်းခြံရှေ့၊ ရန်ကုန်မြောက်ပိုင်းခရိုင် (ခယက)မှ ကြီးမှူးသော ခရီးတိုကားဂိတ်၊ ဆကာကြီးဂိတ်။

အချိန်ကား နေ့လယ် ၁ နာရီ။

ဆကာကြီးသို့ နေ့စဉ် ပြေးဆွဲခဲ့သော ကားနှစ်စီးအနက်မှ နေ့လယ် (၁) နာရီထွက်မည့် ဘောဇဝင်း ကားကြီးဆီသို့ ခရီးသည်များ အလျှိုအလျှို ရောက်ရှိလာကြသည်။ ထိုနေ့သည် ဆကာကြီးသား စာရေးဆရာ ချစ်ကိုကိုယု ဆိုသော (နှလုံးလှ လှုမိုက်) ဝတ္ထုဖြင့် နိုင်ငံကျော်ကြား လူသိများသော ရှေ့နေကြီး၏ ရှင်ပြု အလှူမင်္ဂလာပွဲနေ့လည်း ဖြစ်သည်။ နောက်နေ့တွင် နိုင်ငံကျော် စာရေးဆရာကြီးများက စာပေဟောပြောပွဲ ကျင်းပမှာ ဖြစ်သောကြောင့် စာရေးဆရာကြီးများ ရောက်ရှိလာကြသည်။ နယ်လေး ရပ်မှ ဆိုင်းနားထောင်ရန်၊ စာပေဗဟုသုတ နာယူရန် သိမ့်သိမ့် တုန် စည်ကားမည့် အလှူပွဲကြီးကို ကျင်းပသွားမှာ

www.burmeseclassic.com



ဖြစ်သည်။ ထို့ကြောင့်လည်း ရန်ကုန်မြို့ရောက် ဆကာကြီးသား၊ ဆကာကြီး သူတို့ဆကာကြီးကားဂိတ်သို့ တဖွဲဖွဲ ရောက်ရှိလာကြခြင်း ဖြစ်သည်။

ကျော်ဝင်းမောင်၏ထိုင်ခုံဘေးတွင် အမျိုးသမီး ခပ်ငယ်ငယ် သန့်သန့်၊ ခပ်ချောချောတစ်ဦး။ သူမ၏ ခုံနံပါတ်ကို ကြည့်ပြီး နေရာယူရန် ကြည့်နေသည်။

"ကျွန်တော့် ထိုင်ခုံနံပါတ်က (၉) ပါ"

"ကျွန်မ ထိုင်ခုံနံပါတ်က (၁၀) ပါ"

"ညီမ ဒီအစွန်ဘက်ထိုင်ခုံမှာ ထိုင်ချင်ရင်လည်း ထိုင်ပါနော်"

"ကျေးဇူးတင်ပါတယ်ရှင့်၊ ကျွန်မ ဒီမှာပဲ ထိုင်ပါ့မယ်"

ကျော်ဝင်းမောင်သည် ခရီးသည်ချင်းတူပေမယ့် မိန်းကလေးမို့ ဦးစားပေးလိုက်လျော နှုတ်ခွန်းဆက်လိုက်ခြင်း ဖြစ်ပေသည်။

ဆကာကြီးသို့ နေ့စဉ်ပြေးဆွဲသော ဘောဂဝင်းအမှတ် (၁)၊ အမှတ် (၂) ကားကြီးများသည် မိမိတို့ခရီးစဉ်အတိုင်း ရန်ကုန်မြို့တွင်းမှ တိုက်ကြီးဘက်သို့ အရှိန်မြှင့်ပြီး မောင်းနှင်ထွက်ခွာလာခဲ့သည်။ ရန်ကုန်၊ ပြည်လမ်းမကြီး၏ နိုင်လွန်ကတ္တရာလမ်းမကြီးပေါ်တွင် ခရီးသည်များ ငြိမ်သက်တိတ်ဆိတ်စွာ စီးနင်းလိုက်ပါလာကြရာမှ မိတ်ဆွေသဟာယစကားများ၊ အာလာပ သလ္လာပစကားများ ပြောဆိုလာခဲ့ကြလေသည်။

"ညီမက ဆကာကြီးကို အလည်သွားတာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ရှင့်၊ စာရေးဆရာ ချစ်ကိုကိုယု၊ ဒေါ်သန်းလှိုင်တို့ မိသားစုအလှူပွဲကို လာတာပါ"

"ဆကာကြီးသူလား"

"ဆကာကြီးရဲ့ ဟိုဘက်ကမ်း ကျူံထုံးရွာမှာမွေးပြီး ရန်ကုန်မှာ ကြီးလာတာပါ"

ကျော်ဝင်းမောင်သည် ဒီလောက် ချောမောလှပသော ကျူံထုံးရွာသူကို မိတ်ဆွေမဖွဲ့ဖြစ်ခဲ့ပါက ပုရိသတစ်ဦး၏ ညံ့ဖျင်းမှုဖြစ်သွားမှာ စိုးသောကြောင့် ထင်ပါသည်။ ကျူံထုံးသူလေးနှင့် မိတ်သဟာယ ဖွဲ့နေလေသည်။

"ကျွန်တော်လည်း ဆကာကြီးမှာမွေးပြီး ရန်ကုန်မှာ လူလားမြောက်လာခဲ့တဲ့ ဆကာကြီးသားပဲဗျာ"

"ဟုတ်ကဲ့ရှင့်၊ ဘဝတူ တစ်နယ်တည်းသားချင်းတွေဆိုတော့ အခုလိုတွေ့ဆုံရတာ ဂုဏ်ယူပါတယ်"

"ကျွန်တော့်အနေနဲ့လည်း အတိုင်းထက်အလွန် ဝမ်းသာဂုဏ်ယူပါတယ်ဗျာ"

ကျော်ဝင်းမောင်၏ ဝါယောသဘောဖြင့် မိတ်သဟာယပြုနေသည်ကို ငယ်ရွယ်သူများ အကဲခတ်နေကြသည်။ ကျွဲမြီးတိုနေသူများလည်း ရှိကြလေသည်။ မစ္ဆေရတရား ပွားနေကြသည်။

"ဒါ ကျွန်တော့်လိပ်စာကတ်၊ စားသောက်ဆိုင်ရဲလုပ်ကတစ်ဖက်၊ နှစ်လုံးသုံးလုံးအလုပ်က တစ်ဖက်ဆိုပါလိုပေါ့"

"မေသူလည်း တောင်ဥက္ကလာပ (၇)ရပ်ကွက်မှာ နေတာ

www.burmeseclassic.com



ပါ။ အမှတ် ( ) ရာဇဓိရာဇ်လမ်းမှာပါ။ မေသူလည်း နှစ်လုံးသုံးလုံး ဝါသနာပါ တယ်။ လာပြီး ကံစမ်းဦးမယ်နော်”

“လာပါဗျာ၊ အားလုံးအဆင်ပြေအောင် စိတ်ချမ်းသာအောင် ပါရမီဖြည့်ပေးပါမယ်”

ကျော်ဝင်းမောင်နှင့် မေသူတို့ ရွှေလမ်းငွေလမ်း ပွင့်သွားသော မိတ်ဆွေများ ဖြစ်သွားကြလေပြီ။

အလှူပွဲကြီးနေ့၏ ရှင်လောင်းလှည့်ပွဲကြီးတွင် အမျိုးသမီးကြီးများ၊ အမျိုးသမီးငယ်၊ အပျိုပေါက်ကလေးများ၊ မြီးကောင်ပေါက်ကလေးများ အတော် စည်ကားလှသည်။ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်ကလေးများဖြင့် အလှချင်း ပြိုင်နေကြသည်။ ဆကာကြီးရွာ တောမြို့ကလေး၏ ရှင်လောင်းလှည့်ပွဲကြီးတွင် ဝတ်စားဆင်ယင်ထားကြသည်မှာ ရန်ကုန်မြို့တော်နှင့်မခြား။

ကျော်ဝင်းမောင်သည် ရှင်လောင်းလှည့် လှပျိုဖြူများကို ဓာတ်ပုံများ ရိုက်ကူးနေသည်။ သူ အဓိကရိုက်နေသူကား အလှပိုင်ရှင် မေသူ ဖြစ်သည်။ မေသူသည် အလှူ့အမကြီး ဒေါ်သန်းလှိုင်တို့ဘက်မှ ဆွေမျိုးဖြစ်သောကြောင့် ခပ်ထွားထွားကျိုင်းကျိုင်း လုံးကြီးပေါက်လှ ဖြစ်သည်။

အလှူပွဲကြီးနေ့ ညတွင် ရွာစားစိန်ပေါက်ကျော် ဆိုင်းအဖွဲ့ကလည်း အားရပါးရ ဖျော်ဖြေတင်ဆက်ခဲ့ပြီး နောက်နေ့ညနေပိုင်းတွင် ရှစ်ပါးအကျွရာ စုံလင်စွာဖြင့် မိမိရင်၌ဖြစ်သော သား၊ သူ့တစ်ပါးရင်တွင်ဖြစ်သော သားတို့ကို ရှင်သာမဏေပြုပြီး သာသနာ့ဒါယကာ၊ သာသနာ့အမွေကိုလည်း ဦးတင်ယု+ဒေါ်သန်း

www.burmeseclassic.com

www.burmeseclassic.com



လှိုင်တို့ ရရှိခဲ့ပြီး ပြုပြုသမျှ အလှူဒါနများကို ရေစက်သွန်းချ အမျှဝေခဲ့ကြပြီး ဖြစ်သည်။ ညပိုင်းတွင် ရန်ကုန်မှ စာရေးဆရာကြီးများက အားရပါးရ ဟောပြောကြသည်။

ပွဲသွားကျော့ကျော့ ပွဲပြန်မော့မော့ ဆိုရိုးစကားအတိုင်း အလှူပွဲကြီးသို့ ရန်ကုန်မှ လာရောက်ကြသော ဆွေမျိုးမိတ်ဆွေများ၊ စာပေဟောပြောခဲ့ကြသော စာရေးဆရာကြီးများ အချိန်တန် အိမ်ပြန်ခဲ့ကြပေပြီ။

သုံးရက်ခန့်အကြာတွင် ဖြစ်သည်။

"ဟယ်...မေသူပါလား၊ ထိုင်ပါ...ထိုင်ပါ"

"ဘာစားမလဲ၊ ဘာသောက်မလဲ"

ကျော်ဝင်းမောင်သည် ကောင်တာမှ အပြေးအလွှားဆင်းလာပြီး မေသူအား ခရီးဦးကြိုပြုသည်။ မှီရသော မျက်နှာမျိုးဖြင့် မေသူ စားချင်တာစားနိုင်ရန် သူ့ဆိုင်ရှိ မုန့်မျိုးစုံကို ဘုန်းကြီးပွဲအလား မျက်နှာလုပ်နေသည်။

"ကဲ...အစ်ကို ဘာကူညီရမလဲ"

"အစ်ကိုက စပါးကြီးမြွေတွေလို ညှို့တတ်၊ ဖမ်းစားတတ်သလားမသိဘူး။ အစ်ကို့ဆီ လာချင်စိတ်ရှိလို့ လာခဲ့တာရယ်၊ နောက်ပြီး နှစ်လုံးသုံးလုံး ကံစမ်းချင်လို့ လာခဲ့တာပါ"

"အစ်ကိုဟာ ညှို့တတ်ဖမ်းစားတတ်တာတော့ မဟုတ်ပါဘူး။ အစ်ကို့ရင်ထဲ၊ နှလုံးသားထဲမှာ မေသူ ရှိနေလို့၊ အဒီ နှလုံးသားရစ်ပတ်မှု ဓာတ်သဘောချင်း ထိတွေ့လို့ ဖြစ်တာပါ

နောက်တစ်ခုကတော့ နှစ်လုံး ကံစမ်းမယ်ဆိုတဲ့ ကိစ္စ၊ မေသူ ကြိုက်သလိုထိုး၊ တစ်ပတ်ငါးရက်ကို ငါးထောင်၊ တစ်

www.burmeseclassic.com

www.burmeseclassic.com



သောင်းဖိုး ထိုးနိုင်တယ်။ ပေါက်တဲ့ရက်အတွက် စား၊ မပေါက်တဲ့ ရက်အတွက် ပေးလျော်။ အဲဒါ ဒီနေ့လူထိုးများတဲ့ နည်းပါပဲ"

"ဒါဆိုရင် မေသူ မနက်ဖြန်ကစပြီး တစ်ရက်တစ်ထောင်ဖိုး ထိုးမယ်။ နံပါတ်ကိုတော့ အစ်ကို့ဆီ ဖုန်းနဲ့ပဲ သတင်းပေးမယ်"

ကျော်ဝင်းမောင်နှင့် မေသူတို့ အလျော်/အစား လုပ်ကြလေပြီ။ ဘယ်သူ ကစားမလဲ၊ ဘယ်သူက လျော်မလဲ စောင့်ကြည့်ရပေတော့မည်။

ပထမ (၇)ရက် တစ်ပတ်တွင် တစ်ရက် ၁၀၀၀ိ/နှုန်းဖြင့် မေသူ (၄) ရက်ပေါက်သည်။ အမြတ်စားရငွေ ၂၇၉၀၀၀ိ/ ဖြစ်သည်။

ဒုတိယ (၇)ရက် တစ်ပတ်တွင် မေသူ လောဘတက်လာသည်။ တစ်ရက် ငါးထောင်နှုန်းထိုးသည်။ ၅ ရက်ပေါက်သည်။ စားရငွေ ၃၇၅၀၀၀ိ/ စားရသည်။

တတိယ (၇) ရက် တစ်ပတ်တွင် မေသူ လောဘအရှိန်မြင့်တင်လိုက်သည်။ (၁) သောင်းနှုန်းဖြင့် (၅) ရက်အတွက် (၅) သောင်းထိုးသည်။ တစ်ရက်မျှ မပေါက်သောကြောင့် (၅) သောင်း ပေးလျော်ရသည်။

စတုတ္ထ (၇) ရက် တစ်ပတ်တွင် မေသူ လောဘမာန်ရှိန်ဖြင့် တစ်ရက် (၃) သောင်းနှုန်းဖြင့်ပင် ဆက်လက်ကစားသည်။ တစ်ရက်မျှ မပေါက်။ (၅) သောင်း ပေးလျော်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မေသူသည် ငါးကြင်းဆီဖြင့် ငါးကြင်းကြော်ဆိုသကဲ့သို့ မိမိ၏ ငွေအရင်း မစိုက်ထုတ်ရသေးဘဲ ကစားလာခဲ့ရာ အမြတ်ငွေ (၂) သိန်းကျော် ကျန်ရှိသေးသောကြောင့် ဆက်ကစားရန် အားသန်နေလေသည်။

ပဉ္စမ၊ ဆဋ္ဌမ (၇) ရက် တစ်ပတ်တို့တွင် ဆက်လက်ကစားခဲ့ရာ တစ်ရက်မျှ မပေါက်သောကြောင့် အရင်းမစိုက်၊ လှေထိုး၊ လှေတိုက်၊ ရထားသော အမြတ်ငွေအားလုံး ကုန်သွားပြီဖြစ်သည်။

"ဟယ်လို အမိန့်ရှိပါခင်ဗျာ"

"မေသူပါ အစ်ကို"

"ပြော ညီမ၊ အစ်ကို ဘာလုပ်ပေးရမလဲ"

"မေသူ အမြတ်ရထားတာတော့ ကုန်သွားပြီ။ ဆက်ကစားလို့ ရမလားလို့"

"ရပါတယ် မေသူ၊ ကြွေတစ်လှည့် ကြက်တစ်ခုန်တဲ့၊ ဒါမျိုးဆိုတာ လှေမျော လှေနဲ့လိုက်၊ ငွေမျော ငွေနဲ့လိုက်တဲ့၊ ဆက်လက်ကစားမှ ကိုယ်လိုချင်တဲ့ ပန်းတိုင်ရောက်မှာပေါ့"

"အားပေးတာ ကျေးဇူးတင်တယ်၊ အစ်ကို...မေသူ ဆက်ကစားမယ်နော်"

"ဒီလိုလုပ်ပါလား ညီမ၊ အစ်ကိုနဲ့ ကံစပ်ကစားကြမယ်လေ။ ကံတူအကျိုးပေးလေးများ ဖြစ်လိုဖြစ်ငြားပေါ့"

"ဒီတစ်ပတ် တစ်ယောက် တစ်သောင်းစီ၊ တစ်ရက် (၂) သောင်း ကစားမယ်။ ညီမသဘောတူလား"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုသဘောပါ"

"စိန်လိုက်မယ်"

ကံထူးသည်လို့ ဆိုရမလားမသိ။ ဒီတစ်ပတ် မေသူနှင့် ကျော်ဝင်းမောင်တို့ (၄) ရက်ပေါက်သောကြောင့် စားရငွေ (၁၅) သိန်း၊ (၁) ရက်မပေါက်သောကြောင့် လျော်ရငွေ (၂) သောင်း၊ အမြတ်ငွေ (၁၄) သိန်း (၈) သောင်း ရရှိလေသည်။

"မေသူ…တို့ကံစပ်တယ်လို့ ဆိုရမယ်နော်။ ငွေဆောင် သွားပြီး အနားယူ အပန်းဖြေရအောင်လားကွယ်"

"အစ်ကိုသဘောလေ"

ကျော်ဝင်းမောင်နှင့် မေသူတို့သည် ချစ်သူတို့၏ အနားယူ၊ အပန်းဖြေရာ ချစ်ဗိမာန်ကြီး တည်ဆောက်ရာဖြစ်သော ငွေဆောင်ကမ်းခြေကြီးတွင် နှလုံးသားချင်းပုံအပ်ပြီး အနားယူ အပန်းဖြေကြလေသည်။ သဒ္ဒါလွန်တော့ တဏှာကျွန် ဖြစ်ကြလေပြီ။

သာမဏောဏော–သာမဏော။

ဂေါ်နေဏော–ဂေါ်ဏော။

တံငါနားနီး–တံငါ။

မုဆိုးနားနီး–မုဆိုး။

ဆိုသကဲ့သို့ မေသူတစ်ယောက် နှစ်လုံးသုံးလုံး လောင်း ကစားသမား ကျော်ဝင်းမောင်နှင့် နီးစပ်မှု၊ ဆက်စပ်မှုတွေ ရှိ လာခဲ့ရာမှ လောဘ၊ မောဟ၊ တဏှာ၊ မိစ္ဆာ၊ ဝိစိကိစ္ဆာတွေ များ လာသည်။ လောဘ၊ မောဟ၊ တဏှာ၊ မိစ္ဆာ၏ နောက်ကွယ်တွင်

www.burmeseclassic.com

www.burmeseclassic.com


ဒေါသ၊ သောက၊ ဗျာပါဒတွေ ရှိတယ် ဆိုသောအချက်ကို ဖုံး လွှမ်းထားလေပြီ။

"အစ်ကို အမြတ်ငွေ (၇) သိန်းထဲက၊ အမေတို့၊ အဖေ တို့ကို (၅) သိန်းပေးလိုက်တော့ မေသူ့မှာ (၂) သိန်းပဲ ကျန် တော့တယ်။ အဲဒီငွေနဲ့ မေသူ ပုံအောလိုက်ချင်တယ်။ ကံတက် နေတုန်း မိုးကောင်းတုန်း ရေခံဆိုသလိုပေါ့ အစ်ကိုရယ်"

"အချစ်သဘောပါ အချစ်ရယ်၊ စိန်လိုက်"

ဒီတစ်ပတ် မေသူတစ်ယောက် လက်ကျန်ငွေ (၂) သိန်း ကို ပုံသြချလိုက်သည်။ တစ်ရက်မျှမပေါက် ပလုံသွားခဲ့သည်။

နောက်တစ်ပတ်၊ နောက်တစ်ပတ်ပေါင်းများစွာ ဆထက် ထမ်းပိုး တိုးတိုးပြီး ကစားလာခဲ့ရာ မေသူတစ်ယောက် နှစ်လုံး ချဲကြွေး သိန်း (၅၀) ဖြစ်လာသည်။

မေသူတစ်ယောက် သောကပူလောင်မှု ခံစားနေရလေပြီ။ ဒေါသ (၁) မှ (၀) အထိ ဂဏန်းလေးများအပေါ် စိတ်ဒေါသ တွေ ဖြစ်လာသည်။ ဂမ္ဘီရဆရာ၊ နတ်ဆရာတို့၏ အတွေးအခေါ် များကိုလည်း အားမလို၊ အားမရ ဖြစ်နေသည်။ အတိတ်စိမ်း ကောက်ရသော အိပ်မက်မြင်ကွင်းများကိုလည်း စိတ်နာလာသည်။

မေသူသည် သောကပူလောင်မှု၏ ဖိစီးထားမှုကြောင့် စိတ်တွေ မလန်းဆန်းတော့။ နှုတ်ခမ်းနီ၊ ပန်းနီတို့ဖြင့် ယော ရှော့ ဝတ်တတ်စားတတ်သော မေသူတစ်ယောက် ဖြစ်သလို နေလာသည်။

ကျော်ဝင်းမောင်က အားပေးစကားပြောသည်။ တဏှာဝါ သော ဇဟုကိစ္စော စည်းရုံးသည်။ စိတ်မပါတော့။ ချစ်သူနှင့်

www.burmeseclassic.com

www.burmeseclassic.com



သွားအတူတူ၊ လာအတူတူ၊ စားအတူတူ၊ ထိုင်အတူတူပင် မနေလိုတော့။ သိန်း (၅၀) အကြွေးပေးရမည့် သောကစိတ်က မေသူကို ချုပ်ကိုင်ထားလေပြီ။

တစ်ရေးနိုးသော် အကြံပေါ် ဆိုရမည် ထင်အံ့။

မေသူသည် ဖခင် ဦးကြယ်ကြီး၊ မိခင် ဒေါ်ကုလားမတို့ နာမည်ပေါက်သော တောင်ဥက္ကလာပ (၇) ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်းရှိ အိမ်ဂရန်ကို တိတ်တဆိတ် ယူသွားပြီး မိတ္တူကူးသည်။ မူရင်းပြန်ထားသည်။

မြို့တော်ခန်းမအနီးတစ်ဝိုက်ရှိ အတုလေးရယ်နဲ့ ယှဉ်ကာပြိုင်၊ ယှဉ်ကာပြိုင်၊ အတုအပပြုလုပ်ကြသော ကျွမ်းကျင်ပညာရှင်များထံသို့ မြေဂရန်အတု၊ မြေပုံအတု၊ မြေရာဇဝင်အတု (ကိုယ်စားလှယ်ပါဝါအတု)များ ပြုလုပ်ပေးရန် အပ်နှံသည်။ ငွေ (၃) သိန်းတောင်းသောကြောင့် ကျော်ဝင်းမောင်ထံမှ ငွေလှည့်ယူပြီး ပေးအပ်လိုက်သည်။

မေသူသည် ထိုဂရန်အတု၊ မြေရာဇဝင်အတု (ပါဝါ)အတုကို တင်ပြပြီး (၁၃) ရပ်ကွက်၊ ဆံကာကြီးသား ငွေကြေးချမ်းသာသော ဦးတင်ထွန်းတို့ထံသို့ ငွေကျပ်သိန်း (၁၀၀) အတိုးဖြင့် ချေးယူခဲ့သည်။ (၇၅) သိန်းသာ အဆင်သင့်ရှိသောကြောင့် (၇၅) သိန်းကို အတိုးဖြင့် ချေးပေးလိုက်သည်။ တစ်နယ်တည်းသားချင်း ဖြစ်သောကြောင့်တစ်ကြောင်း၊ မေသူ၏ အစ်ကိုမှာလည်း စက်ပူတွင် တစ်လငွေကျပ် ၁၅ သိန်း၊ သိန်း ၂၀ ရနေတာ သိသောကြောင့်တစ်ကြောင်း ယုံကြည်စွာ ချေးခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ကိုယ်စားလှယ်ပါဝါဖြင့် မေသူက အရောင်း အဝယ်စာချုပ် ချုပ်ဆိုပေးလိုက်သည်။

မေသူသည် (၂) လ၊ (၃) လ အတိုးငွေများ ပုံမှန်ပေး ခဲ့သော်လည်း နောက်လများတွင် မပေးတော့။ မပေးနိုင်တော့။

အချိန်ကြာလာပြီဖြစ်သောကြောင့် မေသူ၏ မိဘများကို အသိပေးပြီး အတိုးအရင်းပေးဆပ်ရန် ပြောသည်။ ဦးကြယ်ကြီး + ဒေါ်ကုလားမတို့က သူတို့မှာ ဝင်ငွေမရှိ၊ အလုပ်အကိုင် မရှိပါ။ စင်္ကာပူမှာနေတဲ့ သား ပေးတဲ့ငွေဖြင့် စားသောက်နေကြ ရသောကြောင့် မပေးဆပ်နိုင်ကြောင်း ပွင့်ပွင့်လင်းလင်း ပြော လိုက်ကြသည်။

ဦးတင်ထွန်းတို့က ဒီလိုဆိုရင် ဟောဒီအိမ်ဂရန်နှင့် မြေပုံ မြေရာဇဝင်တို့အရ မေသူက ခင်ဗျားတို့ ကိုယ်စားလှယ်ပါဝါ အရ ကျွန်တော့်ကို အရောင်းစာချုပ်ပြုလုပ်ပေးထားကြောင်း ပြသပြီး ပြောဆိုသည်။ တန်ဖိုးညှိနှိုင်းပြီး မှတ်ပုံတင်အရောင်း စာချုပ် ပြုလုပ်ပေးရန် တောင်းဆိုသည်။

ဦးကြယ်ကြီး+ဒေါ်ကုလားမတို့က အံ့ဩစွာဖြင့် ၎င်းတို့၏ အိမ်ဂရန် ၎င်းတို့ထံမှာရှိကြောင်း ထုတ်ပြသည်။ ကိုယ်စားလှယ် ပါဝါလည်း မပေးခဲ့ကြောင်း ရှင်းပြသည်။

ဦးတင်ထွန်းတို့မှာ အိမ်ဂရန်အတု၊ မြေပုံအတု၊ မြေ ရာဇဝင်အတု၊ ပါဝါအတုတွေဖြင့် မေသူကလိမ်ပြီး ငွေ (၇၅) သိန်း ချေးယူခြင်း၊ ပါဝါအတုဖြင့် အရောင်းအဝယ်စာချုပ် ပြု လုပ်ခြင်းဖြစ်ကြောင်း ကွက်ကွက်ကွင်းကွင်း မျက်မြင်ကိုယ်တွေ့ သိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးတင်ထွန်းသည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရသည်။ အကြံအိုက်နေသည်။ သို့ကြောင့် ဆကာကြီးရွာသားရှေ့နေကြီး ဦးတင်ယု (ဆကာကြီး) ထံသို့ သွားရောက် အကူအညီတောင်းသည်။ တိုင်ပင်သည်။ ဦးတင်ယုက တစ်နယ်သားအချင်းချင်းဖြစ်နေသောကြောင့် သူ၏မိတ်ဆွေ စိန်ဘရားသားအကျိုးဆောင်အဖွဲ့ ဦးစိန်လင်း (နတ်မောက်) ထံသို့ လွှဲပြောင်းပေးလိုက်သည်။

"ဆရာ ဒီကိစ္စ ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ၊ အကြံပေးပါဆရာ။ တရားစွဲဆိုမယ်ဆိုရင်လည်း ဆရာတို့အဖွဲ့ကို အပ်ပါတယ်"

"သက်သေခံ အထောက်အထားတွေအရနဲ့ အမှုဖြစ်စဉ်အရ ရဲစခန်းမှာ အမှုဖွင့်ရမယ်။ အိမ်ဂရန်အတု၊ မြေပုံရာဇဝင်အတု၊ ပါဝါအတု ပြုလုပ်မှုတို့က ပုဒ်မ ၄၆၈၊ လိမ်လည်အတုပြုလုပ်မှုတို့က ပုဒ်မ ၄၂၀၊ ပြုလုပ်ပေးတဲ့သူတွေအတွက်က အားပေးကူညီမှု ၁၁၄ တို့အရ ရဲတပ်ဖွဲ့က အမှုဖွင့်ပြီး ရုံးတင်ပေးရမယ့် အမှုမျိုးပဲ။ ဒါပေမဲ့ ခင်ဗျားတို့ တစ်နယ်သားချင်းဆိုတော့ လုပ်သင့် မလုပ်သင့် စဉ်းစားပေါ့ဗျာ"

"ဟာ ဆရာ၊ ကမ္ဘာမီးလောင် သားကောင်ချနင်းဆိုတာလိုပေါ့ဗျာ။ ကျွန်တော် မညာနိုင်ဘူး။ ဥပဒေအရ လုပ်ရမှာပဲ ဆရာ"

ဦးတင်ထွန်းသည် သူ၏နစ်နာမှု၊ ဆုံးရှုံးခံနေရမှုတို့အတွက် မေသူ့အပေါ် ဥပဒေအရ လုပ်သင့်တာလုပ်ရန် ဆုံးဖြတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ဥက္ကလာပမြို့နယ်၊ ရဲတပ်ဖွဲ့စခန်းသို့ အမှုဖွင့် တိုင်ကြားသည်။ မြို့နယ်မှူး၊ စခန်းမှူးတို့က ဒုရဲအုပ် သောင်းရင်ကို ချပေးလိုက်သည်။

ဒုရဲအုပ်သောင်းရင်သည် ဝါရင့် အမှုစစ်တစ်ဦး ဖြစ်သည်။ အမှုစစ် ကျွမ်းကျင်လိမ္မာသည်။ သမင်ခြေရာပျောက် အမှုစစ်နည်းဗျူဟာ ကျွမ်းကျင်သူတစ်ဦး ဖြစ်သည်။ တရားခံအား လက်ဖျားဖြင့် မထိစေဘဲ အမှုပေါ်အောင် စစ်ဆေးနိုင်သော အရည်အချင်းရှိ အရာရှိတစ်ဦး ဖြစ်သည်။

အတုပြုလုပ်ပေးသော တရားခံ၊ အတုပြုလုပ်သော သက်သေခံပစ္စည်း၊ ညောင်မြစ်တူးရာမှ ပုတ်သင်ဥတွေပေါ်ဆိုသကဲ့သို့ အတုပြုလုပ်သူတို့ထံမှ အခြားသော ဆက်စပ်အတုပြုလုပ်သော ကိရိယာများပါ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရမိသောကြောင့် ရှာဖွေပုံစံတွင် (ရယက) လူကြီးများ သက်သေပြုပြီး သိမ်းဆည်းသည်။

အမှုပြည့်စုံစွာ တည်ဆောက်ပြီးဖြစ်သောကြောင့် မြို့နယ်ဥပဒေအရာရှိထံသို့ ဥပဒေအကြံပြုချက် ရယူသည်။ ဥပဒေရုံးမှ ပြစ်မှုပုဒ်မ ၄၆၈/၄၂၀/၁၁၄ တို့အရ တရားခံ မေသူ (၃) ဦးတို့အား တရားစွဲဆိုရန် ဥပဒေအကြံပြုချက် ပေးသည်။

အမှုစစ်အရာရှိက တောင်ဥက္ကလာပမြို့နယ် တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ပြစ်မှုကြီးမှုအမှတ် ၈၁၇/၂၀၁၀ ဖြင့် ကြားနာစစ်ဆေးရန် လက်ခံထားသည်။

www.burmeseclassic.com

www.burmeseclassic.com



**"အစ်ကို မေသူ့ကို ဒီအတိုင်းပစ်ထားတော့မလား အစ်ကို၊ မေသူမှာ အစ်ကိုမှလွဲပြီး အားကိုးရမယ့်သူ မရှိပါဘူး အစ်ကို"**

**မေသူ**

ကျော်ဝင်းမောင်သည် စာရလျှင် ရချင်း စိတ်မကောင်းခြင်းများစွာဖြင့် မေသူကို အချုပ်ခန်းတွင် သွားရောက်တွေ့ဆုံသည်။ အားပေးစကား ပြောဆိုသည်။

"အစ်ကို ရှေ့နေငှားပေးမယ်၊ အာမခံရအောင်လည်း ကြိုးစားပေးပါမယ်။ အစားအစာတွေလည်း ပို့ပေးပါမယ်။ မေသူ အားမငယ်ပါနဲ့၊ ဖြစ်သမျှအကြောင်း အကောင်းပေါ့"

မေသူ့ခမျာ မျက်ရည်စက်လက် အငိုခက်ဖြစ်နေရှာလေသည်။ မိခင်၊ ဖခင်တို့ကလည်း လာပြီးမကြည့်နိုင်သော ဂီလာန ဖြစ်ကြသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၈ မှာ အာမခံ မပေးနိုင်သော ပုဒ်မဖြစ်ပြီး ပြစ်ဒဏ်မှာ (၇) နှစ်အထိ ချမှတ်နိုင်သည်။ ပြစ်မှုပုဒ်မ ၄၂၀ မှာလည်း ထောင်ဒဏ် (၇) နှစ်အထိ ချမှတ်နိုင်သော ပုဒ်မများ ဖြစ်လေသည်။

ဖြတ်လမ်းက ကြီးပွားချင်သောကြောင့် ဘဝလည်း ပျောက်ခဲ့ရလေပြီ။

**(ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးရန်ကင်းကွာ လွတ်ငြိမ်းသာ)**

❐

www.burmeseclassic.com

www.burmeseclassic.com

ဒါအပြစ်လား မောင်ရယ်



www.burmeseclassic.com

www.burmeseclassic.com

## ဒါအပြစ်လား မောင်ရယ်

(၁)

"မောင် အတော်မူးလာပါလား"

"မူးတာမဟုတ်ဘူးကွ၊ ရူးတာ ရူးနေတာ"

"ဟောဒီမှာ မင်းနဲ့ ချစ်စမ်းမောင်နဲ့ နိုက်ကလပ်မှာ တွဲကနေတဲ့ ဓာတ်ပုံ..."

"ဒါက မင်းတို့ကောလိပ်မှာ စုတွဲသီချင်း ဆိုနေကြတဲ့ ဓာတ်ပုံ..."

"ဒါက စိမ်းလဲ့လဲ့ဟိုတယ်ကြီးပေါ်ကို တွဲပြီး တက်သွားတဲ့ ဓာတ်ပုံ"

"ဒါအပြစ်လား မောင်ရယ်"

"ဟင်...မင်း ဒီလိုဖောက်ပြန်နေတာ အပြစ်မဟုတ်ဘူးလား။ ဒါက နွားမဟုတ်ဘူးကွ။ နွား မဟုတ်ဘူး"

"ဖြောင်း ဖြန်း"

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ဒိုင်း ဝွမ်း"

ကျော်ဝင်းမောင်သည် နှလုံးသားပေါက်ကွဲမှုဒဏ်ကို မခံစားနိုင်သောကြောင့် ချစ်ဇနီး ခင်မမကို ဘယ်ပြန်ညာပြန် ရိုက်ချလိုက်သည်။ အနီးရှိ အိမ်အသုံးဆောင် အဖိုးတန်ပစ္စည်းများကိုလည်း ရိုက်ခွဲဖျက်ဆီးပစ်သည်။

ဝုန်း၊ ဒိုင်းအသံများကြောင့် သမီးကြီးနှင့် သားလတ်၊ သားငယ်၊ ယောက္ခမကြီးတို့ အပေါ်ထပ်မှ ဆင်းလာကြသည်။

"ဖေဖေ မေမေ့ကို မရိုက်ပါနဲ့တော့၊ မေမေကို သနားပါ ဖေဖေ"

"သားရယ် ဘာပြဿနာပဲဖြစ်ဖြစ် အေးအေးဆေးဆေး ဆွေးနွေးပြီး ပြဿနာဖြေရှင်းကြပေါ့ကွယ်"

"ရိုက်ပါမောင်၊ ကြီးပွားဖို့ ချမ်းသာဖို့ စီးပွားရှာနေတဲ့ မောင့်မယားကို အပြစ်ရှိတယ်လို့ မြင်တယ်၊ အပြစ်လို့မြင်တယ် ဆိုရင် ထပ်ရိုက်ပါ မောင်၊ ခင်မမ အသက်ပါ အသေခံရဲတယ်။ ခင်မမ အိမ်ထောင်ရေးဖောက်ပြန်မှု မလုပ်ဘူး၊ သစ္စာဆိုရဲပါတယ် မောင်"

ခင်မမသည် ဖူးရောင်နီမြန်းနေသော ပါးကလေးကို ပွတ်ကာ ပွတ်ကာဖြင့် လင်တော်မောင် ကျော်ဝင်းမောင်ကို ကရားမှ ရေလွှတ်သလို တတွတ်တွတ် ပြောနေလေသည်။ မျက်ရည်များကလည်း တားမနိုင်ဆီးမရ ယိုစီးကျနေလေသည်။

ကျော်ဝင်းမောင်သည် အိမ်ခန်းအတွင်းသို့ ဒေါသဒယိုင်ဖြင့် ဝင်သွားလေသည်။ ရေခဲသေတ္တာထဲမှ ဝီစကီ (၂) ပက် ထပ်သောက်ပြီး အိပ်ရာတွင် လှဲချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၄) နှစ်သမီးလေးနှင့် (၁၂) နှစ်၊ (၁၀) နှစ် သားလေးတို့သည် မိခင်ကြီး ခင်မမ၏ ပါး၊ လည်ပင်းတို့မှ ဖူးရောင်နီမြန်းနေသော ဒဏ်ရာများကို ပရုတ်ဆီ၊ လိမ်းဆေးတို့ဖြင့် ပွတ်သပ်လိမ်းပေးနေကြလေသည်။

"လင်နဲ့မယား လျှာနဲ့သွားတဲ့၊ သမီးက မိန်းမသား၊ ဒီအသက် ဒီအရွယ်၊ ဒုတိယအရွယ်ထဲကို ရောက်နေကြပြီဆိုတော့ သမီးဘက်က အလျှော့ပေးပြီး အိမ်ထောင်ရေး မပြိုကွဲအောင် သည်းခံခွင့်လွှတ် သမီး၊ ခွင့်လွှတ်သည်းခံ"

မိခင်ကြီး ဒေါ်ရောက်အင်ကြူကလည်း သားရေးသမီးရေး၊ အိမ်ထောင်ရေး မပြိုကွဲမပျက်စီးစေရန် သမီးဘက်မှ အလျှော့ပေးပြီး ဆွေးနွေးထိန်းသိမ်းရန် ဆုံးမလေသည်။

(၂)

နောက်နေ့တွင် ဖြစ်သည်။ တနင်္လာနေ့ဖြစ်သောကြောင့် ယုဇနပလာဇာကြီးလည်း ပိတ်ထားသည်။ ကျော်ဝင်းမောင်နှင့် ခင်မမတို့၏ ပလာဇာနောက်ဘက်ရှိ လူနေနှင့် လက္ကားဆိုင်ကြီး (၂) ဆိုင်လည်း ပိတ်သောနေ့ ဖြစ်သည်။ နေဖင်ထိုးသည်အထိ လွတ်လပ်စွာ အိပ်လို့ရသောနေ့လည်း ဖြစ်သည်။

နံနက် (၈) နာရီရှိပြီဆိုတော့ ဆက်ပြီး မအိပ်နိုင်တော့ပေ။ ခန္ဓာကိုယ်ကြီးက ဆာလောင်မှုဝေဒနာ ဖြစ်လာရသည်။ ထို့ကြောင့် ကျော်ဝင်းမောင်တစ်ယောက် အိပ်ရာမှထရန် လူးလိမ့်လာပြီဖြစ်သည်။ လင်တော်မောင် အိပ်ရာထမှာကို စောင့်ဆိုင်းနေသော ခင်မမက ဆီးကြို၍ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင် နိုးလာပြီလား၊ ၈ နာရီထိုးပြီလေ၊ ခေါင်းတွေ မူးနေမယ်...ထတော့လေ မောင်"

ခင်မမသည် ညားခါစ ကြင်စဦးလင်မယားကဲ့သို့ ချစ်လို့မဝနိုင်အောင် ခံစားနေကြသည့် အကြင်လင်မယားအလားတယုတယ ပွတ်သီးပွတ်သပ် ပြုစုယုယနေလေသည်။

"အချစ် မောင့်ကိုမုန်းသွားပြီလား၊ တစ်သက်နဲ့တစ်ကိုယ် လက်ဖျားနဲ့တောင် မထိရက်တဲ့ မမကို မောင် ရိုက်မိတယ်၊ မုန်းမသွားနဲ့နော်၊ မောင့်ကို အချစ်ပြန်ရိုက်ပါလား"

"မောင်ရယ်၊ မောင်က မမကို ချစ်လွန်းလို့၊ စိုးရိမ်လွန်းလို့ အိမ်ထောင်ရေး၊ စီးပွားရေး၊ သားတို့သမီးတို့အရေး စိုးရိမ်လွန်းလို့ ပေါက်ကွဲမှုနဲ့ ဒီလိုရိုက်တာ သဘာဝကျပါတယ်။ တရားနည်းလမ်း ကျပါတယ်။

နောက်ဆိုရင် မောင် မကြိုက်ဘူးဆိုရင်ပြောပေါ့၊ မမ ရှောင်ရမှာပေါ့။ မလုပ်တော့ဘူးပေါ့။ မမက လင်ပစ်၊ သားပစ်၊ သမီးပစ်၊ အိမ်ထောင်ရေးဖောက်ပြားတာမှ မဟုတ်တာပဲ၊ မမ ရှောင်ဖို့ရှားဖို့ အသင့်ပါမောင်ရယ်"

ကျော်ဝင်းမောင်နှင့် ခင်မမတို့သည် မနေ့ညက နှလုံးသား ပေါက်ကွဲမှုမှ ဖြစ်ပေါ်လာသော အချစ်စစ်၏ အနိဋ္ဌာရုံကို ငြိမ်းချမ်းစွာ ပြေငြိမ်းသွားကြလေသည်။

ဒီမြင်ကွင်း ဒီအပြုအမူတွေကို မြင်ကြ၊ တွေ့ကြသော သားသမီး (၃) ယောက်တို့က "ဖေဖေတို့၊ မေမေတို့ ချစ်သွားကြပြီနော်၊ အချစ်ရှိရင် အပြစ်မရှိဘူးဆိုသလိုပေါ့" ပြောပြီး ကယောင်ကယောင်ဟု ပြောလိုက်ကြရာ ကျော်ဝင်းမောင်နှင့် ခင်မမ

www.burmeseclassic.com



တို့ ဈေးရည်များပင် လည်သွားကြလေသည်။ ယောက္ခမကြီး ကလည်း တီးတိုးပြောလိုက်သေးသည်။

"ဩော် ဘုရားဟောတော့ တစ်လ၊ မယားပြောတော့ တစ်ည တယ်မှန်ပါလား"

ရေမိုးချိုးပြီး နံနက်စာ လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်၊ မိသားစု လက်ရည်တပြင်တည်း စားသုံးကြသည်။ ပျော်မဆုံး မော်မဆုံး နှလုံးပီတိ ဖွမ်းဆီထိ။

"ကဲ...ဒီနေ့ ဖေဖေနဲ့ မေမေတို့ရဲ့ နှလုံးသားစစ်ပွဲ၊ စစ်ပြေငြိမ်းမှု အထိမ်းအမှတ်နဲ့ သားတို့သမီးတို့ ကြိုက်နှစ်သက်တဲ့ ဟိုတယ်မှာ သွားစားကြမယ်၊ မမေ့ကြီးနဲ့ မနော်တို့အတွက် တော့ ပါဆယ်ထုပ်လာမယ်"

"သဘောတူကြပါသလား"

"တူပါတယ်"

"အားလုံး သဘောတူကြတဲ့အတွက် အတည်ပြုကြောင်း ကြေညာပါတယ်ခင်ဗျား"

(၃)

ကျော်ဝင်းမောင်နှင့် ခင်မမတို့ အိမ်ထောင်ရေးသည်ကား-

ကျော်ဝင်းမောင်သည် မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ ဝက်ချုပ်ရွာမှာ မြေပဲ၊ နှမ်း၊ ပဲအကြီးအကျယ် စိုက်ပျိုးသော ဦးကြာညွန့်+ဒေါ်အုံးကြည်တို့၏သား ဖြစ်သည်။ ရန်ကုန်မှ ဘုရင့် နောင်ပွဲရုံကြီးပိုင်ရှင် ဦးခင်မောင်+ဒေါ်ရောက်အင်ကြူတို့ထံသို့ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ လာရောက်ပေးသွင်းရသူ အဝယ်တော်

www.burmeseclassic.com



ဖြစ်သည်။ ချစ်ခြင်းမေတ္တာတရားသည် နီးစပ်ရာမှ ပေါက်ဖွားခြင်းဖြစ်သည်ဆိုသည့် ရှေးပညာရှိတို့၏ အဆိုအမိန့်အတိုင်း ဦးခင်မောင်၊ ဒေါ်ရောက်အင်ကြူတို့၏သမီး ခင်မမနှင့် ဝက်ချုပ်ရွာသား ကျော်ဝင်းမောင်တို့ မိသားစုအလား ခင်မင်ကြသည်။ ရင်းနှီးကြသည်။ တွေ့ပါမြင်ပါများတော့ အကြင်နာတရားများလည်း ပေါက်ဖွားခဲ့ကြသည်။ ထို့ကြောင့်လည်း လူကြီးတွေ မသိအောင် အချစ်စိတ်ကို ရင်ဝယ်သိမ်းထားပြီး နှလုံးသားချင်း ပေါင်းစပ်လာခဲ့ကြသူတို့ကတော့ ကျော်ဝင်းမောင်နှင့် ခင်မမတို့ ဖြစ်သည်။

တစ်ခုသော တနင်္ဂနွေနေ့တွင် ဖြစ်သည်။

"ကျော်ဝင်းမောင် ဒီနေ့ ဒရိုင်ဘာလည်း မလာဘူး၊ ငါလည်း မအားဘူး၊ မင်းညီမ်ကို ကျူရှင်လိုက်ပို့ပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ အန်ကယ်"

"ကဲ ဘယ်ကျူရှင်ကို ပို့ပေးရမလဲ"

"မရမ်းကုန်း ဂျမ်းရှင်း"

"ဂျမ်းရှင်းမှာ ကျူရှင်မှ မရှိတာပဲ"

"လှျာမရှည်နဲ့၊ အစ်ကိုနဲ့ ဘာမှမဆိုင်ဘူး။ သူငယ်ချင်းတွေနဲ့ သီချင်းသွားဆိုမလို့ (၆) နာရီ ဒီကိုပဲလာကြို"

ကျော်ဝင်းမောင်တစ်ယောက် အောင့်သက်သက် ခံစားနေရသည်။ တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုမရှိသော်လည်း မျက်လုံးချင်း၊ နှလုံးသားချင်း ချစ်မြတ်နိုး တွယ်တာနေရသည့်ချစ်လေရာ မိဘတွေကို ကျူရှင်သွားမယ်ဆိုပြီး ဂျမ်းရှင်းကိုသွားပြီး သီချင်းသွားဆိုတယ်ဆိုတာဟာ မိဘတွေကို လိမ်တာပဲ။ လိမ်တဲ့အလုပ်

www.burmeseclassic.com



မကောင်းသောတိစ္ဆ ဖြစ်တယ်။ ကျော်ဝင်းမောင်သည် အတွေး ပေါင်း ကုဋေကဋာဖြင့် ပြန်လာခဲ့ရလေသည်။

"ကျော်ဝင်းမောင်ရေ မင်းအနံကယ်လည်း မရှိဘူး၊ (၆) နာရီကျရင် မင်းညီမ သွားကြိုပေးပါဦးကွယ်"

"ဟုတ်ကဲ့ အန်တီ"

ကျော်ဝင်းမောင်သည် တစ်ဖက်သတ်အချစ်စိတ်၏ လွှမ်း မိုးမှု၊ ခင်မမအပေါ် စိုးရိမ်မှုများ တဖွားဖွား ခံစားနေရသည်။ ငါ ရူးနေပြီလား ခင်မမ၊ ငါ့ကို အရူးလုပ်နေတာလား၊ တွေးရ ဝေဘာရ၊ ပူပန်ရ ဂနာမငြိမ် ဖြစ်နေသည်။ (၆) နာရီ မြန်မြန် ရောက်ပါစေ ဆုတောင်းနေသည်။

"အန်တီ ကားထဲဆီနည်းနေတယ်၊ ကျွန်တော် ဆီသွား ထည့်ပြီး ညီမကို တစ်ခါတည်း ဝင်ကြိုလာခဲ့မယ် အန်တီ"

"အေးအေး ကောင်းသားပဲ၊ ရော့ ဆီဖိုးပိုက်ဆံယူသွား"

ကျော်ဝင်းမောင်သည် အလွန် လှုပ်ရှားနေသော အချစ် စိတ်၊ စိုးရိမ်စိတ်များ၏ လွှမ်းမိုးမှုဒဏ်ကို မခံစားနိုင်တော့သ ဖြင့် တစ်နာရီစောပြီး သီချင်းဆိုနေသော ခင်မမကို သွားကြို သည်။ အခန်းထဲသို့ ရုတ်တရက် ဝင်သွားသည်။

ခင်မမသည် အဝတ်အစားများလဲပြီး ဘောင်းဘီတို၊ လည် ဟိုက်အင်္ကျီတို့ဖြင့် ယောကျ်ားလေး (၁၀) ဦး၊ မိန်းကလေး (၁၀) ခန့်ဖြင့် တွဲပြီး ဘရိတ်ဒန့် ကနေကြသည့်အထဲမှာ ပျော် မဆုံး မော်မဆုံး ကနေကြသည်။ ကျော်ဝင်းမောင်ကို မြင်လိုက် သောအခါ အံ့အားသင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော် နာရီဝက်လောက် စောင့်နော်၊ ဝါသနာပါရင် ဝင်ကလို့ ရတယ်နော်"

"အောက်မှာပဲ စောင့်မယ် မမ"

"အိုကေ သိုင်းကျူး"

ကျော်ဝင်းမောင်သည် ကပြားယောကျ်ားလေးတစ်ဦးနှင့် တွဲကနေသော ခင်မမတို့၏ မြင်ကွင်းကို မြင်ရသည်မှာ မိမိ၏ နှလုံးသားကို မီးစဖြင့် ထိုးခံရသကဲ့သို့ ပူလောင်မှုကို ခံစားလိုက်ရသည်။ မိမိ၏ အချစ်စိတ်ဝေဒနာကို အဖြေရှာလို့မရ ဖြစ်နေရသည်။

နာရီဝက် စေ့ပြီဖြစ်သည်။ အဝတ်အစား ပြောင်းလဲဝတ်ဆင်ပြီး ကျူရှင်သွားသော ခင်မမ ဆင်းလာချေပြီ။

"ခင်မမ၊ မင်း မိဘတွေကိုတောင် လိမ်တယ်ညာတယ်၊ ဒါဟာ မကောင်းဘူးနော်"

"ကိုကျော်ရယ် ဘဝရဲ့ပျော်ရွှင်မှု၊ သာယာမှုအတွက် လိမ်ရတာပါ။ မိဘတွေရဲ့ စီးပွားပျက်အောင်၊ မိမိရဲ့ ဂုဏ်သိက္ခာကျဆင်းပျက်ပြားအောင် လိမ်တာညာတာ မဟုတ်ပါဘူး

ကိုကျော်က ဒါမျိုးတွေ မကြိုက်ဘူးလား"

"မကြိုက်တော့ကော မင်းနဲ့ငါနဲ့ ဘာဆိုင်လို့လဲ"

"ဒါဆို ကိုကျော် မမကို မချစ်ဘူးပေါ့"

"ချစ်လွန်းလို့ ခက်နေတာပေါ့ မမ"

"ကိုကျော် မမကိုချစ်တယ်ဆိုရင် နောက် ဒီကို မသွားတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝင်းမောင်နှင့် ခင်မမတို့သည် နာရီဝက်စောနေသည့် အချိန်လေးကို အင်းယားကန်ဘေးရှိ လူသူမရှိသည့် နေရာတွင် ကား ရပ်ကာ ရင်တွင်းဖြစ် နှလုံးသားခံစားမှုများကို ဆွေးနွေး တိုင်ပင်ကြလေသည်။

အချစ်နယ်ကျွံပြီး တဏှာနွံတွင်းသို့ သက်ဆင်းခဲ့ကြသော ကျော်ဝင်းမောင်နှင့် ခင်မမတို့သည် ချစ်သူတို့၏ စွန့်စားမှုကို ပြုလုပ်ကာ ကျော်ဝင်းမောင်နောက်သို့ ခိုးရာလိုက်ပြေးခဲ့သည်။ ခင်မမ၏ မိဘများက အမွေပြတ် ကြေညာခဲ့သည်။ ဤသို့အားဖြင့် အိမ်ထောင်သည်ဘဝကို မောင်တစ်ထမ်း၊ မယ်တစ်ရွက် ထူထောင်လာခဲ့ကြသော ကြင်နာသူတို့၏ အိမ်ထောင်ရေးဘဝ ဖြစ်လာကြသည်။

(၄)

သံသရာအဆက်ဆက် ဘဝအဆက်ဆက်တို့က ဒါန၊ သီလကောင်းခဲ့ကြသူများ ဖြစ်ပေမည်။ ကျော်ဝင်းမောင်၏ မိဘများဘက်မှ ထုတ်ပေးသော အရင်းအနှီးဖြင့် မူဆယ်၊ နမ့်ခမ်း၊ တရုတ်နယ်စပ် ကုန်သွယ်ရေးတွင် စီးပွားရေးလုပ်ငန်းကို စွမ်းစွမ်းတမံ ပြုလုပ်ခဲ့ကြရာမှ အောင်မြင်တိုးတက်လာခဲ့သော ဇနီးမောင်နှံ ဖြစ်ကြလေသည်။ ခင်မမသည် တရုတ်ကပြားမလေး ဖြစ်လေရာ တစ်သားမွေးတစ်သွေးလှ ဖြစ်နေသည်။ ခင်မမက မူဆယ်၊ နမ့်ခမ်းမှ ရန်ကုန်သို့ ကုန်ပစ္စည်းများပို့ပေး၊ ကျော်ဝင်းမောင်က ရန်ကုန် ယုဇနပလာဇာ၊ မင်္ဂလာဈေးတို့တွင်

www.burmeseclassic.com

www.burmeseclassic.com



လက္ကားဖြန့်ချို၊ ကြိုးစားရှာဖွေ လုပ်ကိုင်ခဲ့ကြရာ (၁၄) နှစ်အတွင်း ချမ်းသာလာကြသော ဇနီးမောင်နှံ ဖြစ်လာခဲ့ကြသည်။

အသက်အားဖြင့် (၄၀) ကျော် ဖြစ်လာပြီဖြစ်သောကြောင့် တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှု၊ စိတ်ချမှုများ ရှိလာကြသည်။ သို့ကြောင့်လည်း လွတ်လပ်စွာ သွားလာလုပ်ကိုင်နေသော ခင်မမသည် ကုန်သည်အချင်းချင်း၊ မိန်းမမာယာ သဲကိုးဖြာဖြင့် သွားလာလှုပ်ရှား လုပ်ကိုင်လာခဲ့ရာတွင် စီးပွားရေးလုပ်ငန်းမှာ တစ်ဟုန်ထိုး တိုးတက်လာရလေသည်။

လူ့ရှာလောကမွေတာတွင် ကံကြမ္မာတစ်ဆစ်ချိုး အကွေ့အကောက်၊ အဖျက်အမှောင့်တို့ ကြုံရတတ်ကြလေသည်။ စီးပွားရေးသမားချင်း မစွေ့ရ မနာလိုဝန်တို မိစ္ဆာများမှု၊ တဏှာရှာသားတို့က မိမိ၏ အလိုဆန္ဒမရမှုတို့ကြောင့် အဖျက်အမှောင့်လုပ်ရပ်များလည်း ရှိတတ်ကြလေသည်။ ပုထုဇနော ဥမ္မတကော။

ချစ်စမ်းမောင်သည် ကျော်ဝင်းမောင်+ခင်မမတို့နှင့် လုပ်ငန်းချင်းတူသူ ဖြစ်ကြသည်။ မန္တလေး၊ မူဆယ်၊ နမ်ခမ်းသို့ တစ်လှေတည်းစီး တစ်ခရီးတည်းသွားဆိုသကဲ့သို့ ခင်မမနှင့် ခရီးလမ်းတူသော စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ကြသည်။ ချစ်စမ်းမောင်သည် ခင်မမအပေါ် အလိုလိုက် အကြိုက်ပေးပြီး ဆက်ဆံနေသူ ဖြစ်သည်။

ချစ်စမ်းမောင်ထံမှ ချူလိုသူ မေစီသန်းသည် ချစ်စမ်းမောင်နှင့် တရင်းတနှီးဖြစ်ရန် ရေလာမြောင်းပေးရှိသော်လည်း ချစ်စမ်းမောင်က စိတ်မဝင်စား။ ခင်မမနှင့်သာ ထိတွေ့ဆက်ဆံ တတ်ပွန်းတတီး ဆက်ဆံလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကို မနာလိုဝန်တို မိတ္တာရဖြစ်သော မေစီသန်းက ချစ်စမ်းမောင်နှင့် ခင်မမတို့ သွားလာလှုပ်ရှားမှု မြင်ကွင်းကို စုဆောင်းကာ ခင်မမ၏ယောကျ်ား ကျော်ဝင်းမောင်ထံသို့ ချောက်တွန်းမှု ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ကျော်ဝင်းမောင်နှင့် ခင်မမတို့လင်မယား အိမ်ထောင်ရေး၊ စီးပွားရေးတို့ကို အဟာန့်အတား၊ အနှောင့်အယှက် ဖြစ်ခဲ့ရခြင်း ဖြစ်လေသည်။

ကျော်ဝင်းမောင်က တရုတ်နယ်စပ် မူဆယ်၊ နမ့်ခမ်းမှ ကုန်ပစ္စည်းများကို ရန်ကုန် တင်ပို့သည့်အလုပ်၊ ခင်မမက ရန်ကုန်ဈေးကွက်တွင် ဖြန့်ချိသော အလုပ်တို့ကို ပြောင်းလဲလုပ်ကိုင်လာခဲ့ကြသည်။ အိမ်ထောင်ရေး သံသယ ကင်းဝေးခဲ့ကြရလေသည်။

(၅)

**(တင့်တယ်ခြင်းနှင့် ပြည့်စုံသော မိန်းမချောတို့သည် ဥစ္စာပေါများသော ယောကျ်ားကိုမြင်သောအခါ နူးညံ့ချွဲပျစ်သော စကားဖြင့် ဆွဲဆောင်ကုန်၏)**

**(၁၈၃ ကုဏ္ဍာလဇာတကဆတ္တနိပါတ်)**

**✱ အချို့သော မိန်းမတို့သည် နံနက်အခါ၌ သဝန်တိုကြသည်။**

**✱ နေ့လယ်အခါတွင် သူတစ်ပါး၏ စည်းစိမ်ကို ငြူစူတတ်သည်။**

www.burmeseclassic.com

www.burmeseclassic.com



**✻ ညနေအခါ၌ ကာမရာဂစိတ်ဖြင့် နေလေ့ရှိ၏။**

**(အနုရုဒ္ဒသုတ်တိကနိပါတ်၊ အင်္ဂုတ္တိုရ်)**

ကျော်ဂင်းမောင်သည် ဘုရားဟော ဒေသနာလာ မိန်းမတို့၏ အကျိုးအပြစ်များကို မသိ။ စီးပွားရေးလုပ်ငန်းနယ်ပယ်တွင် နစ်မြုပ်နေရသောကြောင့် သတင်းစာ၊ ဂျာနယ်မှအပ အခြားသော သုတရသ စာပေနှင့် ဘုရားဟော ဒေသနာစာပေများ မဖတ်နိုင်၊ စာဖတ်အားနည်းသူ ဖြစ်သည်။ ထို့ကြောင့် ဘာသာရေးလိုက်စားမှု အားနည်းသည်။

သို့ကြောင့်လည်း မန္တလေး၊ မူဆယ်၊ နမ့်ခမ်း၊ ရန်ကုန်တို့ရှိ ဣတ္ထိယမိန်းမတို့၏ မိန်းမမာယာ သဲကိုးဖြာဖြင့် ဆက်ဆံနေရသည်တွင် မာယာတော၊ တဏှာတော၌ နစ်မျောရသည်မှာ တစ်နေ့တခြား တိုးပွားလျက် မဘက်လိုက်ပြီး မိုက်ဖက်ပါသော တဏှာရှာသား၏ အပြုအမူများ တိုးပွားနေသည်။

တစ်နေ့တွင် ဖြစ်သည်။

အချစ်ရေ အစ်ကို့နာမည်နဲ့ရှိတဲ့ ဂန္ဓမာလမ်း၊ တိုက် ၂၉ ရပ်ကွက်၊ သုဝဏ္ဏခြံနဲ့ တိုက်ကို အချစ်နာမည်နဲ့ ပြောင်းထားချင်တယ်"

"ဘာဖြစ်လို့လဲ မောင်ရယ်၊ အပိုအလုပ်ရှုပ်ပြီး ငွေလည်းကုန်ပါတယ်"

"မဟုတ်ဘူးကွာ၊ မောင် ပြောတဲ့အတိုင်း လုပ်စေချင်တယ်။ လုပ်ပါ အချစ်ရယ်"

"အစ်ကို ဒီလောက် ဆန္ဒပြင်းပြနေရင် ဒီလိုလုပ်ရင်

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူးလား။ သားသမီး (၃) ယောက် နာမည်ကို ပြောင်းလိုက်မယ် အစ်ကို"

"ဒါလည်း ကောင်းတာပဲ...အချစ်သဘော၊ လုပ်ဖြစ်အောင်သာ လုပ်လိုက်ကွာ"

ခင်မမသည် စိန်ဘရားသား ဥပဒေအကျိုးဆောင်အဖွဲ့မှ ကိုဝင်းမြင့် (ခ) ကိုလှရွှေးကို အလုပ်အပ်လိုက်လေသည်။ ကလေးတွေ အရွယ်မရောက်သေးသောကြောင့် ဖခင်က မေတ္တာဖြင့်ပေးသည်။ မိခင်မှာ အရွယ်မရောက်သေးသော သားသမီး (၃) ဦးအတွက် လက်မှတ်ရေးထိုး လက်ခံရလေသည်။

သုံးလေးလ ကြာမြင့်ခဲ့ပြီးနောက်...

"ဒီအိမ်ဟာ ဦးကျော်ဝင်းမောင်တို့ အိမ်ပါလားခင်ဗျာ"

"ဟုတ်ပါတယ်၊ ကျွန်တော် ဦးကျော်ဝင်းမောင်ပါ"

"ကျွန်တော် တရားရုံးက ဆင့်စာချတဲ့ စာရေးပါ။ ဟောဒီ ဆင့်စာပေါ်မှာ လက်မှတ်ရေးထိုးပြီး လက်ခံပေးပါ"

ကျော်ဝင်းမောင်သည် ဆင့်စာကို လက်ခံပြီးနောက် တုန်လှုပ်ချောက်ချားမှုကို ခံစားလိုက်ရသည်။ မေဘယ်လ် (ခ) မေဘရဏီ၏ ပယောဂဖြစ်မယ်ဆိုတာတော့ ထင်ပြီးသား ဖြစ်သည်။ မိတ်ဆွေရင်းချာဖြစ်သော (စိန်ဘရားသား ဥပဒေအကျိုးဆောင်) အဖွဲ့သို့ သွားရောက် တိုင်ပင်ရသည်။ ညှိနှိုင်းရလေသည်။

"ရှေ့နေကြီး ဦးနက်ပြောင် ရှိပါသလား ခင်ဗျာ"

"ရှိပါတယ်ရှင် ထိုင်ပါ"

"ဟာ ဦးကျော်ဝင်းမောင်...ဘော့စ်ကြီးပါလား၊ လာဗျာ...အထဲကို"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က လှည့်ဝင်လာတာလဲ ဘော့စ်"

"ဆရာတို့ဆီကို တမင်လာတာပါ ဆရာ"

"ဆိုဗျာ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ဒီလိုဆရာ ကျွန်တော် မိန်းကလေးတစ်ယောက်နဲ့ ငြိတယ်၊ သူ့မှာ ကိုယ်ဝန်လည်း ရှိနေတယ်။ ကျွန်တော့်ကို ယူဖို့ ပြောတယ်။ ကျွန်တော် ဘယ်ယူနိုင်မလဲ ဆရာ။ ခင်မမ သိရင်လည်း စိတ်ထိခိုက်မယ်၊ အိမ်ထောင်ရေးထိခိုက်မယ်၊ အခု အဲဒီကောင်မလေးက ကျွန်တော့်ကို တရားစွဲထားတယ်၊ ဟောဒီမှာ ဆင့်စာ ဆရာ"

"စိတ်အေးအေးထားပါ။ ကျွန်တော် အမှုတွဲကို သွားပြီးဖတ်ခိုင်းမယ်၊ မိတ္တူယူပေးပါ့မယ်။ အေးအေးဆေးဆေး တိုင်ပင်ကြတာပေါ့၊ ပြဿနာရှိရင် အဖြေရှိရမှာပေါ့ဗျာ

ညနေ အေးအေးဆေးဆေး ပြန်လာခဲ့၊ ဘီယာ တိုက်ရမယ်နော် ဘော့စ်"

ကျော်ဝင်းမောင်သည် နေဝင်ရီတရောအချိန်တွင် ရှေ့နေကြီးများ အနားယူချိန်မှာ စိန်ဘရားသား အကျိုးဆောင်လုပ်ငန်းသို့ ရောက်ရှိလာသည်။

"လာ လာ ဦးကျော်ဝင်းမောင်၊ ဟောဒီမှာ တရားစွဲဆိုလွှာ၊ မေဘယ်လ် ဆိုတဲ့ ကောင်မလေးက ကိုယ်ဝန် (၄လ) ရရှိသည်အထိ သားမယားအဖြစ် ပေါင်းသင်းခဲ့ကြပြီးနောက် မယူတဲ့အတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၃ အရ တရားစွဲဆိုတာပါတဲ့ဗျား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ဒါပဲဖြစ်မယ်ဆိုတာ ထင်ပါတယ်"

"ဆရာ ကျွန်တော့်ဇနီး ခင်မမကို မလိမ်ချင်ဘူးဆရာ။ လိမ်ရင်လည်း တစ်နေ့ပေါ်မှာပဲ၊ ဒီတော့ ခင်မမနဲ့ ပွင့်ပွင့်လင်း လင်း တိုင်ပင်ချင်တယ် ဆရာ"

"ဟာ ကောင်းတာပေါ့၊ ဒါ အိမ်ထောင်ရေး၊ အိမ်တွင်း ရေး၊ သူ့ကို တိုင်ပင်ပါ။ ဖွင့်ပြောပါ။ သူ့သဘောထားလည်း သိရတာပေါ့"

ကျော်ဝင်းမောင်သည် ရှေ့နေကြီးများနှင့် ဘီယာလေး၊ ဝီစကီလေးသောက်ပြီး အိမ်သို့ ပြန်သွားလေသည်။ ပြောမထွက် သော စကားများကို ချစ်ဇနီးကို ပြောရမှာဖြစ်သောကြောင့် အားဆေးတင်သွားခြင်းလည်း ဖြစ်ပေသည်။

"အချစ်ရေ...အချစ်လေးရေ"

"လေသံကတော့ အစ်ကို များလာတယ်ထင်တယ်၊ ထ မင်း စားမလား၊ သံပရာရည်သောက်မလား"

"ဘာမှလည်း မစားဘူး၊ ဘာမှလည်း မသောက်ဘူး၊ အချစ်ကို ပြောစရာရှိလို့"

"ဘာပြောချင်လဲ အစ်ကိုရယ်၊ ကိုယ့်မယားကို ပြောတာ များ"

"မပြောသေးဘူး၊ အချစ် ကိုယ့်ပါးကို ဘယ်ပြန်ညာပြန် ရိုက်ပြီးမှ ပြောမယ်"

"ကဲပါ အစ်ကိုရယ်၊ ညီမကို ငရဲမပေးပါနဲ့"

ခင်မမသည် ကျော်ဝင်းမောင်ကို ကြင်နာယုယမှုများ ပေး

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြုစုပေးနေရာ ကျော်ဝင်းမောင် မျက်ရည်များ လည်လာလေသည်။

"အချစ် အစ်ကိုလေ မောဘယ်လ်ဆိုတဲ့ ကောင်မလေးနဲ့ ငြိခဲ့တယ်။ သူ့ကို ယူရမယ်လို့ ပြောတယ်၊ အစ်ကိုက မယူနိုင်ဘူးဆိုလို့ အစ်ကို့ကို တရားစွဲလာတယ်။ ဒါ့ကြောင့် အချစ်ကို ပွင့်ပွင့်လင်းလင်း ပြောတာပါ အချစ်ရယ်"

"ဒါအပြစ်လား အစ်ကိုရယ်၊ ပုထုဇဉ်လူသား၊ တဏှာရှာသားတွေ ကြုံရတတ်ပါတယ်။ အစ်ကို သူ့ကို တကယ်ချစ်ရင် မခွဲနိုင်ဘူးဆိုရင် ယူလိုက်ပေါ့။ တကယ်မယူလိုဘူး၊ မလွှဲသာလို့ ဖြစ်သွားတာဆိုရင်လည်း သူကျေနပ်အောင် စီစဉ်ပေးလိုက်ပေါ့"

"သဘောထားကြီးလှချည်လား အချစ်ရယ်"

"ဒါ အပြစ် မဟုတ်ပါဘူး။ အပြစ်မြင်ရှုထောင့်နဲ့ဆိုရင်တော့လည်း အပြစ်ပေါ့။ ခင်မမ အမြင်ကတော့ ဒါ အပြစ်လို့ မမြင်ပါဘူး အစ်ကိုရယ်"

"ဒါဆိုရင် အချစ် ဘယ်လိုစီစဉ်ပေးမလဲ"

"မောဘယ်လ်ကို ကန်တော်ကြီးဟိုတယ်မှာ ချိန်းလိုက်၊ ညီမရယ်၊ အစ်ကိုရယ်၊ သူရယ် သုံးပွင့်ဆိုင် ဆွေးနွေးလိုက်ကြတာပေါ့"

"ကောင်းတယ် အချစ်၊ ဒီညနေ (၄) နာရီ ချိန်းလိုက်မယ်"

ကျော်ဝင်းမောင်သည် စိတ်ရှုပ်နေမှ စိတ်ဆင်းရဲနေမှု

www.burmeseclassic.com

www.burmeseclassic.com



အတော် ပေါ့ပါးသွားလေသည်။ ကိုယ်ဝန်ဆောင်သည့်မလေး မေဘာယ်လ်ကို ချိန်းလိုက်သည်။

(၇)

"ဩော်...မေဘာယ်လ် ရောက်နေပြီကိုး"

"မမ မေဘာယ်လ်ဆိုတာ သူလေ၊ မေဘာယ်လ် သူက အစ်ကို့ဇနီး ခင်မမတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်ညီမ၊ ညီမက အရမ်းချော တာပဲနော်"

"ဒါပေမဲ့ အစ်မရယ်၊ အစ်ကိုကျော်က ညီမကို ဘယ်လိုမှ မယူနိုင်ဘူးတဲ့၊ မင်းလုပ်ချင်ရာ လုပ်တဲ့။ ဒါကြောင့် ရှေ့နေကြီးတစ်ဦးရဲ့ အကြံပေးချက်အရ အမှုလုပ်လိုက်ရတာပါ အစ်မ၊ လုပ်ချင်လွန်းလို့ လုပ်တာတော့ မဟုတ်ပါဘူး အစ်မ"

"ဒါပေါ့ ညီမရယ်၊ အခက်အခဲ ဖြစ်ရကြုံရတဲ့အခါမှာ ကြံရာမရ လုပ်တတ်ကြပါတယ်။ ကဲ ညီမဆန္ဒ ဘယ်လိုဖြစ်ချင်သလဲ ပြော၊ အစ်မ အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးမယ်"

"အစ်မနဲ့ အစ်ကိုရဲ့ သဘောပါ၊ ညီမကတော့ အေးအေး ဆေးဆေး ဖြစ်ချင်ပါတယ်"

"ဒီလိုလုပ် ညီမ၊ ဒီကလေးကို ဖျက်မချနဲ့ မွေးပါ၊ မွေးဖွားစရိတ်၊ မမွေးမီ ဆေးဝါးစရိတ်၊ ဒီအတောအတွင်း ညီမတို့ စားဝတ်နေရေးအတွက် စရိတ် အစ်မပေးမယ်။ လုံလောက်အောင် ပေးမယ်။ ကလေးမွေးပြီးလို့ ဒီကလေးကို ညီမတို့ မမွေးချင်ဘူးဆိုရင် အစ်မ မွေးမယ်၊ အစ်မကို ညီမက မွေးစားခွင့်ပေး"

www.burmeseclassic.com



"ဝမ်းသာလိုက်တာ အစ်မရယ်၊ ဘယ်လိုပြန်ပြောရမှန်းတောင် မသိတော့ဘူး"

"နောက်တစ်ချက်က ညီမကို ကလေးမွေးပြီးတဲ့အထိ သုံးဖို့စွဲဖို့ ငွေကျပ်သိန်း (၅၀) ပေးမယ်၊ ကျေနပ်လား"

"များပါတယ် အစ်မ၊ တော်ကြာ အမေနဲ့ အစ်မတို့ သုံးပစ်မှာစိုးလို့ တစ်ဝက်လောက်ပဲ ပေးပါ"

ကျော်ဝင်းမောင်၊ ခင်မမနှင့် မေဘယ်လ် (ခ) မေဘရဏီတို့၏ သုံးပွင့်ဆိုင် ဆွေးနွေးပွဲကြီး အောင်မြင်စွာ ပြီးဆုံးခဲ့လေပြီ။ မေဘယ်လ်သည် တရားရုံးတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ စွဲဆိုထားသော အမှုကို ရုပ်သိမ်းလိုက်လေသည်။

ကျော်ဝင်းမောင်ကလည်း မိမိ၏ ရှေ့နေကြီး ဦးနက်ပြောင်ထံသို့ အကျိုးအကြောင်း ပြန်လည်ပြောပြလေသည်။ ရှေ့နေဦးနက်ပြောင်က **"လူ့ပြည်မှာ အမှုမပွေတာ ကောင်းပါတယ်"** ဘာကြောင့်ဆိုသော် တရားစီရင်ထုံးရှိတယ်။

(မောင်သန်းထွန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ မခင်နှင်းရီ စီရင်ထုံး၊ ၁၉၇၂ မတစ၊ ရုံးချုပ်၊ စာ ၂၃)

"ကိုယ်ဝန်ရှိသည့် ကိစ္စ၊ ကိုယ်ဝန်မရှိသည့် ကိစ္စဟူ၍ ခွဲခြားထားရန်လည်း အကြောင်းမရှိဟု ယူဆသည်။ အဘယ်ကြောင့်ဆိုသော် လက်ထပ်မည်ဟု လှည့်ဖြားသဖြင့် ယုံကြည်ပြီး ကာမပေးအပ်ခဲ့သည် အမျိုးသမီးသည် ကိုယ်ဝန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကိုယ်၌ဖြစ်စေ၊ စိတ်၌ဖြစ်စေ နစ်နာခြင်းခံရပြီး ဖြစ်သည်ဆိုခြင်းမှာ ယုံမှားဖွယ် မရှိနိုင်ခြင်းကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို လက်ထပ်ပါမည်ဟု အယုံသွင်းပြီး ကာမရယူပြီးနောက် လက်ထပ်ရန် ငြင်းဆိုခြင်းသည် ရာဇဝတ်ကြီးပုဒ်မ ၄၁၇ အရ လိမ်လည်မှုမြောက်သည်ဟု ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဟုတ်ကဲ့ မမ

## (၁)

"ဝွမ်း...ချွလွမ်...ချွလွမ်"

ပန်းကန်ပြားသုံးချပ်၊ ဇွန်းခက်ရင်းသုံးစုံ၊ အချဉ်ပန်းကန်တို့သည် လွှတ်ချလိုက်တာလား၊ လွတ်ကျသွားတာလား မသိ။ အေးချမ်းမေ သီချင်းကဲ့သို့ တစ်စစီ ဖြစ်သွားသည်။ မောင်ကြီးသည် မျက်နှာခပ်တင်းတင်း အနေအထားဖြင့်...

"သိန်းသိန်း ဒါတွေရှင်းလိုက်၊ ပြီးတော့ ပန်းကန်နဲ့ ခေါက်ဆွဲဖိုးပါ တစ်ခါတည်းရှင်းခဲ့။ ငွေသုံးထောင် ယူသွား"

အလုပ်သမား သိန်းသိန်းသည် မောင်ကြီး ခိုင်းစေသည့်အတိုင်း ရုံးခန်းတွင်းမှ ပန်းကန်ပြားအကွဲအစများကို သိမ်းသည်။ သန့်ရှင်းရေးလုပ်ပေးပြီး ညွှန်ကြားသည့်အတိုင်း လုပ်ပေးရလေသည်။

မောင်ကြီးတစ်ယောက်ကတော့ ရုံးခန်းထဲဝင်လိုက်၊ ထွက်လိုက် ဂနာမငြိမ် ဖြစ်နေသည်။ စိတ်လှုပ်ရှားမှု ဖြစ်နေသည်။ ညော့သည် ကိုကိုမောင်ကလည်း ရှိသဲ့သဲ့။

www.burmeseclassic.com

www.burmeseclassic.com



"စိုး... ကိုယ့်အလုပ်သမားတစ်ယောက်ကို ဒီလောက် အခွင့်အရေးတွေ မပေးသင့်ဘူး။ သားရေပေါ်အိပ်၊ သားရေနား စား ဆိုတာမျိုးတွေ ရှိတယ်။ ကိုယ်ကတော့ စိုးရိမ်လို့ ပြောတာပါ"

"မောင်ကြီးက စိုးရဲ့ သက်တော်စောင့် လက်ရုံးတစ်ရုံးပါ။ အလုပ်သမားဆိုပေမယ့် စိုးရဲ့ တောင်ပေါ်မြေပြန့်ကားဂိတ်ကို သူ ဦးစီးလုပ်ပေးနေတဲ့ လူယုံစီးပွားဖက်လည်း ဖြစ်ပါတယ် ကိုမောင်"

ကိုကိုမောင်သည် စိုးမိုးသူနှင့် လုပ်ငန်းတူဖြစ်သောကြောင့် ခင်မင်သူများ ဖြစ်ကြသည်။ စိုးမိုးသူကလည်း တစ်ခုလပ်၊ ကိုကိုမောင်ကလည်း အိမ်ထောင်ကွဲတစ်ခုလပ်၊ ဘဝတူများ ဖြစ်ကြသော စိုးမိုးသူကို အပိုင်နော်ကြဲလိုက်ချင် တိုင်ပေါ် အလံစိုက်တင်ရန် ကြိုးစားနေသူ ဖြစ်သည်။

မိမိတို့၏ စတိုးဆိုင်များတွင် ရောင်းချရန်အတွက် တရုတ်ပြည်သို့လည်းကောင်း၊ မူဆယ်၊ နမ့်ခမ်းသို့လည်းကောင်း၊ ကုန်ပစ္စည်းများ ဝယ်ယူကြရာတွင် စိုးမိုးသူ လိုချင်သော ရောင်းကုန်ပစ္စည်းများကို ဦးစားပေးဝယ်ပြီးမှ ကိုကိုမောင်က သူ၏စတိုးဆိုင်များသို့ ရောင်းချရန် ဝယ်လေ့ရှိသည်။ အချိန်ပြည့် ဦးစားပေး၊ အလိုလိုက်၊ အကြိုက်ပေးပြီး နောက်ပိုးနေသော ကိုနောက်ပိုး တစ်ယောက် ဖြစ်လေသည်။

စိုးမိုးသူသည် သီပေါ၊ စော်ဘွားများ အသိုင်းအဝိုင်းမှ ပေါက်ဖွားခဲ့သော ရှမ်းစော်ဘွားအမျိုးအနွယ် ဖြစ်သည်။ အသားဖြူသည်။ အရပ် (၅) ပေ၊ (၃) လက်မ ရှိသည်။ တင်၊ ရင်၊

www.burmeseclassic.com

www.burmeseclassic.com



ခါး အချိုးအဆစ် ပြေသည်။ မျက်ခုံးကောင်းပြီး မျက်ဝန်းကျယ်သည်။ သို့ကြောင့်လည်း အစ်ကိုတိုင်း၊ အစ်ကိုဟိုင်းကြီးများပါ ကြိုက်တဲ့ နှင်းဆီခိုင်လေး ဖြစ်သည်။

မြန်မာ–အမေရိကန် ချစ်ကြည်ရေးအသင်း၏ ဖိတ်ကြားချက်အရ အမေရိကန်သို့ သွားရောက်ခဲ့ရာမှ အမေရိကန်ရောက် မြန်မာပညာရှင် အင်ဂျင်နီယာ မိုက်ကယ်စိန်ဖြင့် နှလုံးသားရစ်ပတ် ထိမ်းမြားခဲ့ကြသည်။

မိုက်ကယ်စိန်က ချစ်ဇနီး စိုးမိုးသူ၏ဆန္ဒအတိုင်း တောင်ပေါ်မြေပြန့်ကားဂိတ် တည်ထောင်ပေးသည်။ လေအိတ်ကားကြီး (၁၀) စီး ဝယ်ပေးပြီး စီးပွားရေးလုပ်ငန်း လုပ်ကိုင်စေသည်။ စီးပွားရေး အဆင်ပြေပါ၏။ သို့သော်...အသွင်မတူ အိမ်သူမဖြစ်" ဆိုသကဲ့သို့ ဖြစ်နေကြသည်။ စိုးမိုးသူကလည်း အမေရိကန်နိုင်ငံသို့ လိုက်မနေနိုင်။ မိုက်ကယ်စိန်ကလည်း မြန်မာနိုင်ငံသို့ ပြန်လာလို့ မရသောကြောင့် မောင်တစ်ရွာ မယ်တစ်မြို့ နေထိုင်လာခဲ့ကြသော မိုက်ကယ်စိန်နှင့် စိုးမိုးသူတို့၏ အိမ်ထောင်ရေးမှာ ခွင့်လွှတ်သည်းခံခြင်းများစွာဖြင့် ငြိမ်းချမ်းစွာ လမ်းခွဲခဲ့ကြရလေသည်။

(၂)

"မောင်ကြီး ကားဂိတ်အတွက် စိတ်ချယုံကြည်ရတဲ့သူ ရှိရဲ့လား"

"ဟုတ်ကဲ့ မမ ရှိပါတယ်။ ကျွန်တော့်ညီအရင်းက ငွေကြေးကိစ္စ ကိုင်ပါတယ်။ ကျွန်တော့်ဦးလေးက နာမည်ကြီး

www.burmeseclassic.com

www.burmeseclassic.com



စက်ဆရာကြီးပါ။ ဒရိုင်ဘာ၊ စပယ်ယာတွေက ကျွန်တော်တို့ နတ်မောက်မြို့နယ်၊ ဝက်ချုပ်ရွာသားတွေပါ။ ကျွန်တော်တို့ကို မလှန်နိုင်သူတွေ၊ လူယုံတွေ၊ ကျွမ်းကျင်တဲ့သူတွေ ဖြစ်ပါတယ် မမ"

စိုးမိုးသူသည် မောင်ကြီး၏ ရုပ်ရည်ကိုင်ရည်ကြောင့် ကားဂိတ်လုပ်ငန်း တဟုန်ထိုး တိုးတက်လာသည်ကို သိပြီးဖြစ်သည်။ စာရင်းစစ်စရာမလိုသူလည်း ဖြစ်သည်ဆိုတာကို သိပြီး ဖြစ်သည်။ ဘာရည်ရွယ်ချက်နဲ့ မောင်ကြီးကို မေးသလဲ... မောင်ကြီး စဉ်းစားနေသည်။

"မမ...ဘာစိတ်မချလို့ မေးတာလဲ"

မောင်ကြီးသည် စိုးမိုးသူအား သူ၏ တွေဝေစဉ်းစားမှုကို ချက်ချင်းမေးလိုက်သည်။

"စိတ်မချလို့ မဟုတ်ပါဘူး မောင်ကြီး၊ စိတ်ချပြီးသားပါ။ ဒါပေမဲ့ မမ ခရီးထွက်တဲ့အခါ ကိုကိုမောင်နဲ့ ဆုံဆုံနေတယ်။ ဒါကြောင့် မမ ခရီးထွက်တဲ့အခါမှာ မမနဲ့အတူ မောင်ကြီးကို လိုက်စေချင်တယ်။ လိုက်လို့ရမလား မေးကြည့်တာပါ"

"ဟာ...မမကလည်း၊ မမအတွက်ဆို ကျွန်တော့်အသက်ကိုတောင် ပေးရဲပါတယ်။ မမ အလိုကျ၊ မမ သဘောကျ ကျွန်တော် တာဝန်ယူပါတယ်။ ကားဂိတ်လုပ်ငန်းကို မထိခိုက်ပါဘူး...မမ"

စိုးမိုးသူသည် မောင်ကြီးအား ပို၍ပို၍ ယုံကြည်မှု၊ အားထားမှု ပြုလာကြောင်း ပွင့်ထွက်လာသည့်စကားကို သိရသော

www.burmeseclassic.com



မောင်ကြီးမှာ မှိုရသော မျက်နှာထက် ဆယ်ဆကဲ ဖြစ်နေလေသည်။

"မောင်ကြီး"

"ဟုတ်ကဲ့ မမ"

"တို့ သန်ဘက်ခါ မူဆယ်–နမ့်ခမ်း တက်မယ်၊ ပရာဒိုကို စစ်ဆေးထားပါ။ စက်ဆီချောဆီ ဖြည့်ထားပါ"

"ပရာဒိုက မမအတွက် အမြဲတမ်း အသင့်ဖြစ်အောင် လုပ်ထားပါတယ်...မမ၊ ဘာမှ လုပ်စရာမလိုပါဘူး...မမ"

စိုးမိုးသူသည် မောင်ကြီးကို ခေါ်သွားပြီး ဂမုန်းပွင့် စတိုးဆိုင်ကြီးသို့ သွားသည်။ စတိုးဆိုင်ကြီးမှ မောင်ကြီးအတွက် အဆင့်မြင့် တီရှပ်၊ ဂျင်းဘောင်းဘီ အတိုအရှည်၊ ရှပ်အကျီ၊ အဝတ်အထည်များ ဝယ်သည်။

"မမ ဒါတွေက များလှချည်လား၊ ဘယ်သူ့ကို လက်ဆောင်ပေးဖို့လဲ...ဟိုလူ့အတွက်လား"

မောင်ကြီးသည် စိုးရိမ်စိတ်ဖြင့် စက်သေနတ်ပစ်သည့်အလား သူ၏မမ စိုးမိုးသူကို မေးလိုက်သည်။

"မောင်ကြီး"

"ဟုတ်ကဲ့ မမ"

"ဘယ်သူ့အတွက်မှ မဟုတ်ဘူး...နင့်အတွက်၊ ငါနဲ့ သွားတဲ့လာတဲ့အခါမှာ သားသားနားနား ရှိမှဖြစ်မှာပေါ့...ရော့ ယူသွား"

မောင်ကြီးသည် တောင်ကြီးက လျှောင်ကျီးလိုလို၊ ဘာ

www.burmeseclassic.com

www.burmeseclassic.com


ကောင်လိုလို၊ ပွဲစားလိုလို၊ ကုန်သည်လိုလို သားသားနားနား ဖြစ်လာလေသည်။

(၃)

ကိုကိုမောင်သည် တရုတ်ပြည် မူဆယ်၊ နမ့်ခမ်းသို့ တက်လာမည်ဖြစ်သော စိုးမိုးသူအား ခါတိုင်းတည်းနေကျဖြစ်သော မန္တလေး (တောင်ဇလပ်ဟိုတယ်ကြီး) မှ စောင့်ကြိုနေသည်။ ဒါပေမဲ့ အထင်နှင့်အမြင် လွဲခဲ့ချေပြီ။ စိုးမိုးသူနှင့် မောင်ကြီးတို့သည် မန္တလေးဟိုတယ်တွင် တည်းခိုကြလေသည်။

မူဆယ်သို့ ရောက်ရှိချိန်မှာတော့ စိုးမိုးသူသည် သူမ၏ ကိုယ်ရံတော်တပ်မှူးလေး မောင်ကြီးနှင့် လှုပ်ရှားသွားလာနေတာကို တွေ့ရလေသည်။

စိုးမိုးသူကို ခါတိုင်းကဲ့သို့ ပစ္စည်းဝယ်ရန် အကူအညီပေးလိုကြောင်း ကမ်းလှမ်းကျွေးမွေးပြောဆိုသော်လည်း ပစ္စည်းများဝယ်ယူပြီး၊ မှာယူပြီးဖြစ်ကြောင်း သိရလေသည်။ မလိုတော့ပါ။ မလိုအပ်တော့ပါ။ တကယ်မလိုအပ်တော့ပါ ဖြစ်သွားပြီ။

ကိုကိုမောင်သည် စိုးမိုးသူနှင့် မောင်ကြီးတို့၏ ဆက်ဆံရေးကိုကြည့်ပြီး "နှစ်ယောက်တည်း နေချင်တယ်" ဇာတ်လမ်းဖြစ်နေကြသလားဟု စိုးရိမ်စိတ်တွေ များနေရလေသည်။

မူဆယ်မြို့ရှိ စိတ်ကူးယဉ် ဟိုတယ်ကြီးတွင် ဖြစ်သည်။ စိုးမိုးသူနှင့်မောင်ကြီး တည်းခိုသော အခန်းအနီးတွင် ကိုကိုမောင်အဖို့ ရည်းစားလုလု အာနုကျွဲခတ် ဆိုသကဲ့သို့ သူ့ တစ်ဖက်သတ် နောက်ပိုးလာခဲ့ရသော စိုးမိုးသူနှင့် သူပူယုံ သက်သော်

www.burmeseclassic.com

www.burmeseclassic.com



စောင့် မောင်ကြီးနှင့် တစ်ခန်းတည်းအတူ တည်းခိုနေကြသည့် မြင်ကွင်းအတွက် ခံစားရတာ အလွန်ခက်နေသည်။ စိုးရိမ်စိတ်တွေ လွှမ်းမိုးနေသည်။

ဟိုတယ်၏ လေသာပြတင်းပေါက်မှနေပြီး ခံစားနေရသော ခံစားချက်များကို အဆိုတော် မင်းအောင်၏ နိုင်တော်မူ သီချင်းလေးဖြင့် စောင်းကော်မြောင်းကာ သီဆိုပြီး ဝေဒနာကို ကြေညာနေလေသည်။

"အချစ်ဆုံး ချစ်သူလေးရယ်၊ ပျော်မယ်ဆိုရင် မောင့်အသည်း ကွဲကြေရတာ ဖြေသာမယ်ထင် x x x ချစ်တဲ့သူ အလိုကျကွယ်၊ ငိုပြဆို ငိုပြပါ့မယ် x x x ချစ်တဲ့သူ အလိုကျကွယ်၊ ပြုံးပြဆို ကိုယ်ပြုံးပြမယ်...ရုပ်သေးရုပ်ပမာ အချစ်အတွက်များဆို ကိုယ် တကယ်ရင်ဆိုင် x x x သူက ကဆိုကွေးအောင်ကမယ် x x x ကြင်နာသူရယ် x x x ကိုယ်လိုကောင်ဟာ အချစ်အတွက်များဆို x x x ဘာမဆိုလုပ်တဲ့ ရုပ်သေးရုပ်ပေါ့ကွယ်"

(၄)

ကိုကိုမောင်သည် စိုးမိုးသူအတွက် သိပ်ချစ်လို့ စိတ်ညစ်နေရတာရယ်၊ စွဲလမ်းပြီး အသည်းကျွမ်းနေတာရယ် သိပ်လှလို့ စိတ်မချတာရယ်၊ စိုးရိမ်စိတ်တွေက သူ့အပေါ် လွှမ်းမိုးနေလေသည်။

ပြိုင်ဘက်ဖြစ်နေပြီဟု မိမိ ယုံကြည်နေသည့် မောင်ကြီး အပေါ် အနုနည်းဖြင့် ယှဉ်ပြိုင်ရင်ကောင်းမလား၊ အပျော့ဆွဲ

www.burmeseclassic.com

www.burmeseclassic.com


ဆွဲပြီး ကိုယ်ဖြစ်ချင်တဲ့ပုံစံ သွင်းယူရင် ကောင်းမလား တွေး တော ကြံစည်ရသည်မှာလည်း မအိပ်နိုင် မစားနိုင်။

ယုဇနပလာဇာကြီးတွင် ဖြစ်သည်။

"ဟာ ညီလေး...မင်းတို့ပစ္စည်းတွေ ရောက်ပြီလား"

"ဟုတ်ကဲ့ အစ်ကို၊ ရောက်ပါပြီ၊ အစ်ကို့ပစ္စည်းတွေလည်း ရောက်နေပြီ...ကျွန်တော် တွေ့ခဲ့တယ် အစ်ကို"

"ကျေးဇူးပဲ ညီလေး"

ကိုကိုမောင်သည် မောင်ကြီးကို ကိုယ့်ဘက်ပါအောင် ရင်းနှီးပေါင်းဖက်မှု ရယူရန် ကြံစည်အားထုတ်နေလေရာ မောင် ကြီးနှင့် တွေ့ဆုံပြီး ရင်းနှီးမှု ယူခွင့်ရလိုက်သည်မှာ အခွင့်အရေး တစ်ရပ်။

တစ်နေ့တွင် ဖြစ်သည်။ မောင်ကြီး ဦးစီးလုပ်ကိုင်နေသော တောင်ပေါ်မြေပြန့် ကားဂိတ်သို့ ကိုကိုမောင် ရောက်လာသည်။ ခရီးကြုံလို့ လာခြင်းမဟုတ်ပါ။ ရည်ရွယ်ချက်ဖြင့် ရောက်ရှိ လာခြင်း ဖြစ်သည်။

"ညီလေး...အတက်ကားတွေ ထွက်သွားပြီဆိုတော့ အား သွားပြီပေါ့...အစ်ကိုနဲ့ တစ်ခုခု သုံးဆောင်ရအောင် လာခေါ် တာပါ"

"ဟာ...အားနာစရာကြီး အစ်ကိုရယ်"

"အားနာစရာမလိုပါဘူး ညီလေး...ညီလေးနဲ့ တိုက်ရိုက် ဆိုင်ဆိုင် တစ်ခါမှ မကြုံသေးလို့ တမင်ကျွေးချင်လို့ပါ"

ကိုကိုမောင်သည် ပြောပြောဆိုဆိုဖြင့် သူ၏ ဆပ်လင်ရေ

www.burmeseclassic.com

www.burmeseclassic.com



ဆာကားဖြင့် ဂျန်းရှင်းစင်တာ စားသောက်ဆိုင်ကြီးသို့ ခေါ်ဆောင်လာခဲ့လေသည်။

ဘလက်လေဘယ်၊ ကြက်ကြော်၊ ဘဲကင်၊ ကကတစ်ကြော်ပြန်ပေါင်း၊ ငါးမုတ်ဟင်းချိုချဉ်စပ်တို့ကို မှာယူပြီး အေးအေးဆေးဆေး အနားယူစားသောက်ကြလေသည်။

အယ်လ်ကိုဟော၏ လှုံ့ဆော်မှုကြောင့် အာလေးလျှာလေးဖြစ်လာကြသည်။ ပွင့်လင်းသော စကားများကိုလည်း ထုတ်ဖော်ဆွေးနွေးကြသည်။ အကဲစမ်းပြီး အကဲခတ်သော စုံစမ်းမှုများလည်း တစ်ဦးအပေါ်တစ်ဦး ဆားပုလင်း လုပ်နေကြလေသည်။

"ညီလေး၊ မင်းရဲ့သူဌေးမ မစိုးအပေါ် ဘယ်လိုသဘောထားလဲ"

"ကျွန်တော်က သူ့ရဲ့လူယုံ၊ အခုဆိုရင်တော့ စီးပွားဘက်အဖြစ် ရှယ်ယာဝင် လုပ်ပေးထားတဲ့အတွက် လုပ်ဖော်ကိုင်ဘက် စီးပွားဘက်ကျေးဇူးရှင် ဖြစ်တဲ့အတွက် ကျွန်တော့်ကျေးဇူးရှင်လို့ပဲ ခံယူပါတယ်"

"မင်း...စိုးကို စိတ်မဝင်စားဘူးလား"

"ဟာ...အစ်ကိုကလည်း မမမှာ စိတ်ဝင်စားစရာတွေက အများကြီးပဲ။ လှတယ်၊ စိတ်ကောင်းရှိတယ်၊ ချမ်းသာတယ်၊ လူမှုဆက်ဆံရေး ကောင်းတယ်။ မမမှာ အကောင်းတွေစုနေတော့ စိတ်ဝင်စားဖို့ သိပ်ကောင်းတာပေါ့"

"မင်း သူ့ကို မချစ်ဘူးလား"

"ဟာ...အစ်ကိုကလည်း သားရေပေါ်အိပ် သားရေနားစား ဖြစ်သွားမှာပေါ့။ ကျွန်တော်နဲ့ တန်လည်း မတန်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com


"အဲဒီသစ္စာတရား၊ မေတ္တာတရားတွေကြောင့် မင်းမမက မင်းကို ယုံကြည်စိတ်ချတာပေါ့ကွ"

"ဟုတ်ပါတယ် အစ်ကို၊ ဟုတ်ပါတယ်"

"ကဲ...အစ်ကို အချိန်ကလည်း (၁၁) နာရီရှိပြီ၊ သောက်လို့စားလို့လည်း ဝပြီ၊ ပြန်ကြစို့"

ကိုကိုမောင်သည် စိုးမိုးသူအပေါ် သူ၏ စိုးရိမ်စိတ်များ သက်သောင့်သက်သာ ရစေသည့် မောင်ကြီးထံမှ သတင်းစကား ကြားသိရသည့်အတွက် နေသာထိုင်သာ ဖြစ်သွားသည်။ စားဝင်အိပ်ပျော် ဖြစ်သွားရလေသည်။

(၅)

တစ်နေ့သော တနင်္ဂနွေနေ့၌ ယုဇနဟိုတယ် မင်္ဂလာခန်းမကြီးတွင် ဖြစ်သည်။ ထိတ်ထိတ်ကြဲကုန်သည်များ၏ သားနှင့်သမီးတို့၏ မင်္ဂလာဧည့်ခံပွဲတွင် ဖြစ်သည်။ မင်းစိုးရာဇာ၊ ကုန်သည်ပွဲစားကြီးများ အလွှာ စုံလင်လှသည်။

ကိုကိုမောင်သည် ၎င်း၏ လူယုံတပည့်မ ဝန်ထမ်းလေးနှင့်အတူ မင်္ဂလာစားပွဲဝိုင်းတွင် နေရာယူပြီးသား ဖြစ်နေသည်။ စိုးမိုးသူနှင့် မောင်ကြီးတို့အတွဲလည်း ကိုကိုမောင်တို့ စားပွဲအနီးတွင် နေရာယူရန် ပြင်ဆင်နေသည်။ ဤအချိန်တွင်...

"ဟယ်...စိုးမိုး၊ စွံသွားပြီလား...မင်းလူက ယောက်ျားပီသတယ်နော်။ အသားညိုတော့ အညာသားပဲ ဖြစ်မယ်"

စိုးမိုးသူကို နှုတ်ဆက်သူ၏ လှိုင်းပုတ်သံများသည် ကိုကိုမောင်၏ အသည်းနှလုံးထဲတွင် ဒိန်းတလိမ်းမြည် ကသွားသကဲ့

www.burmeseclassic.com

www.burmeseclassic.com



သို့ ရင်ခုန်သံများ ဗလောင်ဆူသွားသည်။ ဝေဒနာဟောင်း ပြန်ပေါ်လာသကဲ့သို့လည်း ခံစားလိုက်ရသည်။

ကိုကိုမောင်နှင့် စိုးမိုးသူတို့ ငွေကျပ် သိန်း ၁၀၀၀ စီ အစုထည့်ဝင်ပြီး မတည်ငွေ သိန်း ၂၀၀၀ ဖြင့် ဗိုလ်ချုပ်ဈေးကြီး ဗဟိုရုံ (အာရှ၊ ပတ္တမြား၊ နဂါး ကျောက်မျက်ရတနာ အရောင်းဆိုင်) ရှိသည်။ ကိုကိုမောင်ဘက်မှ လူယုံတာဝန်ခံ (နွေသီတာထွန်းဝင်း) နှင့် စိုးမိုးသူဘက်မှ လူယုံတာဝန်ခံ (မေရတနာ အောင်) တို့ ကြီးကြပ်ပြီး ရောင်းချနေကြသည်။

နေ့စဉ် ရောင်းရငွေများနှင့် ပစ္စည်းလက်ကျန်များကို စာရင်းဇယားဖြင့် စိုးမိုးသူထံသို့ အပ်ရသည်။ တစ်ပတ်တစ်ကြိမ် ကိုကိုမောင်နှင့် စိုးမိုးသူတို့ စာရင်းရှင်းကြသည်။

စိုးမိုးသူ၏ လူယုံတာဝန်ခံ နေမကောင်းသောကြောင့် (၅) ရက် အလုပ်မဆင်းနိုင်။ ဤကာလအတွင်း မောင်ကြီးက ဆိုင်မှ နေ့စဉ်ရောင်းရငွေများနှင့် ပစ္စည်းလက်ကျန်ကို စိုးမိုးသူထံ အပ်ရလေသည်။ ဆိုင်သိမ်းပေးခဲ့ရသည်။

(၃) ရက်မြောက်သောနေ့တွင် ရောင်းရငွေနှင့် ပစ္စည်းလက်ကျန် မကိုက်ညီခြင်း၊ ကျောက်မျက်ရတနာ တန်ဖိုးကြီးပစ္စည်းများကို တန်ဖိုးနည်းပစ္စည်းဖြင့် လဲလှယ်ထားခြင်း ပြဿနာပေါ်ပေါက်ခဲ့လေသည်။ ဆိုင်မှ ရတနာများနှင့် ထိတွေ့ဆက်ဆံရသူများမှာ ထိုရက်အတွင်း နွေသီတာထွန်းဝင်းနှင့် မောင်ကြီးတို့ ဖြစ်နေသောကြောင့် တာဝန်ရှိနေသူ၊ တာဝန်မကင်းသူများ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စိုးမိုးသူက ကိုကိုမောင်ထံ အကြောင်းကြားခဲ့ရာ ငွေကျပ် သိန်း ၁၀၀၀ ဖိုး ဆုံးရှုံးနေရသောကြောင့် ကိုကိုမောင်က တာဝန်မကင်းသူတို့အပေါ် အမှုဖွင့်ရန် ပြောပြီး ချက်ချင်း ရဲစခန်းသို့ အမှုဖွင့်သည်။

ရဲတပ်ဖွဲ့၏ လုပ်ထုံးလုပ်နည်းအရ နွေသီတာထွန်းဝင်း၊ မောင်ကြီးတို့အား စစ်ကြောရေး လုပ်သည်။ တရားခံများက ဘူးကွယ်နေကြသော်လည်း သိန်း ၁၀၀၀ ကျော်ဖိုး လျော့နည်းမှု၊ လဲလှယ်ထားမှုတို့နှင့် ပတ်သက်ပြီး တခြားသူမရှိ။ ၎င်းတို့နှစ်ဦးတည်းသာဖြစ်၍ အချုပ်ဖြင့် အချိန်ယူ စစ်ဆေးခဲ့ရလေသည်။ ပြစ်မှုပုဒ်မမှာလည်း အာမခံ မပေးနိုင်သော ပုဒ်မ ဖြစ်လေသည်။

စိုးမိုးသူက ကိုကိုမောင်အား သူ့တပည့်လက်ရုံး နွေသီတာထွန်းဝင်းလည်း မနစ်နာစေရန်နှင့် ၎င်း၏လူယုံ မောင်ကြီးလည်း မနာစေရန်အတွက် တစ်ယောက် သိန်း ၅၀၀ စီ အနစ်နာ အဆုံးရှုံးခံလိုက်ကြရန် ညှိနှိုင်းသော်လည်း ကိုကိုမောင်က လက်မခံ။

နွေသီတာထွန်းဝင်းက ဆိုင်သိမ်းချိန်မှာ ရောင်းရငွေများနှင့် လက်ကျန်ပစ္စည်းများကို မောင်ကြီးထံသို့ ပေးအပ်ခဲ့သောကြောင့် ၎င်းတွင် တာဝန်မရှိကြောင်း ငြင်းကွယ်သည်။ မောင်ကြီးကလည်း သူမ ပေးလိုက်သောငွေနှင့် ရတနာပစ္စည်းများကို စိုးမိုးသူလက်သို့ အပ်ပေးရသော ယာယီအလုပ်ကို ပေးလိုက်သည့် အထုပ်အလိုက် ပေးအပ်ရသူ ဖြစ်သောကြောင့် ၎င်းတွင် တာဝန်မရှိကြောင်း အသီးသီး ငြင်းဆိုကြသည်။

www.burmeseclassic.com



အမှုစစ်ရဲအရာရှိက အမှုမဖြစ်မီ အခြေအနေ၊ အမှုဖြစ်ချိန် အခြေအနေတို့ကို သက်သေများနှင့်တကွ စစ်ဆေးသည်။ မြို့နယ် ဥပဒေအရာရှိထံသို့ ဥပဒေအကြံပြုချက် တောင်းခံသည်။

ဥပဒေအရာရှိ၏ ဥပဒေအကြံပြုချက်၊ ပေါင်းစပ်ညှိနှိုင်းမှုတို့အရ တရားခံ နွေသီတာထွန်းဝင်း၊ မောင်ကြီးတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆၊ ၄၀၉ တို့အရ ပန်းဘဲတန်းမြို့နယ် တရားရုံးသို့ တရားစွဲဆို တင်ပို့ရလေသည်။ အသက်တစ်ရာ မနေရ၊ အမှုတစ်ရာတွေ့ရ ဆိုသကဲ့သို့ မပြေးသော်လည်း ကန်ရာရှိ ဆိုသည့်အတိုင်း နွေသီတာထွန်းဝင်းနှင့် မောင်ကြီးတို့ အမှုကို အချုပ်ဖြင့် ရင်ဆိုင်ကြရလေသည်။

(၆)

မောင်ကြီး အချုပ်ဖြင့် အမှုရင်ဆိုင်နေစဉ် ကာလအတွင်း ကိုကိုမောင်သည် စိုးမိုးသူကို ပို၍ ဂရုစိုက်သည်။ အကြင်နာတရားများပေးရန် ကြိုးစားသည်၊ အကြင်နာ၊ အယုယများ ပေးစွမ်းသည်။ မောင်ကြီး ဆောင်ရွက်နေသည့် ကွက်လပ်ကလေးများကို ဖြည့်ဆည်းပေးရန် အကြင်နာပိုလွှမ်းသူ လုပ်ပေးသည်။ စိုးမိုးသူက စိတ်မပါ။ စိတ်မဝင်စား။

"စိုး… စိုးဘဝအတွက် စိုးရဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် ကိုမောင် အစွမ်းကုန် ကူညီပါ့မယ်။ ဘာမှ အားမငယ်ပါနဲ့။ ကိုမောင့်ကို မယုံဘူးလား စိုးရယ်"

"စိုးအတွက်ရော၊ စိုးလုပ်ငန်းအတွက်ရော အားလုံးအဆင်ပြေပါတယ် ကိုမောင်၊ စိုး ဘာအကူအညီမှ မလိုပါဘူး။ ခုလိုပြောတာ စိုး ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com


ကိုကိုမောင် ချဉ်းကပ်သိမ်းသွင်းမှုကို စိုးမိုးသူ လက်မခံပါ။ စိုးမိုးသူသည် ထက်မြက်သည့် အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။ သူကိုယ်တိုင် စတိုးဆိုင်ကြီး သုံးဆိုင်နှင့် လက္ကားဖြန့်ချိရေး လုပ်ကိုင်နေသူ ဖြစ်လေရကား ကိုကိုမောင်ကို အားထားရန် မလိုအပ်ပါ။ ကိုကိုမောင်သာလျှင် မရိုးဖြောင့်သော သဘောဖြင့် စိုးမိုးသူကို ချဉ်းကပ်သိမ်းသွင်းနေခြင်း ဖြစ်လေသည်။

မိုးအကုန်၊ ဆောင်းအကူး မြောက်လေများ တသုန်သုန် တိုက်ခတ်လာခြင်းနှင့်အတူ ဆောင်းဆိုသည့် အေးမြသောရာသီမှာ သူ့ရာသီခါတ်သဘောကို ဆောင်လေပြီ။ ချမ်းအေးမှုကြောင့် နွေးထွေးစွာ အိပ်စက်ကြသည်။ ဆောင်းအိပ်မက်များပင် မက်နေကြရလေပြီ။ သုဝဏ္ဏမြို့တွင် ခြံနှင့်ဝင်းနှင့် နေသော ကိုကိုမောင်မှာလည်း မြောက်ပြန်လေ၏ အအေးခါတ်ဖြင့် ဇိမ်ကျကျ အိပ်စက်နေခဲ့သည်။

အချိန်ကား နံနက် (၇) နာရီခန့်...။ ခြံဂိတ်မှ (ဘဲလ်) ကို နှိပ်လိုက်ရာ အိမ်ဖော်အမျိုးသမီး ထွက်လာပြီး ဘယ်သူနဲ့ တွေ့ချင်ပါသလဲဟု မေးသည်။

"အိမ်ရှင်နှင့် တွေ့လိုကြောင်း၊ သုဝဏ္ဏရဲစခန်းမှ ဖြစ်ကြောင်း"

ကိုကိုမောင်အား သွားပြောခိုင်းသည်။

"ကျွန်တော်တို့က သုဝဏ္ဏရဲစခန်းကပါ။ ညကလည်း ကင်းသူ့တာဝန်ကျ ရဲတပ်ဖွဲ့ဝင်များက လူကြီးမင်းအိမ်က ဖောက်ထွင်းခိုးယူခဲ့တဲ့ တရားခံနှစ်ဦးကို သက်သေခံပစ္စည်းများနဲ့အတူ

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆီးရမိထားလို့ စစ်ဆေးဖို့ လာရောက်ခြင်းဖြစ်ကြောင်း ပြော ပြသည်။

ကိုကိုမောင်နှင့် ရဲတပ်ဖွဲ့ဝင်များ အပေါ်ထပ်ရှိ သီးသန့် အခန်းကို စစ်ဆေးကြရာ အခန်းပွင့်နေသည်။ အခန်းတွင်းရှိ ဗီရို (၂) လုံး သော့များ ပွင့်နေသည်။ ကိုကိုမောင်ထံမှ ဖောက် ထွင်းခိုးယူခံရသော ရတနာပစ္စည်းများ အမျိုးအမည်၊ အရေ အတွက်၊ အရည်အသွေး၊ တန်ဖိုးတို့ကို စာရင်းယူလိုက်ကြသည်။

"ဦးကိုကိုမောင် ဒီရတနာပစ္စည်းတွေကို ဘယ်က ဝယ် ယူပါသလဲ"

"ဟုတ်ကဲ့ ဆရာ၊ အများစုကတော့ ကျောက်မျက်ရတနာ ရောင်းချပွဲတွေမှာ ဈေးပြိုင်စနစ်နဲ့ ဝယ်ယူတာ များပါတယ်။ အပြင်က ကြိုက်ဈေးနဲ့ ဝယ်တာလည်း ပါဝင်ပါတယ်"

"ကျောက်မျက်ရတနာရောင်းချပွဲတွေမှာ ဝယ်တဲ့ ဘောက် ချာတွေ ရှိပါသလား"

"ရှိပါတယ် ဆရာ"

အမှုစစ် ရဲအရာရှိသည် ဖောက်ထွင်းခိုးယူသူများ၊ ဖောက် ထွင်းသည့် အိမ်ခန်း၊ ဗီရို (၂) လုံးတို့ကို ဓာတ်ပုံ ရိုက်ယူသည်။ သော့ဖွင့်သော ကိရိယာ၊ သံချောင်းသုံးချောင်းပါသော အတွဲ တစ်ခုတို့ကို သိမ်းဆည်းသည်။ ခြံနောက်ဖေးဝင်ပေါက် ပွင့်နေ သည်ကို ဓာတ်ပုံရိုက်ယူသည်။ ဖောက်ထွင်းသူများ ဝင်ထွက် လမ်းကြောင်း မြေပုံကြမ်း ရေးဆွဲသည်။ ကိုကိုမောင်ထံမှ ရတနာ ပစ္စည်း ဝယ်ယူသောဘောက်ချာများ ကြည့်ရှုပြီး ထုတ်ယူ ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းသို့ လာရောက်ရန် ဖိတ်ခေါ်သည်။ ပစ္စည်းများ ပြသသည်။ ဦးကိုကိုမောင်၏ ပစ္စည်းများ ဟုတ်မဟုတ် မေးမြန်းသည်။ ဟုတ်မှန်ကြောင်း ပြောဆိုအစစ်ခံသောကြောင့် ရှာဖွေပုံစံတွင် ပစ္စည်းရှင်အဖြစ် လက်မှတ်ရေးထိုးစေသည်။

တရားခံများကလည်း ဝန်ခံဖြောင့်ချက်ဆိုသောကြောင့် ဖြောင့်ချက်များရယူပြီး တရားခံများကို သက်သေခံပစ္စည်းနှင့်အတူ သက်ဆိုင်ရာပုဒ်မများဖြင့် တရားစွဲဆိုတင်ပို့သည်။

ဤသတင်းကို သိရှိသော မောင်ကြီး၏ အစ်ကိုနှင့် ညီတော်သူတို့က သုဝဏ္ဏရဲစခန်းသို့ လာရောက်စုံစမ်းသည်။ အခင်းဖြစ် ရတနာပစ္စည်းများမှာ ကိုကိုမောင်က နွေသီတာထွန်းဝင်းနှင့် ၎င်းတို့၏ညီ မောင်ကြီးအပေါ်မှာ ပြစ်မှုပုဒ်မ ၄၀၆/၄၀၉ တို့ဖြင့် တရားစွဲခံနေရသော ပစ္စည်းများနှင့် အတူတူဖြစ်နေကြောင်း တင်ပြကြသည်။

သုဝဏ္ဏ ရဲစခန်းမှ ပန်းဘဲတန်း ရဲစခန်းသို့ ဆက်သွယ်ပေါင်းစပ်ညှိနှိုင်းသည်။ ပန်းဘဲတန်း ရဲစခန်းတွင် ကိုကိုမောင်က နွေသီတာထွန်းဝင်းနှင့် မောင်ကြီးတို့အပေါ် တိုင်တန်းပြီး အမှုဖွင့်၍ ပန်းဘဲတန်း တရားရုံးသို့ တရားစွဲဆိုထားသည်။ ရတနာပစ္စည်းများ၊ ဝယ်ယူသော ဘောက်ချာပစ္စည်းစာရင်း၊ အမျိုးအမည်၊ တန်ဖိုးတို့မှာ ထပ်တူထပ်မျှဖြစ်နေကြောင်း ပေါ်ပေါက်နေသည်။

ထို့ကြောင့် တိုင်းတပ်ဖွဲ့သို့ တင်ပြကြရသည်။ တိုင်းတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့သို့ စုံစမ်းစစ်ဆေးရေးဖွဲ့ပြီး စစ်ကြောရေး လုပ်သည်။ ကိုကိုမောင်သည် နွေသီတာထွန်းဝင်းနှင့် မောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တို့အပေါ် အမှုကွက်ဆင်ပြီး တိုင်တန်းခြင်း၊ တရားစွဲဆိုခြင်း ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

ထို့ကြောင့် ဥပဒေရုံးတို့ဖြင့် ပေါင်းစပ်ညှိနှိုင်းပြီး မောင်ကြီးနှင့် နွေသီတာထွန်းဝင်းတို့အပေါ် စွဲဆိုထားသော အမှုကို ရုပ်သိမ်းသည်။ ကိုကိုမောင်အပေါ် ပန်းဘဲတန်း ရဲတပ်ဖွဲ့မှ မမှန်သတင်းပေးတိုင်တန်းမှု၊ ဝတ္တရားနှောင့်ယှက်မှုတို့ဖြင့် တရားစွဲဆိုလိုက်လေသည်။

အမှုရုပ်သိမ်းလိုက်သောကြောင့် အချုပ်မှ လွတ်မြောက်လာသော မောင်ကြီးအား စိုးမိုးသူက သူမ၏ ပရာဒိုကားဖြင့် ခေါ်သွားသည်။ ခေါင်းလျှော်၊ ရေမိုးချိုးပြီး ရွှေတိဂုံဘုရားကို ဖူးမြော်စေသည်။ ဆုတောင်းစေသည်။

"မောင်ကြီး"

"ဟုတ်ကဲ့ မမ"

"ဝဋ်ရှိလျှင် ကုန်ပါစေ၊ ကျေပါစေလို့ ဆုတောင်း"

"ဟုတ်ကဲ့ မမ၊ ဟုတ်ကဲ့ မမ"

❐

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## မင်းကိုအချစ်ဆုံး အမုန်းဆုံး

(၁)

ရန်ကုန်မြို့တော်ကြီး၏ အဝင်/အထွက် အမှတ် (၃) လမ်းမကြီး၊ တိုးဂိတ်အနီးရှိ စားသောက်ဆိုင်ကြီးတွင် ဖြစ်သည်။ အပြိုင်အဆိုင် ရောင်းချနေသည့် စားသောက်ဆိုင်ကြီးများတွင် သေအိတ်ကား ခရီးသည် သယ်ပို့ကားကြီးများ၊ ပုဂ္ဂလိကကားများ အလျှိုလျှို ဝင်ထွက်သွားလာ စားသောက်နေကြသည်မှာ ကြက်ပျံမကျ စည်ကားလှသည်။

အောင်ပန်းသား၊ ကျော်စိန်လင်းနှင့် ကိုရွှေပန်းတောတို့သည် ပရာဒိုကားဖြင့် ထိုစားသောက်ဆိုင်ကြီးများအနက်မှ အလယ်ကဆိုင်သို့ ကားထိုးပြီး ဝင်လာကြသည်။ ဆိုင်ဝန်ထမ်းလေးများက နေရာချထားပေးလိုသော်လည်း စားပွဲခုံများ ပြည့်နက်နေသည်။

ကျော်စိန်လင်းသည် ဆိုင်ကြီး၏ လမ်းကြီးဘက်သို့ ကျောပေးပြီး ထိုင်နေကြသော အမျိုးသမီး (၃) ဦး၏ စားပွဲမှ လစ်

www.burmeseclassic.com


လပ်နေသည့်စားပွဲတွင် ဝင်ထိုင်လိုက်သည်။ လမ်းမကြီး၏ လမ်းဘက်ကိုလည်း မြင်နေရသည်။ ဆိုင်တွင်းရှိ စားသုံးသူအားလုံးကိုလည်း မြင်ကွင်းကျယ် တွေ့မြင်နေရသည်။ အရေးအကြောင်းရယ် ကြုံလာပါက ဘယ်ပစ္စည်း၊ ဘယ်လက်နက်၊ ဘယ်နေရာမှာ ရှိသည်ကိုလည်း မျက်စိမြင်ကွင်းအနက်တွင် မှတ်သားလိုက်သည်။

"ကျွန်တော်တို့လည်း ဒီမှာထိုင်မယ်နော်"

"ထိုင်ပါ...ထိုင်ပါရှင်၊ ဒါက အများနဲ့ဆိုင်တဲ့ စားသောက်ဆိုင်ပဲဟာ၊ လွတ်လွတ်လပ်လပ် ထိုင်ကြပါ"

အာသွက်လျှာသွက် ကျော်စိန်လင်းက ထိုင်နေကြသော မိန်းမချောလေး (၃) ဦးထံ ခွင့်တောင်းပြီး နေရာယူလိုက်ကြလေသည်။

"ညီလေး...ရှေ့ပတ် ဝီစကီတစ်လုံး၊ ကာကာတစ်ကြော်တစ်ပွဲ၊ ကြက်ကြွပ်ကြော်တစ်ပွဲ၊ ဆော်ဒါ (၃) လုံး၊ ရေခဲတစ်ပွဲ၊ ရေသန့်တစ်ဘူး"

စားသောက်ဖွယ်ရာများ ရောက်ရှိလာသည်နှင့် မြိန်ရှက်စွာ စားသောက်ကြသည်။ ရှေ့ပတ် ဝီစကီတစ်လုံးမှာလည်း အပေါက်ပါလို့ ထွက်ကြကုန်သလား ထင်ရမလောက်။

"ညီမတို့ စားကြပါဦး"

"ရပါတယ်ရှင် ကျေးဇူးပါပဲ"

"ဒီလိုမရဘူး၊ မစားရင် ခွဲ့ကျွေးမှာနော်"

"ဆရာတို့ဟာကို စားရမယ်ဆိုရင် ညီမတို့ဟာလည်း စားရမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



သူ့အမြည်း ကိုယ့်ကျွေး၊ ကိုယ့်အမြည်း သူ့ကျွေးဖြင့် စေတနာများ ဝေဆာနေကြသည်။ စားကြသောက်ကြရင်းဖြင့် ခင်မင်မှုတွေ၊ ရင်းနှီးမှုတွေကလည်း တစ်ရွာတည်း၊ တစ်နယ်တည်းသားတွေအလား ခင်မင်ရင်းနှီးသွားကြလေသည်။

"ညီမတို့နာမည်တွေက...သူက နွေသီတာ၊ သူက မိုးသီတာ၊ သူက ဆောင်းသီတာတဲ့"

"နာမည်လေးတွေကလည်း ချစ်စရာလေးတွေပဲနော်"

"လူတွေကကော ချစ်စရာမကောင်းဘူးလား"

"လှပါတယ်ဗျာ...လှပါတယ်၊ ဝဿဝတီနတ်ပြည်က နတ်သမီးလေးတွေလား ထင်ရပါတယ်ဗျာ"

နာခေါင်းအားသန်သော ကိုရွှေပန်းတောက မိတ်သဟာယ ပြုလိုက်ရာ မချောသုံးယောက်နှင့် အတိုင်အဖောက်ပိုပြီး အားကောင်းလာလေသည်။ ခင်မင်မှုတွေ အားကောင်းလာကြသည်။

"ဆရာတို့ နာမည်တွေလည်း ပြောထားဦးလေ"

"ပြောရမှာပေါ့လေ၊ ပြောကို ပြောဦးမှာ၊ ကျွန်တော်တို့က စာရေးဆရာတွေပါ၊ ဒီဆရာက (အောင်ပန်းသား) တဲ့၊ ဒီဆရာက (ကျော်စိန်လင်း-နတ်မောက်) တဲ့၊ ဒီဆရာကတော့ ကိုရွှေပန်းတောတဲ့။

ရွှေလမ်းငွေလမ်းဖောက်ကြသည်မှာ အတော် အဆင်ပြေနေကြလေသည်။ သုံးလမ်းသွား လမ်းမကြီး ဖြစ်သွားမလား။ ခြောက်လမ်းသွား လမ်းမကြီး ဖြစ်သွားမလား။ သတွေးစရာ တော စရာတွေ အပြည့်။

www.burmeseclassic.com

www.burmeseclassic.com



"စာရေးဆရာတွေဆိုပေမဲ့ ယခင်ဘဝက ဝန်ထမ်းတွေ ဖြစ်ကြမယ်ထင်တယ်"

အာသ္တက်လျှာသွက် နွေသီတာက သူမ၏အတွေးအခေါ် အတွေ့အကြုံဖြင့် စာရေးဆရာသုံးယောက်ကို ဝေဖန်လိုက်လေသည်။

"နွေသီတာရဲ့ ထင်မြင်ချက်၊ သုံးသပ်ချက်ကို ပြောပြပါဦး"

"နံပါတ် (၁) ဆရာကျော်စိန်လင်းက မျက်လုံးကြည့်ပုံ ကြည့်နည်းဟာ ကျီးကန်းတောင်းမှောက် ဆိုတာလိုပဲ ကြည့်တယ်။ နောက်ပြီး ထိုင်လိုက်တာနဲ့ အရပ်လေးမျက်နှာမှာ ရန်သူ ရှိနိုင် မရှိနိုင် ကြည့်လိုက်တယ်။ နောက်ပြီး အရေးအကြောင်း ရှိရင် ကောက်ပြီး ခုံဖို့၊ တိုက်ခိုက်ဖို့နဲ့ ထွက်ပေါက် ဒါတွေကို ကြည့်ပြီးကြပြီးမှ ထိုင်တယ်။ ဒီအကျင့်စရိုက်တွေက ရဲဝန်ထမ်း တစ်ဦးရဲ့ အလေ့အထတွေ ဖြစ်တယ်။ ဒါကြောင့်မို့ ဆရာ ကျော်စိန်လင်းဟာ ရဲဝန်ထမ်း ဖြစ်ခဲ့ရမယ်"

"နံပါတ် (၂) ဆရာအောင်ပန်းသား၊ အမြည်းစားပုံကို ကြည့်ရင် ငါးတစ်ကောင်လုံးရဲ့ အရိုးပါမကျန် ဝါးတယ်၊ စား တယ်။ ဒီအကျင့်စရိုက်ကို ကြည့်ခြင်းအားဖြင့် ဆရာဟာ ယခင် ဘဝက X X X ဖြစ်ခဲ့ရမယ်"

"နံပါတ် (၃) ဆရာကိုရွှေပန်းတော ကြည့်ရတာ နှာ ခေါင်း နည်းနည်းပွတယ်၊ အသားအရေကလည်း နီစပ်စပ် ဖြစ်ခဲ့ တယ်။ မျက်စိကြည့်တာကလည်း ဆင်ကြည့်ကြည့်တယ်။ ဒါ တွေကို ထောက်သောအားဖြင့် ရုပ်ရှင်သရုပ်ဆောင် အေးကြူ

www.burmeseclassic.com

www.burmeseclassic.com



တို့အခန်း၊ ဝင်းမြင့်တို့အခန်းတွေရဲ့ သရုပ်ဆောင်ဇာတ်ပို့ဘဝက လာတာဖြစ်မယ်လို့ ဆိုချင်တယ်"

နွေသီတာ၏ ဝေဖန်မှု၊ သုံးသပ်မှု၊ ပြောချလိုက်မှုများကို စိတ်မဆိုးကြသည့်အပြင် အားလုံး သဘောကျသွားကြလေသည်၊ တစ်ဦးနှင့်တစ်ဦး သည်းခံမှု၊ ခွင့်လွှတ်မှု၊ ပွင့်လင်းမှုတွေ ပိုလာကြသည်။

(၂)

"ကဲ…အချိန်တွေလည်း အတော်ညောင်းသွားပြီ၊ ညီမတို့က ဘယ်ကိုပြန်ကြမှာလဲ"

"ဆရာတို့ကကော ဘယ်ကိုသွားကြမှာလဲ"

ကိုရွှေပန်းဇောနှင့် နွေသီတာတို့ အမေးအဖြေ ပြုလုပ်နေကြစဉ် ဆရာအောင်ပန်းသားက ကောက်ကာငင်ကာ ပြောလိုက်သည်။ ဇာတ်လမ်းတစ်ပုဒ် ဖန်တီးရန် စီစဉ်လိုက်သည်။

"ကျွန်တော်တို့က စာရေးဆရာတွေဆိုတော့ ကိုယ်တွေ့ဖြစ်ရပ်တွေ ရေးဖို့ ကုန်ကြမ်းရှာ ထွက်လာကြတာပါ။ အခုချောင်းသာကမ်းခြေကို သွားကြမှာပါ။ ညီမတို့လည်း အားလပ်ရင် လိုက်ခဲ့ပါလား။ အားလုံးကို တာဝန်ယူပါတယ်။ စရိတ်ငြိမ်းဒါနပြုပါရစေ"

ဆရာအောင်ပန်းသား၏ ဖိတ်မန္တကပြုလုပ်မှုကို အတောမသတ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသော မိုးသီတာ၏ ရင်တွင်းရှိ ခံစားချက်ကို ပြောပြလာက်ခံသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီမတို့က အားလည်း အားကြပါတယ်၊ လပ်လည်း လပ်ကြပါတယ်။ အားကြတယ်ဆိုတာက အချိန်အားတာကို ပြောတာပါ။ လပ်လည်း လပ်ကြပါတယ်ဆိုတာက ညီမတို့တွေဟာ လွတ်လပ်သူတွေ ဖြစ်ကြပါတယ်လို့ ပြောတာပါ"

မချော (၃) ယောက်တို့ မဆွတ်ခင်က ညွတ်ပြီးသား၊ မရူးခင်က နူးပြီးသား အလိုက်သင့် ဖြစ်သွားကြသည်။

"ကဲ...ဒါဆိုရင် သွားကြမယ်"

အားလုံး အလျှိုလျှို ထလိုက်ကြသည်။ ဆရာအောင်ပန်းသားကတော့ တွဲမှသာ ထနိုင်တော့သည်။ အမူးလွန်၊ အလွန်မူးသူကြီး ဖြစ်သွားလေတော့သည်။ အခက်ကြုံကြရသည်က ကားမောင်းမည့်သူ မရှိ ဖြစ်နေကြရသည်။ ဆရာ ကျော်စိန်လင်း၊ ဆရာ ကိုရွှေပန်းတောတို့က ကားမမောင်းတတ်ကြ။

"ရပါတယ်...ညီမ မောင်းတတ်ပါတယ်"

"သူ ကားမောင်း သိပ်ကျွမ်းပါတယ် ဆရာ"

ဆောင်းသီတာမှာ ကားမောင်းကျွမ်းသော မိန်းကလေးတစ်ဦး ဖြစ်သည်။ ဆရာအောင်ပန်းသား၏ ပရာဒိုကားကို ကျွမ်းကျင်နိုင်နင်းစွာမောင်းပြီး ချောင်းသာကမ်းခြေသို့ အရောက်မောင်းလာခဲ့လေသည်။

ချောင်းသာကမ်းခြေဟိုတယ်သို့ ရောက်သည်နှင့် အက်လက်ချက်ချာသော ဆရာကျော်စိန်လင်းက အခန်း (၄) ခန်း စီစဉ်လိုက်သည်။ အိပ်ခန်းများ အဆင်သင့်ဖြစ်သည်နှင့် စတင်တွေ့ဆုံကတည်းက နှလုံးသားချင်း ပေါင်းစပ်နေခဲ့ကြပြီးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သော ဆရာအောင်ပန်းသားနှင့် ဒေါ်ဝင်းသီတာတို့အတွဲက တစ်ခန်း၊ နွေသီတာနှင့် ကိုရွှေပန်းတောတို့က တစ်ခန်း၊ ကျော်စိန်လင်းနှင့် မိုးသီတာတို့က တစ်ခန်း အသီးသီး နေရာယူကြလေသည်။

ညနေ (၅) နာရီခန့်တွင် ဖြစ်သည်။ ချောင်းသာဟိုတယ်၏ သီးသန့်အခန်းတွင် အာဝါဟဝိဝါဟ မင်္ဂလာအထိမ်းအမှတ် ညစာစားပွဲကို ပျော်ပျော်ပါးပါး စားသုံးကြလေသည်။

ပင်လယ်ကမ်းခြေမှ တိုက်ခတ်သော လေပြည်လေညင်းများနှင့်အတူ ပင်လယ်ရေကို တဝတလင်ကြီး ရေစိမ်ကြပြီး အပန်းဖြေ အနားယူကြသူ အတွဲများမှာ ဘရာဇီးနိုင်ငံရှိ အမေဇုန်တောမှ ဘန်ဂလိုတွင် အနားယူ အပန်းဖြေနေကြသူများကဲ့သို့ လွတ်လပ်ဇိမ်ကျလှလေသည်။

အချိန်တန်တော့လည်း အိမ်ပြန်ရ ဆိုရိုးစကားအတိုင်း နောက်နေ့ နေ့လယ်စာစားသုံးပြီးသည်နှင့် ရန်ကုန်သို့ ပြန်လာခဲ့ကြလေသည်။

(၃)

အချိန်ကား ညနေ (၆) နာရီခန့်။ နေရာကား ကုန်သည်လမ်းနှင့် ဘိုကလေးဈေးလမ်းထောင့်ရှိ ယမင်းဘီယာနှင့် စားသောက်ဆိုင်ကြီးတွင် ဖြစ်သည်။ ချောင်းသာခရီးအကြောင်း ဘယ်သူ့ကို မပြောစတမ်း ဝီစကီသစ္စာဆိုခဲ့ကြသူများအနက် တစ်ဦးဖြစ်သူ ဆရာကျော်စိန်လင်းသည် ထီးကလေးဆောင်းပြီး မပြောရ မနေနိုင်လွန်းလို့ လေအန်ကုန်းမှာ အန်ထွက်ရာက ဘူးပေါ်

www.burmeseclassic.com

www.burmeseclassic.com



သလို ပေါ်ကုန်ကြသည့် အကြောင်းမှာ ဟော်လေးတကြိုး ဟိုးလေးတကျော် ဖြစ်သွားလေသည်။ ဝေဖန်သူက ဝေဖန်၊ လေကန်သူက လေကန်၊ ကောင်းခန်းတွေ မေးသူက မေးဖြင့် ဝိုင်း အတော် စည်ကားနေလေသည်။

'ဆရာကိုရွှေပန်းတော တစ်ယောက် ပျောက်ချင်းမလှ ပျောက်နေသည်။ ဝီစကီသံယောဇဉ်များက ဆားပုလင်းနှင်းမောင် လုပ်လိုက်ကြရာ နွေသီတာနှင့် အရှုး အမဲသားစားရသလို ဖြစ်နေကြကြောင်း ခိုင်လုံသောရပ်ကွက်မှ သိကြရလေသည်။

နွေသီတာ၏ တက်ကြွရှုးမိုက်သည့် တဏှာဝါသော ဗဟု ကိစ္စောတွင် သာယာနေကြောင်း၊ နွေသီတာ၏ အကြင်နာ၊ အယု အယလေးများတွင် နစ်မြုပ်နေကြောင်း၊ နွေ၏ တဏှာမှောင်တွင်းမှ ရုန်းမထွက်နိုင် ဖြစ်နေကြောင်း သိကြရသောကြောင့် စိတ် မချမ်းမသာ ဖြစ်ကြရလေသည်။ ရေချမ်းစင်ကို သော့ခတ် ရက်လေခြင်းဆိုပြီး စိတ်မကောင်းဖြစ်ကြရသည်။

တစ်ခုသော စနေနေ့ညနေတွင် ဖြစ်သည်။ ဆရာ ကိုရွှေပန်းတောသည် နွေသီတာကို နိုက်ကလပ်တွင် လာရောက် အကြိုထောက်စောင့်နေသည်။ သူ့ရှေ့မှာပင် လူရွယ်တစ်ဦးဖြင့် ဆင်းလာသည်။

"အစ်ကိုကြီး နွေ ဒီည သူနဲ့လိုက်သွားမယ်၊ အစ်ကိုကြီး ပြန်တော့နော်"

ပြောပြောဆိုဆို နွေသီတာသည် လူရွယ်တော့ (စ်) ထင်ရသော ပုဂ္ဂိုလ်တစ်ယောက်၏ ဒဗလယ်ကားကြီးဖြင့် ပါသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မှာ ဖြစ်သည်။ ည (၁၀) နာရီခန့်တွင် ကိုရွှေပန်းတောသည် တက္ကစီကားစုတ်လေးဖြင့် နွေသီတာကို (မထသ) ကြိုပို့ရန် ရောက်ရှိလာသည်။ ကလပ်ပေါ်သို့ တက်သွားသည်။ နွေမှာ မနေ့က ခေါ်သွားသူနှင့် ပျော်ပျော်ပါးပါး (ဒန့်နေ သည်) ကနေသည်မှာ လန်ဒန်နိုက်မှာလား အောက်မေ့ရသည်။ ဝါရှင်တန်နိုက်ကလပ်မှာလား ထင်ရသည်။

ည (၁) နာရီခန့် ပြန်မည်ပြုစဉ်–

"နွေ ဒီညတော့ အစ်ကိုနဲ့လိုက်ခဲ့နော်"

"ဟာ...မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဆောင်း သူနဲ့ လိုက်မယ်လို့ ပြောပြီးပြီ"

"မလိုက်ရဘူး၊ မလိုက်ရဘူး"

"ဒီမှာ အစ်ကိုကြီး၊ နွေ လွတ်လွတ်လပ်လပ် နေချင်လို့ ဒီလိုနေတာ။ နွေကို တားလို့မရဘူး။ နွေကို ဘယ်သူမှ ချုပ်ကိုင်လို့မရဘူး။ မီးပွင့်သွားမယ်၊ မီးလောင်ကုန်မယ်"

စိတ်ဒေါသကို မထိန်းနိုင်သော နွေသည် ပြောပြောဆိုဆို ဘီလူးစီးဝင်လာသည့်အလား ကလပ်မှ စားပွဲ၊ ကုလားထိုင်များ၊ ဗီရိုများ၊ ပုလင်း၊ ဖန်ခွက်များကို စိတ်ဒေါသထွက်ပြီး ရိုက်ခွဲပစ်လေသည်။ လုံခြုံရေးများ၊ ဝန်ထမ်းများက နွေနှင့် ကိုရွှေပန်းတောတို့ကို ထိန်းချုပ်၊ ထိန်းသိမ်းလိုက်ရလေသည်။

နာရီဝက်ခန့်အကြာတွင် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာသည်။ ပျက်စီးဆုံးရှုံးမှုများကို ကိုရွှေပန်းတောက ပေးလျော်ရန် တာဝန်ယူခဲ့သည်။ နွေသီတာကိုတော့ စိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲရူးသွပ်စေသည့် ဆေးဝါးများစားသုံးပြီး ရမ်းကားမှု ဖြစ်၍ စိတ်ကို ပြောင်းလဲရူးသွပ်စေသည့် ဆေးဝါးစားသုံးမှု၊ လက်ဝယ်တွေ့ရှိ သိမ်းဆည်းရမိမှုဖြင့် ဆက်လက်ဖမ်းဆီး ချုပ်နှောင်လေသည်။

(၄)

နွေသီတာ၏ အစစ်ဆေးခံ ထွက်ဆိုချက်အရ ၄င်း အသုံးပြုသော စိတ်ကို ပြောင်းလဲရူးသွပ်စေသည့် ဆေးနာမည်မှာ (အင်တက်စီ) မြန်မာလို ခေါင်းခါဆေးလို့ ခေါ်ကြောင်း၊ ဆေးလက်ကျန်အချို့မှာ စနေနေ့က သူလိုက်အိပ်ခဲ့သော သုဝဏ္ဏမြို့မှ ဦးအိုက်လင်း၏အိမ် အိပ်ခန်းထဲက မှန်တင်ခုံစားပွဲမှာ ကျန်ရစ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

ရဲတပ်ဖွဲ့၏ ရဲလုပ်ငန်းခွင်ပြည့်စုံအောင် ဖော်ထုတ်သိမ်းဆည်းရန် ဖြစ်သည်။ ဦးအိုက်လင်း၏ နေအိမ်တွင် စီးနင်းရှာဖွေကြသည်။ မှန်တင်ခုံစားပွဲမှ (အင်တက်စီ) ဆေးပြား (၁၀) ပြားပါသော ဘူးတစ်ဘူး၊ ဦးအိုက်လင်း၏ ဗီရိုကြီးအတွင်းမှ လောင်းဂျဗစ်ဆေးဘူးဖြင့် ထည့်ထားသော အင်တက်စီဆေးပြား (၁၀၀)၊ ဈေးကွက်တန်ဖိုး သိန်း (၅၀) ဖိုးရှိ စိတ်ကို ပြောင်းလဲရူးသွပ်စေသည့် ဆေးပြားများကို သိမ်းဆည်းရမိလေသည်။

ဦးအိုက်လင်း၏ ဗီရိုအတွင်းမှ သိမ်းဆည်းရမိသော ပစ္စည်းများအတွက် ဦးအိုက်လင်းကို ဖော်ထုတ်စစ်ဆေးရန် ရှာဖွေသည်။ ဦးအိုက်လင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသည်။ သူ ငှားနေသည့် တိုက်မှာ နှစ်ချုပ်ဖြင့် (၁) နှစ်ငှားထားခြင်း ဖြစ်သည်။

www.burmeseclassic.com



(၁) နှစ်ပြည့်ရန် (၂) လသာ လိုတော့သည်။ သူစီးသော ဒဗ လယ်ကတ်ကားမှာ တော်ဝင်ပန်းသူဌေး၏ကားကို ခဏယူစီး လာခြင်း ဖြစ်ကြောင်း ဖော်ထုတ်ရရှိလေသည်။

နွေသီတာက 'ဖြောင့်ချက်' ပေးသောကြောင့် တရားရုံးခေါ်သွားပြီး ဖြောင့်ချက်ကို ရဲလုပ်ငန်း၏ လုပ်ထုံးလုပ်နည်း နှင့်အညီ ဖြောင့်ချက်ရယူသော တရားသူကြီးထံတွင် ရယူသည်။

ဦးအိုက်လင်းမှာ ထွက်ပြေးတိမ်းရှောင်နေသောကြောင့် ပြစ်မှုဆိုင်ရာ အထွေထွေမှုဖွင့်ပြီး တရားခံပြေး၊ ဝရမ်းပြေးအဖြစ် ရုံးတော်သို့ သီးခြားအမှုတင်သွင်းရာ ရုံးတော်က တရားခံပြေး ကြေညာသည်။

သက်ဆိုင်ရာ နယ်မြေရဲတပ်ဖွဲ့က အမှုတည်ဆောက်ပြီး နွေသီတာကို ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်သို့ စိတ်ကို ပြောင်းလဲရူးသွပ်စေသော ဆေးဝါးသုံးစွဲမှု၊ လက်ဝယ် တွေ့ရှိမှုတို့ဖြင့် တရားစွဲဆိုတင်ပို့သည်။

(၅)

ဆောင်းသီတာနှင့် မိုးသီတာတို့ ဆရာ ကိုရွှေပန်းတော ထံသို့ ဖုန်းဆက်ပြီး နွေသီတာ၏ အခြေအနေများကို ပြောပြ သည်။ နောက်ရုံးချိန်းတွင်လာပြီး လူမှုရေးအရ အားပေးစကား ပြောပေးမည်ဖြစ်ကြောင်း ပြောလိုက်သည်။

ရုံးချိန်းနေ့၏ 'တရားရုံးချုပ်အခန်း' တွင် ဖြစ်သည်။ ခါး၊ ရင်၊ တင် အချိုးအဆစ်ပြေပြီး ဖြူဖွေးသော အသားအရေ ရှိသူ နွေသီတာမှာ အနက်ရောင်ဝတ်စုံလေးဖြင့် အတော်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ လှနေပါသည်။ ဗီဒီယိုဇာတ်လမ်းရိုက်မည့် မင်းသမီးလေးလား ထင်ရမလောက်။ မျှော်တုန်းမျှော်ဆဲ ကျွန်တော်လည်း ရောက်လာဆိုသကဲ့သို့ ဆရာကိုရွှေပန်းတော ရောက်ရှိလာသည်။ ဝမ်းသာစွာ ကြိုဆိုကြသည်။

"အစ်ကိုကြီး နွေ့ကို အချစ်ဆုံးကနေပြီး မင်းကို စိတ်အပျက်ဆုံးလို့ ပြောခဲ့တယ်၊ အခု နွေ့ကို အစိတ်အပျက်ဆုံးကနေပြီး မင်းကို အမုန်းဆုံးဖြစ်သွားပြီလား အစ်ကိုကြီးရယ်"

နွေ့သီတာသည် ဆရာကိုရွှေပန်းတောကို ရင်တွင်းဖြစ် ခံစားချက်လေးများပြောပြီး ငိုချလိုက်သည်။ နွေ့ရဲ့ မျက်ရည်များကလည်း ထိန်းမနိုင်၊ သိမ်းမရ ယိုစီးကြနေသည်။ ဆောင်းသီတာ၊ မိုးသီတာနှင့် နွေ့ရဲ့ မိခင်မုဆိုးမကြီးတို့မှာ မျက်ရည်ကိုယ်စီဖြင့် ငိုယိုနေကြသည်။ နွေ့၏ ငိုပြောပြောပြီး ဆရာကိုရွှေပန်းတောကို တောင်းပန်ပြောဆိုနေသည့် ခံစားချက်များမှာ အကယ်ဒမီမင်းသမီးလေး သရုပ်ဆောင်နေသလား ထင်ရသည်။

အမှုကိုင် ရဲအရာရှိက အမှုတင်တော့မည် ဖြစ်ကြောင်း သတင်းပို့သည်။ ဆရာကိုရွှေပန်းတောသည် နွေ့သီတာ၏ ထောင်ဝင်စာပို့ ရိက္ခာအတွက် ငွေကျပ် (တစ်သိန်း) ကို သူ့မိခင်ကြီးလက်သို့ ပေးအပ်လိုက်သည်။ နောင်လည်း အလျဉ်းသင့်သလို လူမှုရေးအရ ကူညီမည်ဖြစ်ကြောင်း နွေ့ကို ပြောလေသည်။

"အစ်ကိုကြီး၊ နွေ့ အမိုက်မကို မုန်းလိုက်ပါတော့။ မေ့လိုက်ပါတော့။ နွေ့ဟာ အစ်ကိုကြီးရဲ့ မေတ္တာနဲ့ မတန်တဲ့ အမိုက်မကို မုန်းလိုက်ပါတော့"

www.burmeseclassic.com

www.burmeseclassic.com



နွေသီတာသည် ပြောရင်းပြောရင်း သတိမေ့လဲကျသွားလေရာ အမှုကိုင်ရဲနှင့် တရားခွင်စာရေး၊ တရားသူကြီးတို့ အတော်အလုပ်ရှုပ်သွားကြရလေသည်။

ဆရာကိုရွှေပန်းတောမှာ ခေါင်းတယမ်းယမ်းလုပ်ကာ ထိုနေရာမှ နေးကွေးစွာ ထွက်ခွာလာခဲ့လေတော့သည်။

❒

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ငို့ခဲ့ရ ကျွန်မဘဝပါရှင်

(၁)

**"ဘဝစာတ်ဆရာ၊ အလိုကျ ဆိုပြ၊ ငို့ခဲ့ရ ကျွန်မဘဝပါရှင်။ လူတကာတွေ ပျော်ပျော်ရွှင်ရွှင်၊ မြော်မြင်ရေးကင်းဝေးပေါ့ရှင်၊ အဆွေးစာတ်လမ်း၊ အတွေးမှတ်တမ်းတင်** x x x"

"ဟယ် . . .ဟန်နီတာ သီချင်းလည်းဆို၊ ငိုလည်း ငိုနေပါလား။ ဒီလောက်စိုးရိမ်သောက မဖြစ်ပါနဲ့ သမီးရယ်။ လုံထမ်းတာကို မြင်ရတယ်၊ ကံထမ်းတာကို မမြင်ရဘူးတဲ့။ အဘလည်း ဘဏ်သူဌေးကြီးနဲ့ မန်နေဂျာတို့ထံမှာ လူကြီးတွေနဲ့ ပြောထားပါတယ်။ သမီးကိုယ်တိုင်လည်း အသနားခံတဲ့စာ ပေးထားတယ်မဟုတ်လား။ မငိုနဲ့တော့နော်၊ မငိုနဲ့တော့"

"အိမ်ရှေ့မှ အိမ်နောက်မချမ်းသာ" ဆိုသကဲ့သို့ အမှုသည်မလေး၊ အပူသည်မလေး ဟန်နီတာကို အဘဦးစိန်က အားပေးစကားပြောနေရသည်။ 'တစ်လှေတည်းစီး တစ်ခရီးတည်းသွား' လုပ်ငန်းသဘောအရ တူညီသူများလည်းဖြစ်၊ တစ်လမ်းတည်း

www.burmeseclassic.com



သား၊ တစ်ရပ်ကွက်တည်းသား အိမ်နီးချင်းဖြစ်သောကြောင့် အားကိုးရာမဲ့ဖြစ်နေသော ဟန်နီတာကို ဝိုင်းဝန်းပြီး အားပေးစကားပြောကြားရသည်မှာလည်း မမောနိုင် မပန်းနိုင်ကြ။

ဘဝဇာတ်ဆရာ၊ အတိတ်ကံဘဝက ဘယ်လိုဖန်တီးပေးဦးမှာလဲဆိုသည်ကို စောင့်ကြည့်နေကြရသည်မှာ သည်းထိတ်ရင်ဖို ဖြစ်စရာပင်။

ဟန်နီတာသည် မိခင်အိုမုဆိုးမကြီးနှင့် အပျိုကြီးအစ်မဖြစ်သူတို့အား လုပ်ကိုင်ကျွေးနေသော သူတော်ကောင်းမလေးဖြစ်သည်။ သူမ၏ ပညာအရည်အချင်းမှာ လေးတန်းအောင်ရုံမျှသာ ရှိသော်လည်း ဘွဲ့ရ သူငယ်ချင်းမိတ်ဆွေများနှင့် ရင်ပေါင်တန်းပြီး အိမ်ထောင်စုတာဝန်ကို ထမ်းဆောင်နိုင်သူလေးဖြစ်သည်။

သူမသည် လက်နှိပ်စက်ရိုက် အလွန်ကျွမ်းကျင်သူ ဖြစ်သည်။ ထို့ကြောင့်လည်း ရှေ့နေကြီးများ၏ ရာဇဝတ်မှု၊ တရားမမှုများကို လက်နှိပ်စက်ရိုက်ပေးလာခဲ့သည်မှအစ "တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး" ဆိုသလို ဥပဒေပညာရပ်ဆိုင်ရာများကို သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများထံမှ ရရှိသူဖြစ်သည်။ လက်နှိပ်စက် ရိုက်ပေးသော အလုပ်သာမက ပြည်တွင်း/ ပြည်ပတို့တွင် အသုံးပြုရန် လိုအပ်သော ဂျီပီ (ဂျင်နရယ်ပါဝါ)၊ အက်စ်ပီ (စပါယ်ရှယ်ပါဝါ)၊ ဘွဲ့လက်မှတ်၊ ဆယ်တန်းအောင်လက်မှတ်၊ သက်သေခံစာရွက်စာတမ်းများကို ဘာသာပြန်စေပြီး စာချုပ်စာတမ်းပေါ်တွင် တံဆိပ်ခတ်နှိပ် လက်မှတ် ရေးထိုးပေးခွင့်ရှိသော နိုတြီပဗ္ဗလစ် တရားရုံးချုပ်ရှေ့နေ

www.burmeseclassic.com

www.burmeseclassic.com



ကြီးများထံ လက်မှတ်ရေးထိုးပေးစေသော လုပ်ငန်းများကိုပါ လုပ်ကိုင်ပေးခြင်းကို သူများနည်းတူ လုပ်ကိုင်နေလေသည်။

တစ်နေ့တွင် ဖြစ်သည်။

"ညီမ ဒီဘားလမ်း (ယခု မဟာဗန္ဓုလပန်းခြံလမ်း) ထဲမှာ နိုင်ငံခြားပညာသင် လျှောက်ထားသူတွေအတွက် (ရှိုးမန်းနီး) ပြဖို့ ဘဏ်နဲ့ပတ်သက်တဲ့ စာရွက်စာတမ်း လုပ်ပေးတဲ့သူ ရှိတယ်လို့ အစ်မရဲ့ဘေးအိမ်မှာ နေတဲ့သူက လမ်းညွှန်လိုက်လို့ လာရှာတာ ပြောချင်သလို မပြောချင်သလိုနဲ့ ရှာမရဖြစ်နေတယ်၊ ညီမ သိရင် ကူညီပါလား"

"ဟော...ဟိုတိုက်ထဲ ဝင်သွား၊ ကိုအောင်လင်း (ခ) ကိုဆလူးဆိုတဲ့ ပုဂ္ဂိုလ်ရှိတယ်။ သူ့ဆီသွားပြီး မေးလိုက်ပါ။ အစ်မ သိချင်တာ သူပြောပြပါလိမ့်မယ်"

"ညီမရယ် ဒီနားနဲ့ဟိုနားက ဘာဝေးလို့လဲ၊ ကူညီလက်စနဲ့ ရေဆုံးမီးဆုံး ကူညီပါလား"

ဟန်နီတာသည် လူမှုရေး၊ ဘာသာရေးစိတ်ဓာတ် အပြည့်ရှိသူလေး ဖြစ်သည်။ သူတစ်ပါးကို ကူညီလိုစိတ် အမြဲထာဝရ ရှိသူလေး ဖြစ်သည်။ သို့ကြောင့်လည်း-

"လာ အစ်မ ကျွန်မ လိုက်ပို့ပေးမယ်၊ မိတ်ဆက်ပေးပါ့မယ်"

ဟန်နီတာသည် ရှမ်းအမျိုးသမီး သန့်သန့်ခန့်ခန့်ကြီးအား ကိုအောင်လင်း (ခ) ကိုဆလူးထံသို့ ခေါ်သွားလေသည်။

"ကိုဆလူး...ဒီအစ်မက အလုပ်ကိစ္စ ဆွေးနွေးချင်လို့တဲ့၊ အလုပ်ဖြစ်ရင် (အာရကေ) ပေးရမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ဟန်နီတာသည် မရှမ်းမအား ကိုအောင်လင်း (ခ) ကိုဆလူးထံသို့ ပို့အပ်ပေးလိုက်သည်။

(၂)

နှစ်လခန့်အကြာတွင် ဖြစ်သည်။

ဘားလမ်း (ပန်းခြံလမ်း) အောက်လမ်းသို့ ဒုရဲအုပ် ကျော်စိန်လင်းနှင့် တပ်ဖွဲ့ဝင်နှစ်ဦးတို့ ရောက်ရှိလာကြသည်။ ကိုအောင်လင်း (ခ) ကိုဆလင်းကို တွေ့ဆုံမေးမြန်းသည်။ မဟန်နီတာကိုလည်း တွေ့ဆုံမေးမြန်းသည်။

"ကျွန်တော်တို့က ကမာရွတ်ရဲစခန်းကပါ၊ စုံစမ်းစရာရှိလို့ ခဏလိုက်ခဲ့ပါ။ တာဝန်အရ အလုပ်သဘောအရပေါ့ဗျာ"

ပြောပြောဆိုဆို လျှင်မြန်သော လှုပ်ရှားမှုဖြင့် ကိုဆလူးကို လက်ထိတ်ခတ်လိုက်သည်။

"သူကတော့ မိန်းကလေးမို့ မခတ်တော့ဘူး၊ ပြေးဖို့တော့ မစဉ်းစားနဲ့"

"စိတ်ချပါ ဆရာ၊ ကျွန်မ ဒီလောက် သတ္တိမရှိပါဘူး"

ကမာရွတ်ရဲစခန်းသို့ ရောက်သောအခါ ဟန်နီတာသည် အမည်မသိ၊ လူမြင်သိသော မရှမ်းမကို တွေ့ရသည်။ သူနှင့် ပတ်သက်သော ပြဿနာဖြစ်ရမည်ဟု တွေးနေသည်။ အမှုစစ်ရဲအရာရှိ ရောက်လာသည်။ ကိုယ်ရေးအချက်အလက်များ ရယူသည်။ အဓိက စစ်ချက်ရယူသည်။ တွေ့ဆုံစစ်ဆေးသည်။

"မနန်းခမ်းမွန် သူ့ကို သိလား"

www.burmeseclassic.com

www.burmeseclassic.com



"လူကိုတော့ သိပါတယ်၊ နာမည်ကိုတော့ ကျွန်မ မသိပါ"

"ကိုအောင်လင်း (ခ) ကိုဆလူးထံ ခေါ်သွားတာ သူလား"

"သူခေါ်သွားတာ မဟုတ်ပါဘူး၊ ကျွန်မက လိုက်ပို့ခိုင်းတာပါ"

"မဟန်နီတာထံမှာ ဘာစာရွက်စာတမ်းတွေလုပ်ပေးဖို့ အပ်နှံသလဲ"

"ကျွန်မ သူထံမှာ ဘာမှမအပ်ပါဘူး"

အမှုစစ်အရာရှိသည် မနန်းခမ်းမွန်ကို အချုပ်ခန်းသို့ ပြန်ပို့လိုက်ပြီး အမှုတွဲတစ်ဦးဖြစ်သူ ကိုရန်ကြားပေါင်အား ခေါ်ထုတ်စေပြီး ဆက်လက်၍ စစ်ကြောရေးလုပ်သည်။

"ကိုရန်ကြားပေါင် သူ့ကိုသိလား"

"မသိဘူး ဆရာ"

"သေချာကြည့်ပါဦး၊ ခင်ဗျား သူ့ထံ အလုပ်ဘယ်နှစ်ကြိမ်အပ်ဖူးလဲ၊ မှန်တဲ့အတိုင်း ပြောပေါ့ဗျာ"

"ကျွန်တော်တို့တောင်ပေါ်သားတွေဟာ ဘယ်တော့မှ လိမ်မပြောဘူး။ သိရင်သိတယ်၊ မသိရင် မသိဘူး။ အခု ဒီမိန်းကလေးကို အခုမှ တွေ့ဖူးတာပါ။ အရင်က သိလည်းမသိဘူး၊ မြင်လည်းမမြင်ဖူးပါဘူးဆရာ"

အမှုစစ်အရာရှိသည် ကိုရန်ကြားပေါင်အား အချုပ်ခန်းသို့ ပြန်လည်ပို့လိုက်ပြီး ကိုအောင်လင်း (ခ) ကိုဆလူးကို

www.burmeseclassic.com

www.burmeseclassic.com



အမှုစစ်ခန်းသို့ ထုတ်လာစေပြီး စစ်ကြောရေး ဆက်လက်ဆောင်ရွက်သည်။

"ကိုအောင်လင်း (ခ) ကိုဆလင်း၊ ခင်ဗျား ဒီအလုပ်ကို လက်ခံပြီး မဟာန်နီတာကို ဝေစု ဘယ်လောက်ခွဲပေးရသလဲ"

"ဝေစုအနေနဲ့ မပေးရပါဘူးဆရာ၊ (အာရကေ) ပွဲခ သဘောနဲ့ ငွေ ၂၀၀၀ဝိ/ ပေးလိုက်ပါတယ်"

"ခင်ဗျား လုပ်ပေးတဲ့ အလုပ်နဲ့ပတ်သက်ပြီး မဟာန်နီတာက ဘယ်အစိတ်အပိုင်း၊ ဘယ်ကဏ္ဍတွေ လုပ်ပေးသလဲ"

"သူ ဘာမှမလုပ်တတ်ပါဘူး၊ လုပ်ပေးတာလည်း မရှိပါဘူး ဆရာ"

အမှုစစ် ရဲအရာရှိသည် မဟာန်နီတာကို အချုပ်ခန်းသို့ ပြန်ပို့စေပြီး မနန်းခမ်းမွန်ကို အမှုစစ်ခန်းသို့ ခေါ်ယူလာစေသည်။

"ကဲ...ကိုအောင်လင်း (ခ) ကိုဆလူးနဲ့ မနန်းခမ်းမွန်တို့ကို ကျွန်တော် မျက်နှာစုံညီမေးမယ်၊ အမှန်ကို အမှန်အတိုင်း ပြောရင် စစ်ကြောရေးလုပ်ငန်း မြန်မြန်ပြီးတယ်၊ အမှုကို ရုံးတင်ဖို့ မြန်ဆန်တယ်ပေါ့ဗျာ။ အဲ ဝေ့လည်ကြောင်ပတ် ပြောနေမယ်ဆိုရင် ရဲ စိတ်ညစ်တယ်ပေါ့။ အချိန်ကြာတယ်ပေါ့၊ ဒါကြောင့် မျက်နှာစုံညီ ကျွန်တော်တို့ စစ်ဆေးတာပါ"

"ကိုဆလူး ဒီစာရွက်စာတမ်းလုပ်ပေးဖို့အတွက် မနန်းခမ်းမွန်ဆီက ငွေ ဘယ်လောက်ယူသလဲ"

"ဆယ်သိန်းပါ ဆရာ"

"မနန်းခမ်း သူပြောတဲ့အတိုင်း မှန်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ် ဆရာ"

"ဘယ်နှစ်ကြိမ် ခွဲပေးရသလဲ"

"ပထမတစ်ကြိမ် (၅) သိန်း၊ (၅) ရက်ခွာ ချိန်းတယ်။ ချိန်းတဲ့နေ့မှာ ကျန်ငွေ (၅) သိန်းပေးပြီး စာရွက်စာတမ်း ပေးပါတယ် ဆရာ"

အမှုစစ်ရဲအရာရှိ ဒုရဲအုပ် ကျော်စိန်လင်းသည် တစ်နေ့တာ စစ်ကြောရေးလုပ်ငန်းကို ရပ်နားလိုက်လေသည်။

(၃)

"ဆာဂျင်ကြီး၊ ကိုအောင်လင်း (ခ) ကိုဆလူးကို အချုပ်ထဲက ထုတ်လာပေးပါ ဆရာကြီး"

အချုပ်ခန်းလုံခြုံရေး ရဲတပ်ကြပ်ကြီးသည် စစ်ကြောရေးလုပ်သော အမှုစစ်အခန်းသို့ ကိုဆလူးအား ထုတ်လာပေးသည်။

"ကိုဆလူး ခင်ဗျားလုပ်ပေးတဲ့ ဘဏ်စာအုပ်ထဲမှာ ဖြည့်စွက်ရိုက်နှိပ်တဲ့ ကွန်ပျူတာက ဘယ်ဆိုင်မှာ လုပ်သလဲ"

"ကျွန်တော် မမှတ်မိတော့ဘူး ဆရာ"

"ကိုဆလူး ခင်ဗျား ဒါ ရဲကို လိမ်ပြောနေတာပဲ၊ ရဲစိတ်ညစ်အောင် မလုပ်ပါနဲ့လို့ ကျွန်တော် ခင်ဗျားကို ပြောပြီးသားနော်"

ကိုအောင်လင်း (ခ) ကိုဆလူးသည် ချွေးများပြန်လာပြီး တုန်တုန်ယင်ယင် ဖြစ်နေသည်။ စကားများ ရှေ့/နောက် မညီတော့။ မျက်နှာနီမြန်းလာသည်၊ ထိုင်နေရာမှ မူးလဲသွားသည်။ ရဲအုပ်ကျော်စိန်လင်းသည် စခန်းမှူးထံ သတင်းပို့ပြီး ဆေးရုံ

www.burmeseclassic.com

www.burmeseclassic.com



ကြီးသို့ စခန်းမှ ကားဖြင့် ချက်ချင်း ပို့အပ်လိုက်သည်။ နှစ်ရက်ကြာသောအခါ ဆေးရုံမှ ဆင်းလာသည်။ ဆေးကုသမှု ခံယူနိုင်ရန်အတွက် ကိုဆလူးအား ခိုင်လုံသော အာမခံသူဖြင့် အာမခံပေးလိုက်လေသည်။

ဆယ်ရက်ခန့်ကြာသောအခါ ကိုဆလူးသည် အရက်အလွန်အကျွံသောက်ခြင်း၊ သွေးတိုး၊ နှလုံးရောဂါ ရှိမှန်းမသိတွေ့ဝေခဲ့ခြင်းတို့ကြောင့် စိတ်ဖိစီးမှုဖြင့် ဦးနှောက်သွေးကြောပြတ်ကာ ကွယ်လွန်သွားခဲ့လေသည်။

ပြစ်မှု၏ အဓိကတရားခံဖြစ်သော ကိုဆလူး ကွယ်လွန်သွားပြီး သက်သေခံပစ္စည်း အထောက်အထား ဘာမျှ သိမ်းဆည်းရရှိခြင်းလည်း မရှိသောကြောင့် ပူးတွဲတရားခံများဖြစ်ကြသော မနန်းခမ်းမွန်၊ ကိုရန်ကြားပေါင်၊ မဟန်နီတာတို့ကိုလည်း ရဲအာမခံပေးရလေသည်။

အမှုမှာ တောင်ပြာတန်းဘဏ်တွင် ငွေစုဆောင်းထားသော မနန်းခမ်းမွန်က ၎င်း၏သမီး ပြည်ပနိုင်ငံရှိ ကျောင်းသို့ ကျောင်းတက်ရန်အတွက် (ရှိုးမန်းနီး) ပြရာတွင် ၎င်း၏ဘဏ်စာအုပ်ရှိ လက်ကျန်ငွေကျပ် ၂၀၀၀၀ိ/တွင် ငွေကျပ် သိန်း (၂၀၀) ဖြည့်စွက်စေခြင်း၊ ဘဏ်၏ထောက်ခံချက်အတု ပြုလုပ်ခြင်းတို့ကို ကိုဆလူးအား ငွေကျပ် (၁၀) သိန်းပေးပြီး အပ်နှံခဲ့သည်။ သက်ဆိုင်ရာသံရုံးသို့ ဗီဇာလျှောက်ထားရာတွင် ထိုဘဏ်စာအုပ်နှင့် ထောက်ခံချက်ကို တင်ပြခဲ့သည်။ ဗီဇာဌာနမှ တောင်ပြာတန်းဘဏ်သို့ မသင်္ကာသောကြောင့် မေးမြန်းခဲ့ရာ ဘဏ်လက်ကျန်တွင် လက်ကျန်ငွေကျပ် ၂၀၀၀၀ိ/သာ ရှိသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဗီဇာဌာနမှ ဗီဇာလျှောက်ထားမှုကို ပယ်ချပြီး ဘဏ်စာအုပ်၊ စာရွက်တို့ကို ပြန်ပေးလိုက်လေသည်။

စိတ်ဓာတ်ကျသွားပြီး မျှော်လင့်ချက်ကုန်ဆုံးနေပြီ ဖြစ်သော မနန်းခမ်းမွန်သည် စာအုပ်နှင့် စာရွက်ကို မီးရှို့ပစ်လိုက်လေသည်။

တောင်ပြာတန်းဘဏ်မှ ဘဏ်၏ဂုဏ်သိက္ခာကို ထိခိုက်စေသောကြောင့် တရားခံများအပေါ် အမှုဖွင့် အရေးယူပေးပါရန် တိုင်ကြားခဲ့သောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀/၄၆၈/၁၁၄ တို့ဖြင့် အရေးယူဆောင်ရွက်ခဲ့ရသော အမှု ဖြစ်လေသည်။

## (၄)

မှုခင်းဖြစ်ရပ် စစ်ဆေးပေါ်ပေါက်ချက်များနှင့်အတူ မြို့နယ် ဥပဒေအရာရှိထံသို့ ဥပဒေအကြံပြုချက် တောင်းခံသည်။ မြို့နယ်ဥပဒေအရာရှိ၏ ဥပဒေအကြံပြုချက်အရ မြို့နယ်တရားရုံးသို့ တရားခံ မနန်းခမ်းမွန်၊ ကိုရန်ကြားပေါင်၊ မဟန်နီတာတို့ကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀/၁၁၄ ဖြင့် တရားစွဲဆိုတင်ပို့ခဲ့သည်။ ကမာရွတ်မြို့နယ် တရားရုံးတော်မှ ပြစ်မှုကြီးအမှတ် ၀၀၇/၂၀၀၉ ဖြင့် အမှုကို စစ်ဆေးကြားနာခဲ့သည်။ မနန်းခမ်းမွန်မှာ ရှမ်းတောင်တန်းမှ ရန်ကုန်သို့ လာရောက်ပြီး အမှုရင်ဆိုင်ရပါသောကြောင့် စီးပွားရေး၊ လူမှုရေး ထိခိုက်နစ်နာ ရောက်နေရသည့် မုဆိုးမ ဖြစ်ပါသောကြောင့်တစ်ကြောင်း၊ သမီးလေး ပြည်ပသို့ သွားရောက်ပညာသင်ကြားခွင့်၊ အခွင့်အရေးများလည်း ဆုံးရှုံးသွားရပါသောကြောင့်တစ်ကြောင်း၊ မိမိအပေါ်

www.burmeseclassic.com

www.burmeseclassic.com


စွဲဆိုထားသည့်အမှုကို ရုပ်သိမ်းပေးပါရန် ဘဏ်ဥက္ကဋ္ဌကြီးနှင့် အမှုဆောင်များထံ အသနားခံသည်။ လူမှုရေးအရ အမှုကို ရုပ်သိမ်းပေးခဲ့သည်။

ကိုရန်ကြားပေါင်ကလည်း အိမ်နီးချင်းဖြစ်သူ မနန်းခမ်းမွန်ကို ကူညီလမ်းပြပေးခဲ့ရာမှ အမှုတွင် ပါဝင်ခဲ့ရသူ ဖြစ်ပါသည်။ အမှုဖြစ်ရပ်တွင် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပါဝင်ပတ်သက်သူ မဟုတ်ပါသောကြောင့် မနန်းခမ်းမွန်ကဲ့သို့ အမှုမှ ရုပ်သိမ်းပေးပါရန် အသနားခံခဲ့ရာ ရှမ်းတောင်တန်းသားချင်း ဖြစ်သည့်အားလျော်စွာ အမှုမှ ရုပ်သိမ်းပေးခဲ့လေသည်။

တရားရုံးတော်မှ ကျန်ရှိသောတရားခံ အမှတ် (၄) မဟာန်နီတာဖြင့် အမှုကို ဆက်လက်စစ်ဆေးခဲ့သည်။ တရားလို၊ တရားလိုပြသက်သေများ စစ်ဆေးကြားနာပြီး မဟာန်နီတာအပေါ် ပြစ်မှုပုဒ်မ ၄၂၀/၁၁၄ ဖြင့် စွဲချက်တင်ခဲ့လေသည်။ စွဲချက်တင်ခြင်းသည် အပြစ်ပေးခြင်း မဟုတ်သော်လည်း (၅၀) ရာခိုင်နှုန်း အပြစ်ရှိသည်ဟု ယူဆနိုင်သော အခြေအနေ ဖြစ်သည်။ ထို့ကြောင့်လည်း ဟာန်နီတာတစ်ယောက် ချုံးပွဲချ၍ ငိုခဲ့ရလေသည်။ စွဲချက်တင်ခံရမှုကို ခရိုင်တိုင်းတရားရုံးမှသည် တရားရုံးချုပ်အထိ ပယ်ဖျက်ပေးပါရန် လျှောက်ထားခွင့်ရှိသော်လည်း ရှေ့နေခ ငွေကြေးမတတ်နိုင်သောကြောင့် မျက်ရည်ကိုသာ အဖော်ပြုနေရပါလေသည်။

ဟာန်နီတာသည် အပူသောကများကို ဘုရားက ကုစားနိုင်ရန်အတွက် မိသားစုကိုးကွယ်သော တောင်ဥက္ကလာပမြို့နယ်၊

www.burmeseclassic.com



(၂) ဝိုင်း၊ မြလေးရုံကျောင်းဆရာတော်ထံသို့ သွားရောက်ခဲ့လေသည်။

"ဆရာတော်ဘုရား၊ ဆရာတော်ဘုရား တပည့်တော်ကို တရားပြပေးပါဦး ဘုရား"

ငိုကြီးချက်မဖြင့် ဘုရားရှေ့လာရောက်ပြီး ငိုကြွေးသံ ကြားရသောကြောင့် တရားထိုင်နေရာမှ ဆရာတော်သည် အခန်းတွင်းမှ ထွက်လာသည်။

"ဟေ...ဟန်နီတာပါလား၊ ငိုနေတာက ဟုတ်ပါပြီ၊ နင့်ဟာက ဆရာတော် ပျံလွန်တော်မူလို့ ငိုချင်းချသလို ဖြစ်နေတယ်ဟ..."

"ကိုင်း...ဆိုစမ်းပါဦး၊ ဘာတွေဖြစ်လာတာလဲ၊ ပြောစမ်းပါဦး"

"တပည့်တော်အပေါ် တရားရုံးက စွဲချက်တင်လိုက်ပြီဘုရား"

"ဟဲ့...စွဲချက်တင်တယ်ဆိုတာ ဘာလဲဟ"

"မှန်လှပါဘုရား၊ စွဲချက်တင်တယ်ဆိုတာ ထောင်ကျဖို့နီးစပ်ပါတယ်ဘုရား"

"အေး...အပူရှိရင် အအေးရှိပါတယ်၊ တို့ဘုရားဟောထားတဲ့ တရားဒေသနာတွေ အပူငြိမ်းဆေးတွေ အများကြီးရှိတယ်ကွယ့်၊ ဘာဘုန်းပြောတဲ့ အပူငြိမ်းတဲ့ တရားကို စူးစူးစိုက်စိုက် ပွားများအားထုတ်ပေတော့။ ဟိုနှစ်ယောက်ကို အမှုကရုပ်သိမ်းပေးသလို ဒကာမလေးအမှုကိုလည်း ဘဏ်သူဌေးကြီးက

www.burmeseclassic.com



ရုပ်သိမ်းပေးပါလိမ့်မယ်။ မှန်ကူကွက် မေတ္တာပွားနည်း အပူငြိမ်းဆေးကြီးပဲ၊ ဟောဒီမှာ ကူးရေး”

**ဘဏ်သူဌေးကြီးနှင့် အမှုဆောင်ကြီးများ**

(၁) မျက်စိအကြည်ဓာတ်၊ မျက်စိဝိညာဉ်၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာပါစေ။

(၂) နားအကြည်ဓာတ်၊ နားဝိညာဉ် ဘေးရန်ခပ်သိမ်း၊ ကင်းငြိမ်းချမ်းသာပါစေ။

(၃) နှာခေါင်းအကြည်ဓာတ်၊ နှာခေါင်းဝိညာဉ် ဘေးရန်ခပ်သိမ်း၊ ကင်းငြိမ်းချမ်းသာပါစေ။

(၄) လျှာအကြည်ဓာတ်၊ လျှာဝိညာဉ် ဘေးရန်ခပ်သိမ်း၊ ကင်းငြိမ်းချမ်းသာပါစေ။

(၅) ကိုယ်အကြည်ဓာတ်၊ ကိုယ်ဝိညာဉ် ဘေးရန်ခပ်သိမ်း၊ ကင်းငြိမ်းချမ်းသာပါစေ။

(၆) မနော (စိတ်) အကြည်ဓာတ်၊ မနောဝိညာဉ် ဘေးရန်ခပ်သိမ်း၊ ကင်းငြိမ်းချမ်းသာပါစေ။

ဒုက္ခခပ်သိမ်း ကင်းငြိမ်းလိုသော ဟန်နီတာသည် ဘဏ်ဥက္ကဋ္ဌကြီးနှင့်တကွ ဘဏ်အမှုဆောင် သူဌေးကြီးများအား မှန်ကူကွက် မေတ္တာပွားနည်းဖြင့် တစ်နေ့သုံးကြိမ်၊ ပုတီး သုံးပတ်စိပ်၊ အာရုံသွင်းပြီး အားထုတ်လာခဲ့သည်။ မနန်းခမ်းနွန်၊ ကိုရန်ကြားပေါင်တို့အား အမှုရုပ်သိမ်းပေးသကဲ့သို့ မိမိကိုလည်း ရုပ်သိမ်းပေးပါရန် အသနားခံစာလည်း နှစ်ကြိမ် အသနားခံခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၅)

တရားခံ အမှတ် (၄) ဟန်နီတာနှင့် သက်သေနှစ်ယောက်ကို တရားရုံးတော်က စစ်ဆေးပြီးခဲ့လေပြီ။ ကျန်သက်သေတစ်ယောက် စစ်ဆေးပြီးပါက တရားလိုဘက်၊ တရားခံဘက်တို့မှ နှစ်ဖက်လျှောက်လဲချက်ပေးပြီး အမိန့်ချရန် အဆင့်သာလိုတော့သည်။ ဟန်နီတာသည် ကံကြမ္မာဖန်လာမည့်အရေးတွေးရ၊ ပူရဖြင့် တစ်နေ့တခြား ပိန်လာသည်။ မျက်မှောင်များလည်း ကျနေသည်။

သူမ၏ရုံးချိန်းရက်မှာ ၁၆-၂-၂၀၁၀ နေ့ဖြစ်သည်။ တုန်ယင်နေသော ခြေလှမ်းများဖြင့် တရားရုံးသို့ ရောက်ခဲ့သည်။ တရားရုံးသို့ ရောက်လာသည်နှင့် အမှုခေါ်သည်။ ဘဏ်မန်နေဂျာ ရုံးရှေ့ရောက်လာပြီး မဟန်နီတာအပေါ် စွဲဆိုထားသော အမှုကို ရုပ်သိမ်းပါကြောင်း လျှောက်လွှာတင်သွင်းသည်။ ရုံးတော်မှ ခွင့်ပြုသည်။

ဟန်နီတာသည် မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်မြင်ကွင်းကို တွေ့လိုက်ရသောကြောင့် ဝမ်းသာလုံးဆို့ပြီး အားရပါးရငိုချလိုက်သည်။ မန်နေဂျာ၏ခြေစုံကို ရှိခိုးဦးခိုက်တင်ကာ ငိုနေရင်း မူးမေ့သွားသည်။ နှာနပ်သူက နှပ်၊ ယပ်ခတ်သူကခတ်ဖြင့် တရားခွင်ရှေ့တွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

သတိပြန်ရလာသည်။ တရားသူကြီး အစိုးရရှေ့နေ အခရာရှိ၊ ဘဏ်မန်နေဂျာတို့က...

"သမီး အမှုကိစ္စအားလုံး ပြီးသွားပါပြီ။ စိတ်အေးလက်

www.burmeseclassic.com

www.burmeseclassic.com



အေး နေပါ။ မိခင်အိုမှဆိုးမကြီးကို သမ္မာအာဇီဝအလုပ်နဲ့ လုပ်ကျွေးပါ”ဟု ဖြေသိမ့်အားပေးလိုက်ကြသည်။

ဟန်နီတာသည် အားလုံးကို လက်အုပ်ကလေးချီကာ ၄င်း ခိုးဦးနှိမ်ပြီး ကန်တော့လိုက်လေသည်။

□

www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားဟန်လွှဲ

www.burmeseclassic.com

www.burmeseclassic.com

# ခရီးသွားဟန်လွဲ

(၁)

"ကျွန်တော့်ထိုင်ခုံနံပါတ်က (၁၂) ပါ"

"အစ်မထိုင်ခုံနံပါတ်က (၁၁) ပါ"

"အစ်မ ကြိုက်တဲ့ဘက်မှာ ထိုင်ပါ"

"ဒါဆို အစ်မ (၁၂) ဘက်မှာ ထိုင်မယ်နော်"

"ထိုင်ပါ...အစ်မ၊ ထိုင်ပါ"

မူဆယ်၊ နမ့်ခမ်း၊ မန္တလေးကားဂိတ်ကြီးတွင် ကားထွက်ချိန် နီးနေပြီဖြစ်၍ ခရီးသည်များ အလျှိုအလျှို ရောက်လာကြသည်။ မိမိထိုင်ခုံတွင် မိမိနေရာယူကြသည်။

ကျော်စိန်လင်းသည် မိမိထိုင်ခုံနားတွင် အတူထိုင်ရမည့် လုံးကြီးပေါက်လှ မမချောကြီးကို အလိုလိုက် အကြိုက်ပေးနေသည်။ သူ့ထိုင်ခုံ (၁၂) ကို မမချောကြီးအား ပေးထိုင်ပြီး သူ့ထက်ညံ့သော လူကြိုက်နည်းသော ထိုင်ခုံနံပါတ် (၁၁) ကို သူက ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားထွက်ပြီး၍ (၁) မိုင်ခန့်တွင် ရှမ်းတောင်တန်း၏ ညနေသဘာဝအရ မြူမှုန်များ ဝေနေသည်။ လေအိတ်ကားကြီး၏ အဲကွန်းက အလျှံပယ်အေးနေသည့်အထဲတွင် ရှမ်းတောင်တန်း၏ အအေးဓာတ်သဘာဝက ပံ့ပိုးလာသောကြောင့် ခရီးသည်များ အအေးပိုလာကြပြီ။ အနွေးထည်ဝတ်သူ ဝတ်၊ စောင်ပါးပါးလေးများ ခြုံသူ ခြုံ ပြုလာကြသည်။

"အစ်မ...မန္တလေးမှာပဲလား၊ ခရီးဆက်ရဦးမှာလား"

"မန္တလေးမှာ တစ်ရက်၊ နှစ်ရက်နေပြီး ရန်ကုန်ကို ပြန်မှာပါ"

ကျော်စိန်လင်းသည် မမချောကြီးကို မိတ်ဖွဲ့စကား ပြောကြားလိုက်သည်။

"ငါ့မောင်ကော မန္တလေးတွင်ပဲလား၊ ခရီးဆက်ဦးမှာလား"

"ဟုတ်ကဲ့...မမ၊ ကျွန်တော်လည်း တစ်ရက်၊ နှစ်ရက်နေပြီး ရန်ကုန်ကို ဆင်းရမှာပါ"

"ငါ့မောင်နာမည်က"

"ကျွန်တော့်နာမည် ကျော်စိန်လင်းပါ"

"အလုပ်အကိုင်က"

"ကျွန်တော့်သူဌေးရဲ့ တာဝန်ပေးချက်အရ တရုတ်ပြည်ဘက်က ကုန်မျိုးစုံဈေးနဲ့ ရန်ကုန်ဈေးကွက်ပေါက်ဈေး၊ တားခ၊ အခွန်အခ၊ အဲဒါတွေညှိနှိုင်းပြီး ဈေးကွက်မှာ တွက်ချေကိုက်တဲ့ ပစ္စည်းတွေကို ကျွန်တော်က မူဆယ်–နမ့်ခမ်းက ရန်ကုန်ပို့ပေး

www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူဌေးက ရန်ကုန်မှာ ဖြန့်တယ်၊ ကျွန်တော့်သူဌေးက လက်ကားဖြန့်တဲ့ ကုန်စည်ဒိုင်ပါ"

နောက်ပိုးသန်သော ကျော်စိန်လင်းသည် မမချောကြီးအား မိမိတို့လုပ်ငန်းသဘောကို စိတ်ရှည်လက်ရှည် ရှင်းပြနေသည်။

"အစ်မကကော ဘာတွေကိုင်လဲ"

"အစ်မနာမည်က စိုးမိုးသူပါ။ အလုပ်ကတော့ ငါ့မောင်တို့လိုပါပဲ။ ဒါပေမဲ့ မမကတော့ ဝန်ကျဉ်းတဲ့ ပစ္စည်းကိုင်တယ်။ မြိုးမြိုးမြက်မြက်လည်း ရတယ်ပေါ့။ ဒါပေမဲ့ စိတ်လေးရတယ်။ လုပ်ငန်းခွင်တစ်ခုပြီးမှ စိတ်အေးရတယ်။ လုပ်ငန်းမပြီးဆုံးသေးမီမှာတော့ ကျိုးလန့်စာစားပဲ"

စိုးမိုးသူသည် လျှို့ဝှက်သောလုပ်ငန်းကို လျှို့ဝှက်စွာဖြင့် လုပ်နေတဲ့အကြောင်းကိုသာ ပြောပြီး ဘာလုပ်ငန်း၊ ဘာအရောင်းအဝယ်ရယ်လို့ တိတိကျကျ၊ ပွင့်ပွင့်လင်းလင်း ပြောခြင်းမဟုတ်ပေ။ ဤအချက်သည်ပင်လျှင် ကျော်စိန်လင်း စိတ်ဝင်စားသော အချက်တစ်ချက် ဖြစ်သည်။ နောက်တစ်ချက်ကား ဖြူဖွေးသော အသား၊ ရွှန်းကော့သော မျက်တောင်၊ သုံးရက်လ ခုံးမျက်ခမျက်ခုံးလေးကို ပင့်ကာပင့်ကာ ပြောဆိုသော သူမ၏ပင်ကိုသဘာဝ အလှအပများ ဖြစ်သည်။

ရှမ်းတောင်တန်းကြီးမှ မြေပြန့်သို့ တရိပ်ရိပ်ဆင်းလာသော တောင်ထိပ်ပန်းခရီးသည်တင် လေအိတ်ကားကြီး၏ လူးလွန့်ကာ ပုခက်ပမာ လှုပ်ရှားမှုများနှင့်အတူ ခရီးသည်များ အိပ်စက်ကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျော်စိန်လင်းသည် စိုးမိုးသူအား ထိုင်ခုံ (၂) လုံးတွင် အိပ်စက်စေသည်။ သူကား လူသွားလမ်းပေါ်တွင်ထိုင်ကာ ခေါင်းဆိုင်၍ အိပ်စက်လာခဲ့ကြလေသည်။ ကျော်စိန်လင်း၏ အကြင်နာတရားတို့ကား စိုးမိုးသူအပေါ် အလျှံပယ် ဖြစ်နေလေသည်။

ညစာစားရန် ရပ်နားသော ည (၈) နာရီခန့်တွင် ခမ်းနားကျယ်ဝန်းလှသော စားသောက်ဆိုင်ကြီးများက ခရီးသည်တင် လေအိတ်ကားကြီးများကို အလုအယက် ကြိုဆိုကြသည်။ သူ့ဆိုင်ဝင်ပါ၊ ကိုယ့်ဆိုင်ဝင်ပါ ဖိတ်ခေါ်ကြသည်။ ကျော်စိန်လင်းသည် စိုးမိုးသူအား အပေါ့အပါး သန့်စင်ပြီးသည်နှင့် စိတ်ကြိုက်အစားအစာများကို အကြင်နာ၊ အယုယများဖြင့် ကျွေးမွေးပြုစုသည်။

"အစ်မ မန္တလေးရောက်ရင် ဘယ်မှာတည်းမှာလဲ"

"ခါတိုင်းတော့ တောင်ဇလပ်ဟိုတယ်မှာ တည်းပါတယ်။ အခုလည်း တောင်ဇလပ်ဟိုတယ်မှာ တည်းဖို့ ရည်ရွယ်ထားပါတယ်"

"ကျွန်တော်လည်း အစ်မနဲ့ အတူလိုက်ပြီး တည်းမယ်ဆိုရင် ဖြစ်နိုင်ပါ့မလား"

"ဖြစ်ပါတယ် ငါ့မောင်ရယ်၊ ငါ့မောင်ရဲ့ဉပမိရုပ်က ရိုးသားကြောင်း ပေါ်နေပါတယ်"

ကျော်စိန်လင်းသည် ရွှေလမ်းငွေလမ်းဖောက်လို့ အောင်မြင်သွားသည့်အတွက် မှိုရသောမျက်နှာ အပြုံးကမ္ဘာ လန်းဆန်းစွာဖြင့် စိုးမိုးသူအပေါ် အကြင်နာတွန်းအားများ အပြည့်အဝ ပေးလျက်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

တောင်ဇလပ်ဟိုတယ်ကြီး၏ အပေါ်ဆုံးထပ်အခန်းတွင် ကျော်စိန်လင်းနှင့် စိုးမိုးသူတို့အတွဲ နေရာရရှိကြလေသည်။ ရွှေမန္တလာမြို့တော်ကြီး၏ အလှ၊ မန္တလေးတောင်တော်မှ ရှုမငြီးနိုင်သော စေတီပုထိုးများ၏ ကြည်ညိုဖွယ်ရာများမှာ အလွန်သာယာလှသည်။ နှလုံးသားချင်း ရစ်ပတ်ကြသော ကျော်စိန်လင်းနှင့် စိုးမိုးသူတို့အား စိတ်၏ သာယာကြည်နူးမှုများကို ပွားစေသည်။

"မမစိုး၊ ကျွန်တော့်အလုပ်က တစ်လမှ (၅) သိန်းလောက်ပဲ ရတယ်။ ဒါကြောင့် မမစိုးအလုပ်မှာ ဝင်လုပ်လို့ရရင် လုပ်ချင်တယ်။ ငွေအရင်းအနှီးတော့ များများမတတ်နိုင်ဘူး။ (၁၀) သိန်း၊ (၁၅) သိန်းလောက်ပဲ တတ်နိုင်တယ်။

"မလုပ်ချင်ပါနဲ့ ငါ့မောင်ရယ်၊ ရှင်းရှင်းပြောရရင် ထောင်နှုတ်ခမ်းလျှောက်ပြီး လုပ်ရတဲ့အလုပ်ပါ။ မဖြစ်ရင်စံ ဖြစ်ရင်ခံပဲ။ ဒါပေမယ့် ဒီလိုစွန့်စားတဲ့အတွက် မမ ကိုယ်ပိုင်တိုက်ခန်း၊ ကိုယ်ပိုင်ဆိုင်လေးနဲ့တော့ ဖြစ်လာခဲ့ပါတယ်။ မမလည်း ဒီတစ်ခေါက်၊ နှစ်ခေါက်လောက်ပြီးရင် ဒီအလုပ်ကို စွန့်လွှတ်တော့မှာပါ"

တဏှာ၏ ရစ်ပတ်နှောင်ဖွဲ့မှုတို့ကြောင့် ကျော်စိန်လင်းအပေါ် စိုးမိုးသူသည် စေတနာ၊ သဒ္ဓါအရင်းအမြစ်များ ပေါက်ဖွားလာနေသည်။ တုံ့ပြန်သော အကြင်နာတရားများ ပိုလှသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာများ ဖြစ်ပေါ်ခံစားလာရသောကြောင့် မိမိ၏ အလုပ်သဘောကို ဖွင့်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး မမ၊ ရောင်းလက်ဝယ်လက်ဆိုတာ ရှိတယ်လေ။ ကျွန်တော်တို့က ရောင်းလက်၊ တစ်ဖက်က ဝယ်လက်၊ ကျွန်တော်တို့ရောင်းလက်က ပစ္စည်းပေး၊ ငွေယူပြီးရင် ပြီးတာပဲ။ ဒါကြောင့် ဒီတစ်ခေါက်၊ နှစ်ခေါက်ကို ပေါင်းပြီး တစ်ခေါက်တည်း လုပ်ကြမယ်"

"ငါ့မောင်ပြောတာလည်း ကောင်းပါတယ်။ ဒါပေမဲ့ ဝယ်လက်ဘက်က အမြင်မစောင်းဖို့ အထင်မလွဲဖို့က အရေးကြီးတယ်၊ အသက်ခန္ဓာကို ဒုက္ခပေးနိုင်တယ်"

"မဆိုင်ပါဘူး မမရယ်၊ ကျွန်တော် စီစဉ်ပေးပါ့မယ်"

ကျော်စိန်လင်းနှင့် စိုးမိုးသူတို့သည် နယ်စပ်မှ ပါလာသော ပစ္စည်း၊ မန္တလေးမှ ထပ်ဆင့်ဝယ်ယူသော ပစ္စည်းအတွက် ရန်ကုန်ဈေးကွက်၊ ရန်ကုန်ဝယ်လက်သို့ ဆက်သွယ်ရာ ပစ္စည်းအရေအတွက်၊ ငွေအရေအတွက်ပါ ရောင်းလက်/ဝယ်လက် နှစ်ဖက်သဘောတူသောကြောင့် ရွှေထိပ်ထား အဆင့်မြင့် ခရီးသည်တင် လေအိတ်ကားကြီးဖြင့် မန္တလေးမြို့ ကျွဲဆည်ကန် အဝေးပြေးကားဂိတ်ကြီးမှ ရန်ကုန် အောင်မင်္ဂလာ အဝေးပြေးကားဂိတ်ကြီးသို့ ညနေ (၆) နာရီမှ ဆင်းလာခဲ့ရာ နံနက် (၆) နာရီခွဲတွင် ရောက်ရှိခဲ့လေသည်။

အောင်မင်္ဂလာကားဂိတ်ကြီးသို့ ဒဗလယ်ကတ်ကားတစ်စီးဖြင့် လူနှစ်ယောက် လာရောက်ကြိုဆိုရာ စိုးမိုးသူ သယ်ယူလာသော ပါဆယ်ထုပ်ကိုရွေးပြီး အပ်လိုက်သည်။ ဒဗလယ်ကတ်ကားဖြင့် လာကြိုသူတို့ကလည်း စိုးမိုးသူ ငှားထားသော ကားပေါ်သို့ ဆာလာအိတ်ကြီးတစ်လုံး တင်ပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းပြီးဆုံးခြင်းဖြင့် စိုးမိုးသူ အိမ်သို့ ပြန်လည်ရောက်ရှိခဲ့လေပြီ။

(၃)

ကျော်စိန်လင်းသည် သတင်းပို့ ဆက်သွယ်ထားသည့်အတိုင်း တိုင်းပူးပေါင်းတပ်ဖွဲ့များသည် ဒဗလယ်ကတ်ကားနံပါတ်နောက်သို့ နောက်ယောင်ခံပြီး လျှို့ဝှက်စွာ လိုက်ကြသည်။ (၇) မိုင်ရှိ ခြံကြီးတစ်ခြံအတွင်းသို့ ဒဗလယ်ကတ်ကားကြီး ဝင်သွားသည်။

ထိုခြံကြီးအတွင်းသို့ လူဝင်လူထွက်၊ ကားဝင်ကားထွက်ကို စောင့်ကြည့်အဖွဲ့ စောင့်ကြည့်နေကြသည်။ ခြံကြီးအတွင်းတွင် အခြားထွက်ပေါက်၊ ဝင်ပေါက် ရှိ မရှိကြည့်ပြီး အသင့်စောင့်နေကြသည်။

(၁) နာရီခန့်အကြာတွင် စောင့်ကြည့်ခြံကြီးအတွင်းသို့ မတ်တူးကားတစ်စီး၊ လူနှစ်ယောက်ဖြင့် ဝင်လာသည်။ (၁၅ မိနစ်ခန့်အကြာတွင် ပြန်ထွက်လာသည်။ စောင့်ကြည့်တပ်ဖွဲ့ဝင်များသည် ကားရှင်း၊ လူရှင်းသည့်နေရာတွင် အသင့်စောင့်နေသော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် မတ်တူးကားပေါ် ပါသူနှစ်ဦးထံမှ GSM ဖုန်းနှစ်လုံးကို ဦးစွာ သိမ်းလိုက်ကြသည်။ အိတ်အတွင်းပါလာသော မူးယစ်ဆေးပြားများနှင့်အတူ ဖမ်းလိုက်ကြသည်။

နာရီဝက်ခန့်အကြာတွင် ဆူပါဆလွန်းကားတစ်စီး စောင့်ကြည့်ခြံကြီးအတွင်း ဝင်လာပြန်သည်။ စောင့်ကြည့်အဖွဲ့မှ

www.burmeseclassic.com

www.burmeseclassic.com



နောက်ယောင်ခံလိုက်ပြီး လမ်းကြောင်းပေါ်အရောက်တွင် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့်အတူ ကားရပ်ပြီး GSM ဖုန်းများကို အလျှင်သိမ်းပြီး ရှာဖွေတွေ့ရှိ မူးယစ်ဆေးပြားများနှင့်အတူ ဖမ်းဆီးလိုက်ကြသည်။

(၄၅) မိနစ်ခန့်အကြာတွင် ပရာဒိုကားတစ်စီး စောင့်ကြည့်ခြံကြီးအတွင်း လူနှစ်ဦးဖြင့် ရောက်ရှိလာပြန်သည်။ (၁၅) မိနစ်အကြာတွင် ပြန်ထွက်သွားကြသည်။ စောင့်ကြည့်တပ်ဖွဲ့မှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့်အတူ ရပ်တန့်စေပြီး GSM ဖုန်းများကို ဦးစွာသိမ်းကာ အိတ်ကိုရှာဖွေရာ စိတ်ကြွမူးယစ်ဆေးဝါးများ တွေ့ရှိသောကြောင့် ဖမ်းဆီးရမိလိုက်လေသည်။

သက်သေခံ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိထားသော တရားခံ (၆) ဦးတို့၏ အစစ်ဆေးခံထွက်ဆိုချက်အရ စောင့်ကြည့်တပ်ဖွဲ့ဝင်များ ဆက်လက်စောင့်နေသော ခြံကြီးအတွင်းသို့ ပူးပေါင်းတပ်ဖွဲ့အင်အားဖြည့်ပြီး စီးနင်းရှာဖွေကြသည်။

(၄)

ခြံကြီးရှင်က တာဝန်ရှိသူတို့ကို တစ်စုံတစ်ရာ ခုခံခြင်းမပြုဘဲ ဝန်ခံသောကြောင့် မူးယစ်ဗဟိုနှင့် တပ်ဖွဲ့ဝင်များက ကွင်းဆက်များ ဆက်လက်ဖော်ထုတ်ပြီး သက်ဆိုင်ရာ တရားစွဲအဖွဲ့သို့ လွှဲပြောင်းပေးအပ်လိုက်လေသည်။

သက်ဆိုင်ရာ ရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မနှင့်အညီ

www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်သည့် တရားရုံးတော်သို့ တရားစွဲဆိုတင်ပို့လိုက်လေသည်။

"မင်းကြီး၊ ရဲအုပ်ကျော်စိန်လင်း ရောက်ရှိကြောင်း သတင်းပို့"

"အေး...လွှတ်လိုက်ဟေ့"

"လေးစားပါတယ် ဆရာကျော်စိန်လင်း၊ ဆရာကျော်စိန်လင်း နယ်စပ်ကနေပြီး လှုပ်ရှားတဲ့ အချိတ်အဆက်တွေလည်း အားလုံးပီပြင်ပါတယ်။ လူကြီးတွေကလည်း ဆရာကျော်စိန်လင်းကို ဂုဏ်ပြုဖို့ စီစဉ်ထားကြပါတယ်။

နောက်တစ်ခုက ဆရာကျော်စိန်လင်းရဲ့ ခရီးသွားဟန်လွှဲ လှုပ်ရှားမှုကလည်း အတော့်ကို ပီပြင်ပါတယ်။ ကျုပ်လည်း ဂုဏ်ပြုပါတယ်"

"ကျွန်တော့်တို့ ရဲတပ်ဖွဲ့ဝင်တွေဟာ နေရာတိုင်းမှာ မျက်စိတွေ ဖွင့်ထားကြရမယ်လို့ လူကြီးတွေက လမ်းညွှန်ထားတယ် မဟုတ်လား"

"ကဲ...ကဲ ဆရာလည်း ပင်ပန်းလာတယ်၊ အသင့်အနေအထားနဲ့ နှစ်ပတ်လောက်နားပါ"

"လေးစားပါတယ် မင်းကြီး"

ရဲအုပ်ကျော်စိန်လင်းသည် မူလဘူတ တာဝန်အပြင် ခရီးသွားဟန်လွှဲတာဝန်ကိုပါ ကျေပွန်စွာ ထမ်းဆောင်ပြီးခဲ့သောကြောင့် အနားယူလိုက်လေသည်။ အိပ်မက်လှလှ မက်ပါစေ။

**မောင်မောင်စိန်လင်း (နတ်မောက်)**

❐

www.burmeseclassic.com